ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**စိုးရိမ်ကြောင့်ကြမှုမရှိ**

ချစ်ခင်နှစ်သက်စွဲလမ်းမှုကြောင့် စိုးရိမ်ခြင်း၊ ကြောင့်ကြခြင်းတို့သည် ဖြစ်ကုန်၏။ ချစ်ခင်နှစ်သက် စွဲလမ်းခြင်း မရှိလျှင် စိုးရိမ်ကြောင့်ကြမှုတို့သည် အဘယ်လျှင် ရှိနိုင်တော့အံ့နည်း။ (မည်သည့်အရာ၊ မည်သည့်ပုဂ္ဂိုလ်ကိုမျှ ချစ်ခင်စွဲလမ်းခြင်းမပြုရာ၊ မရဏာနသဿတိ စီးဖြန်းခြင်းဖြင့် ကင်းလွတ်အောင် အားထုတ်ရာ၏)

ပီယဝဂ်(ဓမ္မပဒ-၂၁၂)

၁၃၇၉ ခုနှစ် ဝါခေါင်လပြည့်ကျော် ၃ ရက်၊ ကြာသပတေးနေ့။ Thursday, 10 August 2017 (၉၀၁၂)

# ရခိုင်ပြည်နယ်အတွင်း လုံခြုံရေးဆိုင်ရာဆောင်ရွက်ထားရှိမှု အစည်းအဝေးကျင်းပ

**နေပြည်တော် ဩဂုတ် ၉**

ရခိုင်ပြည်နယ်အတွင်း လုံခြုံရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှုအခြေအနေနှင့်ပတ်သက်သည့် အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက် အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ဦးကျော်တင့်ဆွေ၊ ဦးသိန်းဆွေ၊ ဒေါက်တာဝင်းမြတ်အေး၊ အမျိုးသား လုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်း၊ ဒုတိယဝန်ကြီး ဦးမင်းသူ၊ ခေတ္တရဲချုပ် ရဲမှူးချုပ်အောင်ဝင်းဦး၊ ရခိုင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**



ရခိုင်ပြည်နယ်အတွင်း လုံခြုံရေးဆိုင်ရာဆောင်ရွက်ထားရှိမှုအခြေအနေနှင့်ပတ်သက်သည့် အစည်းအဝေးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အမှာစကားပြောကြားစဉ်။

## ချင်းတွင်းမြစ်ရေ နှစ်ရက်အတွင်း စိုးရိမ်ရေမှတ်သို့ ရောက်နိုင်

**နေပြည်တော် ဩဂုတ် ၉**

ယနေ့ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ခြောက်ပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

အလားတူ ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အောက် ငါးပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သဖြင့် ခန္တီးမြို့နယ်နှင့် ဟုမ္မလင်းမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားသည်။

**(ကြေးမုံ)**

# ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ အစည်းအဝေးကျင်းပ



**ချင်းမိုင် ဩဂုတ် ၉**

ငြိမ်းချမ်းရေးအတွက် ရှေ့လုပ်ငန်းစဉ်ဆိုင်ရာ လမ်းညွှန်ချမှတ်မှုများ ပြုလုပ်နိုင်ရန် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ သဘောတူစာချုပ်(NCA) လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းရှစ်ဖွဲ့၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ (PPST) အစည်းအဝေးကို ယနေ့နံနက် ၉ နာရီက ထိုင်းနိုင်ငံ ချင်းမိုင်မြို့ရှိ Amora Tapae ဟိုတယ်၌ ကျင်းပသည်။ **(ဓါတ်ပုံ)**

အစည်းအဝေးတွင် PPST အဖွဲ့ခေါင်းဆောင် စောမူတူးဆေးဖိုးက "ကျွန်တော်တို့ ရှစ်ဖွဲ့ဟာ NCA လက်မှတ်ထိုးထားတဲ့အဖွဲ့ဖြစ်ပါတယ်။ ငြိမ်းချမ်းရေးအဆုံးသတ်ပန်းတိုင်ကတော့ တိုင်းပြည်အတွက် ဖက်ဒရယ်ပြည်ထောင်စုကို မျှော်မှန်းပြီးတော့ ချီတက်နေတာဖြစ်ပါတယ်။ သွားတဲ့အပေါ်မှာ ဒီအဆင့်ထိ တစ်ဆင့်ပြီးတစ်ဆင့် ကျော်လွှားပြီး ရောက်ခဲ့တယ်။ ဆက်ပြီးတော့ ပန်းတိုင်ကို ချီတက်နိုင်ဖို့ အတွက် ကျွန်တော်တို့ ဆက်သွားရဦးမှာဖြစ်ပါတယ်။ NCA ကို ကျွန်တော်တို့ လက်မှတ်ထိုးပြီးတော့ ချီတက်တဲ့နေရာမှာလည်း အားနည်းချက်တွေ ရှိခဲ့ပါတယ်။

**စာမျက်နှာ ၃ ကော်လံ ၅ သို့ ✻**



ကြေးမုံ

# ဗုဒ္ဓသာသနာရောင်ဝါထွန်းလင်းမှု

မြန်မာနိုင်ငံသည် ဗုဒ္ဓဘာသာကို နိုင်ငံသားအများစု ကိုးကွယ်သောနိုင်ငံဖြစ်သည်။ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ အတိအကျဆိုလျှင် နိုင်ငံလူဦးရေ၏ ၈၇ ဒသမ ၉ ရာခိုင်နှုန်းရှိသည်။ ဗုဒ္ဓဘာသာကို ထိုသို့ကိုးကွယ်ဆည်းကပ်ကြသလို ဗုဒ္ဓသာသနာ ထွန်းကားပြန့်ပွားအောင်လည်း ဆရာဒကာ လက်တွဲညီညာစွာဖြင့် ဗုဒ္ဓဘုရားရှင်၏ အကျင့်မြတ်တို့ကို ကျင့်ကြံပွားများ အားထုတ်ကြရသည်။

ကြီးကျယ်ခမ်းနားသည့် အဆောက်အအုံတစ်ခုကို တည်ဆောက်ရာ၌ ရေရှည်တည်တံ့ခိုင်မြဲစေရန်မှာ အခြေခံအုတ်မြစ်ကောင်းဖို့လိုသည်။ အခြေခံအုတ်မြစ်ကောင်းမှသာ အဆောက်အအုံသည် ကာလကြာရှည် တည်တံ့ခိုင်မြဲ၏။ ကြီးကျယ်ခမ်းနားသည့် သာသနာ့အဆောက်အအုံတွင် ပရိယတ္တိစာပေသည် အခြေခံအုတ်မြစ်ဖြစ်၏။ ဘုရားရှင်၏ သာသနာအဓွန့်ရှည်တည်ရှိခြင်းကား ပရိယတ်သည်သာ ပင်ရင်းမူလပဓာနဖြစ်၏။ ပရိယတ္တိကို ကြားနာမှတ်သားရသော် ပဋိပတ္တိ၊ ပဋိဝေဒနှစ်ပါးကို ပြည့်အောင်ဖြည့်စွမ်းနိုင်၏။

ထို့ကြောင့် ပရိယတ္တိသည် ဦးစွာအရေးကြီး၏။ ပရိယတ္တိကို ရဟန်းတော်များ ကျင့်ကြံအားထုတ် ကြိုးကုတ်ကြရ၏။ သာသနာဟူသည်မှာ သုတ်၊ ဝိနည်း၊ အဘိဓမ္မာတရားတော်များဖြစ်သည်။ သုတ်၊ ဝိနည်း၊ အဘိဓမ္မာတရားများ တည်ရှိနေသရွေ့ သာသနာတော်လည်း တည်ရှိနေမည်ဖြစ်သည်။ သုတ်၊ ဝိနည်း၊ အဘိဓမ္မာတရားများ ကွယ်ပျောက်ပါက မြတ်စွာဘုရားလည်း ကွယ်ပျောက်၊ သာသနာလည်း ပျောက်မည်ဖြစ်၏။

မြန်မာနိုင်ငံတွင် ဘုရားရှင်ဟောကြားတော်မူခဲ့သည့် စစ်မှန်သော ပရိယတ္တိစာပေများ ရှိပြီးဖြစ်သည်။ သို့ရာတွင် ပရိယတ္တိစာပေများကို ပို့ချဟောကြားမည့်သူများနှင့် နာကြားသင်ယူမည့်သူများရှိပါမှ ပရိယတ္တိစာပေသည် အရှည်တည်တံ့နိုင်ပေလိမ့်မည်။ ထို့ကြောင့် ပရိယတ္တိစာပေကို သင်ကြားပို့ချအားထုတ်ကြသည့် သံဃာတော်များ ထွန်းကားရန်လိုအပ်သလို ပရိယတ္တိစာပေကို မပူမပင် မကြောင့်မကြ အားထုတ်နိုင်ရန် သင်္ကန်း၊ ဆွမ်း စသော ပစ္စည်းလေးပါး အထောက်အပံ့များ ပြည့်စုံလုံလောက်စွာ ရရှိရန်လည်း လိုအပ်သည်။

ဥပါသကာ၊ ဥပါသိကာမများမှာ လူဝတ်ကြောင်များဖြစ်ကြသည့်အလျောက် စားဝတ်နေရေး စသော လူမှုဒုက္ခအဝဝတို့ကို နေ့စဉ်ရင်ဆိုင်နေကြရသဖြင့် ပရိယတ္တိစာပေများကို ကိုယ်တိုင်လေ့လာသင်ကြားမှုပြုရန် ခဲယဉ်းလှသည်။ ပရိယတ္တိသင်ကြားထားသော ရဟန်းတော်များ၏ သွန်သင်ဆုံးမဟောပြသည့်အတိုင်း မှတ်သားနာယူ၍ လိုက်နာကျင့်သုံးကြရသည်။ ကျွန်းကိုင်းမှီ၊ ကိုင်းကျွန်းမှီ ဆိုသည့်အတိုင်း မိမိတို့က ပရိယတ္တိစာသင်သားများအား ပစ္စယာနုဂ္ဂဟဖြင့် ပူဇော်မှုပြုပါက ရဟန်းများက မိမိတို့အား တစ်ဖန်ပြန်၍ ဓမ္မာနုဂ္ဂဟဖြင့် ချီးမြှောက်မှုပြုပေလိမ့်မည်။

တိုင်းပြည်တစ်ပြည် သို့မဟုတ် လူမျိုးတစ်မျိုး၏ ယဉ်ကျေးမှု၊ ဘာသာစကား၊ ဓလေ့ထုံးတမ်းများကို အကဲခတ်ကြည့်ပါက သက်ဆိုင်ရာ ဘာသာတရားများက ယင်းတိုင်းပြည်နှင့် လူမျိုးကို လွှမ်းခြုံထိန်းသိမ်းထားသည်ကို တွေ့ရမည်ဖြစ်သည်။ မြန်မာတို့၏ ယဉ်ကျေးမှု၊ ဘာသာစကား၊ စာပေ၊ ဓလေ့ထုံးတမ်းများသည် ပရိယတ္တိဓမ္မကို အခြေခံသည်။ ပရိယတ္တိဓမ္မပျောက်ခဲ့သော် မြန်မာတို့၏ ဘာသာစကား၊ စာပေ၊ ဓလေ့ထုံးတမ်းများလည်း ပျောက်ပျက်မည်ဖြစ်သည်။ ထိုအချက်ကို နိုင်ငံ့ခေါင်းဆောင်များက သိရှိသဖြင့် အစိုးရဓမ္မာစရိယစာမေးပွဲနှင့် ပထမပြန်စာမေးပွဲများကို ခေတ်အဆက်ဆက် ကျင်းပပေးလျက်ရှိသည်။

ယခုအခါ ဗုဒ္ဓဘာသာဝင် ရဟန်းတော်များနှင့် ကိုးကွယ်ဆည်းကပ်သူများ ရှေးကာလကထက် လျော့ကျသွားသည်ကို လူဦးရေသန်းခေါင်စာရင်းအရ သိရသည်။ ထို့ကြောင့် မြန်မာ့ယဉ်ကျေးမှု၊ ဘာသာစကား၊ စာပေ၊ ဓလေ့ထုံးတမ်းများ၏ အရင်းခံမူလဖြစ်သည့် ပရိယတ္တိစာပေ ဆက်လက်ရှင်သန်နေရေးအတွက် ပရိယတ္တိစာပေကို လေ့လာလိုက်စားအားထုတ်ကြသူ ရဟန်းသံဃာများနှင့် ကိုးကွယ်ဆည်းကပ်ကြသူများ တိုးပွားလာရန် ပစ္စယာနုဂ္ဂဟဖြင့် ယခုထက် ပိုမိုထောက်ပံ့ချီးမြှောက်သောအမှုတို့ကို ပြုသင့်သည်ဟု ထင်မြင်ပါသည်။

ပရိယတ္တိထွန်းကားမှ ပဋိပတ္တိ၊ ပဋိဝေဒပြန့်ပွားကာ ဗုဒ္ဓသာသနာ နေလို လလို အရောင်အဝါ ထွန်းလင်းတောက်ပကာ သာသနာတော်အဓွန့်ရှည်တည်တံ့ ခိုင်မြဲနေမည်ဖြစ်ပါသတည်း။ ။

## မိုးစပါးရေမြုပ်ပျက်စီးမှုများအား မျိုးစပါးများ ထောက်ပံ့

**ဖောင်းပြင် ဩဂုတ် ၉**

ဇူလိုင်လအတွင်း ချင်းတွင်းမြစ်ရေလျှံတက်မှုကြောင့် နစ်မြုပ်ပျက်စီးခဲ့သည့် ကျေးရွာအုပ်စု ခြောက်အုပ်စုမှ မိုးစပါးပျိုးခင်း ၂၂ ဒသမ ၁၈ ဧကနှင့် စိုက်ခင်း ၈၃ ဒသမ ၇ ဧကအနက် မျိုးလိုအပ်သည့် နန်းပန်၊ ထောမ၊ သရောင်း အုန်းဒုတ် ကျေးရွာအုပ်စုတို့အတွက် မိုးစပါးပြန်လည်စိုက်ပျိုးနိုင်ရန် ယနေ့နံနက်ပိုင်းက ဖောင်းပြင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံး၌ တိုင်းဒေသကြီးမှ ထောက်ပံ့ပေးသည့် ရက် ၉၀ စပါးမျိုး ၂၀၆ ဒသမ ၅ တင်းကို တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**




## ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို ယူနန်ပြည်နယ် တာ့လေမြို့ Changsheng ဘုရားကျောင်းဆရာတော်အား တွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၉**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် တာ့လေမြို့ Changsheng ဘုရားကျောင်း၏ ဆရာတော် Mr. CHONG HUA နှင့် အဖွဲ့အား ဩဂုတ် ၈ ရက် ညနေ ၄ နာရီတွင် နေပြည်တော်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံခဲ့ကြောင်း သိရသည်။

ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် ဆရာတော် Mr. CHONG HUA တို့သည် မြန်မာ-တရုတ် နှစ်နိုင်ငံ ဗုဒ္ဓဘာသာသာသနာတော်ထွန်းကားပြန့်ပွားရေး၊ တာ့လေမြို့ Changsheng ဗုဒ္ဓဘာသာဖိုရမ် ကျင်းပနိုင်ရေး၊ ကူမင်းမြို့အနီးရှိ ပေါက်ချွမ်မြို့၌ ဗုဒ္ဓဘာသာ ဘုရားကျောင်းတည်ဆောက်ရေးနှင့် နိုင်ငံတော် သံဃမဟာနာယကဆရာတော်ကြီးများ Changsheng ဗုဒ္ဓဘာသာဖိုရမ်သို့ ကြွရောက်နိုင်ရေး တို့ကို ဆွေးနွေးကြသည်။

အဆိုပါဆွေးနွေးပွဲသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးထွန်းအုံ၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦးနှင့် သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမိုးဇော်ရွှေတို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(ကြေးမုံ)**



## ဥပဒေအကြောင်းအရာ အသိပညာပေး ဟောပြောပွဲနှင့် ဆွေးနွေးပွဲကျင်းပမည်

**ရန်ကုန် ဩဂုတ် ၉**

မြန်မာနိုင်ငံ ဥပဒေဘွဲ့ရသူများအသင်းသည် ဥပဒေအကြောင်းအရာ အသိပညာပေးဟောပြောပွဲနှင့် ဆွေးနွေးပွဲ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်အတွင်း အမျိုးသမီးများ အခွင့်အရေးကာကွယ်စောင့်ရှောက်ရေး ဥပဒေများနှင့်ပတ်သက်ပြီး အသိပညာပေးဟောပြောပွဲများ ပြုလုပ်မည်ဖြစ်ပြီး လယ်လုပ်သူများ လယ်ပိုင်ဆိုင်ခွင့်ရရှိရေး လယ်ယာမြေဥပဒေဆွေးနွေးပွဲကို ကျင်းပရန် စီစဉ်လျက်ရှိကြောင်း ဩဂုတ် ၆ ရက် နံနက် ၉ နာရီက ကမာရွတ်မြို့နယ် အင်းလျားလမ်းရှိ စိမ်းလန်းစိုပြည်ခန်းမ၌ ကျင်းပသည့် မြန်မာနိုင်ငံ ဥပဒေဘွဲ့ရသူများအသင်း လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ၌ အသင်းဥက္ကဋ္ဌ ဦးဘတင့်ဆွေက ပြောသည်။

အသင်း၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၁၂ ရက် နံနက် ၈ နာရီက ရန်ကုန်တက္ကသိုလ် ဓမ္မာရုံဧည့်ခန်းဆောင်၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များ၊ ဥပဒေဘွဲ့ရများ၊ စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်း သိရသည်။

**(ခင်မောင်သော်)**

■

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဩဂုတ် ၉**

ရန်ကုန်(ရွှေဈေး) ၉၀၉၀၀၀ - ၉၀၉၀၀၀ မန္တလေး(ရွှေဈေး) ၉၀၉၀၀၀ - ၉၀၉၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၅၀/၆၇၀ ကျပ်၊ | ၆၇၀/၇၀၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၁၀/၇၁၅ ကျပ်၊ | ၇၇၀/၈၁၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၆၅၅/၆၇၅ ကျပ်၊ | ၇၀၀/၇၃၅ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၆၇၀/၆၉၀ ကျပ်၊ | ၆၉၀/၇၁၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၁၅/၆၂၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၃၀/၆၄၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၆၀၅/၆၁၅ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၆၃. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၆၀၁. ၂ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၀၃. ၂၄ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၀. ၉၄၃ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၁၇. ၈၆ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁. ၄၀၀ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၃၉. ၉ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၀. ၂၀ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၇၂. ၉ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၉၈. ၈၃ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
နေ့စဉ်သတင်းစာ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
**သတင်းထောက်မှူး** - ဦးငွေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်၊
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ဇူလိုင် ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၀၄၅၅၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## ပြည်တွင်းရေးရာ

# မြန်မာနိုင်ငံနှင့် APRC တို့အကြား ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာတို့အပေါ် အမြင်ချင်းဖလှယ် ဆွေးနွေး



**နေပြည်တော် ဩဂုတ် ၉**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် Asian Peace and Reconciliation Council (APRC) ဥက္ကဋ္ဌဖြစ်သူ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်ဟောင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဟောင်း Dr. Surakiart Sathirathai နှင့် အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် APRC မှ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၊ မြန်မာနိုင်ငံ၏ လက်ရှိငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ရခိုင်ပြည်နယ်အရေးကိစ္စ ဖြေရှင်းရေးတို့နှင့် ပတ်သက်၍ မြန်မာနိုင်ငံနှင့် APRC တို့အကြား ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာတို့အပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

### ☆ရခိုင်ပြည်နယ်မှ

ဗိုလ်မှူးကြီးဖုန်းတင့်၊ ရခိုင်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အဖွင့်အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် ရခိုင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဖုန်းတင့်က ရခိုင်ပြည်နယ်အတွင်း အကြမ်းဖက်အဖွဲ့ လှုပ်ရှားမှုများအား ထိန်းချုပ်နိုင်မှုအစီအစဉ်နှင့် လုံခြုံရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်တို့က လတ်တလော လုံခြုံရေးတပ်ဖွဲ့ဝင်အင်အားဖြည့်တင်းဆောင်ရွက်နိုင်မှု အခြေအနေများနှင့် ရေရှည်ကာကွယ်ရေးနှင့်လုံခြုံရေးဆိုင်ရာ အစီအမံလျာထားချက်များကို ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ထို့နောက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက နိုင်ငံသားစိစစ်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့်အခက်အခဲနှင့် ဖြေရှင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို ဆွေးနွေးတင်ပြသည်။

ယင်းနောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီအထောက်အပံ့များနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲနှင့် ဖြေရှင်းဆောင်ရွက်နိုင်မည့် အခြေအနေများအား ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်းက ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက လူ့အခွင့်အရေးကောင်စီအပါအဝင် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအသိုက်အဝန်းနှင့် ပူးပေါင်းဆောင်ရွက်မှု အလားအလာများကို ဆွေးနွေးတင်ပြသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ရှင်းလင်းတင်ပြချက်များအပေါ် ပြန်လည်သုံးသပ်၍ အစည်းအဝေးဆုံးဖြတ်ချက်များ ချမှတ်ပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ညနေ ၆ နာရီ ၂၅ မိနစ်တွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**



ပြည်သူ့အကျိုးပြုလုပ်ငန်းအဖြစ် ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်း ဦးစီးအဖွဲ့နှင့် ရထားရဲတပ်ဖွဲ့ အမှတ် (၁၉)တပ်ခွဲမှူးရုံး(လက်ပံတန်း)မှ တပ်ခွဲမှူး ဒုရဲမှူးဖိုးဆယ်ဦးစီးတပ်ဖွဲ့ဝင်များ၊ လက်ပံတန်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်ကော်မတီနှင့် ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များသည် ဩဂုတ် ၆ ရက်က လက်ပံတန်းမြို့နယ် ဘီးလင်းတန်းရပ်ကွက်အတွင်းရှိ ရေမြောင်းများ၊ လမ်းဘေးဝဲ/ယာ ချုံနွယ်များခုတ်ထွင်ရှင်းလင်းဆောင်ရွက်ကြစဉ်။ **(ရထားရဲတပ်ဖွဲ့)**

## ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ကြေညာချက်တစ်စောင် ထုတ်ပြန်
### ရခိုင်ပြည်နယ်အတွင်း လုပ်ငန်းလုပ်ကိုင်နေသော နိုင်ငံတကာ လူမှုအဖွဲ့အစည်းများအားလုံး ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ကြီးကြပ်မှုဖြင့် လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုမည်

**နေပြည်တော် ဩဂုတ် ၉**

ရခိုင်ပြည်နယ် မောင်တော၊ ဘူးသီးတောင်၊ ရသေ့တောင်မြို့နယ်များတွင် လက်ရှိဖြစ်ပေါ်နေသော အကြမ်းဖက်တိုက်ခိုက်မှုများနှင့် စပ်လျဉ်း၍ ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ကြေညာချက်အမှတ် ၁/၂၀၁၇ ကို ဩဂုတ် ၈ ရက်စွဲဖြင့် ထုတ်ပြန်လိုက်ကြောင်း သိရှိရသည်။

အဆိုပါ ကြေညာချက်တွင် ရခိုင်ပြည်နယ် မောင်တောတောင်ပိုင်းတွင် အပြစ်မဲ့သည့် တောင်ယာလုပ်ကိုင်နေသော ကိုင်းကြီး (မြို) ကျေးရွာသားများကို သေနတ်၊ ဓားလက်နက်များဖြင့် ရက်ရက်စက်စက် သတ်ဖြတ်မှုများအပေါ် အကြမ်းဖက်တိုက်ခိုက်မှုအဖြစ် သတ်မှတ်ကြောင်း၊ ကိုင်းကြီးကျေးရွာတွင် ဩဂုတ် ၅ ရက်မှစပြီး လုံခြုံရေးရဲကင်းစခန်းဖွင့်လှစ်ထားရှိနိုင်ရေး စီစဉ်ဆောင်ရွက်ပြီဖြစ်ကြောင်း။

ရသေ့တောင်မြို့နယ် အောက်နန်းရာကျေးရွာတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များအား မူဆလင်လူအုပ်စုမှ အတင်းဝင်ရောက်ဝိုင်းဝန်းသည့်ဖြစ်စဉ်နှင့် တစ်ဆက်တစ်စပ်တည်း စိုးရိမ်ကြောင့်ကျစိတ်ဖြင့် စေတီပြင်ကျေးရွာသို့ ကျေးရွာအသီးသီးမှ ပြောင်းရွှေ့လာသော ပြည်သူလူထုကို မိမိတို့၏ မူရင်းနေရပ်များသို့ ပြန်လည်သွားလာနေထိုင်နိုင်ရန်အတွက် ချွတ်ပြင်ရွာ၊ ပိတောက်မြိုင်ရွာ၊ ပြင်ရှည်ရွာ၊ ပေါက်ပင်ရင်းရွာတို့တွင် လုံခြုံရေးကင်းစခန်းများ အခိုင်အမာချထားပြီဖြစ်ကြောင်း၊ မိမိတို့နေရပ်ကို စွန့်ခွာခဲ့ရပါက ကျူးကျော်ဝင်ရောက်နေထိုင်သူများကြောင့် မိမိတို့၏လက်ရှိနေရာနှင့် စိုက်ခင်း၊ လယ်ယာများဆုံးရှုံးမည်ကို စိုးရိမ်ကြောင့်ကျမှုမရှိစေရေးအတွက် ယင်းနေရာများတွင် တပ်မတော်၊ နယ်ခြားစောင့်ရဲ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့အင်အားများကို တိုးမြှင့်တာဝန်ချထားပြီးဖြစ်ကြောင်း၊ ယင်းနယ်မြေများတွင် သတင်းထူးခြားမှုရှိပါက လုံခြုံရေးတပ်ဖွဲ့များသို့ အမြန်ဆက်သွယ်သတင်းပေးခြင်းဖြင့် ပြည်သူလူထု ပူးပေါင်းပါဝင်သော လုံခြုံမှုစနစ်ဖြင့် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

ထို့ပြင် အဆိုပါကြေညာချက်တွင် ရခိုင်ပြည်နယ်အတွင်း လုပ်ငန်းလုပ်ကိုင်နေသော နိုင်ငံတကာလူမှုအဖွဲ့အစည်းများ အားလုံးသည် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် နားလည်မှုစာချွန်လွှာရေးထိုးထားပြီး သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၏ လုပ်ငန်းဆောင်ရွက်ရန် ခွင့်ပြုချက်ကို ရခိုင်ပြည်နယ် ပေါင်းစပ်ညှိနှိုင်းရေးကော်မတီမှ စိစစ်ပြီး ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

ရခိုင်ပြည်နယ်အတွင်း နိုင်ငံသားစိစစ်ရေးလက်မှတ်ပြုလုပ်ခြင်းကိစ္စများကို ၁၉၈၂ နိုင်ငံသားဥပဒေနှင့်အညီ ထိရောက်မြန်ဆန်စွာ ဆောင်ရွက်နိုင်ရေး ပြည်ထောင်စုအစိုးရအဖွဲ့သို့ တိုက်တွန်းတင်ပြအကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ကြေညာချက်တွင် ဖော်ပြထားသည်။

**(သတင်းစဉ်)**

## ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်
### ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့်သတင်းအေဂျင်စီလုပ်ငန်းများအား ခွင့်ပြုပေးနေမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ်လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများနှင့်အညီ စိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးခဲ့ရာ (၃-၈-၂၀၁၇) ရက်နေ့က ပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် (၁၀-၇-၂၀၁၇) ရက်နေ့မှ (၂၈-၇-၂၀၁၇)ရက်နေ့အထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်လျှောက်ထားလာသည့် ပုံနှိပ်ခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ နှစ်ဦးကိုလည်းကောင်း၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ဂျာနယ်သုံးဦး၊ မဂ္ဂဇင်းလေးဦး၊ အထွေထွေခြောက်ဦး စုစုပေါင်း ၁၃ ဦးကို လည်းကောင်း၊ သတင်းအေဂျင်စီလုပ်ငန်း လုပ်ကိုင်သူနှစ်ဦးကို လည်းကောင်း အသိအမှတ်ပြုလက်မှတ်များထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းနည်း ဥပဒေများပြဋ္ဌာန်းသည့် (၁၀-၁၀-၂၀၁၄)ရက်မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၄၄၈ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၂၁၅၈ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၇၇ ဦး စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့်သတင်းအေဂျင်စီလုပ်ငန်း ၃၆၈၃ ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပါသည်။

ဂျာနယ်ထုတ်ဝေခြင်းလုပ်ငန်း လျှောက်ထားသူနှစ်ဦးအား အချက်အလက်များ စိစစ်ဆောင်ရွက်ဆဲ ဖြစ်ပါသည်။ **ပြန်ကြားရေးဝန်ကြီးဌာန**

### ✱ ရှေ့ဖုံးမှ

"အဲဒီတော့ ရှေ့ကိုတက်လှမ်းနိုင်ဖို့အတွက် ဒီအားနည်းချက်တွေကိုလွန်ခဲ့တဲ့ အပတ်က လေးဝါးစခန်းမှာ ပြန်လည်ပြီးတော့ သုံးသပ်တဲ့အပေါ်မှာ အားနည်းချက်တွေ အားသာချက်တွေ ကျွန်တော်တို့ရလာတယ်။ ရတဲ့အပေါ်မှာ အခုလို ပြန်လည်စုစည်းပြီးတော့ ရှေ့ကိုညီညီညွတ်ညွတ်နဲ့ စုစုစည်းစည်း ကျွန်တော်တို့ ရှစ်ဖွဲ့သွားနိုင်ဖို့အတွက် ဒီအစည်းအဝေးက ကျင်းပတာဖြစ်ပါတယ်။ ဒီရည်ရွယ်ချက်နဲ့ ဒါ ပြန်လည်သုံးသပ်ပြီးတော့ ချမှတ်သွားဖို့ကိုပဲဖြစ်ပါတယ်" ဟု ပြောကြားသည်။

အစည်းအဝေးကို ဩဂုတ် ၉ ရက်မှ ၁၀ ရက်အထိ နှစ်ရက်တာ ကျင်းပမည်ဖြစ်ပြီး အစည်းအဝေးတွင် သတင်းအချက်အလက်နှင့် လုံခြုံမှုဆိုင်ရာကိစ္စရပ်များ၊ ပဒိုစောကွယ်ထူးဝင်း ခေါင်းဆောင်သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် လုပ်ငန်းအဖွဲ့ (PPWT)၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် NCA စာချုပ်အပေါ် ပြန်လည်သုံးသပ်ထားမှုများ တင်ပြဆွေးနွေးခြင်းနှင့် NCA စာချုပ်လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ငြိမ်းချမ်းရေးအတွက် ရှေ့လုပ်ငန်းစဉ်ဆိုင်ရာ လမ်းညွှန်ချမှတ်မှုများကို ပြုလုပ်ဆွေးနွေးသွားမည်ဖြစ်ကြောင်းသိရသည်။

NCA စာချုပ်အပါအဝင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အဆင့်ဆင့်ကို ပြန်လည်သုံးသပ်ခြင်းနှင့် ပြန်လည်ပြုပြင်ပြောင်းလဲခြင်းကို KNU (ကရင်အမျိုးသားအစည်းအရုံး) ဒုတိယဥက္ကဋ္ဌ ပဒိုစောကွယ်ထူးဝင်း ဦးဆောင်ကာ အဖွဲ့ဝင် ၂၁ ဦးဖြင့် ဇူလိုင် ၂၀ ရက်မှ စတင်၍ ဆွေးနွေးသုံးသပ်မှုများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ငြိမ်းချမ်းရေးကော်မရှင်နှင့် ပဒိုစောကွယ်ထူးဝင်း ခေါင်းဆောင်သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်လုပ်ငန်းအဖွဲ့ (PPWT)တို့၏ တရားဝင်တွေ့ဆုံဆွေးနွေးပွဲကို လာမည့် ဩဂုတ်လလယ်တွင် ရန်ကုန်၌ ကျင်းပနိုင်ရန် ရည်ရွယ်ထားကြောင်းသိရသည်။

**သတင်း-ရဲခေါင်ညွန့်၊ ဓာတ်ပုံ-အောင်အောင်(ချင်းမိုင်)**

# စီချွမ်ပြည်နယ်၌ အင်အားပြင်းမြေငလျင်လှုပ် ၁၉ ဦး သေဆုံး၊ ၂၄၇ ဦး ထိခိုက်ဒဏ်ရာရ

**ကျူကျိုင်းကွေ ဩဂုတ် ၉**

တရုတ်နိုင်ငံ အနောက်တောင်ပိုင်းရှိ စီချွမ်ပြည်နယ်၏ တောင်ကုန်းတောင်တန်းထူထပ်ရာဒေသတွင် ပြင်းအားမဂ္ဂနီကျူ ၇ အဆင့်ရှိ မြေငလျင်လှုပ်မှုကြောင့် ကမ္ဘာလှည့်ခရီးသွား ရှစ်ဦး အပါအဝင် လူ ၁၉ ဦး သေဆုံးပြီး ၂၄၇ ဦး ထိခိုက်ဒဏ်ရာရခဲ့ကြောင်း ပြည်နယ်အစိုးရနှင့်နိုင်ငံပိုင်သတင်းမီဒီယာတို့က ဩဂုတ် ၉ ရက်တွင် ပြောကြားကြသည်။

စီချွမ်ပြည်နယ် ကွမ်ယန်းမြို့၏ အနောက်မြောက်ဘက်ကီလိုမီတာ ၂၀၀ (မိုင် ၁၂၀)အကွာရှိ လူနေကျဲပါးသောဒေသတွင် မြေအောက်အနက် ၁၀ ကီလိုမီတာ (ခြောက်မိုင်)ကို ဗဟိုပြု၍ မြေငလျင်လှုပ်ခဲ့ကြောင်း အမေရိကန်ဘူမိတိုင်းတာရေးဌာနက ပြောကြားသည်။ ယင်းမြေငလျင်လှုပ်မှုကြောင့် ကမ္ဘာလှည့်ခရီးသွားများလာရောက်လေ့ရှိသည့် ကျူကျိုင်းကွေ သဘာဝသစ်တောဥယျာဉ်ကိုလည်း ပိတ်ထားလိုက်ရသည်။

စီချွမ်ပြည်နယ်သည် မြေငလျင် မကြာခဏလှုပ်လေ့ရှိသော ပြည်နယ်ဖြစ်သည်။ ၂၀၀၈ ခုနှစ် မေလအတွင်းက ယင်းပြည်နယ်အတွင်း မြေငလျင်လှုပ်မှုကြောင့် လူပေါင်း ၇၀၀၀၀ နီးပါးသေဆုံးခဲ့ရသည်။

တရုတ်နိုင်ငံ၏အနောက်မြောက်ပိုင်း အစွန်အဖျားဒေသဖြစ်သော ရှင်ကျန်းဒေသတွင် ဩဂုတ် ၉ ရက်က ပြင်းအား ၆ ဒသမ ၆ ရှိ သီးခြားမြေငလျင်လှုပ်ခတ်မှုကြောင့် ကျေးလက်ဒေသတွင် နေထိုင်သူ ၃၂ ဦး ထိခိုက်ဒဏ်ရာရခဲ့ကြောင်း၊ တရုတ်မြေငလျင်ရေးရာ စီမံခန့်ခွဲရေးအဖွဲ့က ပြောကြားကြောင်း ပြည်သူ့နေ့စဉ် သတင်းစာတွင် ရေးသားဖော်ပြသည်။

ကယ်ဆယ်ရေးလုပ်သားများသည် မြေပြိုမှုများကြောင့် လမ်းခုလတ်တွင် ပိတ်မိနေသည့် ကမ္ဘာလှည့်ခရီးသွားများနှင့်ဒေသခံများကို ကယ်တင်ပေးလျက်ရှိကြောင်း စီချွမ်ပြည်နယ်အစိုးရက ပြောကြားသည်။

စီချွမ်ပြည်နယ်တွင် မြေငလျင်လှုပ်မှုကြောင့် သေဆုံးသူ ၁၉ ဦးရှိပြီး ထိခိုက်ဒဏ်ရာရသူအများစုမှာ စိုးရိမ်ရသည့် အခြေအနေမရှိကြောင်း ဒေသဆိုင်ရာ အစိုးရတာဝန်ရှိသူများက ပြောကြားကြသည်။ **ဆင်ဟွာ။**







# တရုတ်-အိန္ဒိယ နယ်စပ်စစ်ရေးတင်းမာမှု ပြီးဆုံးစေရေး သံတမန်ရေးညှိနှိုင်းမှုများ မအောင်မြင်ဟုဆို

**နယူးဒေလီ ဩဂုတ် ၉**

တရုတ်နိုင်ငံနှင့် ရက်သတ္တခုနစ်ပတ်ကြာမျှ ဖြစ်ပေါ်ခဲ့သော နယ်စပ်စစ်ရေးတင်းမာမှု ပြီးဆုံးစေရေးအတွက် အိန္ဒိယနိုင်ငံက သံတမန်ရေးအရ ဖြေရှင်းနိုင်ရန် ကြိုးပမ်းအားထုတ်ခဲ့မှုမှာ အောင်မြင်မှုမရှိကြောင်း သတင်းရပ်ကွက်များကို ကိုးကားလျက် ရိုက်တာသတင်းဌာနက ဩဂုတ် ၉ ရက်တွင် သတင်းထုတ်ပြန်သည်။

ဒေါ့ခလမ်ကုန်းမြင့်ဒေသမှ အိန္ဒိယတပ်ဖွဲ့ဝင်များ တစ်ဖက်သတ်ရုပ်သိမ်းထွက်ခွာပေးရန် တရုတ်နိုင်ငံက အိန္ဒိယနိုင်ငံအား တစိုက်မတ်မတ် တောင်းဆိုလျက်ရှိသည်။ ဝေးလံသီခေါင်သော ဒေါ့ခလမ်ကုန်းမြင့်ဒေသ၌ နယ်မြေပိုင်ဆိုင်မှုနှင့်ပတ်သက်၍ တရုတ်နိုင်ငံကရော အိန္ဒိယ၏မဟာမိတ် ဘူတန်နိုင်ငံကပါ အခိုင်အမာ တောင်းဆိုလျက်ရှိသည်။

တရုတ်နှင့် အိန္ဒိယတာဝန်ရှိသူများသည် သံတမန်ရေးအရ ဆွေးနွေးညှိနှိုင်းခဲ့ကြကြောင်း ဝန်ကြီးချုပ် နရိန္ဒြာမိုဒီ၏ အစိုးရအဖွဲ့နှင့် နီးစပ်မှုရှိသော သတင်းရပ်ကွက်က ပြောကြားသည်။

နှစ်နိုင်ငံတာဝန်ရှိသူများသည် သံတမန်ရေးအရ ဆွေးနွေးညှိနှိုင်းမှုကို သိုသိုသိပ်သိပ် ပြုလုပ်ခဲ့ကြကြောင်း၊ နှစ်ဖက်တပ်ဖွဲ့များ ရှေ့တန်းနယ်မြေများမှ နောက်ဆုတ်ပေးရန် အဆိုပြုချက်နှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြကြောင်း အိန္ဒိယအစိုးရ တာဝန်ရှိသူများက ပြောကြားကြသည်။

**ရိုက်တာ။**

# ထောင်ဒဏ်တစ်သက်တစ်ကျွန်းကျနေသည့် ကနေဒါနိုင်ငံသား သင်းအုပ်ဆရာအား ပြုံယမ်းက လွှတ်ပေး

ပြုံယမ်း ဩဂုတ် ၉

နိုင်ငံအတွင်း နှစ်နှစ်ကြာ ဖမ်းဆီးထားသည့် ကနေဒါနိုင်ငံသား သင်းအုပ်ဆရာတစ်ဦးအား ပြုံယမ်းက ယနေ့ပြန်လည်လွှတ်ပေးခဲ့ကြောင်း မြောက်ကိုရီးယားနိုင်ငံပိုင် မီဒီယာက သတင်းထုတ်ပြန်သည်။

ဟျွယွန်ဆွန်လင်မ်ဆိုသူ ကနေဒါနိုင်ငံသားသင်းအုပ်ဆရာသည် မြောက်ကိုရီးယားနိုင်ငံအတွင်းသို့ ၂၀၁၅ ခုနှစ်တွင် ဝင်ရောက်ခဲ့ပြီး မြောက်ကိုရီးယားအစိုးရဖြုတ်ချရေးတွင်ပါဝင်ကာ တစ်ဖက်တစ်လမ်းက ကြိုးပမ်းခဲ့သည် ဆိုသည့် စွပ်စွဲချက်ဖြင့် မြောက်ကိုရီးယားတရားရုံးက သူ့အား အလုပ်ကြမ်းနှင့်ထောင်ဒဏ် တစ်သက်တစ်ကျွန်းကျခံစေရန် စီရင်ချက်ချမှတ်ခဲ့သည်။

ဟျွယွန်ဆွန်လင်မ်သည် တောင်ကိုရီးယားနိုင်ငံဖွား၊ ကနေဒါနိုင်ငံသားတစ်ဦးဖြစ်သည်။ ဩဂုတ် ၈ ရက်တွင် ကနေဒါဝန်ကြီးချုပ်က အထူးသံတမန်တစ်ဦးကို မြောက်ကိုရီးယားနိုင်ငံသို့ စေလွှတ်ခဲ့ပြီး သင်းအုပ်ဆရာ ဟျွယွန်ဆွန်လင်မ် လွတ်မြောက်စေရန် ပြုံယမ်းအစိုးရနှင့် ညှိနှိုင်းမှုများပြုလုပ်ခဲ့ကြောင်း သိရသည်။

ယမန်နှစ်ဇွန်လက မြောက်ကိုရီးယားအစိုးရသည် အမေရိကန်ကောလိပ်ကျောင်းသားတစ်ဦးအား တစ်နှစ်ကျော်ကြာ ဖမ်းဆီးခဲ့ပြီးနောက် ပြန်လည်လွှတ်ပေးခဲ့သည်။ သို့သော် အမေရိကန်ကောလိပ်ကျောင်းသား အိုတိုဝမ်ဘီယားသည် မေ့မြောသည့် ကိုမာရောဂါစွဲကပ်ခဲ့ပြီး အမေရိကန်ပြည်ထောင်စုသို့ ပြန်လည်ရောက်ရှိပြီး မကြာမီအချိန်တွင် သေဆုံးသွားခဲ့သည်။

အိုတိုဝမ်ဘီယားသည် မြောက်ကိုရီးယားနိုင်ငံသို့ ခရီးသွားတစ်ဦးအဖြစ် အလည်အပတ်ရောက်ရှိခဲ့ပြီး သူလျှိုလုပ်ရပ်များလုပ်ဆောင်သည်ဟု မြောက်ကိုရီးယားအစိုးရက စွပ်စွဲသည့်အတွက် ဖမ်းဆီးခြင်းခံခဲ့ရသည်။ ယခုလက်ရှိအချိန်တွင် မြောက်ကိုရီးယားအစိုးရက ကိုရီးယား-အမေရိကန်နိုင်ငံသား သုံးဦးခန့် ဖမ်းဆီးထားကြောင်း သိရသည်။ အင်န်အိတ်ချ်ကေ။

# အီရန်နှင့် ထိစပ်နေသော နယ်စပ်ဒေသ၌ တူရကီက လုံခြုံရေးစည်းရိုးကာရံမှုစတင်

**အန်ကာရာ ဩဂုတ် ၉**

တူရကီအစိုးရအဖွဲ့သည် အီရန်နိုင်ငံနှင့် ထိစပ်လျက်ရှိသော ယင်း၏နယ်စပ်ဒေသတစ်လျှောက်တွင် လုံခြုံရေးစည်းရိုးကာရံမှုကို စတင်လိုက်ပြီဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဩဂုတ် ၉ ရက်တွင် သတင်းထုတ်ပြန်သည်။

ကာ့ဒ်ခွဲထွက်ရေးဝါဒီများ၏ ဘေးရန်မှ ကာကွယ်နိုင်ရေးအတွက် တူရကီနိုင်ငံက နယ်စပ်စည်းရိုး ကာရံခြင်းဖြစ်ကြောင်း လုံခြုံရေးစည်းရိုး တည်ဆောက်ရာတွင် အသုံးပြုမည့် ကွန်ကရစ်ဘလောက်တုံးကြီးများအား ကရိန်းကားဖြင့် ချထားနေမှုကို တူရကီ အရှေ့ပိုင်း အဂ္ဂရီပြည်နယ် အစိုးရအဖွဲ့၏ အင်တာနက် ဝက်ဘ်ဆိုက်တွင် ဓာတ်ပုံများဖြင့် ဖော်ပြထားသည်။

နယ်စပ်ဒေသ၌ စတင်တည်ဆောက်လျက်ရှိသော လုံခြုံရေးစည်းရိုးမှာ ၁၄၄ ကီလိုမီတာ (မိုင် ၈၀) အရှည်ရှိမည်ဖြစ်သည်။ မတရားသင်းအဖြစ် ကြေညာခံထားရသော ကာဒစ္စတန် အလုပ်သမားများပါတီ (ပီကေကေ) အဖွဲ့ဝင်များ၏ နယ်စပ်ဖြတ်ကျော်လှုပ်ရှားမှုများကို ဟန့်တားနိုင်ရေးအတွက် လုံခြုံရေးစည်းရိုး တည်ဆောက်မည်ဟု တူရကီအာဏာပိုင်များက မေလတွင် ထုတ်ပြန်ကြေညာခဲ့သည်။



ပီကေကေ သူပုန်အဖွဲ့သည် ၁၉၈၀ ပြည့်လွန်နှစ်ကာလများမှစ၍ တူရကီနိုင်ငံအတွင်း သူပုန်ထသည့် လှုပ်ရှားမှုများကို ပြုလုပ်ခဲ့ရာ ယင်းနိုင်ငံနှင့် ယင်း၏ မဟာမိတ် အနောက်အုပ်စု နိုင်ငံများက ပီကေကေအဖွဲ့ကို အကြမ်းဖက်အဖွဲ့အစည်းတစ်ခုအဖြစ် ရှုမြင်ကြသည်။

တူရကီနိုင်ငံသည် သံတမန်ရေးအရ နည်းလမ်းရှာဖွေနိုင်ရန် အီရန်နှင့် ရုရှားနိုင်ငံတို့နှင့်အတူ ကာဇက်စတန် နိုင်ငံမြို့တော်၌ ကျင်းပခဲ့သည့် ဆီးရီးယား ငြိမ်းချမ်းရေး ဆွေးနွေးပွဲတွင် ပါဝင်ခဲ့သည်။ တူရကီနိုင်ငံသည် ဆီးရီးယားနိုင်ငံနှင့် ထိစပ်နေသော နယ်စပ်ဒေသ၌ လုံခြုံရေးစည်းရိုးကာရံမှုကို ၂၀၁၅ ခုနှစ်တွင် ပြုလုပ်ခဲ့သည်။

အစ္စလာမ္မစ်နိုင်ငံတော် ထူထောင်ရေးအဖွဲ့ (အိုင်အက်စ်) စစ်သွေးကြွများ နယ်စပ်ဖြတ်ကျော်လှုပ်ရှားမှုများ မပြုလုပ်နိုင်စေရေးအတွက် ဆီးရီးယားနှင့် ထိစပ်နေသော နယ်စပ်ဒေသ၌ တူရကီက လုံခြုံရေး တင်းကျပ်ခဲ့သည်။

**ရိုက်တာ။**

❐

# ချောင်းဆုံ-တော်ကလပ် မြေသားလမ်းအား ရာသီမရွေးသွားလာနိုင်သည့်လမ်းအဖြစ် ဆောင်ရွက်ပေးမည်

**နေပြည်တော် ဩဂုတ် ၉**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး(၄၁) ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ မေးခွန်း(၆)ခု မေးမြန်းဖြေကြားခြင်းနှင့် အစီရင်ခံစာ(၁)ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် လက်ပံတန်းမဲဆန္ဒနယ်မှ ဦးကျော်မင်း၏ **လက်ပံတန်း-ကျုံလဟာ မဟာဗျူဟာလမ်းမကြီးနှင့် ဆက်သွယ်ထားသော ချောင်းဆုံ-တော်ကလပ် မြေသားလမ်းအား ဂျင်းကျောက်ဖြင့် ရာသီမရွေးသွားလာနိုင်သည့်လမ်းအဖြစ် ဆောင်ရွက်ပေးမည့် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် လက်ပံတန်း-ကျုံလဟာ မဟာဗျူဟာ လမ်းမကြီးနှင့် ချိတ်ဆက်ထားသည့် ချောင်းဆုံ-တော်ကလပ်လမ်းသည် အရှည် ၂ မိုင် ၇ ဖာလုံရှိပြီး ကိုယ်ထူကိုယ်ထ ဖောက်လုပ်ထားသော မြေသားလမ်းဖြစ်ပါကြောင်း၊ အဆိုပါမြေသားလမ်းကို မြေနီလမ်းအဖြစ်ဆောင်ရွက်မည်ဆိုပါက ငွေကျပ် ၂၀၂ သန်းခန့်ကုန်ကျမည်ဖြစ်ပါကြောင်း။

အဆိုပါလမ်း မြေနီလမ်းခင်းခြင်းလုပ်ငန်းအတွက် ယခုဘဏ္ဍာနှစ်ခွင့်ပြုရန်ပုံငွေတွင် ပါဝင်ခဲ့ခြင်းမရှိသည့်အတွက် ယခုနှစ်အတွင်း ဆောင်ရွက်ပေးနိုင်ခြင်းမရှိသော်လည်း လာမည့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ရပ်စောက်မဲဆန္ဒနယ်မှ ဦးခင်မောင်မြင့်၏ **ရပ်စောက်မြို့နယ် ပါမဲကျေးရွာအုပ်စု ထင်းကွင်း၊ ရွာသစ်၊ တပ်ဦး(၃)ရွာပေါင်း၍ စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းများကို ရေအရင်းအမြစ်နှင့် ရေအသုံးချရေးဦးစီးဌာနက ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ်အတွင်း ရွာ(၃)ရွာပေါင်း၍ စိမ့်စမ်းရေသွယ်လုပ်ငန်းဆောင်ရွက်နိုင်ရေးအတွက် ဦးစွာဆောင်ရွက်လိုသော ဒေသရှိ ရေထွက်ပမာဏ၊ ရာသီမရွေးရေထွက်တည်ရှိမှုနှင့် မြေပြင်အနိမ့်အမြင့်ကွာခြားမှု အစရှိသည့် လုပ်ငန်းဖြစ်မြောက်နိုင်စွမ်း အကြိုစူးစမ်းလေ့လာမှုနှင့် မြေပြင်တိုင်းတာမှုလုပ်ငန်းများကို ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

အဆိုပါလုပ်ငန်းအား ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ရန်ပုံငွေဖြင့် ဆောင်ရွက်ပေးသွားရန် စီစဉ်ထားရှိပြီးဖြစ်ပါကြောင်း၊ လုပ်ငန်းဖြစ်မြောက်နိုင်စွမ်းရှိပါက လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်မည့်ရန်ပုံငွေကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့က တင်ပြတောင်းခံပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ လုပ်ငန်းအား အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။



ဒုတိယဝန်ကြီး
ဦးလှကျော်



လက်ပံတန်းမဲဆန္ဒနယ်မှ
ဦးကျော်မင်း

ရန်ကင်းမဲဆန္ဒနယ်မှ ဒေါ်ဇင်မာအောင်၏ **နိုင်ငံတော်စီမံကိန်းများရေးဆွဲခြင်း၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးတိုးတက်မှု၊ မြေယာစီမံခန့်ခွဲအုပ်ချုပ်မှုများ ဆောင်ရွက်ရာတွင် မြေယာမှတ်ပုံတင်ခြင်းနှင့် မြေပုံစနစ်ကို မည်သည့်စနစ်ဖြင့် မည်ကဲ့သို့ စီစဉ်ဆောင်ရွက်နေသည်ကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်လျှောက်ထားသူများကို မှတ်ပုံတင်စာရင်း ပုံစံ(၅)ဖြင့်လည်းကောင်း၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း အသုံးပြုခွင့်ရရှိသူများအား ပုံစံ-(၉)ဖြင့်လည်းကောင်း၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း အသုံးပြုခွင့်ငြင်းပယ်ခြင်းခံရသူများအား ပုံစံ(၁၀)ဖြင့်လည်းကောင်း မှတ်တမ်းရေးသွင်းထိန်းသိမ်းထားရှိပါကြောင်း။

မြေတိုင်းတာရာတွင် သာမန်မြေတိုင်းတာခြင်းနည်းလမ်း၊ ခေတ်မီမြေတိုင်းကိရိယာများဖြင့် မြေတိုင်းတာခြင်းနည်းလမ်း၊ ဂြိုဟ်တုဓာတ်ပုံများ အသုံးပြု၍ မြေပုံရေးဆွဲခြင်းနည်းများကို အသုံးပြုဆောင်ရွက်နေပါကြောင်း၊ မြို့မြေ၊ ကျေးရွာမြေများနှင့်ပတ်သက်၍ လိုင်စင်၊ မြေငှားဂရန်၊ အခွန်လွတ်ဂရန်၊ ဘဒ္ဒသိမ်ဂရန်တို့ကို မှတ်ပုံတင်စာရင်းစာအုပ်(၉)မျိုးဖြင့် စနစ်တကျမှတ်တမ်းရေးသွင်း၍ ထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မြေယာမှတ်ပုံတင်ခြင်းစနစ်ကို မြို့ မြေစာရင်းမှတ်ပုံတင်စာအုပ် (Town Land Roll) နှင့် ဦးပိုင်မှတ်ပုံတင်စာရင်း(၁-က) (Register 1 A) တို့ကို အသုံးပြု၍ မှတ်တမ်းထိန်းသိမ်းပါကြောင်း၊ အဆိုပါမှတ်တမ်းများကို စာအုပ်၊ မြေပုံ စနစ်တို့ဖြင့်သာ ယခင်က ဆောင်ရွက်ခဲ့ပြီး ယခုအခါ(Computerize) ကွန်ပျူတာမှတ်တမ်းတင်မြေပုံစနစ်အဖြစ် ပြောင်းလဲနိုင်ရေးအတွက် ဆောင်ရွက်နေပြီဖြစ်ကြောင်း ဖြေကြားသည်။

ထို့ပြင် ယနေ့အစည်းအဝေးတွင် မက်မန်းမဲဆန္ဒနယ်မှ ဦးတင်အေး၊ ရေစကြိုမဲဆန္ဒနယ်မှ ဒေါက်တာဦးတင်ဌေးအောင်နှင့် ရွှေကျင်မဲဆန္ဒနယ်မှ ဦးစောသလေးစောတို့၏ မက်မန်းမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနဖွင့်လှစ်ပေးရေး၊ တမာတန်း၊ ဇီးကျွန်းကျေးရွာတို့မှ ရေစကြိုမြို့သို့ ဆက်သွယ်ထားသော ဆည်ပေါင်လမ်းအား ပြုပြင်ပေးရေး၊ ပုံစံ(၇)များ လက်လွတ်စပယ်ထုတ်ပေးခြင်း၊ မြေတိုင်းတာမှု အလွယ်ပြုလုပ်ခြင်းတို့အတွက် မည်သို့ဆောင်ရွက်မည်ကို သိလိုခြင်း စသည့်မေးခွန်းများကိုလည်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ပြန်လည်ဖြေကြားခဲ့သည်။

ထို့နောက် ပြည်သူ့လွှတ်တော်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာကို ကော်မတီအဖွဲ့ဝင် ဦးထွန်းထွန်းက လွှတ်တော်သို့ ဖတ်ကြားတင်ပြသည်။

ထိုသို့ တင်ပြရာတွင် ကော်မတီအဖွဲ့ဝင် ဦးထွန်းထွန်းက လွှတ်တော်တွင် ကတိအဖြစ်ဖြေဆိုထားပြီဖြစ်သော်လည်း ၎င်းတို့ ဝန်ကြီးဌာနနှင့် တိုက်ရိုက်သက်ဆိုင်မှု မရှိဟူသော အကြောင်းပြချက်ဖြင့်လည်းကောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာန ကိုယ်စားတက်ရောက်ဖြေဆိုရသည့်အတွက်ဟူသော အကြောင်းပြချက်ဖြင့်လည်းကောင်း ဌာနဆိုင်ရာ လုပ်ထုံးလုပ်နည်းများအရ လုပ်ငန်းများ ဆောင်ရွက်ရန် ငြင်းဆိုခြင်းများရှိသည်ကို တွေ့ရပါကြောင်း ထည့်သွင်းတင်ပြခဲ့ပြီး သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များကို တိုက်ဆိုင်စစ်ဆေးသည့်အခါတိုင်းတွင် ဝန်ကြီးဌာနများက လွှတ်တော်ဆိုင်ရာနှင့် ဌာနလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကို နားလည်တတ်ကျွမ်းသူများ၊ တာဝန်ယူ၊ တာဝန်ခံနိုင်သော ပုဂ္ဂိုလ်များကို စေလွှတ်ပေးရန် အကြံပြုသည်။

ယင်းအစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းကြရန် လွှတ်တော်ဥက္ကဋ္ဌက အသိပေးကြေညာထားသည်။

**ကျော်သူထက်(သတင်းစဉ်)**

# ကိုကိုးကျွန်းမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်တို၊ နှစ်ရှည် စီမံကိန်းများ၌ ထည့်သွင်းရေးဆွဲဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၉**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ၄၀ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကျော်ထွေး၏ **ကိုကိုးကျွန်းမြို့နယ်နေပြည်သူလူထုများ ရန်ကုန်မြို့ သို့မဟုတ် တခြားသောမြို့နယ်များသို့ ကူးသန်းသွားလာရေး လွယ်ကူစေရန်အတွက် အထူးအစီအစဉ်များ ချမှတ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိနှင့် မြို့နယ်တစ်ခု၏ အင်္ဂါရပ်များနှင့် ပြည့်စုံစွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်တို၊ နှစ်ရှည် စီမံကိန်းများ မည်သို့ချမှတ်ဆောင်ရွက်ထားသည်ကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက ကိုကိုးကျွန်းမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ် ဘတ်ဂျက်များသာမက ပြည်ထောင်စုဘဏ္ဍာ ရန်ပုံငွေမှ လိုအပ်ချက်ပေါ် မူတည်၍ သုံးစွဲလျက်ရှိပါကြောင်း၊ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့သည် အထူးစီမံကိန်းအနေဖြင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးနယ်နိမိတ်ပြင်ပ ၁၂ မြို့နယ်၏ လုပ်ငန်းလျာထားငွေကျပ် ၃၂ ဒသမ ၂ ဘီလီယံမှ ကိုကိုးကျွန်းမြို့နယ်အတွက် ငွေကျပ် ၅၅၄ ဒသမ ၂၄၀ သန်းဖြင့် မြောင်းတူးဖော်ခြင်း၊ အဆောက်အအုံဆောက်လုပ်ခြင်း၊ ရေပေးဝေရေး၊ ပန်းခြံနှင့် ကလေးအားကစားကွင်း တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါကြောင်း၊ ပင်လယ်ရေနက်ဆိပ်ခံတံတားတစ်ခု တည်ဆောက်ခြင်းလုပ်ငန်းကို ဆောင်ရွက်နေပါကြောင်း။

ဒေသခံပြည်သူများ၏ လူနေမှုအဆင့်အတန်းတိုးတက်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ပြီး လက်ရှိခံစားနေရသည့် ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားရေးဆိုင်ရာ အခြေအနေများ ပိုမိုတိုးတက်ကောင်းမွန်ရေးအတွက် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ မြို့မိမြို့ဖများ၊ ဒေသနေပြည်သူများ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဦးစားပေးအလိုက် ဆောင်ရွက်ရမည့်လုပ်ငန်းများကို ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်တို၊ နှစ်ရှည် စီမံကိန်းများ၌ ထည့်သွင်းရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း။



ဒုတိယဝန်ကြီး
ဦးကျော်မျိုး



ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်
အမှတ်(၈)မှ ဦးကျော်ထွေး



ရခိုင်ပြည်နယ် မဲဆန္ဒနယ်
အမှတ်(၃)မှ ဦးခင်မောင်လတ်

ကိုကိုးကျွန်းမြို့နယ်သည် ပင်လယ်ဆိပ်ကမ်းမြို့ ဖြစ်ပြီး ရာသီဥတုကောင်းမွန်၍ သဘာဝဘေးဒဏ်ခံရခြင်း မရှိဘဲ သာယာလှပသည့်အတွက် လာမည့်နှစ်များအတွင်း ကမ္ဘာလှည့်ခရီးသွားများအား ဆွဲဆောင်နိုင်မည့် ဒေသတစ်ခုအဖြစ် စီမံကိန်းများ ချမှတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထို့ပြင် ကိုကိုးကျွန်းသို့ သွားလာရေး အဆင်ပြေရန် **ရန်ကုန် - ကိုကိုးကျွန်း - မော်လမြိုင် - ထားဝယ် - မြိတ် - ကော့သောင်း - မြိတ် - ထားဝယ်- မော်လမြိုင် - ကိုကိုးကျွန်း - ရန်ကုန်** ကျွန်းပတ်ပြေးဆွဲမည့် ရေယာဉ်ခရီးစဉ်များ ပြေးဆွဲနိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်နေပါကြောင်း ဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးလားလ်မင်းထန်၏ **ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်းဦးစီးဌာနမှ တိုက်ရိုက်ကိုင်တွယ်ဆောင်ရွက်နေသော ဟားခါး-မတူပီ - ပလက်ဝလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို ကုမ္ပဏီများ တင်ဒါခေါ်ယူပြီး လုပ်ကိုင်စေရန်နှင့် မလိုအပ်သောနေရာတွင် လမ်းတာချဲ့မည့်အစား လမ်းကွေ့များတွင် ဦးစားပေး လမ်းတာချဲ့ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်တွင် ဟားခါး - မတူပီလမ်းတွင် ပြည်နယ်ရန်ပုံငွေကျပ် ၇၇၆၁ ဒသမ ၄၀၀ သန်းဖြင့် ကတ္တရာလမ်းသစ်ခင်းခြင်း ၁၇ မိုင် ၆ ဖာလုံ၊ ကတ္တရာလမ်း တိုးချဲ့ခင်းခြင်း ၆ ဖာလုံ၊ ကတ္တရာထပ်ပိုးလွှာခင်းခြင်း ၁ မိုင် ၄ ဖာလုံ၊ အမာခံလမ်းခင်းခြင်း ၁၃ မိုင် ၅ ဖာလုံ၊ ကျောက်လမ်းခင်းခြင်း ၁၈ မိုင် ၁ ဖာလုံ၊ နိုင်လွန်ကတ္တရာခင်းခြင်း ၄ ဖာလုံနှင့် မတူပီ - ပလက်ဝလမ်းတွင် ပြည်နယ်ရန်ပုံငွေကျပ် ၄၈၁ ဒသမ ဝ၈ဝ သန်းဖြင့် အမာခံလမ်းခင်းခြင်း ၆ မိုင် ၂ ဖာလုံ၊ ကတ္တရာလမ်းတိုးချဲ့ခြင်း ၆ ဖာလုံတို့အား ဆောင်ရွက်ရာတွင် လမ်း/လေယာဉ်ကွင်း ဒီဇိုင်းနှင့် ပုံထုတ်ဌာနခွဲမှ လမ်းလွှာပုံစံအတိုင်း ဆောင်ရွက်၍ နိုင်လွန်ကတ္တရာခင်းခြင်း လုပ်ငန်းအတွက်လည်း သတ်မှတ် Mix Design တောင်းခံပြီး စံချိန်စံညွှန်း ပြည့်မီအောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဟားခါး - မတူပီလမ်း၏ တောင်ပြိုလမ်းပိတ်ဆို့မှု များပြားသော နေရာများနှင့် အမှန်တကယ်လိုအပ်သောနေရာများ၊ လမ်းမျက်ကွယ်ကွေ့နေရာများနှင့် မတူပီ - ပလက်ဝလမ်းတွင် အတက်အဆင်း မတ်စောက်သော ဆမီးမြို့ထွက် အတက်အပိုင်းနှင့် ဆမီးနှင့် ဘွေလီအကြား အတက်အဆင်း မတ်စောက်သော အပိုင်းများကို ဦးစားပေး၍ အပိုင်းလိုက် အတက်အဆင်း ဖြေညှိ၍ လမ်းတာချဲ့ခြင်းလုပ်ငန်းများကို ကုမ္ပဏီများသို့ တင်ဒါခေါ်ယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဌေးဦး၏ **နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလွန်အရေးပါသောဆောက်လုပ်ရေးလုပ်ငန်းများ ရင်ဆိုင်ကြုံတွေ့နေရသည့် အခက်အခဲများကို ပြေလျော့စေရန်နှင့် လုပ်ငန်းများအဆင်ပြေစွာ လည်ပတ်ဖွံ့ဖြိုးလာစေရန်အတွက် စုပေါင်းပိုင် အဆောက်အအုံ (CONDOMINIUM) ဆိုင်ရာနည်းဥပဒေကို ရေးဆွဲပြဋ္ဌာန်းရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ နည်းဥပဒေ(မူကြမ်း) ရေးဆွဲနိုင်ရေးအတွက် လိုအပ်သည့် လုပ်ထုံးလုပ်နည်းများနှင့်ပတ်သက်၍ ကိုးကားလေ့လာနိုင်ရေးအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် အစည်းအဝေးများ၊ ဆွေးနွေးပွဲများကို ကျင်းပခဲ့ပါကြောင်း၊ ထို့ပြင် ဌာနအတွင်း အပတ်စဉ်အစည်းအဝေးများကျင်းပ၍ စုပေါင်းပိုင် အဆောက်အအုံဆိုင်ရာ နည်းဥပဒေ အတည်ပြုပြဋ္ဌာန်းနိုင်ရေးအတွက် ဆွေးနွေးညှိနှိုင်းရေးဆွဲခဲ့ပါကြောင်း၊ ရေးဆွဲထားသည့် နည်းဥပဒေ(မူကြမ်း)အား ဥပဒေအကြောင်းအရ အကြံပြုပြန်ကြားပေးနိုင်ရန် ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ပေးပို့ခဲ့သည့်အပြင် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်၏ ဖိတ်ကြားချက်အရ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆွေးနွေးပွဲကို ပြည်သူ့လွှတ်တော်ရေးရာဆောင်၌ ကျင်းပခဲ့ပါကြောင်း။

စာမျက်နှာ ၇ သို့ ❒

# မြန်မာနိုင်ငံသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဝင်ရောက်လာမှုအခြေအနေနှင့် အလားအလာ

## ခင်ဇာလီ

မြန်မာနိုင်ငံ၏တည်နေရာသည် ဖွံ့ဖြိုးဆဲ အာဆီယံနိုင်ငံများနှင့် ကမ္ဘာ့စီးပွားရေး အင်အားကြီးနှစ်နိုင်ငံအကြား ကုန်စည်စီးဆင်းမှုပြုလုပ်နိုင်သည့် မဟာဗျူဟာအချက်အချာကျသည့် နေရာတစ်ခုဖြစ်သည်။ အာရှတိုက်၏ ကုန်စည်သယ်ယူပို့ဆောင်ရေးကို ပိုမိုအဆင်ပြေအောင် မြှင့်တင်ပေးနိုင်သည့် ဆုံမှတ်တစ်ခုလည်းဖြစ်သည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်သည့်သယံဇာတများ၊ လူသားအရင်းအမြစ်ဖြစ်သည့် လုပ်ငန်းလူရွယ်ဦးရေများပြားစွာရှိနေခြင်းသည် ရင်းနှီးမြှုပ်နှံလိုသူနိုင်ငံများအတွက် အားသာချက်တစ်ခုဖြစ်သည်။

ကျန်ရှိနေခြင်းမှာ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ငန်းများအတွက် အားသာချက်များဖြစ်သည်။


နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကြား ခိုင်မာသောဆက်ဆံရေးတစ်ခုမှာ စီးပွားရေးတိုးတက်မှုဆိုင်ရာ ရေရှည်မြင့်မားသည့် လမ်းကြောင်းကိုရရှိစေနိုင်ခြင်းဖြစ်သည်။ ယင်းကြောင့်ပင် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသည့် မောင်းနှင်အားသည် တာဝန်ယူမှုရှိသည့် ရင်းနှီးမြှုပ်နှံမှုများဟု နားလည်သဘောပေါက်သဖြင့် မြန်မာနိုင်ငံသားများနှင့် ပြည်သူတို့၏ ပတ်ဝန်းကျင်အတွက် အပြုသဘောသက်ရောက်မှုရှိသည့် ရင်းနှီးမြှုပ်နှံမှုများကို အားပေးကူညီရန် ခိုင်မာသည့်ဆုံးဖြတ်ချက်များကို ချမှတ်ဆောင်ရွက်လျက်ရှိနေသည်။

**လက်ရှိ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် လေးလတာကာလမပြည့်မီမှာပင် အမေရိကန်ဒေါ်လာ ၃ ဒသမ ၁ ဘီလီယံရရှိနေသဖြင့် ယခင်နှစ်ထက် ၅၀ ရာခိုင်နှုန်းကျော် ရရှိနေခြင်းဖြစ်ရာ လျာထားချက်ပမာဏရရှိရန်မှာ သေချာနေပြီဖြစ်သည်။**


မြန်မာနိုင်ငံတွင် နိုင်ငံတကာမှ အဓိကရင်းနှီးမြှုပ်နှံလျက်ရှိသည့် နယ်ပယ်များမှာ ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ လျှပ်စစ်ဓာတ်အားပေးလုပ်ငန်း၊ သတင်းအချက်အလက်ဆက်သွယ်ရေး၊ ကုန်ပစ္စည်းထုတ်လုပ်ရေးနှင့် အိမ်ခြံမြေလုပ်ငန်းများဖြစ်ပြီး ယင်းနယ်ပယ်များတွင် စျေးကွက်များပိုမိုရရှိရန်လည်း အလားအလာ များစွာရှိနေသည်။ ထိုကဲ့သို့ နိုင်ငံတကာရင်းနှီးမြှုပ်နှံသူများ၏ စိတ်ဝင်စားမှုကို ရရှိနေသကဲ့သို့ အခြားရင်းနှီးမြှုပ်နှံနိုင်သည့် နယ်ပယ်၊ ကဏ္ဍများစွာလည်း

မြန်မာနိုင်ငံအနေဖြင့် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများမြှင့်တင်ရာတွင် ငြိမ်းချမ်းရေးနှင့်တည်ငြိမ်မှုမှာ ပထမဆုံးနှင့် အရေးကြီးဆုံးလိုအပ်ချက်ဖြစ်သည်။ ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေးရရှိနိုင်ရန်အတွက် ပင်လုံစိတ်ဓာတ်ဖြင့် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပခဲ့ခြင်း၊ ယင်းဆွေးနွေးပွဲများမှ ထွက်ပေါ်လာသည့်ရလဒ်များအရ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတစ်ရပ် ထူထောင်နိုင်ရန် ရည်ရွယ်ပြီး တိုင်းရင်းသားများ၊ လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆွေးနွေးမှုများကို

(ဇယား-၁)




(ဇယား-၂)




အားသွန်ခွန်စိုက်ဆောင်ရွက်ခဲ့သည်။


၂၀၁၇ ခုနှစ် မေလ ၂၉ ရက်တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံတွင် ညှိနှိုင်းဆွေးနွေးခဲ့သည့် အချက်များအနက် ၃၇ ချက်ကို အောင်မြင်စွာ သဘောတူနိုင်ခဲ့ခြင်းသည် နိုင်ငံတော်အစိုးရနှင့် အခြားပါဝင်ပတ်သက်သူများအနေဖြင့် နိုင်ငံတော်တည်ငြိမ်ရေးနှင့် ငြိမ်းချမ်းရေးကို အတူတကွ အကောင်အထည်ဖော်ရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အတူတကွ ဖော်ဆောင်ကြရန်ဖြစ်သည်။

ယင်းပြင် နိုင်ငံတော်အနေဖြင့် ရင်းနှီးမြှုပ်နှံသူများအတွက် အဆင်ပြေစေမည့် အခင်းအကျင်းကိုလည်း ဖန်တီးလျက်ရှိရာ ၂၀၁၆ ခုနှစ် အောက်တိုဘာလတွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြဋ္ဌာန်းခဲ့သည်။ ဥပဒေတွင် ထင်ရှားသည့်အချက်များမှာ ရင်းနှီးမြှုပ်နှံသူများအပေါ် အကာအကွယ်ပြုသည့်အချက်များနှင့် အဆင်မပြေမှုများရှိပါက တိုင်ကြားနိုင်သည့် ယန္တရားများ ထည့်သွင်းထားသည်။ ရင်းနှီးမြှုပ်နှံမှု အမျိုးအစားများနှင့် တည်နေရာလိုက်ပြီး ၂၀၁၇ ခုနှစ် မတ်လ ၃၁ ရက်တွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု လုပ်ထုံးလုပ်နည်းများကို ပြဋ္ဌာန်းပေးခဲ့သည်။

ကုန်သွယ်မှုတိုးမြှင့်ရေးအတွက် အခွန်ကောက်ခံရေး၊ ကုန်သွယ်မှုဖြေလျှော့ရေး၊ ကုန်သွယ်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးနှင့် ကုန်သွယ်မှုဆိုင်ရာ ပညာပေးအစီအစဉ်များနှင့် ပတ်သက်သည့် မူဝါဒဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ခဲ့သည်။ ယင်းကြောင့်ပင် ယခင်အစိုးရ၏ နောက်ဆုံးဘဏ္ဍာနှစ်ဖြစ်သော ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမှာ အမေရိကန်ဒေါ်လာ ၉ ဒသမ ၄၈ ဘီလီယံ ရှိခဲ့ရာမှ သမိုင်းအလှည့်အပြောင်းဖြစ်ခဲ့သော ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၆ ဒသမ ၄ ဘီလီယံသာ ဝင်ရောက်ခဲ့သည်။ လက်ရှိ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် လေးလတာကာလ မပြည့်မီမှာပင် အမေရိကန်ဒေါ်လာ ၃ ဒသမ ၁ ဘီလီယံ ရရှိနေသဖြင့် ယခင်နှစ်ထက် ၅၀ ရာခိုင်နှုန်းကျော် ရရှိနေခြင်းဖြစ်ရာ လျာထားချက်ပမာဏရရှိရန်မှာ သေချာနေပြီဖြစ်သည်။ ယင်းပမာဏကို နိုင်ငံပေါင်း ၂၁ နိုင်ငံမှ လုပ်ငန်းပေါင်း ၉၅ ခုမှ ရင်းနှီးမြှုပ်နှံခဲ့ခြင်းကြောင့် ပြည်တွင်းလုပ်သား သုံးသောင်းကျော်အတွက်လည်း အလုပ်အကိုင်အခွင့်အလမ်းများ တိုးချဲ့ဖန်တီးပေးနိုင်ခဲ့သည်။

မြန်မာနိုင်ငံအတွင်းသို့ လက်ရှိဘဏ္ဍာနှစ်တွင် ရင်းနှီးမြှုပ်နှံမှုအများဆုံးဖြင့် ဝင်ရောက်လာသည့် ငါးနိုင်ငံမှာ စင်ကာပူ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နယ်သာလန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံနှင့် ဟောင်ကောင်တို့ဖြစ်သည်။ ယင်းတို့သည် စက်မှုကဏ္ဍ၊ အိမ်ရာနှင့်

(ဇယား-၃)




**ယင်းပမာဏကို နိုင်ငံပေါင်း ၂၁ နိုင်ငံမှ လုပ်ငန်းပေါင်း ၉၅ ခုမှ ရင်းနှီးမြှုပ်နှံခဲ့ခြင်းကြောင့် ပြည်တွင်းလုပ်သား သုံးသောင်းကျော်အတွက်လည်း အလုပ်အကိုင်အခွင့်အလမ်းများ တိုးချဲ့ဖန်တီးပေးနိုင်ခဲ့သည်။**

အဆောက်အအုံ တည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍ၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးကဏ္ဍတို့တွင် အများဆုံးရင်းနှီးမြှုပ်နှံကြသည်။ ရင်းနှီးမြှုပ်နှံမှုအများဆုံး နိုင်ငံစာရင်းတွင်မူ တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၆ ရာခိုင်နှုန်းဖြင့် ဦးဆောင်လျက်ရှိရာ ယင်းနောက်တွင် စင်ကာပူနှင့် ထိုင်းနိုင်ငံတို့က အစဉ်လိုက်ရှိနေပြီး နိုင်ငံပေါင်း ၄၉ နိုင်ငံမှ လုပ်ငန်းပေါင်း ၁၃၁၂ ခုက ဝင်ရောက်ခဲ့ပြီးဖြစ်သည်။

ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်တွင် ရန်ကုန်တိုင်းဒေသကြီးသည် ရင်းနှီးမြှုပ်နှံမှုအများဆုံးဖြစ်ပြီး ယင်းနောက်တွင် မန္တလေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့ဖြစ်သည်။ သို့သော်လည်း ယခုဘဏ္ဍာနှစ်အတွင်း ဝင်ရောက်မှုမရှိသေးသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှာ တနင်္သာရီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်တို့ဖြစ်နေခြင်းကြောင့် သိသာထင်ရှားသည့် စီးပွားရေးဆိုင်ရာ ဖြေလျှော့မှုများနှင့် အထောက်အကူဖြစ်စေမည့် ဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ခဲ့သည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ဝင်ရောက်လာမှု နည်းပါးနေသေးသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကော်မတီခွဲများကို ယခုနှစ် ဇူလိုင် ၇ ရက်တွင် ဖွဲ့စည်းခဲ့ပြီးလည်းဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ နေပြည်တော်ကောင်စီနယ်မြေ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ကချင်ပြည်နယ်တို့တွင် ရင်းနှီးမြှုပ်နှံမှုကော်မရှင် လုပ်ငန်းကော်မတီရုံးခွဲများ ဖွင့်လှစ်ပေးပြီးဖြစ်ပြီး ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင်လည်း ယခုနှစ်အတွင်း ဖွင့်လှစ်သွားတော့မည်ဖြစ်သည်။

အခွန်ကင်းလွတ်သက်သာခွင့် လျှော့ထားခြင်းမှ မြေအသုံးပြုခွင့် စည်းမျဉ်းများအပြင် မတည်ရင်းနှီးငွေ ဒေါ်လာငါးသန်းသို့မဟုတ် မြန်မာငွေကျပ် သိန်း ၆၀၀၀ အထိရှိသည့်ရင်းနှီးမြှုပ်နှံမှုများကို တိုင်းဒေသကြီးနှင့်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီများကိုယ်တိုင် ခွင့်ပြုမိန့်ထုတ်ပေးနိုင်မည်ဖြစ်သည်။ ယင်းပြင် ပြည်နယ်နှင့်တိုင်းဒေသကြီး ဝန်ကြီးချုပ်များသည်လည်း စက်မှုဇုန်များ ထပ်မံတည်ထောင်ရန် သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊ ပြည်ပမှ ရင်းနှီးမြှုပ်နှံသူများနှင့် တိုက်ရိုက်တွေ့ဆုံဆွေးနွေးခြင်းများ လုပ်ဆောင်လျက်ရှိနေခြင်းကြောင့် မကြာမီကာလအတွင်း အဆိုပါဒေသများတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဝင်ရောက်လာတော့မည် ဖြစ်သည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့်လည်း နိုင်ငံတော်၏ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိရာ ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ လုပ်ကိုင်ရလွယ်ကူစေရန် ကမ္ဘာ့ဘဏ်ကစံထားသော အချက်များဖြင့် ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေပြီဖြစ်သည်။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေအသစ်အရ ပြည်ပရင်းနှီးမြှုပ်နှံသူများနှင့် နိုင်ငံသားရင်းနှီးမြှုပ်နှံသူများကို တန်းတူအခွင့်အရေးပေးခြင်း၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ရင်းနှီးမြှုပ်နှံလိုသူများကို အချိန်မလင့်စေဘဲ တစ်နေရာတည်း၌ တစ်စုတစ်စည်းတည်း အလုံးစုံဝန်ဆောင်မှုများ ပေးနိုင်ရန်ဆောင်ရွက်ခြင်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် လမ်းညွှန်ချက်ပေးခြင်းနှင့် လိုအပ်သည့်လျှောက်လွှာများကို အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများကိုယ်စား လက်ခံပေးခြင်း၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ချိတ်ဆက် ဆောင်ရွက်ပေးခြင်းများအပြင် နစ်နာဆုံးရှုံးမှုများကို ထောက်ပံ့ကူညီပေးခြင်းများစသည်တို့ကို ဆောင်ရွက်လျက်ရှိနေပြီဖြစ်သည်။

မြန်မာနိုင်ငံအတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရရှိရေးသည် နိုင်ငံတကာစီးပွားရေးအသိုက်အဝန်းများနှင့်ချိတ်ဆက်ပြီး စျေးကွက်စီးပွားရေး စနစ်တစ်ရပ်ကို ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ရန်ဖြစ်သည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် နည်းပညာအကူအညီများစွာသည် အရေးတကြီးလိုအပ်လျက်ရှိသည်။ ယင်းကြောင့်ပင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာလုပ်ငန်းများ လွယ်ကူလျင်မြန်စွာ လုပ်ကိုင်နိုင်စေရန်၊ ပြည်တွင်းနှင့် ပြည်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများတိုးတက်ဆောင်ရွက်နိုင်စေရန် လိုအပ်သည့်ဖြေလျှော့မှုများကို နိုင်ငံတော်အစိုးရအဖွဲ့အစည်းများ အားလုံးပူးပေါင်း၍ အားသွန်ခွန်စိုက် ဆောင်ရွက်နေကြပြီဖြစ်ရာ မဝေးသောအနာဂတ်တွင် မြန်မာနိုင်ငံသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပိုမိုဝင်ရောက်လာဖွယ်ရှိပြီး မြန်မာပြည်သူများအတွက် အကျိုးဖြစ်ထွန်းစေမည့် အလားအလာကောင်းများ ရှိလာတော့မည်ဖြစ်သည်။ ॥

■

# မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်များတွင် လှုပ်ရှားနေသော အကြမ်းဖက်အဖွဲ့ဝင်များကို ဖော်ထုတ်ပြီး အကြမ်းဖက်တိုက်ဖျက်ရေး ဥပဒေအရ အရေးယူပေးရန်အဆို အမျိုးသားလွှတ်တော်၌ တင်သွင်း

နေပြည်တော် ဩဂုတ် ၉

**မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်များတွင် လှုပ်ရှားနေသော အကြမ်းဖက်အဖွဲ့ဝင်များကို ဖော်ထုတ်ပြီး အကြမ်းဖက်တိုက်ဖျက်ရေး ဥပဒေအရ အရေးယူပေးရန်နှင့် ယင်းတို့၏ ခြိမ်းခြောက်မှုကြောင့် လောလောဆယ် နေရပ်စွန့်ခွာထွက်ပြေးလာကြသော တိုင်းရင်းသားများ၏ ကျေးရွာများ ဆက်လက်ရပ်တည်နိုင်ရေးအတွက် အရေးတယူ ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုတစ်ရပ်ကို ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်လတ်က ယနေ့ကျင်းပသည့် အမျိုးသားလွှတ်တော်အစည်းအဝေးတွင် တင်သွင်းခဲ့သည်။

အဆိုတင်သွင်းစဉ် အဆိုရှင်ဦးခင်မောင်လတ်က ရခိုင်ပြည်နယ် မေယုနယ်ခြားဒေသ၌ ၂၀၁၆ ခုနှစ် အောက်တိုဘာလတွင် ကျီးကန်းပြင် နယ်ခြားစောင့်ရဲဌာနချုပ်၊ ကိုးတန်ကောက်စခန်းနှင့် ငါးခူရစခန်းများကို အစွန်းရောက်အကြမ်းဖက်များ တိုက်ခိုက်ခြင်းသည် စနစ်တကျ ပြင်ဆင်ခဲ့သည်ကို ပေါ်လွင်ထင်ရှားနေပါကြောင်း၊ ထို့နောက် အစွန်းရောက်အကြမ်းဖက်သမားများသည် ယင်းဒေသရှိ မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများအား စည်းရုံးသိမ်းသွင်းပြီး အမာခံအဖြစ် ခြေကုပ်ယူလျက် စည်းရုံးသိမ်းသွင်းမရသူများကို သစ္စာဖောက်အဖြစ်သတ်မှတ်၍ နေ့စဉ်နှင့်အမျှ သတ်ဖြတ်ဖမ်းဆီးမှုများ ဖြစ်ပေါ်လျက်ရှိပါကြောင်း။

၂၀၁၇ ခုနှစ် ဇွန်လ ၂၀ ရက်တွင် မေယုတောင်ကြောတစ်လျှောက် လျှို့ဝှက်စခန်းနေရာများ၊ လိုဏ်ခေါင်းများ၊ အကြမ်းဖက်သင်တန်းပေးမှုများကို တွေ့ရှိခြင်း၊ သတ်ဖြတ်မှုများ ဆက်တိုက်ဖြစ်နေခြင်းတို့ကြောင့် မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်များမှ ရခိုင်မျိုးနွယ်စုဝင် လူနည်းစုများ၏ ရုပ်ပိုင်းနှင့် စိတ်ပိုင်းအခြေအနေများ ဆိုးရွားကျဆင်းလျက် နေရပ်စွန့်ခွာထွက်ပြေးသည့်အခြေအနေသို့ ရောက်ရှိနေပါကြောင်း။

ဤအခြေအနေများသည် ဒုတိယကမ္ဘာစစ်ကာလ ၁၉၄၂ ခုနှစ်တွင် ရခိုင်မျိုးနွယ်များ သတ်ဖြတ်ခြင်းခံခဲ့ရသော အကြိုကာလ အဖြစ်အပျက်များနှင့် ထပ်တူကျနေသည်ဟု ဒေသခံသက်ကြီးများက ပြောဆိုကြပါကြောင်း၊ ဘူးသီးတောင်နှင့် မောင်တောဒေသ၌ လွန်ခဲ့သော နှစ်လ၊ သုံးလအတွင်း ဖြစ်စဉ်များကို ကြည့်ပါက တိုင်းရင်းသားလူနည်းစုများ၏ စိုးရိမ်ကြောက်လန့်မှုသည် အကြောင်းမဲ့သက်သက်မဟုတ်ဘဲ အကြမ်းဖက်လုပ်ရပ်များ အရှိန်မြင့်လာပြီး အခြေအနေပိုဆိုးရန် အလားအလာရှိသည့်အတွက်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့ပြင် ဘူးသီးတောင်နှင့် မောင်တောဒေသကို ဖိလစ်ပိုင်နိုင်ငံ မာရာဝီဒေသကဲ့သို့ ဖြစ်လာနိုင်သည်ဟု နိုင်ငံတကာပညာရှင်အချို့က သုံးသပ်ထားကြောင်း၊ အယ်လ်ခိုင်ဒါ၊ တာလီဘန်စသော အကြမ်းဖက်အဖွဲ့အစည်းများ၏ အကြမ်းဖက်နယ်မြေသစ်သည် အရှေ့တောင်အာရှဖြစ်ပြီး အယ်လ်ခိုင်ဒါခေါင်းဆောင် ဇဝါဟာရီက မြန်မာ၊ ဘင်္ဂလားဒေ့ရှ်နှင့် အိန္ဒိယအရှေ့မြောက်ပိုင်း ပြည်နယ်များမှ မူဆလင်များအတွက် အယ်လ်ခိုင်ဒါအိန္ဒိယ မူဆလင်အဖွဲ့ခွဲကို ဖွဲ့စည်းထားပြီးဖြစ်ကြောင်း တရားဝင်ကြေညာထားပါကြောင်း၊ ၂၀၁၆ ခုနှစ် ကမ္ဘာ့အကြမ်းဖက်မှု အညွှန်းကိန်း (Global Terrorism Index) အရ မြန်မာနိုင်ငံသည် အဆင့် ၄၅ သို့ ရောက်ရှိနေပြီး ဘူးသီးတောင်နှင့် မောင်တောဒေသ၏ အကြမ်းဖက်ခံရနိုင်မှု အခြေအနေမှာ အလွန်မြင့်မားနေပါကြောင်းဖြင့် အဆိုတွင်ဖော်ပြထားသည်။

အကြမ်းဖက်အဖွဲ့ဝင်များကို အမြစ်ပြတ်ရှာဖွေဖော်ထုတ်ရာတွင် ၂၀၁၆ ခုနှစ် အောက်တိုဘာလအတွင်း မောင်တောနှင့် ဘူးသီးတောင်မြို့နယ်များတွင် တာဝန်ထမ်းဆောင်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များကို ဝိုင်းဝန်းတိုက်ခိုက်အကြမ်းဖက်ရန်ရှာသူများနှင့် လတ်တလော ဩဂုတ် ၄ ရက် ရသေ့တောင်မြို့နယ် စေတီပြင်တိုက်နယ် အောက်နန်းရာကျေးရွာတွင် RSO အကြမ်းဖက်များအား ဖမ်းဆီးသော နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များကို တိုက်ခိုက်ရန်ပြုသူများအား ထိရောက်စွာ တားဆီးနိုင်ရေးအတွက် ထိရောက်သော လုပ်ပိုင်ခွင့်အစီအမံများ ချမှတ်ပေးသင့်ကြောင်း နိုင်ငံတော်အစိုးရအား အကြံပြုလျက် ယခုအဆိုကို တင်သွင်းရခြင်းဖြစ်ပါကြောင်း အဆိုရှင် ဦးခင်မောင်လတ်က ပြောကြားသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေက ထောက်ခံဆွေးနွေးရာတွင် မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်အပါအဝင် ကျေးရွာများမှ ပြည်သူများ၏ အသက်အန္တရာယ်များနှင့် အေးချမ်းတည်ငြိမ်စွာ လုပ်ကိုင်စားသောက်ရေးကို ထိထိရောက်ရောက် ကာကွယ်မှုပြုနိုင်ရန်အတွက် လုံခြုံရေးအင်အား တိုးမြှင့်ဆောင်ရွက်ပေးရန်၊ တိုင်းရင်းသားပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များအား ကာကွယ်မှုတိုးမြှင့်ဆောင်ရွက်ပေးရန်နှင့် အပြစ်မဲ့ပြည်သူများအား ရက်စက်စွာသတ်ဖြတ်နေကြသော အကြမ်းဖက်အဖွဲ့များအား အစီအစဉ်များ စနစ်တကျစီမံ၍ ထိထိရောက်ရောက် အမြန်ဆုံးအရေးယူ ဆောင်ရွက်ပေးရန် ယနေ့အချိန်သည် အရေးတကြီးလိုအပ်နေပါကြောင်း။

ထို့ကြောင့် မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်များ အပါအဝင် ကျေးရွာများတွင် နေထိုင်လျက်ရှိသော အပြစ်မဲ့တိုင်းရင်းသားများအတွက် လုံခြုံရေးအင်အားကို ယခင်ကထက် တိုးမြှင့်ဆောင်ရွက်ပေးရန်၊ နောင်အလားတူ ဖြစ်စဉ်မျိုး ထပ်မံမဖြစ်ပွားရန်နှင့် အပြစ်မဲ့ပြည်သူများအား ရက်စက်စွာ သတ်ဖြတ်နေကြသော အကြမ်းဖက်အဖွဲ့များအား အစီအစဉ်များ စနစ်တကျစီမံပြုလုပ်၍ အမြန်ဆုံးအရေးယူဆောင်ရွက်ပေးရန်အတွက် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်လတ် တင်သွင်းသည့် အဆိုအား လေးလေးနက်နက် ထောက်ခံပါကြောင်း ပြောကြားသည်။

အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်တွင် လက်ခံဆွေးနွေးရန် သဘောထားရယူရာ ကန့်ကွက်သူမရှိ အတည်ပြုခဲ့ပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ကြေညာသည်။

**(သူရဇော်၊ မီမီဖြိုး)**

■

❐ စာမျက်နှာ ၅ မှ

ညှိနှိုင်းဆွေးနွေးချက်များအရ ပြင်ဆင်ရေးဆွဲထားသော နည်းဥပဒေ(မူကြမ်း)အား ဥပဒေကြောင်းအရ အကြံပြုပြန်ကြားနိုင်ရန်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ထပ်မံပေးပို့ခဲ့ပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ အကြံပြုချက် ၇ ချက်ဖြင့် သဘောထားမှတ်ချက် ပြန်ကြားလာပါကြောင်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ အကြံပြုချက်အတိုင်း ပြင်ဆင်ရေးဆွဲထားသည့် စုပေါင်းပိုင် အဆောက်အအုံဆိုင်ရာ နည်းဥပဒေ(မူကြမ်း)အား ၂၀၁၇ ခုနှစ် ဩဂုတ် ၇ ရက်တွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ပြန်လည်ပေးပို့ထားပါကြောင်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ အတည်ပြုချက်ရရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ နိုင်ငံတော်သမ္မတရုံးသို့ ဆက်လက်တင်ပြ၍ နည်းဥပဒေ အမြန်ဆုံးအတည်ပြုပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့ပြင် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမြမင်းဆွေနှင့် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးဌေးတင်းတို့၏ **ပခုက္ကူမြို့ လေယာဉ်ကွင်းဟောင်း နေရာစွန့်လွှတ်ပေးနိုင်မှုနှင့် ပလက်ဝမြို့မှ မီဇိုရမ်ထိ ကားလမ်းဖောက်လုပ်မှုတွင် ပါဝင်သည့် ဥယျာဉ်ခြံမြေများအတွက် လျော်ကြေးပေးရန်** မေးခွန်းများနှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းတို့က ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်လတ်၏ **မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်များတွင် လှုပ်ရှားနေသော အကြမ်းဖက်အဖွဲ့ဝင်များကို ဖော်ထုတ်ပြီး အကြမ်းဖက်တိုက်ဖျက်ရေး ဥပဒေအရ အရေးယူပေးရန်နှင့် ယင်းတို့၏ ခြိမ်းခြောက်မှုကြောင့် လောလောဆယ် နေရာစွန့်ခွာထွက်ပြေးလာကြသော တိုင်းရင်းသားများ၏ ကျေးရွာများ ဆက်လက်ရပ်တည်နိုင်ရေးအတွက် အရေးတယူဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုကို တင်သွင်းရာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေက ထောက်ခံဆွေးနွေးပြီး လွှတ်တော်က ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော် **အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာ**နှင့်စပ်လျဉ်း၍ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေ၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးဌေးတင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလှဆန်းနှင့် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိန်း(ခ) ဦးမောင်စိုးတို့က အကြံပြုဆွေးနွေးကြသည်။

**ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ်က** ကော်မတီ၏ အစီရင်ခံစာသည် ပြည့်စုံကောင်းမွန်သော်လည်း တစ်ခုလုံးအား ခြုံကြည့်ပါက ရှင်းလင်းမှုမရှိသည့်အတွက် အစီရင်ခံစာပါ အကြောင်းအရာများကို ရှင်းရှင်းလင်းလင်း နားလည်အောင်တင်ပြရန် လိုအပ်ပါကြောင်း၊ ထို့ပြင် အကြောင်းအရာနှင့် လုပ်ဆောင်ချက်တူညီသည့်အချက်များအား စုပေါင်းဖော်ပြပါက ပိုမိုကောင်းမွန်မည် ဖြစ်ပါကြောင်း၊ အလားတူ ကော်မတီ၏ ဆောင်ရွက်ချက်များ၊ တွေ့ရှိချက်များနှင့် သုံးသပ်ချက်များအား အစီရင်ခံစာတစ်ခု၏ ပုံစံအတိုင်း အပိုဒ်လိုက်ဖော်ပြပါက လေ့လာသူများအနေဖြင့် အလွယ်တကူ နားလည်နိုင်မည်ဖြစ်ပါကြောင်း။

ကော်မတီအနေဖြင့် အမျိုးသမီးများနှင့် ကလေးများ၏ အခွင့်အရေးဆုံးရှုံးနေသောနေရာ အထူးသဖြင့် ဝေးလံခေါင်သီသော ဒေသများနှင့် ပဋိပက္ခဖြစ်ပွားနေသည့် ဒေသများရှိ အမျိုးသမီးနှင့် ကလေးသူငယ်များ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးကိစ္စများနှင့် ပတ်သက်ပြီး ကော်မတီအနေဖြင့် ကွင်းဆင်းလေ့လာပြီး တွေ့ရှိချက်များအပေါ် ဆက်လက်ဆောင်ရွက်သင့်သည်များကို ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း စသည်ဖြင့် အကြံပြုဆွေးနွေးသည်။

အမျိုးသားလွှတ်တော် **အမျိုးသမီးနှင့် ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာ**အား လွှတ်တော်မှ အတည်ပြုပေးရန် ကော်မတီဥက္ကဋ္ဌ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာမြသောင်းက အဆိုတင်သွင်းရာ လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၁) ရက်မြောက်နေ့ကို ဩဂုတ် ၁၀ ရက်တွင် ကျင်းပသွားရန် လျာထားကြောင်း သိရသည်။

**သူရဇော်၊ မီမီဖြိုး(သတင်းစဉ်)**



# မောင်တောမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း၌ သင်တန်းများ ဖွင့်လှစ်သင်ကြားလျက်ရှိ

**မောင်တော ဩဂုတ် ၉**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေး ဦးစီးဌာန အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း မောင်တောမြို့တွင် သင်တန်းများ ဖွင့်လှစ်သင်ကြားလျက်ရှိကြောင်း သင်တန်းကျောင်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မောင်တောမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း၌ ယခုလောလောဆယ် အခြေခံအိမ်တွင်းမှုသင်တန်းအမှတ်စဉ်(၅၀)တွင် သင်တန်းသူဦးရေ ၄၀ နှင့် အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ် (၄၆)၌ သင်တန်းသူ ၁၀ ဦး သင်ကြားပေးလျက်ရှိကြောင်း အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း ကျောင်းအုပ်ဒေါ်နီလာကြည်က ပြောကြားသည်။

အခြေခံအိမ်တွင်းမှု သင်တန်းတွင် လည်ကတုံးရှပ်အင်္ကျီ၊ အမျိုးသမီးဝတ် ရင်ဖုံးအင်္ကျီ၊ ဇာထိုးပန်းထိုး၊ မြန်မာ့ရိုးရာမုန့်လုပ်နည်း၊ ဟင်းလျာချက်ပြုတ်နည်းများ အပါအဝင် ဘာသာရပ် ၁၅ မျိုးခန့်နှင့် အဆင့်မြင့်စက်ချုပ်သင်တန်းတွင် ယူနီဖောင်း ရှပ်လက်ရှည်/ဘောင်းဘီ၊ စတိုင်ဘောင်းဘီ၊ ရှမ်းဘောင်းဘီ၊ မြန်မာတိုက်ပုံ၊ ဆာဖာရီကုတ်အင်္ကျီချုပ်နည်းများ အပါအဝင် ဘာသာရပ်ကိုးမျိုး သင်ကြားပေးလျက်ရှိသည်။

"အခြေခံသင်တန်းပြီးရင် အဆင့်မြင့်သင်တန်း ဆက်တက်မယ်။ အဲဒါပြီးရင် ရွာမှာစက်ချုပ်ဆိုင်ဖွင့်မယ်။ သင်တန်းတက်ရတာ ပျော်စရာကောင်းပါတယ်"ဟု တမန်းသားကျေးရွာမှ အသက်(၂၂)အရွယ် မသန်းသန်းနွယ်က ပြောကြားသည်။

ဘူးသီးတောင်မြို့မှ အသက်(၁၉)နှစ်အရွယ် မနန်းသီတာစိုးကလည်း "သင်တန်းပြီးရင် စက်ချုပ်ဆိုင်ဖွင့်သွားဖို့ ရည်ရွယ်ထားပါတယ်"ဟု ပြောကြားသည်။

မောင်တောမြို့ အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းကို ၂၀၀၀ ပြည့်နှစ်မှ စတင်ဖွင့်လှစ်ပြီး တစ်နှစ်လျှင် ရက်သတ္တ ၁၄ ပတ်ကြာ သင်တန်းသုံးကြိမ်ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

**သတင်းနှင့်ဓာတ်ပုံ-အေဝမ်းစိုး၊ မျိုးသူဟိန်း**



## တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ANP ပါတီမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၉**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် ANP ပါတီဥက္ကဋ္ဌ ဒေါက်တာအေးမောင်နှင့် အဖွဲ့ဝင်များအား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ရခိုင်ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပိုမိုပူးပေါင်းလုပ်ဆောင်နိုင်ရေးကိစ္စရပ်များအား အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ဒေါက်တာအေးမောင်နှင့်အတူ ANP ပါတီဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် ဦးဘရှိန်၊ ဦးဦးလှစော၊ ဦးဖေသန်း၊ ဦးအောင်ကျော်ဇံ၊ ဦးဝေစိန်အောင်နှင့် ဦးခင်မောင်လတ်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

## လတ်တလော ပြင်းထန်အသက်ရှူလမ်းကြောင်းရောဂါဖြင့် ဆေးရုံတက်ရောက်ကုသသူ လူနာ ၄၇၄ ဦးအနက် H1N1 ပိုးတွေ့လူနာ ၁၈၃ ဦးရှိပြီး တစ်နိုင်ငံလုံး၌ ယနေ့အထိ သေဆုံးသူစုစုပေါင်း ၁၉ ဦးရှိ

**နေပြည်တော် ဩဂုတ် ၉**

ဩဂုတ် ၈ ရက် မွန်းလွဲ ၂ နာရီမှ ယနေ့မွန်းလွဲ ၂ နာရီအထိ ရာသီတုပ်ကွေးရောဂါ Seasonal Influenza A(H1N1 )pdm 09 သံသယလူနာ ၄၁ ဦးအား ဓာတ်ခွဲစမ်းသပ်စစ်ဆေးခဲ့ရာတွင် H1N1 ပိုးတွေ့လူနာ ၁၇ ဦး တွေ့ရှိကြောင်း၊ ဇူလိုင် ၂၁ ရက်မှ ယနေ့မွန်းလွဲ ၂ နာရီအထိ လတ်တလော ပြင်းထန်အသက်ရှူလမ်းကြောင်းရောဂါဖြင့် ဆေးရုံတက်ရောက်ကုသသူ စုစုပေါင်းလူနာ ၄၇၄ ဦးအနက် H1N1 ပိုးတွေ့ လူနာစုစုပေါင်း ၁၈၃ ဦးရှိခဲ့ပြီး တစ်နိုင်ငံလုံး၌ ယနေ့အထိ သေဆုံးသူစုစုပေါင်း ၁၉ ဦးရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ယနေ့သတင်းထုတ်ပြန်ချက်အရ သိရှိရသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် အထူးကုဆေးရုံကြီး(ဝေဘာဂီ)၌ ယနေ့မွန်းလွဲ ၂ နာရီအထိ H1N1 ပိုးတွေ့ အတွင်းလူနာ ၁၁ ဦးနှင့် အခြားတိုင်းဒေသကြီး/ပြည်နယ် ဆေးရုံကြီးများတွင် H1N1 ပိုးတွေ့ အတွင်းလူနာ ၅၂ ဦး စုစုပေါင်း ၆၃ ဦး ဆက်လက်ဆေးဝါးကုသမှုခံယူလျက်ရှိပြီး အများစုမှာ သက်သာလျက်ရှိကြောင်း။

H1N1 ပိုးတွေ့ရှိသော်လည်း ရာသီတုပ်ကွေးရောဂါ၏ နောက်ဆက်တွဲဆိုးကျိုးကြောင့် သေဆုံးခြင်းမဟုတ်ဘဲ အခြားရောဂါအခံများကြောင့် သေဆုံးသူစုစုပေါင်း ၁၄ ဦးရှိကြောင်း၊ ခုခံကျကာလသားရောဂါ၊ ကျောက်ကပ်ရောဂါ၊ ပြင်းထန်အဆုတ်တီဘီရောဂါ၊ ဆီးချိုသွေးချိုစသည့် အခြား ရောဂါအခံရှိသောသူများနှင့် ရာသီတုပ်ကွေးရောဂါ ပြင်းထန်စွာခံစားရနိုင်သော အသက်အရွယ်ကြီးသူများ၊ ကလေးငယ်များ၊ ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် လတ်တလော ပြင်းထန်အဆုတ်ရောင်ရောဂါလက္ခဏာများ ခံစားရပါက နီးစပ်ရာကျန်းမာရေးဌာနနှင့် ဆေးရုံ၊ ဆေးခန်းများသို့ အမြန်ဆုံးသွားရောက်၍ အချိန်မီ ထိရောက်စွာ ကုသမှုခံယူသင့်ကြောင်း တိုက်တွန်းနှိုးဆော်ထားသည်။ **(သတင်းစဉ်)**

# YBS ၈၉ လိုင်းသစ်စတင်ပြေးဆွဲ

**ရန်ကုန် ဩဂုတ် ၉**

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့စီစဉ်ကြီးကြပ်မှုဖြင့် ဝယ်ယူထားသော တရုတ်နိုင်ငံမှ ဘတ်စ်ကားသစ်များဖြင့် YBS ၈၉ ယာဉ်လိုင်းသစ် စတင်ပြေးဆွဲနေပြီဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးအာဏာပိုင်အဖွဲ့အတွင်းရေးမှူး ဒေါက်တာမောင်အောင်က ပြောသည်။

အဆိုပါ ယာဉ်လိုင်း၏ ခရီးစဉ်လမ်းကြောင်းမှာ ဧရာဝဏ်-မင်းနန္ဒာ-သဘော်ကျင်း-ဘိုကလေးဈေး-မော်တင်-သခင်မြပန်းခြံ-ဆင်မင်းဈေး-စာတိုက်-ပန်းပင်ကြီးလမ်း(ဂိတ်ဖျား)-ဒေသ(၃)-အလုံ-မော်တင်-လသာ-ပန်းဆိုးတန်း-ဂန္ဓီ-သဘော်ကျင်း-မင်းနန္ဒာ-ဧရာဝဏ် အတိုင်းပြေးဆွဲသွားမည်ဟု သိရသည်။

" YBS ၈၉ ကို စတင်ပြေးဆွဲနေပါပြီ။ သာကေတမြို့နယ်ဘက်က ခရီးသည်တွေရဲ့ တောင်းဆိုချက်အရ နောက်ထပ် ကားသစ်တွေနဲ့ ပြေးဆွဲပေးဖို့လည်း အစီအစဉ်ရှိပါတယ်" ဟု ဒေါက်တာမောင်အောင်က ပြောသည်။

ယာဉ်စီးခနှုန်းထားမှာ ဧရာဝဏ်မှ ပန်းပင်ကြီးလမ်း(ဂိတ်ဖျား)အထိ ၂၀၀ ကျပ်ဖြစ်ပြီး ပန်းပင်ကြီးလမ်းမှ ဧရာဝဏ်သို့ ၂၀၀ ကျပ်နှုန်းဖြင့် ဩဂုတ် ၈ ရက်မှ စတင်ပြေးဆွဲလျက်ရှိကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ တရုတ်နိုင်ငံအစိုးရနှင့် ချိတ်ဆက်ဝယ်ယူခဲ့သော Yutong နှင့် Ankai ဘတ်စ်ကားသစ် အစီး ၅၀၀ စီအား အများပိုင်ယာဉ်လိုင်းကုမ္ပဏီဖြစ်သည့် YBPC ကုမ္ပဏီနှင့်YUPTကုမ္ပဏီတို့ကို အစီး ၅၀၀ စီ ထည့်သွင်းပြေးဆွဲစေမည်ဖြစ်ပြီး ယခုပြေးဆွဲပေးသည့်ယာဉ်လိုင်းတွင် Ankai ကားသစ်များဖြင့် ပြေးဆွဲပေးခြင်းဖြစ်ပြီး ကနဦး အစီး ၃၀ ဖြင့် စတင်ပြေးဆွဲပေးလျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ထံမှ သိရသည်။ **(ဝဝ၁)**

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူး(ကုသရေး) ဒေါက်တာသိမ်းကျော်ကို တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး)ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

**❖ မြန်မာ့ကျောက်မျက်ရတနာပြပွဲမှ**

များကို လွတ်လပ်စွာတင်သွင်းကြသည်။ ယနေ့တွင် ဩဂုတ် ၈ ရက်က တင်ဒါတင်သွင်းခဲ့သည့် ကျောက်စိမ်းအတွဲများမှ တင်ဒါအောင်မြင်သူများကို ထုတ်ပြန်ကြေညာပြီး တင်ဒါစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဆက်လက်ဆောင်ရွက်ကြသည်။

ယနေ့ပြပွဲတွင် ကျောက်စိမ်းအတွဲအမှတ်(၃၃၀၁)မှ (၄၄၀၀)အထိ ပြသရောင်းချလျက်ရှိပြီး ကျန်ရှိသည့် ပြပွဲရက်များတွင် အတွဲအမှတ်(၄၄၀၁)မှ (၅၅၀၀)ကို လည်းကောင်း၊ အတွဲအမှတ်(၅၅၀၁)မှ (၆၅၆၁)ကို လည်းကောင်း ဆက်လက်ပြသရောင်းချသွားမည်ဖြစ်သည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ တင်ပြရောင်းချနေသည့် ကျောက်အတွဲများ၏ အခြေခံဈေး သတ်မှတ်ချက်အနေဖြင့် ကျောက်မျက်အတွဲတွင် အခြေခံဈေးယူရို ၅၀၀ နှင့်အထက်၊ ကျောက်စိမ်းရိုင်းအတွဲတွင် အခြေခံဈေးယူရို ၄၀၀၀ နှင့် အထက်၊ ကျောက်စိမ်းအချောထည်အတွဲတွင် အခြေခံဈေး ယူရို ၁၀၀၀နှင့်အထက်တို့ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## ပြင်ဆင်ဖတ်ရှုပါရန်

ဩဂုတ် ၉ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၉) ကော်လံ(၃)တွင်ဖော်ပြထားသော (၂၉)နှစ်မြောက် ရှစ်လေးလုံးအထိမ်းအမှတ်ကျင်းပ သတင်း၏ ဒုတိယစာပိုဒ် ပထမစာကြောင်းတွင် “ကျရှုံးလေပြီးသော” အစား “ကျဆုံးလေပြီးသော” ဟု ပြင်ဆင်ဖတ်ရှုပါရန်။ **(စာတည်း)**

## ပျက်ကျ Y-8 လေယာဉ်၏ ကိုယ်ထည်အစိတ်အပိုင်းများ ထပ်မံတွေ့ရှိ

**နေပြည်တော် ဩဂုတ် ၉**



ပျက်ကျ Y-8 လေယာဉ်၏ ကျန်ရှိသေးသည့် လေယာဉ်အစိတ်အပိုင်းများအား ထပ်မံရှာဖွေတွေ့ရှိစေရေး တပ်မတော်(ရေ)မှ စစ်ရေယာဉ်များနှင့် ဒေသခံ ငါးဖမ်းစက်လှေများ ပူးပေါင်းပြီး ရှာဖွေရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ ရှာဖွေရေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိစဉ် ဆိုနာစနစ်ဖြင့် ရှာဖွေရရှိသည့် ပုံရိပ်များအပေါ် မူတည်၍ လေယာဉ်အမြီးပိုင်းရှာဖွေတွေ့ရှိခဲ့သည့် နေရာအနီးတစ်ဝိုက်၌ ဒေသခံငါးဖမ်းစက်လှေနှစ်စင်းက ငါးဖမ်းပိုက်များဖြင့် တရွတ်ဆွဲရှာဖွေရာ ယနေ့ညနေပိုင်းတွင် လေယာဉ်ကိုယ်ထည်အစိတ်အပိုင်းများအား ထပ်မံရှာဖွေဆယ်ယူရရှိခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြန်မာ ယူ-၁၂ အသင်း တရုတ်လူငယ်ဖိတ်ခေါ်ပြိုင်ပွဲတွင် ဆီမီးဖိုင်နယ် တက်ရောက်

**ရန်ကုန် ဩဂုတ် ၉**

တရုတ်ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပလျက်ရှိသည့် တရုတ်-အာဆီယံ လူငယ်ဖိတ်ခေါ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည့် မြန်မာ ယူ-၁၂ အသင်းသည် အုပ်စုနောက်ဆုံးပွဲတွင် ရှုံးပွဲကြုံတွေ့ခဲ့သော်လည်း ဆီမီးဖိုင်နယ်သို့ တက်ရောက်နိုင်ခဲ့သည်။

မြန်မာအသင်းသည် အုပ်စုပွဲများတွင် အင်ဒိုနီးရှားအသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ တရုတ်(ခ)အသင်းကို တစ်ဂိုး-ဂိုးမရှိ၊ ကမ္ဘောဒီးယားအသင်းကို ၁၆ ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့ပြီး နောက်ဆုံးပွဲတွင် ထိုင်းအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဩဂုတ် ၁၀ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းနှင့် လာအိုအသင်း၊ တရုတ်(က)အသင်းနှင့် ထိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာ ယူ-၁၂ အသင်းသည် မြန်မာဘောလုံးအကယ်ဒမီ (မန္တလေး)မှ ကစားသမားများဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ **(ဖိုးသော်ဇင်)**

## ကိုယ်ပိုင်သံစဉ် ဂီတခေတ်တစ်ခေတ်ကို ဖန်တီးခဲ့သူ အဆိုတော် ခိုင်ထူး ပန်ကရိယကင်ဆာရောဂါဖြင့် ကွယ်လွန်

**ရန်ကုန် ဩဂုတ် ၉**



ကိုယ်ပိုင်သံစဉ် ဂီတခေတ်တစ်ခေတ်ကို ဦးဆောင်ဖန်တီးခဲ့သူ အဆိုတော်ခိုင်ထူးသည် ရန်ကုန်မြို့ရှိ ပါရမီဆေးရုံတွင် ပန်ကရိယကင်ဆာရောဂါဖြင့် ယနေ့ကွယ်လွန်ခဲ့သည်။

အဆိုတော် ခိုင်ထူးသည် ဩဂုတ် ၅ ရက်က ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် ဆေးကုသမှုခံယူရန် သွားရောက်ခဲ့ပြီး ပန်ကရိယကင်ဆာရောဂါအခြေအနေမှာ နောက်ဆုံးအဆင့်သို့ ရောက်ရှိနေ၍ ဩဂုတ် ၈ ရက် နံနက်ပိုင်းတွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာခဲ့ပြီး ပါရမီဆေးရုံ အထူးကြပ်မတ်ကုသဆောင်တွင် ဆေးကုသမှုခံယူနေခဲ့ရာမှ ယနေ့ညနေ ၃ နာရီ ၂၄ မိနစ်တွင် သူချစ်သော ပရိသတ်ကို ခွဲခွာသွားခဲ့ပြီဖြစ်သည်။

ကွယ်လွန်ချိန်တွင် အသက်(၆၁)နှစ်ရှိပြီဖြစ်ပြီး ဇနီး ဒေါ်စောနွယ်နွယ်ထွန်းနှင့်အတူ သမီးတစ်ယောက်၊ သားနှစ်ယောက်တို့ ကျန်ရစ်ခဲ့သည်။

စတီရီယိုခေတ်ဦးပိုင်းမှ ယခုအချိန်အထိ ပရိသတ်ရင်ထဲ အခိုင်အမာရှိနေဆဲဖြစ်သော အဆိုတော် ခိုင်ထူးသည် ၁၉၇၉ ခုနှစ်က ယင်း၏ ပထမဆုံးစီးရီးခွေဖြစ်သည့် တေးမြို့ငှက်စီးရီးထွက်ရှိခဲ့ပြီးနောက်ပိုင်းတွင် မိုးရဲရင် ဆောင်းရဲရမယ်၊ ရွှေလည်တိုင်၊ အားလုံးကို ကျော်ဖြတ်ရမယ်၊ သီချင်းတစ်ပုဒ် ပန်းတစ်ဆုပ်၊ မကောင်းလည်းကိုယ် ကောင်းလည်းကိုယ် စသည့် တေးသီချင်းခွေများစွာ ထွက်ရှိခဲ့သည်။

အဆိုတော်ခိုင်ထူးသီဆိုခဲ့သော တေးသီချင်းများစွာအနက် အားလုံးကို ကျော်ဖြတ်ရမယ်၊ နောက်ဆုံးအိပ်မက်၊ စစ်ကိုင်းလမ်း၊ အဥ္ဇလီ၊ ခတ္တာ၊ အဝေးဆုံး၊ မြတ်သောအကျင့်နှင့် ရွှေလည်တိုင် စသည့် တေးသီချင်းပေါင်းများစွာဖြင့် ပရိသတ်အားပေးမှုကို ယခုအချိန်အထိ အခိုင်အမာရရှိနေသည့် အဆိုတော်ဖြစ်သည်။

အဆိုတော်ခိုင်ထူး၏ ဂီတလောကဖြတ်သန်းမှု နှစ်ပေါင်း ၄၀ နီးပါးအတွင်း ပရိသတ်နှလုံးသားထဲစွဲကျန်ရစ်မည့် ကိုယ်ပိုင်သံစဉ် တေးသီချင်းပေါင်းများစွာကို ရေးသားသီဆိုဖွဲ့သီခဲ့ပြီး ကိုယ်ပိုင်သံစဉ် ဂီတခေတ်တစ်ခေတ်ကို ဦးဆောင်ဖန်တီးခဲ့သူအဖြစ် အများက လေးစားချစ်ခင်ရသူတစ်ဦးဖြစ်သည်။ **(ညီငယ်)**

# ငလျင်ဒဏ်ခံဘုရားများအနက် အစောဆုံးပြုပြင်ပြီးစီးခဲ့သည့် အာနန္ဒာဘုရားအား စိန်ဖူးတော်နှင့် ထီးတော်တင်လှူ

**ပုဂံ ဩဂုတ် ၉**

၂၀၁၆ ခုနှစ် ဩဂုတ် ၂၄ ရက်က လှုပ်ခတ်ခဲ့သည့် ငလျင်ဒဏ်ကြောင့် ပျက်စီးယိုယွင်းခဲ့သည့် ပုဂံဘုရားများအနက် အစောဆုံးပြုပြင်ပြီးစီးခဲ့သော အာနန္ဒာဘုရားတွင် ယခုနှစ် ဩဂုတ် ၆ ရက်က အလှူရှင်များ စုပေါင်း၍ စိန်ဖူးတော်၊ ထီးတော်နှင့် ငှက်မြတ်နားတော်တို့အား တင်လှူပူဇော်ခဲ့ကြောင်း အာနန္ဒာဘုရား ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးအေးက ပြောသည်။

နှစ်ပေါင်း တစ်ထောင်ကျော်ကြာ ထိန်းသိမ်းစောင့်ရှောက်လာသည့် အာနန္ဒာဘုရားကို လွန်ခဲ့သည် ၁၉၉၆ ခုနှစ်က တစ်ကြိမ်သာ ထီးတော်သစ်တင်လှူပူဇော်ခဲ့ပြီး ၂၀၁၆ ခုနှစ် ဩဂုတ် ၂၄ ရက် နံနက်ပိုင်းတွင် စိန်ဖူးတော်ကို ပြုပြင်မွမ်းမံရန် စိန်ဖူးတော်နှင့်အတူ ငှက်မြတ်နားတော်နှင့် ထီးတော်တို့ကို ချထားခဲ့ပြီး ယင်းနေ့ ညနေ ၅ နာရီ ၁၅ မိနစ်တွင် ငလျင်လှုပ်ခတ်ခဲ့ကြောင်း သိရသည်။

"စိန်ဖူးတော်၊ ထီးတော်နဲ့ ငှက်မြတ်နားတော်တွေ ချပြီးမှ ငလျင်လှုပ်တဲ့အတွက် အပျက်အစီးနည်းသွားတယ်။ ပျက်စီးတဲ့နေရာတွေကို အိန္ဒိယနိုင်ငံ ရှေးဟောင်းအဖွဲ့ကလာပြီး ပြုပြင်ပေးခဲ့တယ်။ အရင်ကလည်း အိန္ဒိယ ASI အဖွဲ့က ငါးနှစ်စာချုပ်နဲ့ ဒီဘုရားကြီးမှာ မတ်ရပ်ကိုယ်တော်တွေ ပြန်မတ်တယ်။ တံခါးတွေလုပ်တယ်။ နံရံတွေ ချေးချွတ်တယ်။ ရေရှည်ခိုင်ခံ့မှုရှိအောင် အမိုးခုံးတွေပြုပြင်တယ်။ ကျောက်ပြားတွေ ခင်းတယ်။ အရှေ့ဘက်မှာ ပန်းခြံတွေ လုပ်ခဲ့ပါတယ်"ဟု ၎င်းက ပြောသည်။

ပုဂံဒေသရှိ ဘုရားများအနက် မူလကတည်းက ထီးတော်တင်လှူထားရှိသော ဘုရားများကိုသာ ထီးတော်အသစ်တင်လှူပူဇော်ခွင့်ပြုခဲ့ပြီး ထီးတော်တင်လှူထားခြင်းမရှိသော ဘုရားများကို ထီးတော်အသစ်တင်လှူပူဇော်ခွင့်မပြုကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းလွင်က ပြောသည်။

"ဒီအာနန္ဒာဘုရားက ငလျင်ဒဏ်ခံဘုရားတွေထဲမှာ အစောဆုံးပြုပြင်ပြီးစီးခဲ့တဲ့ ဘုရားပါပဲ။ ပုဂံဘုရားတွေထဲမှာ အာနန္ဒာဘုရားအပါအဝင် ထီးတော်ရှိပြီးသား ဘုရားတွေက ၂၆ ဆူ၊ ၂၇ ဆူလောက်ရှိပါတယ်။ ဒီဘုရားတွေကိုပဲ စိန်ဖူးတော်တို့၊ ထီးတော်တို့ကို ပြန်လည်မွမ်းမံ ပြုပြင်တင်လှူမယ်ဆိုရင် ခွင့်ပြုပေမယ့် မူလကတည်းက ထီးတော်မရှိခဲ့တဲ့ ဘုရားတွေကိုတော့ ထီးတော်အသစ်တင်လှူပူဇော်ခွင့်ကို ကျွန်တော်တို့ ရှေးဟောင်းဌာနက ခွင့်မပြုပါဘူး"ဟု ၎င်းက ပြောသည်။



အဆိုပါ အာနန္ဒာဘုရားထီးတော်တင်လှူပူဇော်ပွဲကို ဩဂုတ် ၆ ရက် နံနက်ပိုင်းက ကျင်းပခဲ့ရာ သီတဂူဆရာတော်ကြီး၏ ဦးဆောင်မှုဖြင့် စိန်ဖူးတော်ကြီးကို ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်(ငြိမ်း)-ဒေါ်မြတ်ငွေနှင့်မိသားစု၊ ရတနာရွှေကြုတ်ကို သီတဂူဆရာတော်ကြီး၏ ဒါယိကာ၊ ဒါယိကာမများနှင့် ရုပ်ရှင်သရုပ်ဆောင်ဦးလူမင်းနှင့်ဇနီးဒေါ်ခင်စပယ်ဦးမိသားစုနှင့် ငှက်မြတ်နားတော်၊ ရွှေထီးတော်တို့ကို မြောက်ကျွန်းသူမမကုမ္ပဏီမိသားစုနှင့် မြေးတစ်စုတို့က စုပေါင်းလှူဒါန်း၍ ပူဇော်ခဲ့ကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

## ❂ ကမ်းရိုးတန်းဒေသမှ

တနင်္သာရီတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် သန္တာကျောက်တန်းများ၊ ပင်လယ်မြက်ခင်း၊ ဒီရေတော၊ လတာပြင်၊ မြစ်ဝနှင့် သဲသောင်ကမ်းခြေဂေဟစနစ်များ များစွာတည်ရှိနေသည်ကို တွေ့မြင်ကြရမည်ဖြစ်ပါကြောင်း၊ အဆိုပါဂေဟစနစ်များသည် အချင်းချင်းဆက်နွယ်မှီခိုရပ်တည်လျက်ရှိကြပြီး ပြည်သူတို့၏ လူမှုစီးပွားဖွံ့ဖြိုးရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့အတွက် အရေးကြီးသည့် အခန်းကဏ္ဍတွင် ရပ်တည်လျက်ရှိပါကြောင်း၊ တစ်နည်းအားဖြင့် အဆိုပါ ဂေဟစနစ်များသည် စိုက်ပျိုးရေး၊ သစ်တော၊ ရေလုပ်ငန်းနှင့် ခရီးသွားလာရေး စသည့်ကဏ္ဍများဖွံ့ဖြိုးတိုးတက်ရေးကို တိုက်ရိုက်အဖြစ်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း အထောက်အကူပြုလျက်ရှိပါကြောင်း။

ဒီရေတောဂေဟစနစ်များကို ထိန်းသိမ်းကာကွယ်ပြီး ၎င်းတို့မှရရှိလာသည့် သယံဇာတများကို သင့်တင့်လျောက်ပတ်စွာ အသုံးချခြင်းဖြင့် ရေရှည်တည်တံ့အောင် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ကမ္ဘာ့ရာသီဥတုထိန်းညှိမှုလုပ်ငန်းစဉ်များတွင် ဒီရေတောဂေဟစနစ်ထိန်းသိမ်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ထည့်သွင်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ မြန်မာ့ကမ်းရိုးတန်းဒေသများတွင် ဒီရေတောများကို ခုတ်ထွင်ပြီး ပုစွန်မွေးမြူခြင်း၊ မိုင်းခွဲ၍ငါးဖမ်းခြင်း၊ သဲနှင့် သတ္တုတူးဖော်ခြင်း၊ အမှိုက်သရိုက်နှင့် အညစ်အကြေးများ စွန့်ပစ်ခြင်း၊ ရေယာဉ်များမှ စက်ဆီများယိုဖိတ်ခြင်းနှင့် တမင်စွန့်ထုတ်ခြင်း၊ ကုန်းတွင်းပိုင်းစိုက်ပျိုးရေးနှင့် သစ်တောလုပ်ငန်းများကြောင့် ပင်လယ်ကမ်းရိုးတန်းဒေသများတွင် နုန်းတင်အနည်ကျခြင်းနှင့် ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးဓာတ်ကြွင်းများ ရောက်ရှိလာခြင်း စသည့် လူတို့ဖန်တီးသည့် လုပ်ရပ်များကြောင့် ဂေဟစနစ်များ ထိခိုက်မှုရှိနေသည်ကို သတိပြုမိကြမည်ဖြစ်ပါကြောင်း။

ကမ်းရိုးတန်းဂေဟစနစ်များ ထိခိုက်လာသည်နှင့်အမျှ ကမ်းရိုးတန်းဒေသမြေသယံဇာတများ၏ ထုတ်လုပ်မှုစွမ်းအင်လျော့ကျခြင်း၊ ငါးသယံဇာတများ ပြုန်းတီးခြင်း၊ ကမ်းရိုးတန်းဒေသများ မြေပြိုရေတိုက်စားခြင်း စသည့် ပြဿနာများ ရင်ဆိုင်ကြုံတွေ့နေကြရသည်ကိုလည်း မြင်တွေ့ကြရမည်ဖြစ်ပါကြောင်း၊ ရာသီဥတုပြောင်းလဲမှုကြောင့် ပေါ်ပေါက်လာသည့် သဘာဝဘေးအန္တရာယ်များကြောင့်လည်း ကမ်းရိုးတန်းဒေသများ၏ သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွားရေးတို့ကို ထိခိုက်စေပါကြောင်း၊ ဒီရေတောများကို အပြောင်ခုတ်ပြီး စပါးစိုက်ခြင်းနှင့် ပုစွန်ကန်ထူထောင်ခြင်းတို့ကို ပြုလုပ်လာကြပါကြောင်း၊ သို့သော် အချိန်ကြာလာသည်နှင့်အမျှ စပါးနှင့် ပုစွန်အထွက်နှုန်း လျော့ကျလာပြီး စီးပွားရေးတွက်ခြေမကိုက်သဖြင့် ၎င်းနေရာများကို စွန့်ပစ်ကာ ဒီရေတောများကို နောက်ထပ် ထပ်မံခုတ်ထွင်ရှင်းလင်းပြီး စပါးနှင့် ပုစွန်ကန်များ ထပ်မံထူထောင်သဖြင့် စွန့်ပစ်မြေ အများအပြားပေါ်ပေါက်လာသည်ကို တွေ့ရှိရပါကြောင်း၊ အဆိုပါ အကျိုးဆက်ကြောင့် သဘာဝဒီရေတောများမှ ပုံမှန်ရရှိနေသည့် ဝန်ဆောင်မှုများနှင့် ထုတ်ကုန်ပစ္စည်းများလည်း ဆုံးရှုံးရပါကြောင်း၊ တနင်္သာရီကမ်းရိုးတန်းဒေသများတွင် ဇီဝမျိုးစုံမျိုးကွဲများ ကြွယ်ဝသည့် အပူပိုင်းမိုးသစ်တောများကို ခုတ်ထွင်ရှင်းလင်းခဲ့သဖြင့် ကမ်းရိုးတန်းဒေသအတွင်းရှိ ဂေဟစနစ်များကို ပိုမိုယိုယွင်း ပျက်စီးစေခဲ့ကြောင်း။

ကုန်းတွင်းပိုင်းတွင် ဆောင်ရွက်သည့် မြေအသုံးချမှုလုပ်ငန်းများသည် ကမ်းရိုးတန်းနှင့် ပင်လယ်ပြင်တို့ကို တိုက်ရိုက်အကျိုးသက်ရောက်စေသည်ကို လေ့လာတွေ့ရှိကြရမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် ကမ်းရိုးတန်းဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကုန်းတွင်းနှင့်ပင်လယ် နှစ်မျိုးစလုံးကို ထည့်သွင်းစဉ်းစားပြီး လုပ်ငန်းမဆောင်ရွက်မီ ပတ်ဝန်းကျင်ကို ထိခိုက်မှုဆန်းစစ်ခြင်းနှင့် ဆန်းစစ်ရရှိမှုများကိုအခြေခံပြီး စနစ်ကျသည့် ဘက်စုံစီမံကိန်းများ ရေးဆွဲဆောင်ရွက်ရန်လိုအပ်မည်ဖြစ်ပါကြောင်း၊ အချို့နိုင်ငံများတွင် ကုန်းနှင့်ရေဧရိယာနှစ်မျိုးလုံးကို ထည့်သွင်းစဉ်းစားပြီး ပင်လယ်ရေအောက် သန္တာကျောက်တန်းမှ မြေပေါ်တောင်ထိပ်အထိ လွှမ်းခြုံဆောင်ရွက်သည့် ချဉ်းကပ်နည်း (Reef to Ridge Approach ) နှင့် စီမံကိန်း၊ စီမံချက်များ ရေးဆွဲဆောင်ရွက်ကြသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ကြရန် ပြောကြားလိုပါကြောင်း၊ ကမ်းရိုးတန်း ဂေဟစနစ်များ၏ အရေးပါမှုကို အသိအမှတ်ပြုပြီး လက်ရှိပျက်စီးယိုယွင်းမှုများကို လျော့နည်းရပ်တန့်သွားရေးနှင့် ပြန်လည်ရှင်သန်ဖွံ့ဖြိုးရေးတို့ကို ဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် ကမ်းရိုးတန်းဒေသ သယံဇာတများနှင့် ပတ်သက်နေသည့် ဌာနများအနေဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယသမ္မတ က ကမ်းရိုးတန်းဒေသ ဘက်စုံစီမံအုပ်ချုပ်လုပ်ကိုင်မှု ( Integrade Coastal Management - ICM ) သည် ၁၉၉၂ ခုနှစ်တွင် ကမ္ဘာ့ကုလသမဂ္ဂပတ်ဝန်းကျင်နှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ညီလာခံက ထုတ်ပြန်ခဲ့သည့် ပတ်ဝန်းကျင်နှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အခြေခံမှုများဖြစ်သည့် လူသားမျိုးဆက်များအတွင်း သာတူညီမျှ ရှိစေရန်၊ ကြိုတင်ကာကွယ်ထိန်းသိမ်းရန်နှင့် ပတ်ဝန်းကျင်ကို ထိခိုက်ခဲ့ပါက ပြုလုပ်သူက ပေးလျော်စေရန် စသည့်အခြေခံမှုများနှင့်အညီ ပေါ်ပေါက်လာသည့် စီမံအုပ်ချုပ်လုပ်ကိုင်မှုစနစ်တစ်ရပ်ဖြစ်ပါကြောင်း၊ အဆိုပါစနစ်သည် ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေဖြစ်ပြီး သယံဇာတများကို သက်ဆိုင်ရာလုပ်ငန်းကဏ္ဍများအကြား ပေါင်းစပ်ညှိနှိုင်း စီမံအုပ်ချုပ်လုပ်ကိုင်သည့် နည်းစနစ်ဖြစ်သည့်အပြင် သယံဇာတထုတ်လုပ်သုံးစွဲရာတွင်လည်းကောင်း၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်းကောင်း ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်စေရန် သုံးသပ် ဆောင်ရွက်သည့် နည်းစနစ်ဖြစ်ပါကြောင်း၊ တစ်နည်းဆိုသော် လူမှုရေး၊ စီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုသည့် မဏ္ဍိုင်များကို ထည့်သွင်းစဉ်းစားပြီး သိပ္ပံပညာ (Science) နှင့် စီမံခန့်ခွဲမှု (Administration) နယ်ပယ်နှစ်ရပ်စလုံးကို ပေါင်းစပ်ချိတ်ဆက် ဆောင်ရွက်သည့်နည်းစနစ်ဖြစ်ပါကြောင်း၊ ကော်မတီအနေဖြင့် ကမ်းရိုးတန်းဒေသ ဘက်စုံစီမံအုပ်ချုပ်လုပ်ကိုင်မှု ICM စနစ်နှင့်အညီ ကမ်းရိုးတန်းသယံဇာတများကို စနစ်တကျ စီမံခန့်ခွဲသွားမည်ဖြစ်ပါကြောင်း၊ ကမ်းရိုးတန်းဒေသစနစ်ကြီးတစ်ခုလုံးသည် စနစ်ခွဲများဖြင့် ဖွဲ့စည်းထားပြီး ထိုစနစ်ခွဲများက စနစ်ကြီးတစ်ခုလုံး ပုံမှန်လည်ပတ်စေရန် လုပ်ငန်းတာဝန်အသီးသီးကို ဆောင်ရွက်နေကြပါကြောင်း၊ စနစ်ခွဲတစ်ခုပျက်စီးသွားသည်နှင့် စနစ်ကြီးတစ်ခုလုံးအပေါ် အကျိုးသက်ရောက်စေမည်ဖြစ်သည်ကို ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်သူများအနေဖြင့် သိရှိနားလည်ထားရန် လိုအပ်မည် ဖြစ်ပါကြောင်း၊ ကမ်းရိုးတန်းဒေသတွင် ဆောင်ရွက်သော ဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်ကြသည့် စိုက်ပျိုးရေး၊ ရေလုပ်ငန်း၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း၊ သယံဇာတထုတ်လုပ်မှုလုပ်ငန်း၊ စက်မှုလုပ်ငန်းများနှင့် တည်ဆောက်ရေးလုပ်ငန်းများကြောင့် ကမ်းရိုးတန်းဒေသပတ်ဝန်းကျင်နှင့် လူမှုစီးပွားရေးတို့အပေါ် ရေတိုရေရှည်အကျိုးသက်ရောက်မှုများကို ထည့်သွင်းတွက်ချက်ထားရန် လိုအပ်သည့်အပြင် ကမ်းရိုးတန်းသယံဇာတအသုံးပြုသူများအကြား၌လည်းကောင်း၊ လုပ်ငန်းဌာနများအကြား၌ လည်းကောင်း၊ အဖွဲ့အစည်းနှစ်ခုအကြား၌ လည်းကောင်း ပဋိပက္ခများပေါ်ပေါက်ပါက ပေါင်းစပ်ညှိနှိုင်းခြင်းနှင့် နိုင်ငံ၏အကျိုးစီးပွားကို အခြေခံ၍ အလျှော့အတင်း ပြုလုပ်ခြင်းတို့ကို ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပတ်သက်သည့် စာချုပ်စာတမ်းများကို လက်မှတ်ရေးထိုးထားပြီး လိုက်နာဆောင်ရွက်ရမည့် ကတိကဝတ်များနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ရာသီဥတုပြောင်းလဲမှုပြဿနာသည် လူမှုစီးပွားဖွံ့ဖြိုးရေးလုပ်ငန်းများကို အနုတ်လက္ခဏာဆောင်သည့် အကျိုးသက်ရောက်မှုဖြစ်စေသည့်အတွက် ပစ္စုပ္ပန်အတွက်သာမက အနာဂတ်မျိုးဆက်သစ်များအတွက်ပါ အရေးတကြီးဖြေရှင်းရမည့် ပြဿနာဖြစ်ပါကြောင်း၊ သစ်တောများ၊ အထူးသဖြင့် ကမ်းရိုးတန်းဒေသနှင့် ကျွန်းစုများပေါ်ရှိ သစ်တောများသည် ရာသီဥတုပြောင်းလဲမှုထိန်းချုပ်ရေးတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်နေသည့်အတွက် အဆိုပါသစ်တောများကို ထိန်းသိမ်းနိုင်ရန် ကြိုးဝိုင်းနှင့် ကြိုးပြင်ကာကွယ်တောနှင့် သဘာဝနယ်မြေများအဖြစ် ဖွဲ့စည်းဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ အဆိုပါ သစ်တောများ ထိန်းသိမ်းရာတွင် ပြည်ထောင်စုအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရန် သဘာဝအရင်းအမြစ်သည် အခြေခံအုတ်မြစ်ဖြစ်ပါကြောင်း၊ ကမ်းရိုးတန်းသယံဇာတများသည် နိုင်ငံအတွက် အရေးပါသည့် သဘာဝအရင်းအမြစ်ဖြစ်သည့်အတွက် ကော်မတီဝင်များအနေဖြင့် အားတက်သရော ပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ပင်လယ်ကမ်းရိုးတန်းသယံဇာတထိန်းသိမ်းရေး အသိပညာပေး မှတ်တမ်းဗီဒီယိုကို ပြသသည်။

ယင်းနောက် ဗဟိုကော်မတီအတွင်းရေးမှူး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခင်မောင်ရီက ပထမအကြိမ်အစည်းအဝေး၏ ဆုံးဖြတ်ချက်များကို ဆောင်ရွက်ပြီးစီးမှုများနှင့် လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဗဟိုကော်မတီဝင်များနှင့် တွဲဖက်အတွင်းရေးမှူးများက သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှုများနှင့် စပ်လျဉ်း၍ ဖြည့်စွက်ဆွေးနွေးသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးမြင့်ဆွေက ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

**( သတင်းစဉ်)**

## တာချီလိတ်မြို့နယ်ရှိ ကျဆီးကျေးရွာတွင် ငွေကျပ် ၆၄၅၈၆ သန်းကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများနှင့် အတူ လက်နက်များသိမ်းဆည်းရမိ

**တာချီလိတ် ဩဂုတ် ၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် မိုင်းဟဲကျေးရွာအုပ်စု ကျဆီးကျေးရွာတွင် ဩဂုတ် ၈ ရက် နံနက် ၁၁ နာရီက ငွေကျပ် ၆၄၅၈၆ ဒသမ ၇၅ သန်းခန့်ရှိ မူးယစ်ဆေးဝါးများနှင့်အတူ ဆက်စပ်ပစ္စည်းများ၊ လက်နက်များကို ပူးပေါင်းအဖွဲ့ဖြင့် သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ စစ်ဗျူဟာအဖွဲ့(အခြေချ)တာချီလိတ်မှ တပ်ဖွဲ့ဝင်များ၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ထိန်ဝင်း ဦးစီးအဖွဲ့၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ တပ်ဖွဲ့စု (၃၀)တာချီလိတ်မှ တပ်ဖွဲ့စုမှူးရဲမှူး စိုးနိုင်ဦးစီးအဖွဲ့ပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် မိုင်းဟဲကျေးရွာအုပ်စု ကျဆီးကျေးရွာသို့ ဩဂုတ် ၈ ရက် နံနက် ၁၁ နာရီခန့်က မူးယစ်ဆေးဝါး သတင်းအရ ဝင်ရောက်ရှာဖွေရာ အဆိုပါကျေးရွာရှိ ကျခီး(၂၇)နှစ်၊ ကျဟဲ(၅၂)နှစ်၊ နာအူ(၃၅)နှစ်၊ ကျဟယ်(၃၅)နှစ် တို့ ရှိနေသည့် နေအိမ်သုံးလုံးမှ WY စာတန်း ပါ စိတ်ကြွဆေးပြား ၁၉ သန်းကျော်၊ ဘိန်းဖြူဘလောက်တုံး ၂၆ တုံး (၉ ဒသမ ၁ ကီလိုခန့်)၊ အက်တက်စီဆေးပြား ၆ ဒသမ ၁၅ သိန်းခန့်၊ ကဖင်း ၂၃၀ ကီလိုခန့်၊ ဘိန်းစိမ်း ၁ ဒသမ ၅ ကီလိုခန့်၊ ကက်တမင်း တစ်ကီလို၊ အိုက်စ် ၂၀၂ ဒသမ ၅ ကီလိုခန့် စုစုပေါင်းတန်ဖိုးငွေကျပ် ၆၄၅၈၆ ဒသမ ၇၅ သန်းခန့်နှင့်အတူ ထိုင်းဘတ်ငွေ ၁၈ သိန်း ၊ တရုတ်ယွမ်ငွေ တစ်သောင်း၊ ရွှေထည်မျိုးစုံ ၂၈ မျိုး (အလေးချိန် ၁ ဒသမ ၃၇၃ ကီလိုခန့်)၊ စိတ်ကြွဆေးပြား ရိုက်မှို အချောင်း ၇၀၊ ၉၉၉ တံဆိပ်ပါ မှိုနှစ်ချောင်း၊ ပွိုင့် ၂၂ ပြောင်းရှည် သေနတ် နှစ်လက်၊ ရီမင်တန် တစ်လုံးထိုး သေနတ်တစ်လက်၊ Fortuner Revo အမျိုးအစား မော်တော်ယာဉ် တစ်စီး၊ Vigo Hilux အမျိုးအစား မော်တော်ယာဉ်တစ်စီး၊ NISSAN4×4 မော်တော်ယာဉ်တစ်စီးတို့အား သိမ်းဆည်းရမိခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသူ ကျခီး၊ ကျဟဲ၊ နာအူ(မ)နှင့် ကျဟယ်တို့လေးဦးအား တာချီလိတ်မြို့မရဲစခန်းတွင် အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

# လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အလှူငွေများပေးအပ်လှူဒါန်း




**နေပြည်တော် ဩဂုတ် ၉**

မြန်မာနိုင်ငံအတွင်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လှူဒါန်းသော အလှူငွေကျပ်သန်း ၂၀၀ ကို မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာဟုန်လျန်က ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် လာရောက်ပေးအပ်လှူဒါန်းရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အကြိမ်(၅၀)မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်ဝန်ကြီးအဆင့် အစည်းအဝေးများသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင် တက်ရောက်ခဲ့

**နေပြည်တော် ဩဂုတ် ၉**

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဖိလစ်ပိုင်သမ္မတနိုင်ငံ မနီလာမြို့၌ ဩဂုတ် ၄ ရက်မှ ၈ ရက်အထိ ကျင်းပသည့် အကြိမ်(၅၀)မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်ဝန်ကြီးအဆင့် အစည်းအဝေးများသို့ တက်ရောက်ခဲ့သည်။

ဒုတိယဝန်ကြီးသည် ဩဂုတ် ၄ ရက်တွင် အရှေ့တောင်အာရှဒေသ ချုကလီးယားလက်နက် ကင်းမဲ့ဇုန်ဆိုင်ရာ ကော်မရှင်အစည်းအဝေး၊ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများနှင့် အာဆီယံအစိုးရချင်းဆိုင်ရာ လူ့အခွင့်အရေးကော်မရှင် ကိုယ်စားလှယ်များနှင့် တွေ့ဆုံပွဲတို့သို့ တက်ရောက်သည်။

ဩဂုတ် ၅ ရက်တွင် အကြိမ်(၅၀)မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး ဖွင့်ပွဲအခမ်းအနား၊ အကြိမ်(၅၀)မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ မျက်နှာစုံညီအစည်းအဝေးနှင့် အလွတ်သဘောအစည်းအဝေးများသို့ တက်ရောက်ခဲ့ပြီး အာဆီယံငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေးဗဟိုဌာနမှ ထုတ်ဝေသည့် "Symposium on Principles, Mechanisms and Practices of Peace and Reconciliation Processes" မှတ်တမ်းစာအုပ် မိတ်ဆက်ခြင်းအခမ်းအနားတွင် အဖွင့်အမှာစကားပြောကြားသည်။

ဩဂုတ် ၆ ရက်တွင် အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများဖြစ်သည့် ကနေဒါနိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ ဩစတြေးလျနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နယူးဇီလန်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ အမေရိကန်နိုင်ငံ၊ ဂျပန်နိုင်ငံ၊ ဥရောပသမဂ္ဂ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့နှင့် ပြုလုပ်သည့် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးများသို့ တက်ရောက်ခဲ့ပြီး ညပိုင်းတွင် ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီးက တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်သည်။

ဒုတိယဝန်ကြီးသည် အာဆီယံ-ဩစတြေးလျနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတွင် ဩစတြေးလျနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စဂျူလီဘီရှော့နှင့်အတူ ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်သည်။ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၅ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ အာဆီယံ-ဩစတြေးလျ ဆွေးနွေးဖက်ဆက်ဆံရေး၏ ညှိနှိုင်းရေးတာဝန်ခံနိုင်ငံအဖြစ် ဆောင်ရွက်လျက်ရှိသည်။

ထို့နောက် ဩဂုတ် ၇ ရက်တွင် (၁၈)ကြိမ်မြောက် အာဆီယံအပေါင်းသုံး နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၊ (၇) ကြိမ်မြောက် အရှေ့အာရှထိပ်သီးအစည်းအဝေးဆိုင်ရာ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၊ (၂၄) ကြိမ်မြောက် အာဆီယံဒေသဆိုင်ရာဖိုရမ်၏ မျက်နှာစုံညီနှင့် သီးသန့်ဝန်ကြီးအဆင့် အစည်းအဝေးများနှင့် အာဆီယံဒေသဆိုင်ရာ လုံခြုံရေးအမြင် နှစ်ပတ်လည်စာအုပ် (၂၀၁၇ ခုနှစ်) မိတ်ဆက်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ဩဂုတ် ၈ ရက်တွင် ကျင်းပသည့် အာဆီယံ နှစ်(၅၀)ပြည့်အထိမ်းအမှတ် အခမ်းအနားနှင့် အကြိမ်(၅၀)မြောက် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး ပိတ်ပွဲအခမ်းအနားတို့သို့ တက်ရောက်သည်။ ယင်းနောက် ဒုတိယဝန်ကြီးသည် ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရိုဒရီဂို ရိုဝါဒူတာတေးအား အာဆီယံနိုင်ငံခြားရေးဝန်ကြီးများနှင့်အတူ တွေ့ဆုံသည်။

ဒုတိယဝန်ကြီးသည် အကြိမ်(၅၀)မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် တစ်ဆက်တစ်စပ်တည်း ကျင်းပခဲ့သည့် (၁၀)ကြိမ်မြောက် မဲခေါင်မြစ်အောက်ပိုင်းနိုင်ငံများ ကနဦးဆောင်ရွက်မှု ဝန်ကြီးအဆင့် အစည်းအဝေးနှင့် (၁၀) ကြိမ်မြောက် မဲခေါင်-ဂျပန်ဝန်ကြီးအဆင့် အစည်းအဝေးများသို့လည်း တက်ရောက်သည်။ ဒုတိယဝန်ကြီးသည် (၁၀) ကြိမ်မြောက် မဲခေါင်-ဂင်္ဂါ ပူးပေါင်းဆောင်ရွက်မှု ဝန်ကြီးအဆင့် အစည်းအဝေးတွင် သဘာပတိအဖြစ် ဆောင်ရွက်သည်။



နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး Mr.Rex Tillerson နှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။

ဒုတိယဝန်ကြီးသည် မနီလာမြို့တွင် ရောက်ရှိစဉ်အတွင်း သီရိလင်္ကာ၊ တူရကီ၊ အမေရိကန်ပြည်ထောင်စုနှင့် ဩစတြေးလျနိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများနှင့် တွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ရေးကိစ္စရပ်များကိုလည်းကောင်း၊ ကိုရီးယားကျွန်းဆွယ်ကိစ္စအပါအဝင် ဒေသတွင်းနှင့် နိုင်ငံတကာရေးရာကိစ္စရပ်များကို လည်းကောင်း ဆွေးနွေးသည်။

အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများတွင် အာဆီယံနှင့်ဆွေးနွေးဖက်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စရပ်များအပြင် ကိုရီးယားကျွန်းဆွယ်ဒေသတင်းမာမှုအခြေအနေ၊ တောင်တရုတ်ပင်လယ်ကိစ္စနှင့် အကြမ်းဖက်မှုနှင့် အစွန်းရောက်မှုနှိမ်နင်းရေး ကိစ္စရပ်များနှင့်ပတ်သက်၍ အလေးပေးဆွေးနွေးသည်။

အစည်းအဝေးများ အပြီးတွင် အကြိမ်(၅၀)မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၏ ပူးတွဲကြေညာချက်ကို ထုတ်ပြန်ခဲ့သည်။ ထို့အပြင် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများက ကိုရီးယားဒီမိုကရက်တစ်သမ္မတနိုင်ငံအား ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်များအား အပြည့်အဝလိုက်နာရန် တိုက်တွန်းကြောင်းနှင့် ကိုရီးယားကျွန်းဆွယ်ဒေသတည်ငြိမ်အေးချမ်းမှု ရရှိရေးအတွက် အာဆီယံအနေဖြင့် အပြုသဘောအခန်းကဏ္ဍမှ ကူညီပံ့ပိုးပေးရန် အသင့်ရှိကြောင်း သီးခြားထုတ်ပြန်ချက်တစ်ရပ်ကိုလည်း ထုတ်ပြန်ခဲ့သည်။

အာဆီယံ အဖွဲ့ဝင်နိုင်ငံများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား တောင်တရုတ်ပင်လယ်တွင်း နိုင်ငံများ လိုက်နာရမည့် ကျင့်ထုံးတစ်ရပ်ရေးဆွဲရေးအတွက် အခြေခံမူဘောင် (framework of the Code of Conduct) သဘောတူညီချက်တစ်ရပ်ကိုလည်း အတည်ပြုချမှတ်နိုင်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**




(၁၈)ကြိမ်မြောက် အာဆီယံအပေါင်းသုံး နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးတွင် တက်ရောက်သူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

# စစ်ကိုင်းတိုင်းဒေသကြီး စာကြည့်တိုက်များဖောင်ဒေးရှင်းမှ စာကြည့်တိုက် (၄)တိုက်ဆောက်လုပ်ရန် မတည်ငွေများထုတ်ပေးမည်

**မုံရွာ ဩဂုတ် ၉**

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး စာကြည့်တိုက်များဖောင်ဒေးရှင်းမှ ကျေးရွာလေးရွာတွင် စာကြည့်တိုက်များ ဆောက်လုပ်ရန်အတွက် မတည်ငွေများ ထုတ်ပေးသွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သိရသည်။

ကျေးရွာစာကြည့်တိုက်များအား ကျေးလက်နေပြည်သူများ အမှန်တကယ် စာပေလေ့လာဖတ်ရှုနိုင်ရန်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ပုဂ္ဂလိကအလှူရှင်များ၊ စေတနာရှင်အလှူရှင်များမှ တည်ထောင်ဖွင့်လှစ်ပေးလျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး စာကြည့်တိုက်များဖောင်ဒေးရှင်းက ယခုဘဏ္ဍာနှစ်တွင် စာကြည့်တိုက် လိုအပ်လျက်ရှိသောကျေးရွာလေးရွာသို့ စာကြည့်တိုက်ဆောက်လုပ်ရန်အတွက် မတည်ငွေကျပ် ၁၀ သိန်းနှုန်း ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"စစ်ကိုင်းတိုင်းဒေသကြီး အတွင်းမှာရှိတဲ့ ကျေးရွာတွေမှာ စာကြည့်တိုက်ဆောက်လုပ်ဖို့အတွက် လိုအပ်နေတဲ့ ကျေးရွာတွေအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ပုဂ္ဂလိကအလှူရှင်တွေ၊ စေတနာရှင်အလှူရှင်တွေနဲ့ ဆောက်လုပ်သလို စစ်ကိုင်းတိုင်းဒေသကြီး စာကြည့်တိုက်များဖောင်ဒေးရှင်းကလည်း ထောက်ပံ့ပေးတာပါ။ မတည်ငွေ၊ ကျေးရွာစုပေါင်းမတည်ငွေနဲ့ ပေါင်းပြီးတော့ စာကြည့်တိုက်အတွက် သတ်မှတ်ထားတဲ့ အလျား ၂၄ ပေ၊ အနံ ၁၆ ပေ၊ အမြင့် ၁၂ ပေရှိတဲ့ အဆောက်အအုံကို ဆောက်လုပ်ရမှာပါ"ဟု တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီး စာကြည့်တိုက်များဖောင်ဒေးရှင်းမှ ကျေးရွာစာကြည့်တိုက် ဆောက်လုပ်ရန်အတွက် ထောက်ပံ့ပေးသည့်ကျေးရွာများတွင် မုံရွာခရိုင် ဘုတလင်မြို့နယ် ငါးရေဝင်ကျေးရွာ၊ ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ်မှ ကျောက်ပြုတ်ကျေးရွာ၊ ကသာခရိုင် ဝန်းသိုမြို့နယ် ချောင်းဆုံကျေးရွာ၊ ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ် ဖုတ္တန်းတောကျေးရွာများ ပါဝင်ကြောင်း သိရသည်။ **ဝင်းဦး(ဇေယျာတိုင်း)**

# ထရန်စဖော်မာနှင့်ဓာတ်အားလိုင်းများ တိုးချဲ့ဆောင်ရွက်

**ဒိုက်ဦး ဩဂုတ် ၉**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့တွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့် မြို့ပေါ်ရပ်ကွက်များ၌ ၁၀/၀ ဒသမ ၄ ကေဗွီ၊ ၂၀၀ ကေဗွီအေ ထရန်စဖော်မာလေးလုံး၊ ၁၁ ကေဗွီ ဓာတ်အားလိုင်းနှင့် ၄၀၀ ဗို့ဓာတ်အားလိုင်းများ တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းကို တိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာ ဦးလှထွန်း၏ လမ်းညွှန်ချက်နှင့်အညီ ခရိုင်လျှပ်စစ်အင်ဂျင်နီယာ ဦးဝင်းနိုင်ဦး၏ ကြီးကြပ်မှုဖြင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးကြည်ဝင်းနှင့် လျှပ်စစ်ဝန်ထမ်းများက လုပ်ငန်းများဆောင်ရွက်ခဲ့ကြသည်။

ထိုကဲ့သို့ ထရန်စဖော်မာနှင့် ဓာတ်အားလိုင်းများ တိုးချဲ့တည်ဆောက်ပေးခြင်းကြောင့် လျှပ်စစ်အန္တရာယ်ဖြစ်ပေါ်နိုင်သည့် ရှုပ်ထွေးဆားဗစ်ကြိုးများ ရှင်းလင်းခြင်း၊ ဓာတ်အားလိုင်းနှင့် ဝေးကွာသောနေရာများတွင် မီတာများ တပ်ဆင်အသုံးပြုနိုင်ခြင်း၊ ဗို့အားများ ပြည့်ဝစွာရရှိလာခြင်းစသော အကျိုးကျေးဇူးများ ရရှိခဲ့ကြောင်း သိရသည်။ **ကျော်ကျော်(IPRD)**

## ပြည်တွင်းရေးရာ

# ဂျပန်-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရေးကိုဦးတည်သည့် ဇာတိမြေရုပ်ရှင်ဇာတ်ကားကြီးအား စာနယ်ဇင်းမိတ်ဆက်




**ရန်ကုန် ဩဂုတ် ၉**

ဂျပန်-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရေးကို ဦးတည်၍ MNTV ရုပ်သံလိုင်းနှင့် JIB (Japan International Broadcasting Inc.)တို့မှ ပူးပေါင်းတင်ဆက်သော ဂျပန်နိုင်ငံနှင့် မြန်မာနိုင်ငံ နှစ်နိုင်ငံလုံးတွင် ရိုက်ကူးမည့် My Country My Home (ဇာတိမြေ) ရုပ်ရှင်ဇာတ်ကားကြီး အကြောင်းနှင့် ပါဝင်သော အနုပညာရှင်မောင်နှမများအား စာနယ်ဇင်းမိတ်ဆက်ပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ ပြည်လမ်းရှိ Novotel Hotel ၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားရာတွင် မြန်မာနိုင်ငံ၏ ပထမဦးဆုံးစတင်ဆောင်ရွက်ခဲ့သည့် ပြုပြင်ပြောင်းလဲမှုတစ်ရပ်ဖြစ်သော ၈၈ ဒီမိုကရေစီအရေးတော်ပုံကြီး၏ အကြိုကာလတစ်ခု ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ သမိုင်းကြောင်းတစ်ခုဖြစ်သည့် ၈၈ ဒီမိုကရေစီအရေးတော်ပုံ သမိုင်းနောက်ခံနှင့်အတူ မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံတို့၏ ချစ်ကြည်ရင်းနှီးမှုများ၊ မြန်မာနိုင်ငံ၏ ယဉ်ကျေးမှု အမွေအနှစ် ဓလေ့ထုံးတမ်းများ၊ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းများအတွက် အထောက်အကူဖြစ်နိုင်ပြီး မြန်မာနိုင်ငံကို ကမ္ဘာကသိသွားနိုင်သည့် အခြေအနေများအတွက် ငွေကြေးအမြတ်အစွန်းကို ရှေ့တန်းမတင်ဘဲ မြန်မာနိုင်ငံ၏ အနုပညာများ ဂျပန်နိုင်ငံနှင့် ချစ်ကြည်ရင်းနှီးမှုကို အဓိကထားပြီး ဆောင်ရွက်နိုင်ရန်အတွက် ဇာတိမြေကို ရိုက်မယ်လို့ ဆုံးဖြတ်ခဲ့ကြသူ အားလုံးကိုလည်း ကျွန်တော့်အနေဖြင့် ကျေးဇူးတင်ရှိကြောင်း၊ ယင်းရုပ်ရှင်ဇာတ်ကားသည် မြန်မာနိုင်ငံ၏ သမိုင်းတွင်ကျန်ခဲ့မည့် ရုပ်ရှင်ဇာတ်ကားတစ်ကားဖြစ်သလို သမိုင်းကို ဖြတ်သန်းခဲ့ကြသည့်သူအားလုံး၏ နှလုံးသားကို လှုပ်ခတ်နိုင်မည့် ရုပ်ရှင်ကားတစ်ခုဖြစ်လာရန်မျှော်လင့်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး မစ္စတာ တာတေရှိ ဟီဂူရှိက အဆိုပါရုပ်ရှင်ဇာတ်ကားနှင့် ပတ်သက်၍ အမှာစကားပြောကြားရာတွင် "ဒီရုပ်ရှင်ဇာတ်ကားဟာ နှစ်ပေါင်းများစွာတည်ရှိခဲ့တဲ့ ဂျပန်-မြန်မာ ချစ်ကြည်ရေး သမိုင်းကြောင်းကို နိုင်ငံသူ နိုင်ငံသားတွေအချင်းချင်း နားလည်ပြီး ဆက်သွယ်နိုင်ခဲ့ကြတဲ့အတွက် အလွန်အဓိပ္ပာယ်ရှိတဲ့ ကိစ္စပဲဖြစ်ပါတယ်။ အနုပညာမြောက်တဲ့ ဒီရုပ်ရှင်ဟာ ဂျပန်နိုင်ငံမှာ မွေးဖွားခဲ့တဲ့ မြန်မာလူမျိုး အထက်တန်းကျောင်းသူလေးကို အဓိကသရုပ်ဆောင်အနေနဲ့ ရိုက်ကူးမှာဖြစ်ပြီး ဇာတ်အိမ်ဖွဲ့စည်းမှုကလည်း တကယ့်ကို စွဲဆောင်မှုရှိတဲ့အပြင် ဂျပန်နိုင်ငံနဲ့ မြန်မာနိုင်ငံက နေရာအသီးသီးမှာ ရိုက်ကူးသွားမှာဖြစ်တဲ့အတွက် လှပတဲ့ ရုပ်ပုံတွေကိုလည်း ခံစားကြည့်ရှုရမှာဖြစ်ပါတယ်။ ဇာတိမြေရုပ်ရှင်ဇာတ်ကားဟာ နှစ်နိုင်ငံပြည်သူပြည်သားတွေရဲ့စိတ်ကိုပျော်ရွှင်စေပြီး တစ်သားတည်းဖြစ်အောင် ပေးနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်"ဟု ပြောသည်။

အဆိုပါ ရုပ်ရှင်ဇာတ်ကားသည် ၈၈၈၈ အရေးတော်ပုံကြီးတွင် ပါဝင်ခဲ့သော စက်မှုတက္ကသိုလ် နောက်ဆုံးနှစ်ကျောင်းသား ရှမ်းလူမျိုး စိုင်းမိုင်ဆွန်း(ကိုမင်္ဂလာ)နှင့် သူ၏ဇနီး မြနန္ဒာတို့က အရေးတော်ပုံကြီးကြောင့် ဂျပန်နိုင်ငံတွင် နိုင်ငံရေးခိုလှုံရင်း မွေးဖွားခဲ့သော သမီးလေးတစ်ယောက် ဇာတိမြေကို ချစ်ရမည်ဆိုသည့် အသိတရားများ သိရှိနားလည်ခဲ့ပြီး နောက်ဆုံးတွင် သူမသည် မြန်မာနိုင်ငံသားအဖြစ်ခံယူရန် ဆုံးဖြတ်လိုက်သော ရှမ်းအမည် နန်းဟပ်ခေး၊ မြန်မာအဓိပ္ပာယ် (မခင်မျိုးချစ်) အသက်(၁၈)နှစ်အရွယ် အထက်တန်းကျောင်းသူလေးတစ်ဦး၏ ဘဝဇာတ်ကြောင်းကို အခြေခံ၍ ရိုက်ကူးထားသော ရုပ်ရှင်ဇာတ်ကားကြီးဖြစ်ကြောင်း သိရသည်။

ယင်းရုပ်ရှင်ဇာတ်ကားကြီးကို ဒါရိုက်တာကြည်ဖြူသျှင်က ရိုက်ကူးခြင်းဖြစ်ပြီး အဓိကဇာတ်ကောင်များအနေဖြင့် အကယ်ဒမီရန်အောင်၊ အကယ်ဒမီဝတ်မှုံရွှေရည်၊ အောင်ရဲလင်း၊ ဂျပန် J-Pop အဆိုတော် မိုရီဆာကီဝင်းတို့က အဓိကပါဝင်သရုပ်ဆောင်သွားမည် ဖြစ်ပြီး ရိုက်ကူးရသည့် ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံသားများ အနေဖြင့် မည်သည့်နိုင်ငံတွင် ရှိနေပါစေ ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုး၊ ကိုယ့်ဇာတိမြေကို ချစ်ရမည်ဟူသည့် အသိတရားများ နိုးကြားလာစေရန် ရည်ရွယ်ရိုက်ကူးခြင်းဖြစ်သည်။ ရုပ်ရှင်ဇာတ်ကား ရိုက်ကူးမှုအနေဖြင့် ဂျပန်နိုင်ငံတွင် ၇၀ ရာခိုင်နှုန်း၊ မြန်မာနိုင်ငံတွင် ၃၀ ရာခိုင်နှုန်း ရိုက်ကူးမည်ဖြစ်ပြီး ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလဆန်းပိုင်းမှာ မြန်မာနိုင်ငံတွင် ရုံတင်ပြသနိုင်ရန် စီစဉ်ထားသည်ဖြစ်ရာ ဂျပန်နိုင်ငံတွင်လည်း ပြသသွားမည်ဖြစ်သလို နိုင်ငံတကာရုပ်ရှင်ပြပွဲများတွင်လည်း ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ စာနယ်ဇင်းမိတ်ဆက်ပွဲ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီးနှင့် တာဝန်ရှိသူများ၊ ရုပ်ရှင်ဇာတ်ကားဖြစ်မြောက်ရေးတွင် ပါဝင်သော တာဝန်ရှိသူများ၊ ဇာတ်ကားတွင် ပါဝင်သော အနုပညာရှင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။

**(ခင်ဇာလီ၊ အေးမင်းသူ)**

# တပ်ကုန်းမြို့၌ လူထုဗဟိုပြုစီမံကိန်း မြို့နယ်အဆင့် သုံးသပ်ဆွေးနွေးပွဲကျင်းပ

**တပ်ကုန်း ဩဂုတ် ၉**

နေပြည်တော် တပ်ကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော လူထုဗဟိုပြုစီမံကိန်း တတိယနှစ်စက်ဝန်းတွင် မြို့နယ်အဆင့် သက်ဆိုင်သူအဖွဲ့ပေါင်းစုံပါဝင်သော သုံးသပ်ဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၉ နာရီက အောင်ဆန်းခန်းမ၌ ကျင်းပသည်။

နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ညိုညိုဝင်းတို့က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဟိန်းက လူထုဗဟိုပြုစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေများကို ပရိုဂျက်တာဖြင့် ရှင်းလင်းတင်ပြသည်။

သုံးသပ်ဆွေးနွေးပွဲသို့ တက်ရောက်လာသည့် ကျေးရွာအုပ်စု၊ အုပ်စုအုပ်ချုပ်ရေးမှူးများ၊ ကျေးရွာစီမံကိန်းကော်မတီဝင်များက စီမံကိန်းနှင့် ပတ်သက်၍ သိရှိလိုသည်များ မေးမြန်းကြရာ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူး ဦးငွေးဝင်းနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။ ကျေးရွာများတွင် လူထုဗဟိုပြုစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ထားရှိသည့် လုပ်ငန်းခွဲများကို အုပ်စုအဆင့်/ကျေးရွာအဆင့်ဖြင့် ဆုများရွေးချယ်၍ အုပ်စုအဆင့်တွင် ကြီးအင်းကျေးရွာ ပထမ၊ အုန်းပင်ကျေးရွာ ဒုတိယ၊ ရွှေးစုကျေးရွာ တတိယနှင့် ကျေးရွာအဆင့်တွင် ကြိုးကြာသာလှကျေးရွာ ပထမ၊ သပြေချောင်းကျေးရွာ ဒုတိယ၊ အလည်ကျွန်းကျေးရွာ တတိယတို့အား ဆုများချီးမြှင့်ပေးအပ်ခဲ့သည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော လူထုဗဟိုပြုစီမံကိန်းသည် ကမ္ဘာ့ဘဏ်၏ ရန်ပုံငွေအကူအညီဖြင့် ၂၀၁၃ ခုနှစ်မှစတင်၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ လက်ရှိအခြေအနေအထိ ပြည်ထောင်စုနယ်မြေ နေပြည်တော်အပါအဝင် စီမံကိန်းမြို့နယ်ပေါင်း ၆၇ ခုရှိပြီး တပ်ကုန်းမြို့နယ်တွင် ၂၀၁၅ ခုနှစ်မှစတင်ကာ လူထုဗဟိုပြုစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ၍ ယခုနှစ်တွင် တတိယနှစ်စက်ဝန်းဖြစ်ပြီး ထောက်ပံ့ငွေ ကျပ်သန်း ၁၉၄၈၀၀၀၀၀ ဖြင့် လုပ်ငန်းခွဲပေါင်း ၁၅၆ ခု အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**(တင်စိုးလွင်)**

# စာပေဗိမာန်စာမူဆုရစာအုပ် ဖြန့်ချိရောင်းချ

**နေပြည်တော် ဩဂုတ် ၉**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ၂၀၁၄ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု ကလေးစာပေ တတိယဆုရရှိသည့် သန်းအောင်(အညာမြေ)၏ "ရွှေစင်နှစ်ပွင့်"စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

စာရေးဆရာတို့သည် ကလေးများဖတ်ရန် ကလေးစာပေကို ပြုစုကြရာ၌ ကဗျာ သို့မဟုတ် စကားပြေအရေးအဖွဲ့စံဖြင့် ပြုစုကြသည်။ ယခုရွှေစင်နှစ်ပွင့်စာအုပ်ကို စာရေးသူက ကဗျာ၊ စကားပြေ နှစ်ထွေရော၍ ပြုစုထားသည်မှာ ကလေးစာပေအတွက် ဆန်းသစ်သော အရေးအသားပင်ဖြစ်သည်။ ကဗျာလေးများကို လွယ်ကူအောင် စကားပြေနှင့် နိဒါန်းပျိုးပြီး ကဗျာနယ်ပယ်အတွင်းသို့ လမ်းပေါက်သွားအောင် လမ်းပြလမ်းခင်းကြည့်မိခြင်းဟု စာရေးသူက ဆိုထားသည်။ ၎င်းတို့ကို ပုဒ်ရေ ၈၆ ပုဒ်မျှ ရေးသားထားပြီး ကလေးများအတွက် အမှန်တကယ်လည်း အားပါးတရ ဖတ်ရှုရမည့် စာနုစာယဉ်များဖြစ်သည်။ မြန်မာမှုဓလေ့၊ ရိုးရာပုံပြင်၊ နီတိ၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ယဉ်ကျေးမှုအစရှိသည့် အကြောင်းအရာများကို မြန်မာကလေးငယ်များ အလွယ်တကူဖတ်ရှုနိုင်ပြီး နှုတ်မှာလည်းစွဲ၊ နားထဲစွဲသွားစေမည့် ကာရန်လေးများဖြင့် ဖွဲ့သီထားသည့်အတွက် ကလေးရော လူကြီးပါ အကြိုက်တွေ့စေမည့် စာအုပ်ဖြစ်သည်။

ယင်းစာအုပ်ကို ရောင်းဈေး ကျပ် ၁၀၀၀ ဖြင့် အမှတ်(၅၂၉-၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း-၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈၊ အမှတ်(တ-၅၅) သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း-၀၆၇- ၄၁၄၆၈၁၊ (၈၆)လမ်း၊ (၂၁)လမ်းနှင့် (၂၂)လမ်းကြား မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း-၀၂-၃၀၁၈၆ နှင့် အမြို့မြို့ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်း၊ လက်ကားမှာယူလိုပါက အမှတ်(၅၂၉-၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန်အရောင်းဌာန ဖုန်း-၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ကြေးမုံ သတင်းတိုများ

### အခြေခံငါးမွေးမြူရေးနှင့် ရေချိုငါးများ ဆေးထိုးသားဖောက်သင်တန်းဖွင့်

**ပွင့်ဖြူ ဩဂုတ် ၉**

ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ငါးလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် အခြေခံငါးမွေးမြူရေးနှင့် ရေချိုငါးများ ဆေးထိုးသားဖောက်သင်တန်းဖွင့်ပွဲကို ဩဂုတ် ၅ ရက်က ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးသိပ္ပံကျောင်းခန်းမ၌ ကျင်းပခဲ့သည်။ စိုက်ပျိုးရေးသိပ္ပံကျောင်းမှ ကျောင်းသား ကျောင်းသူ ၁၂၆ ဦး တက်ရောက်ကြပြီး ခြောက်ရက်ကြာ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သူရထွန်း(ပွင့်ဖြူ)**

### မြစိမ်းရောင်ကျေးရွာ ၂၆ ရွာအထိရှိလာရေး ဆောင်ရွက်

**အုတ်တွင်း ဩဂုတ် ၉**

အုတ်တွင်းမြို့နယ်ရှိ ကျေးရွာပေါင်း ၂၅ ရွာကို တစ်ရွာလျှင် အရင်းမပျောက်မတည်ငွေ ကျပ်သိန်း ၃၀၀ စုစုပေါင်း ကျပ်သိန်း ၇၅၀၀ ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်လာခဲ့ခြင်းဖြစ်ပြီး ယခုအခါ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဝါးတီးကျေးရွာအုပ်စု ညောင်ပင်ကျေးရွာ၊ ဝဲဒေါင့်ကျေးရွာအုပ်စု အုန်းပင်စုကျေးရွာ၊ တင်းကုတ္တန်းကျေးရွာအုပ်စု ဂုံးကျော်ကျေးရွာ၊ ခေါင်းရမ်းကျေးရွာအုပ်စု အောင်ကြီးကျေးရွာ၊ ရွှေလောင်းအုပ်စု ရွှေလောင်းရွာသစ်ကျေးရွာ၊ ကံကလေးအုပ်စု ရွာသစ်ကျေးရွာ၊ ဥယျာဉ်တော်အုပ်စု ညောင်ချက်ကျေးရွာ စုစုပေါင်းကျေးရွာ ခုနစ်ရွာကို အရင်းမပျောက်မတည်ငွေ ကျပ်သိန်းပေါင်း ၂၁၀၀ ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။

**ကိုလွင်(ဆွာ)**

### ကြက်မွေးမြူရေးခြံများအား ဇီဝလုံခြုံမှုရှိစေရေး စစ်ဆေး

**မိုးမိတ် ဩဂုတ် ၉**

မိုးမိတ်မြို့နယ်အတွင်း ကြက်မွေးမြူရေးခြံများအား ဇီဝလုံခြုံမှုရှိစေရေး၊ ကြက်ငှက်တုပ်ကွေးရောဂါမကျရောက်စေရေးနှင့် ကြိုတင်ကာကွယ်ရန်အတွက် ကြက်ခြံများအား လိုက်လံစစ်ဆေးခြင်းများပြုလုပ်လျက်ရှိရာ ဩဂုတ်ပထမပတ်က မိုးမိတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှိုင်ထွန်းနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒေါက်တာမြင့်ဇော်နှင့် ဝန်ထမ်းများက ကြက်ခြံများအား ကွင်းဆင်းစစ်ဆေးခဲ့ရာ ကြက်ငှက်တုပ်ကွေးရောဂါလက္ခဏာဖြစ်ပွားမှု မတွေ့ရှိရကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### ကမ်းပါးပြို၍ပြောင်းရွှေ့ရသော အိမ်ထောင်စုများအား ထောက်ပံ့

**ကလေး ဩဂုတ် ၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက မြစ်သာမြစ်ကမ်းပါးပြိုကျခဲ့ခြင်းကြောင့် မြစ်ကမ်းပါးဘေးရှိ နေအိမ်များ ကြိုတင်ဖျက်သိမ်းခဲ့ခြင်းအတွက် အိမ်ဆောက်ပစ္စည်းတန်ဖိုးငွေနှင့် လူအသုံးအဆောင်ပစ္စည်းများကို ဩဂုတ် ၄ ရက်က ထောက်ပံ့ပေးအပ်ခဲ့သည်။

ကလေးမြို့နယ်တွင် မိုးရွာသွန်းမှုကြောင့် ဇူလိုင် ၂၁ ရက်က တောင်ဦးကျေးရွာရှိ မြစ်သာမြစ်ကမ်းပါးပြိုကျမှုဖြစ်ပွားခဲ့ကာ မြစ်ကမ်းပါးနံဘေးရှိ လူနေအိမ် သုံးလုံးကို ကြိုတင်ဖျက်သိမ်းခဲ့ရသလို ဇူလိုင်နောက်ဆုံးပတ်က မြစ်ကမ်းပါးပြိုကျမှု ထပ်မံဖြစ်ပွားခဲ့ခြင်းကြောင့် ဩဂုတ် ၃ ရက်တွင် နေအိမ်နှစ်လုံး ထပ်မံဖျက်သိမ်းခဲ့ရသည်။ တစ်အိမ်စီအတွက် အိမ်ဆောက်ပစ္စည်းတန်ဖိုးငွေကျပ် တစ်သိန်းစီ၊ လူတစ်ဦးလျှင် တစ်ပတ်စာဆန်ရိက္ခာဖိုး၊ အဝတ်အထည်များ၊ စောင်များ၊ ခြင်ထောင်နှင့် အခြားအခြေခံအသုံးအဆောင်ပစ္စည်းများကို ရွှေ့ပြောင်းအိမ်ထောင်စုထံသို့ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**(ချင်းတွင်းသားလေး)**

### မိတ္ထီလာနည်းပညာတက္ကသိုလ်တွင် ၂၀၁၇ ပရောဂျက်ရှိုးပွဲ ကျင်းပ

**မိတ္ထီလာ ဩဂုတ် ၉**

ကျောင်းသားများ ကိုယ်တိုင်တီထွင်ဖန်တီးလုပ်ကိုင်လိုစိတ်များ ရှင်သန်စေရန် ရည်ရွယ်ချက်ဖြင့် ၂၀၁၇ ပရောဂျက်ရှိုးပွဲကို မိတ္ထီလာနည်းပညာတက္ကသိုလ်တွင် ဩဂုတ် ၅ ရက်က ကျင်းပခဲ့သည်။ မိတ္ထီလာနည်းပညာတက္ကသိုလ် ၂၀၁၇ ပရောဂျက်ရှိုးပွဲတွင် ဘာသာရပ်အလိုက် နည်းပညာပြခန်းခြောက်ခန်း ဖွင့်လှစ်ပြသခဲ့ပြီး ပြခန်းများတွင် အဆောက်အအုံတည်ဆောက်ရေး ပုံစံငယ်များ၊ လျှပ်စစ်ဓာတ်အားလိုင်းတည်ဆောက်မှုပုံစံငယ်၊ နည်းပညာသုံး ပန်းထွင်းစက်ငယ်၊ ဆိုလာစနစ်သုံးမြက်ရိတ်စက်၊ ဆိုင်ကယ်အင်ဂျင်ဖြင့် ပြုပြင်တည်ဆောက်ထားသည့် သယ်ဆောင်ရေးယာဉ်ငယ်၊ ဆိုလာစနစ်ဖြင့် မောင်းနှင်သည့် မော်တော်ယာဉ်ငယ်၊ အီလက်ထရွန်နစ်နည်းပညာဆိုင်ရာ ပစ္စည်းကိရိယာများ စသည်တို့ကို ခင်းကျင်းပြသထားသည်။

**ချမ်းသာ(မိတ္ထီလာ)**

## တောဆင်ရိုင်းများသတ်ဖြတ်မှု ဆင်မုဆိုးများဖမ်းဆီးရမိရေး တောနင်းရှာဖွေလျက်ရှိ

**ပုသိမ် သြဂုတ် ၈**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ် မြစ်တရာကြိုးဝိုင်း အကွက်အမှတ် (၂၇၀)အတွင်း သြဂုတ် ၃ ရက်တွင် တောဆင်ရိုင်းနှစ်ကောင် သတ်ဖြတ်ခံရကြောင်း သတင်းအရ ဆင်သတ်မုဆိုးများ ဖော်ထုတ်ဖမ်းဆီးရမိရေးအတွက် ပုသိမ်ခရိုင်ရဲတပ်ဖွဲ့မှ ရဲတပ်ဖွဲ့ဝင်များ၊ ပုသိမ်ခရိုင် သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများ၊ သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူများ ပူးပေါင်းအဖွဲ့က မြစ်တရာကြိုးဝိုင်း အကွက်အမှတ် (၂၀၇)၊(၂၀၉)အတွင်း စစ်ကြောင်းခွဲ၍ ကွင်းဆင်းရှာဖွေရာ သြဂုတ် ၆ ရက်တွင် ဆင်လူးအိုင်အနီး၌ သန်းတိုး (၄၈)နှစ်ကို ဆင်သားရေပြားအစို နှစ်ပိဿာခန့်နှင့် ၁၈ လက်မခန့်ရှိ ဓားဦးချွန် တစ်ချောင်းနှင့်အတူ ဖမ်းဆီးရမိပြီး တောကြီးကျေးရွာနေ စိုးမင်းထိုက်၏ နေအိမ်၌ ဒူးလေးနှင့်မြား ရှစ်ချောင်း၊ ခိုင်ထွန်း၏နေအိမ်မှ မြားရှစ်ချောင်းရှာဖွေတွေ့ရှိ၍ ပူးပေါင်းအဖွဲ့က ၎င်းတို့အားခေါ်ယူစစ်ဆေးပြီး အဓိကဆင်သတ်မုဆိုးဂိုဏ်းကို ဖမ်းဆီးရမိရေးအတွက် စစ်ကြောင်းအဖွဲ့က တောနင်းရှာဖွေလျက်ရှိကြောင်း သိရသည်။

**(ပုသိမ်လှကြည်)**

## မောင်တောမြို့နယ်၌ လက်လုပ်ဗုံး ပေါက်ကွဲမှုဖြစ်စဉ်နှင့် မူးယစ်ဆေးဝါးဖြစ်စဉ်တို့တွင် ပါဝင်ပတ်သက်သူများ ထပ်မံဖမ်းဆီးရမိ

**နေပြည်တော် သြဂုတ် ၉**

မောင်တောမြို့နယ် ပန်းတောပြင်အနောက်ရွာ၌ လက်လုပ်ဗုံးပေါက်ကွဲမှုဖြစ်စဉ်နှင့် မူးယစ်ဆေးဝါးဖြစ်စဉ်တို့တွင် ပါဝင်ပတ်သက်သူများအား ယမန်နေ့ မွန်းလွဲပိုင်းက ထပ်မံဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ပန်းတောပြင် အနောက်ရွာ၌ သြဂုတ် ၁ ရက်က လက်လုပ်ဗုံး ပေါက်ကွဲမှုဖြစ်စဉ်တွင် ဆူဖီယာ အပါအဝင်နှစ်ဦးအား ယင်းနေ့က ဖမ်းဆီးရမိခဲ့ပြီး နေအိမ်အတွင်းမှ ပစ္စတိုကျည်နှစ်ထောင့်၊ မိုင်းပြုလုပ်ရာတွင် အသုံးပြုသည့် ယမ်းထုပ် နှစ်ထုပ်၊ ၁၀ ပိဿာခန့် ဓာတ်မြေဩဇာအိတ်တစ်အိတ်၊ စနက်တံသုံးခု၊ ဝါယာကြိုးပေ ၁၅၀ ခန့်နှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးချက်များအရ ပန်းတောပြင် အနောက်ရွာနေ အုပ်ချုပ်ရေးမှူး အာယာတူလ္လာ အပါအဝင်နှစ်ဦးအား ယမန်နေ့ မွန်းလွဲ ၁၂ နာရီခွဲခန့်က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထို့ပြင် မောင်တောမြို့နယ်၌ လုံခြုံရေးတပ်ဖွဲ့ဝင်များ လှည့်ကင်းဆောင်ရွက်စဉ် မတ် ၃ ရက်က နတ်မြစ်အတွင်း၌ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၅၀၀၀ ခန့် သိမ်းဆည်းရမိခဲ့သည့် ဖြစ်စဉ်တွင် ပါဝင်သူ ရွှေဇားအလယ်ရွာနေ ဟာဘေဆာမောက်အား ယမန်နေ့ မွန်းလွဲ ၁၂ ခွဲခန့်က ထပ်မံဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ချင်းတွင်းမြစ်အတွင်း ရေမျောထင်းဆယ်သည့်သားအမိ စက်လှေမှောက်ရာမှ မိခင်ဖြစ်သူပျောက်ဆုံးလျက်ရှိနေ

**ကနီ သြဂုတ် ၉**

ချင်းတွင်းမြစ်အတွင်း ရေမျောထင်းဆယ်သည့် မိခင်နှင့်လေးနှစ်သားလေးတို့စီးလာသောစက်တပ်လှေသည် သြဂုတ် ၈ ရက်ညနေ ၆ နာရီက ကနီမြို့နယ် ငါးဖျက်ရွာနှင့်မုဋ္ဌောရွာကြားနစ်မြုပ်ရာ မိခင်မှာပျောက်ဆုံးနေပြီး ကလေးငယ်ကို အခင်းဖြစ်နေရာတွင် ရေမျောထင်းဆယ်ယူနေသူလူငယ်တစ်ဦးက တွေ့ရှိကယ်ဆယ်ထားကြောင်း သိရသည်။

ကနီမြို့နယ် ငါးဖျက်ကျေးရွာနှင့် မုဋ္ဌောရွာကြား အလျား ၂၇ ပေ၊ ဖြက်နှစ်ပေခွဲခန့်ရှိ ဟွန်ဒါစက်တပ်ရေယာဉ်တစ်စင်း တိမ်းမှောက်နေကြောင်း သတင်းအရ ကနီမြို့မရဲစခန်း ရဲဒုတပ်ကြပ် ထွန်းထွန်းနိုင်နှင့်အဖွဲ့က သွားရောက်စစ်ဆေးရာ အိုင်တောင်ရွာမနေသူ မတင်မိုးခိုင်(၄၂)နှစ်သည် အသက် လေးနှစ်အရွယ် သားဖြစ်သူနှင့်အတူ အိုင်တောင်ရွာမှ ချင်းတွင်းမြစ်အတွင်း ပန်းဆိုင်းရွာဘက်သို့ ဆန်တက်ကာ ရေမျောထင်းရှာပြီး အပြန်တွင် လေပြင်းတိုက်၍ စက်လှေတိမ်းမှောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ရေယာဉ်တိမ်းမှောက်မှုကြောင့် မတင်မိုးခိုင်မှာနစ်မြုပ်ပျောက်ဆုံးနေပြီး သားဖြစ်သူကိုအခင်းဖြစ်နေရာတွင် ရေမျောထင်းဆယ်ယူပြီး ပြန်လာသူအသက် (၂၀) နှစ်အရွယ်လူငယ်တစ်ဦးက တွေ့ရှိကယ်ဆယ်နိုင်ခဲ့ကြောင်း သိရသည်။ စက်လှေနစ်မြုပ်မှုနှင့်ပတ်သက်၍ ကနီမြို့မရဲစခန်းမှ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် သြဂုတ် ၉**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး သြဂုတ် ၈ ရက်တွင် မန္တလေး-မူဆယ်ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၅၃၇ စီး၊ သွင်းကုန် ၅၄၂ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၃၅စီး၊ သွင်းကုန် အစီး ၁၄၀ ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ သြဂုတ် ၈ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ငါးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁ ဒသမ ၆၉၅ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု တစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၈၅၆ သန်းခန့်) စုစုပေါင်းတားဆီးမှု ခြောက်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄ ဒသမ ၅၅၁ သန်းခန့်) ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် သြဂုတ် ၈ ရက်တွင် မန္တလေးမှ မူဆယ်တို့သွားရောက်မည့် ခရီးသည်တင်ယာဉ် နှစ်စီးကို ရေပူအမြဲတမ်းစစ်ရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တားဆီးစစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် အမဲသားခြောက် (1x30)kg အိတ် ၂၀ နှင့် ၁၆၆၂ ပိဿာ (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၀ ဒသမ ၂၂၀ သန်းခန့်)ကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။



**(သတင်းစဉ်)**

## မသင်္ကာဖွယ်ရာစက်လှေပေါ်တွင် သီရိလင်္ကာနိုင်ငံသားငါးဦးတွေ့ရှိ

**ရွှေသောင်ယံ သြဂုတ် ၉**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ချောင်းသာကမ်းခြေတွင်သြဂုတ် ၈ ရက်ည ၁၂ နာရီ ၅၂ မိနစ်တွင် ကမ်းခြေသို့မသင်္ကာဖွယ်ရာစက်လှေတစ်စင်း ဦးတည်နေကြောင်းသတင်းအရ ချောင်းသာမြို့အုပ်ချုပ်ရေးမှူးနှင့်ဌာနဆိုင်ရာများ ပူးပေါင်း၍ ပင်လယ်ပြင်သို့လိုက်လံကြည့်ရှုရာသီရိလင်္ကာနိုင်ငံသား ငါးဦးပါဝင်သော စက်လှေတစ်စင်းစက်ပျက်မျောပါနေကြောင်းတွေ့ရှိရသဖြင့် အသေးစိတ်စုံစမ်းမေးမြန်း၍ချောင်းသာကမ်းခြေသို့ နံနက် ၃ နာရီ ၁၃ မိနစ်တွင်အရောက်ခေါ်ဆောင်နိုင်ခဲ့ကြောင်း၊ လိုအပ်သည်များကို သက်ဆိုင်ရာဌာနများက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုကိုမောင် (ပြန်/ဆက်)**



## မှော်ဘီမြို့နယ်တွင်ဖြစ်ပွားသောလူသတ်မှုမှ ပြစ်မှုကျူးလွန်သူအား ဖမ်းမိ

**ရန်ကုန် သြဂုတ် ၉**

မှော်ဘီမြို့နယ်တွင် ဖြစ်ပွားသောလူသတ်မှုမှ ပြစ်မှုကျူးလွန်သူကို ၂၄ နာရီအတွင်း ဖော်ထုတ်ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ သြဂုတ် ၈ ရက် နံနက် ၉ နာရီခန့်တွင် မှော်ဘီမြို့နယ် ပေါက်ကုန်းကျေးရွာအုပ်စု ကျီးပင်ဆပ်ကျေးရွာနေ ဦးဟဲခူထံ၏ ပေါက်ကုန်းကျေးရွာမြောက်ဘက်ရှိ ငါးမွေးမြူရေးကန်ပေါင်ပေါ်တွင် အသက် (၃၀)ခန့်ရှိ အမျိုးသားတစ်ဦးမှာ ဦးခေါင်းနောက်စေ့နှင့် လည်ကုပ်တို့တွင် ပြတ်ရှဒဏ်ရာများရရှိကာ သေဆုံးနေသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံး မှုခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များနှင့် မှော်ဘီမြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များက အခင်းဖြစ်နေရာသို့သွားရောက်ကာ အသေးစိတ်စစ်ဆေးရှာဖွေဆောင်ရွက်ခဲ့ရာ သေဆုံးသူမှာ လက်ပံတန်းမြို့နယ်နေ ဝင်းလွင်ဦး (၂၈)နှစ်ဖြစ်ပြီး ၎င်းသည် ညီဖြစ်သူ၏နိုင်ငံသားစိစစ်ရေးကတ်



ကိုယူဆောင်ကာ ရန်ကုန်မြို့သို့ အလုပ်လုပ်ကိုင်ရန် ထွက်လာခြင်းဖြစ်ကြောင်း အတည်ပြုနိုင်ခဲ့သဖြင့် အမှုမှန်ဖော်ထုတ်နိုင်ရေးဆက်လက်စုံစမ်းခဲ့ရာ သြဂုတ် ၇ ရက် ညနေ ၆ နာရီခန့်တွင် မှော်ဘီမြို့နယ် တောကြီးကျေးရွာနေ သေဆုံးသူ၏ဦးလေးတော်စပ်သူထံ ဇော်မိုးနှင့်အတူ လာရောက်၍ အရက်သောက်ပြီးနောက် ည ၇ နာရီခန့်တွင် ပြန်သွားကြောင်း စစ်ဆေးပေါ်ပေါက်၍ ဇော်မိုးနေထိုင်ရာ မှော်ဘီမြို့နယ် ကျီးပင်ဆိပ်ကျေးရွာသို့ သွားရောက်၍ စုံစမ်းရှာဖွေရာ မတွေ့ရှိဘဲ ၎င်း၏ ဇာတိ ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် တော်ကလပ်ကျေးရွာသို့ ပြန်သွားကြောင်း သိရှိခဲ့သည်။ ယင်းနောက် ရဲတပ်ဖွဲ့ဝင်များက အမှုမှ မသင်္ကာသူဇော်မိုးအား ထိန်းသိမ်းစစ်မေးနိုင်ရေး ၎င်းနေထိုင်ရာသို့ သွားရောက်ရှာဖွေဖမ်းဆီးခဲ့ရာ သြဂုတ် ၉ ရက် နံနက် ၄ နာရီခွဲတွင် ၎င်း၏နေအိမ်မှပင် ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူ ဇော်မိုးအားစစ်ဆေးရာ အဆိုပါအမှုအားကျူးလွန်ကြောင်းနှင့် သေဆုံးသူ ဝင်းလွင်ဦး၏ ဇနီးဖြစ်သူမှာ ၎င်း၏တူမဖြစ်ပြီး ဝင်းလွင်ဦးမှာ တူမဖြစ်သူအားအနိုင်ကျင့်နှိပ်စက်ခြင်း၊ အိမ်ထောင်တာဝန်မကျေပွန်ခြင်းတို့ကြောင့် ကျေနပ်မှုမရှိ၍ ဓားဖြင့်ခုတ်သတ်ခဲ့ခြင်းဖြစ်ကြောင်း ပေါ်ပေါက်ချက်အရ ဇော်မိုး (၃၅) နှစ်ကို အမှုဖြင့်ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

လျှပ်စစ်သုံးလျှင်
သတိယှဉ်
ဝန်အားမမျှ
မသုံးရ

## မြစ်ကြီးနား-တနိုင်းလမ်းမကြီးပေါ်တွင်မိုင်းပေါက်ကွဲ၍ လူနှစ်ဦးသေဆုံး



**မိုးကောင်း သြဂုတ် ၉**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် မြစ်ကြီးနား-တနိုင်းလမ်းမကြီးပေါ်တွင် သြဂုတ် ၉ ရက် နံနက် ၅ နာရီခန့်က ခလုတ်မိုင်းဖောက်ခွဲရန် တပ်ဆင်နေစဉ် ပေါက်ကွဲမှုဖြစ်၍ လူနှစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ တနိုင်းကားလမ်းမကြီးပေါ်ရှိ ဆီးဒင်ယံကျေးရွာနှင့် နန်နွမ်ကျေးရွာကြား ရင်ကွဲတောင်အဆင်းတွင် ယနေ့နံနက်ပိုင်းက ပေါက်ကွဲသံကြားရကြောင်း မိုးကောင်းရဲစခန်းသို့ အကြောင်းကြားသဖြင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုရာ ယင်းနေရာတွင် မိုင်းဖောက်ခွဲရေး ဆက်စပ်ပစ္စည်းများနှင့် လူနှစ်ဦး သေဆုံးနေသည်ကို တွေ့ရကြောင်း သိရသည်။

**(မင်းမင်းဦး)**

# ရီးယဲလ်ကို ယှဉ်နိုင်ဖို့ ခက်ခဲခဲ့တဲ့ မန်ယူ



ဩဂုတ် ၉ ရက် နံနက်အစောပိုင်းက ယှဉ်ပြိုင်ခဲ့တဲ့ ချန်ပီယံလိဂ်ဘုရင် ရီးယဲလ်မက်ဒရစ်အသင်းနဲ့ ယူရိုပါလိဂ် ချန်ပီယံ မန်ယူတို့ရဲ့ပွဲစဉ်မှာ ရီးယဲလ်မက်ဒရစ်အသင်းက နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိပြီး ရာသီကြိုဖလားတစ်လုံးကို စောစောစီးစီးသိမ်းပိုက်သွားခဲ့ပြီဖြစ်ပါတယ်။ ရီးယဲလ်က ပွဲအစအဆုံး လွှမ်းမိုးပြီး ကောင်းမွန်တဲ့ကစားကွက်အခင်းအကျင်းနဲ့ ပွဲကိုအတင်အချလုပ်ကစားကာ ထိုက်တန်တဲ့ အနိုင်ရလဒ်ကို ပုံဖော်သွားနိုင်ခဲ့ပါတယ်။

**ရီးယဲလ်ကို ခြေစွမ်းပိုင်း မယှဉ်နိုင်ခဲ့တဲ့ မန်ယူ**

ရီးယဲလ်ရဲ့ သွင်းဂိုးတွေကို ပွဲကစားချိန် ၂၄ မိနစ်နဲ့ ၅၂ မိနစ်တို့မှာ ကက်စီမီရိုနဲ့ အစ္စကိုတို့က သွင်းယူခဲ့တာဖြစ်ပြီး မန်ယူအတွက် ချေပဂိုးကိုတော့ တိုက်စစ်မှူး လူကာကူက ၆၂ မိနစ်မှာ သွင်းယူသွားခဲ့တာဖြစ်ပါတယ်။ ရီးယဲလ်အတွက် ကက်စီမီရို သွင်းယူခဲ့တဲ့ ဖွင့်ဆော်ဦးဂိုးဟာ ဗီဒီယိုအနေးပြကွက်မှာ ခြေလှမ်းတစ်လှမ်းစာလောက် လူကျံနေခဲ့တယ်ဆိုပေမယ့် မန်ယူအနေနဲ့ ရီးယဲလ်မက်ဒရစ်ကို ဘောလုံးပိုင်ဆိုင်မှု၊ တစ်ဦးချင်းစွမ်းဆောင်ရည်ပိုင်းမှာ ဘယ်လိုမှယှဉ်နိုင်ခြင်းမရှိခဲ့ဘဲ ဥရောပထိပ်တန်းအသင်းကြီးတစ်သင်းအဆင့်ကို မီနိုင်ဖို့ လိုအပ်ချက်တွေရှိနေသေးတယ်ဆိုတာကို သတိပြုမိစေပါတယ်။ မန်ယူအသင်းဟာ ပထမပိုင်းအတွင်းမှာ ကစားကွက်ပျက်နေခဲ့ပြီး ထိရောက်တဲ့ဂိုးကန်သွင်းချက် တစ်ကြိမ်သာပြုလုပ်နိုင်ခဲ့ပေမယ့် ဒုတိယပိုင်းမှာတော့ အနည်းငယ်ပြန်ပြီး အချိတ်အဆက်မိလာခဲ့ပါတယ်။

ရီးယဲလ်အတွက် အစ္စကို သွင်းယူခဲ့တဲ့ သွင်းဂိုးဟာ ဂါရတ်ဘေးလ်နဲ့ အစ္စကိုတို့ အပေးအယူလုပ်ပြီး ရှစ်ကိုက်အကွာကနေ သေသေသပ်သပ် သွင်းယူသွားခဲ့တာဖြစ်ပါတယ်။ ရီးယဲလ်ကို ဒုတိယဂိုးပေးခဲ့ရပြီးနောက် ၁၀ မိနစ်အကြာမှာပဲ မန်ယူရဲ့ ပေါင် ၇၅ သန်းတန် တိုက်စစ်မှူးသစ် လူကာကူက ချေပဂိုးသွင်းယူသွားခဲ့တာဖြစ်ပါတယ်။ အဲဒီနောက် နှစ်သင်းစလုံး အပြန်အလှန်ထိုးဖောက်မှုတွေ ရှိခဲ့ပေမယ့် နှစ်သင်းစလုံး သွင်းဂိုးအဖြစ်တော့ ပြောင်းလဲနိုင်ခြင်းတော့ မရှိခဲ့ဘူး။ မန်ယူဂိုးသမား ဒီဂီယာက တိုနီခရူးစ်၊ အဆန်စီယိုနဲ့ ဘင်ဇီမာတို့ရဲ့ သေချာပေါက်ဂိုးရနိုင်မယ့် အခွင့်အရေးကို အံ့အားသင့်ဖွယ်ရာ ပုတ်ထုတ်ကာကွယ်နိုင်ခဲ့သလို ရီးယဲလ်ဂိုးသမား နာဗက်စ်ကလည်း မန်ယူရဲ့ အခွင့်အရေး နှစ်ကြိမ်လောက်ကို ကာကွယ်နိုင်ခဲ့တာကြောင့် ဂိုးသမား နှစ်ဦးရဲ့လက်စွမ်းကို မြင်တွေ့ခဲ့ရတဲ့ ပွဲလို့ ဆိုရမှာဖြစ်ပါတယ်။

**ဘောလ်ကိုရဖို့ မဖြစ်နိုင်တော့ဘူးလို့ ဝန်ခံလိုက်တဲ့ မော်ရင်ဟို**

မန်ယူအသင်းက အတော့်တင်းဆုံးလူစာရင်းနဲ့ ရီးယဲလ်ကို ရင်ဆိုင်သွားခဲ့ချိန်မှာ ရီးယဲလ်က အသင်းရဲ့ စူပါစတား စီရိုနယ်လ်ဒိုကို မိနစ် ၈၀ ကျော်မှ လူစားဝင်ကစားသမားအဖြစ် ဝင်ရောက်ကစားစေခဲ့တာ ဖြစ်ပါတယ်။ ဒါ့အပြင် နည်းပြ ဇီဒန်းက အစ္စကိုနဲ့ ဂါရတ်ဘေးလ်တို့ကို ရီးယဲလ် တိုက်စစ်ပိုင်းအတွက် တွဲဖက်ကစားလို့ရတယ်ဆိုတဲ့ အချက်ကိုပါ ပြသသွားခဲ့ပါတယ်။ ဘေးလ်က ပြီးခဲ့တဲ့ရာသီက ဒဏ်ရာပြဿနာကြောင့် ရီးယဲလ်ရဲ့ ပွဲစဉ်အတော်များများကို လွဲချော်ခဲ့ပြီးနောက် ဒီနှစ်နွေမှာ မန်ယူကို ပြောင်းရွှေ့နိုင်မယ်လို့ သတင်းထွက်ခဲ့ပေမယ့် နည်းပြ ဇီဒန်းက ယခုပွဲရဲ့ ပွဲထွက်စာရင်းမှာ ထည့်သွင်းသွားခဲ့တာကြောင့် ဘေးလ်ကို ရနိုင်ဖို့ မဖြစ်နိုင်တော့ဘူးလို့ နည်းပြ မော်ရင်ဟိုက သုံးသပ်လိုက်ပါတယ်။

**အပူချိန်မြင့်မားလွန်းတဲ့ ပွဲ**

ယခုပြိုင်ပွဲဟာ အပူချိန်မြင့်မားတဲ့ ဥရောပတောင်ပိုင်း မက်ဆီဒိုးနီးယားနိုင်ငံ စကိုပီယာမြို့တော်မှာ ယှဉ်ပြိုင်ခဲ့တဲ့အတွက် ဥရောပ အင်အားကြီးကလပ်နှစ်သင်းလုံးဟာ အပူချိန် ၃၀ ဒီဂရီစင်တီဂရိတ်လောက်ရှိတဲ့ အပူချိန်အောက် ကစားခဲ့ရတဲ့အတွက် ပင်ပန်းမှုပိုခဲ့တာကို တွေ့ရပါတယ်။ ဒါကြောင့်လည်း ယူအီးအက်ဖ်အေက ရေဓာတ်ပြန်လည်ဖြည့်တင်းဖို့ Drink Break နှစ်ကြိမ်ပေးခဲ့ရသလို ပွဲချိန် ၇၂ မိနစ် ကျော်လွန်လာချိန်မှာလည်း တစ်ကြိမ် ပေးခဲ့ရပါတယ်။ နည်းပြနှစ်ဦးစလုံးဟာ ဒီလို အနားယူတဲ့ အချိန်တွေမှာလည်း နည်းဗျူဟာပိုင်းနဲ့ ပတ်သက်ပြီး အနီးကပ်ညွှန်ကြားမှုတွေကို ပေးခဲ့ကြပါတယ်။

**အချိန်ပိုထိ ဆက်ရမယ့်ပွဲလို့ ဆိုလိုက်တဲ့ မော်ရင်ဟို**

နည်းပြ မော်ရင်ဟိုက "ကျွန်တော်ကတော့ ကျွန်တော်တို့တွေ ကောင်းကောင်းကစားနိုင်ခဲ့တယ်လို့ ထင်ပါတယ်။ ရလဒ်ပိုင်း ကျဉ်းမြောင်းသလို ဗီဒီယိုလက်ထောက်ဒိုင် (VCR) စနစ်က အဲဒီဂိုးထဲက တစ်ဂိုးက လူကျံဘောလို့ ပြဆိုပါတယ်။ ဒါကြောင့် ရလဒ်က တစ်ဂိုးစီ သရေသာဖြစ်ပြီး အချိန်ပိုထိ ဆက်သွားရမှာပါ"လို့ ပြောကြားခဲ့ပါတယ်။

Vacancy Announcement

Myanmar Digital News is an online news network publishing daily both in Myanmar and English. We need an experienced feature writer/correspondent who can report in English. The candidate should be fluent in spoken and written English, must have a keen interest in current political, social and economic affairs of Myanmar as well as that of international affairs, and should be willing to travel for covering news. Salary is negotiable.

If you're interested in joining our news room team in Nay Pyi Taw, please email your CV together with a cover letter to **recruitment @ myanmardigitalnews.com** not later than 31 August 2017.

## ယူအီးအက်ဖ်အေစူပါဖလားမှ ရရှိသော ဆုတံဆိပ်အား မန်ယူပရိသတ်ကို ပေးခဲ့တဲ့အကြောင်းကို မော်ရင်ဟို ရှင်းပြ

ယူအီးအက်ဖ်အေစူပါဖလားပြိုင်ပွဲ နောက်ဆုံးခရာမှုတ်သိမ်းချိန်အပြီးတွင် မန်ယူနည်းပြ မော်ရင်ဟိုက မန်ယူဂျာစီဝတ် ကလေးငယ်တစ်ဦးကို သူရရှိသည့် ဆုတံဆိပ်ဆွဲကြိုးလေးကို ကမ်းပေးခဲ့ရာ မီဒီယာစာမျက်နှာများကြားနေရာအတော်ယူသည့်သတင်းဖြစ်ခဲ့သည်။ အဆိုပါကိစ္စရပ်ကို မော်ရင်ဟိုက ပွဲအပြီး သတင်းစာရှင်းလင်းပွဲတွင် ထည့်သွင်းပြောကြားခဲ့ရာမှာ "တချို့အနိုင်ရတဲ့ပွဲတွေမှာရရှိတဲ့ ဆုတံဆိပ်အချို့ကိုတောင် ကျွန်တော် သိမ်းမထားမိဘူး။ ရှုံးနိမ့်တဲ့ပွဲဆိုရင် စဉ်းစားကြည့်ပေါ့ဗျာ။ ကျွန်တော့်အတွက်တော့ ဒီဆုတံဆိပ်ဟာ ကျွန်တော့်ရဲ့ အိမ်တစ်နေရာတစ်ခုမှာပဲ နေရာယူထားမှာပါ။ ဒါပေမယ့် ဒီကလေးအတွက်တော့ တကယ့်ကို လပေါ်ရောက်သွားသလို ခံစားရမှာပါ"ဟု ဆိုခဲ့သည်။

ထို့ပြင် မော်ရင်ဟိုက သူ့အနေဖြင့် ဒီကလေး ဘယ်အရပ်က လာသလဲဆိုတာကို မသိရှိကြောင်း ဆိုခဲ့ပြီး ယင်းအဖြစ်ကို ကလေးငယ်အနေနဲ့ အမြဲအမှတ်ရနေလိမ့်မည်ဖြစ်ကြောင်း မှတ်ချက်ပြုခဲ့သည်။ ထို့ပြင် မော်ရင်ဟိုက "ကျွန်တော် အနိုင်ရရင် ဒါမျိုး အများကြီးလုပ်ဆောင်နိုင်မှာ မဟုတ်ပါဘူး။ ကျွန်တော် ရှုံးရင်လို့ တွေးကြည့်ရအောင်ပါ"ဟု ထပ်ခါတလဲလဲဆိုခဲ့သည်။

မေလှဲ့သင်း - စုစည်းသည်

## ရာသီအဖွင့်မှာ မန်ယူနိုင်ပွဲနဲ့ စတင်ပွဲထွက်လာနိုင်မှာလား

ရှိုင်းမင်းမင်း

### ၂၀၁၇-၁၈ ပရီမီယာလိဂ်ရင်ခုန်သံ-၁

၂၀၁၇-၂၀၁၈ ပရီမီယာလိဂ်ပွဲစဉ် ၁ ကို လာမယ့် ဩဂုတ် ၁၁ ရက် ညမှာ စတင်ကျင်းပတော့မှာဖြစ်ပါတယ်။ လက်ရှိအချိန်မှာ ပရီမီယာလိဂ်အသင်းတွေဟာ အားဖြည့်မှုတွေအပြိုင်အဆိုင်ပြုလုပ်ထားကြတာကြောင့်လည်း စိတ်ဝင်စားဖို့ကောင်းနေကာ ပွဲစဉ် ၁ မှာ ဘယ်လိုရလဒ်တွေထွက်လာမလဲ စောင့်ကြည့်ရမှာပါ။

### အာဆင်နယ် - လက်စတာ နံနက် ၁း၁၅ (၁၂-၈-၁၇)

အာဆင်နယ်ဟာ အိုဇေးလ်၊ ဆန်းချက်ဇ်တို့ကို ဆက်ထိန်းထားနိုင်သလို လာကာဇက်ကိုလည်း ခေါ်ယူထားနိုင်တာကြောင့် အသင်းလိုက်ခြေစွမ်းပိုင်းရော တိုက်စစ်ပိုင်းပါ ကောင်းမွန်လာနိုင်ပါတယ်။ အိမ်ကွင်းဖြစ်တာကြောင့်လည်း နိုင်ပွဲရယူနိုင်ဖို့အားစိုက်လာမှာဖြစ်ပြီး လက်စတာကလည်း အိုင်ဘိုရာအပါအဝင် အားဖြည့်မှုတွေကို ထိထိမိမိလုပ်ဆောင်ထားနိုင်ပါတယ်။ အကြိုတ်အနယ်ရှိနိုင်ကာ အာဆင်နယ် ကပ်ပြီးအနိုင်ရသွားနိုင်တယ်။

### ဝက်ဖို့ဒ် - လီဗာပူး ည ၆း၀၀ (၁၂-၈-၁၇)

အော်ဒီဖလားပွဲမှာ ဗိုလ်လုပွဲတက်ခဲ့ပြီး ပရီမီယာလိဂ်အာရှဖလားကိုလည်းရယူနိုင်ခဲ့တဲ့ လီဗာပူးရဲ့ ရာသီကြိုခြေစွမ်းကကောင်းမွန်ခဲ့ပါတယ်။ လယ်လာနာ ဒဏ်ရာရနေပေမယ့်လည်း ကော်တင်ဟို၊ မာနေး၊ ဖာမီနို၊ ဟန်ဒါဆန်တို့အပြင် ဆာလာလည်းရှိနေတာကြောင့် တိုက်စစ်နဲ့ ကွင်းလယ်က အားကောင်းနေဆဲဖြစ်ပါတယ်။ ဝက်ဖို့ဒ်ကတော့ အိမ်ကွင်းအားနဲ့ခံကစားမှာဖြစ်ပေမယ့်လည်းအသင်းလိုက် ခြေစွမ်းပိုင်းကတော့ အားနည်းမှုတွေရှိနေပါတယ်။ လီဗာပူးပဲ အနိုင်ရသွားဖို့ရှိပါတယ်။

### အဲဗာတန် - စတုတ် ည ၉း၃၀ (၁၂-၈-၁၇)

ရွန်းနီအပါအဝင် ကစားသမားကောင်းများစွာကို ခေါ်ယူထားခဲ့ခြင်းကြောင့် အဲဗာတန်ဟာ အသင်းလိုက်ခြေစွမ်းပိုင်း တည်ငြိမ်မှုအားနည်းလာနိုင်ပါတယ်။ ဒါပေမယ့်လည်း အိမ်ကွင်းဖြစ်တာကြောင့် အဲဗာတန်တို့ အားစိုက်လာမှာ သေချာနေသလို စတုတ်ကလည်း အာနူတိုဗစ်ကို ဆုံးရှုံးထားရတာကြောင့် တိုက်စစ်ပိုင်း အားနည်းမှုတွေဖြစ်လာနိုင်ပါတယ်။ အဲဗာတန်ပဲ ကပ်နိုင်မယ်။

### ဆောက်သမ်တန် - ဆွမ်ဆီး ည ၉း၃၀ (၁၂-၈-၁၇)

နှစ်သင်းစလုံး အပြောင်းအလဲနည်းပါးပေမယ့်လည်း ဆောက်သမ်တန်ရဲ့ အိမ်ကွင်းခြေကတော့ ကောင်းမွန်မှုရှိတတ်ပါတယ်။ အထူးသဖြင့် ဆွမ်ဆီးဟာ မနှစ်ကရာသီမှာ ခြေစွမ်းပိုင်းယိမ်းယိုင်ခဲ့တာကို ထိထိမိမိအားဖြည့်မှုပြုလုပ်ထားခြင်းမရှိတာကြောင့် ခြေစွမ်းပိုင်းက တိုးတက်လာနိုင်ခြေ အားနည်းနေပါတယ်။ ဒါကြောင့်လည်း ဆွမ်ဆီးအနေနဲ့ ဆောက်သမ်တန်ရဲ့အိမ်ကွင်းအားကို ထိန်းချုပ်နိုင်ဖို့ ခက်ခဲနေကာ ဆောက်သမ်တန်ကသာ ကပ်နိုင်ခြေရှိပါတယ်။

### ဝက်စ်ဘရွန်း - ဘုန်းမောက် ည ၉း၃၀ (၁၂-၈-၁၇)

အန်ကီ၊ ဒီဖိုးတို့အပါ ကစားသမားကောင်းအချို့ကို ခေါ်ယူထားနိုင်ခဲ့တဲ့ ဘုန်းမောက်အနေနဲ့ အသင်းလိုက်ကစားအား ကောင်းမွန်လာနိုင်ပါတယ်။ ဝက်စ်ဘရွန်းကတော့ အိမ်ကွင်းအားနဲ့ ဖိအားပေးနိုင်ဖို့ကြိုးစားလာမှာဖြစ်ပြီး အသင်းလိုက်ဟန်ချက်လည်း ကောင်းမွန်နေပါတယ်။ ဒါကြောင့်လည်း ဒီပွဲက အပြန်အလှန်ရှိမယ့်ပွဲဖြစ်လာနိုင်ကာ ဘုန်းမောက်တို့ အဝေးကွင်းခြေစွမ်းကျဆင်းတတ်တဲ့ အစဉ်အလာရှိတာကိုတော့ သတိပြုရဖို့ရှိပါတယ်။ ဘုန်းမောက် အမြင့်ဆုံးသရေလောက်ပဲရမယ်။

### ဘရိုက်တန် - မန်စီးတီး ည ၁၁း၀၀ (၁၂-၈-၁၇)

တန်းတက်အသင်းဖြစ်ပေမယ့်လည်း ဘရိုက်တန်ဟာ မနှစ်က ခြေစွမ်းပိုင်းကောင်းမွန်ခဲ့တာကို အားဖြည့်မှုတွေထပ်မံပြုထားပါတယ်။ ဒါပေမယ့်လည်း မန်စီးတီးအနေနဲ့လည်း ထိရောက်တဲ့အားဖြည့်မှုတွေကိုပြုလုပ်ထားကာ ရာသီအဖွင့်မှာ အမှတ်ပြည့်ရယူနိုင်ဖို့ အားစိုက်လာမှာသေချာနေပါတယ်။ အထူးသဖြင့် ကစားသမားအင်အားပိုင်းက ကွာဟနေတာကြောင့် ဘရိုက်တန်ရဲ့ အိမ်ကွင်းဖြစ်ပေမယ့် မန်စီးတီးကသာ နိုင်ပွဲရသွားနိုင်ပါတယ်။

### မန်ယူ - ဝက်စ်ဟမ်း ည ၉း၃၀ (၁၃-၈-၁၇)

မန်ယူက အဖွင့်ပွဲမှာ နိုင်ပွဲယူနိုင်ဖို့ အားစိုက်လာမှာ သေချာနေပါတယ်။ လူကာကူ၊ မာတစ်တို့ကိုလည်း ခေါ်ယူနိုင်ခဲ့တာကြောင့် အသင်းလိုက် ပိုမိုတောင့်တင်းနေပါတယ်။ အိမ်ကွင်းလည်းဖြစ်တယ်။ ဒါပေမယ့် မန်ယူဟာ ဥရောပစူပါဖလားပွဲကြောင့် ပွဲပန်းလာနိုင်သလို ဝက်စ်ဟမ်းကလည်း အသင်းကို စနစ်တကျအားဖြည့်မှုတွေလုပ်ဆောင်ထားတဲ့အသင်းဖြစ်ပြီး အသင်းလိုက်စုဖွဲ့မှုလည်း ကောင်းမွန်ပါတယ်။ မန်ယူတို့ မထင်မှတ်ဘဲအခက်တွေ့နိုင်ကာ ကပ်ပြီးသာနိုင်ခြေရှိပါတယ်။

### နယူးကာဆယ် - စပါး ည ၇း၀၀ (၁၃-၈-၁၇)

နယူးကာဆယ်ဟာ တန်းတက်အသင်းဖြစ်ပေမယ့်လည်း ပရီမီယာလိဂ် အတွေ့အကြုံပြည့်ဝကာ ဘင်နီတက်ဇ်လို မန်နေဂျာကောင်းမျိုးကိုလည်း ပိုင်ဆိုင်ထားပါတယ်။ အိမ်ကွင်းလည်းဖြစ်နေတာကြောင့် နယူးကာဆယ်အနေနဲ့ အမှတ်ရယူနိုင်ဖို့ အားစိုက်လာမှာသေချာနေပါတယ်။ စပါးကတော့ ဝေါ်လ်ကာကို ဆုံးရှုံးထားရပေမယ့်လည်း ပြန်လည်အားဖြည့်မှုတွေပြုလုပ်ထားနိုင်ခြင်း မရှိသေးပါဘူး။ နယူးကာဆယ် အိမ်ကွင်းမှာ သရေလောက်ရမယ်။

### ပဲလေ့စ် - ဟက်ဒါဖီးလ် ည ၉း၃၀ (၁၂-၈-၁၇)

အိမ်ကွင်းမှာ ကစားအားကောင်းတတ်တဲ့အစဉ်အလာကို ပိုင်ဆိုင်ထားတဲ့ ပဲလေ့စ်ဟာ လက်ရှိအချိန်မှာလည်း အပြောင်းအလဲနည်းပါးနေတာကြောင့် အသင်းလိုက်ခြေစွမ်းပိုင်း ကောင်းမွန်မှုရှိလာနိုင်ပါတယ်။ ဟက်ဒါဖီးလ်ကတော့ အသင်းကို အားဖြည့်မှုတွေပြုလုပ်ထားပေမယ့်လည်း ပဲလေ့စ်ရဲ့ အိမ်ကွင်းခြေစွမ်းကိုတော့ ထိန်းချုပ်နိုင်ဖို့ ခက်ခဲမှုတွေရှိလာနိုင်ပါတယ်။ ပဲလေ့စ်တို့ အိမ်ကွင်းအားနဲ့ ဖိအားပေးလာမှာဖြစ်သလို နိုင်ပွဲလည်း ကပ်ရနိုင်ပါတယ်။

### ချယ်လ်ဆီး - ဘန်လေ ည ၉း၃၀ (၁၂-၈-၁၇)

ကော်စတာထွက်ခွာသွားတဲ့အပြင် မာတစ်၊ တယ်ရီတို့ကို ဆုံးရှုံးခဲ့ရကာ မိုရာတာ၊ ဘာကာယိုကို၊ ရူဒီဂါတို့ကို ပြန်လည်ခေါ်ယူနိုင်ခဲ့တဲ့ ချယ်လ်ဆီးဟာ နေရာစုံမှာ အပြောင်းအလဲရှိနေပါတယ်။ ဒါပေမယ့် ချယ်လ်ဆီးက အိမ်ကွင်းဖြစ်တာကြောင့် အားစိုက်လာမှာဖြစ်သလို ဘန်လေကလည်း မနှစ်ကတည်းက အဝေးကွင်းခြေစွမ်းပိုင်းအားနည်းမှုတွေရှိနေပါတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာ ချယ်လ်ဆီးကသာ နိုင်ပွဲရသွားဖို့ရှိနေပါတယ်။

# ရှေ့နေရှေ့ရပ်များ၏ကျင့်ဝတ်သိက္ခာနှင့်စပ်လျဉ်း၍

ဦးတင်ဝင်း

ရှေ့နေရှေ့ရပ်များဆိုသည်မှာ တရားလွှတ်တော်ရှေ့နေများ (Advocates) နှင့် ရှေ့နေများ (Pleaders) ကိုဆိုလိုပါသည်။ တရားလွှတ်တော်ရှေ့နေကို တရားရုံးချုပ်ရှေ့နေများကောင်စီ အက်ဥပဒေ(The Bar Council Act) ပုဒ်မ ၉ အရလည်းကောင်း၊ ရှေ့နေများကို ရှေ့နေများအက်ဥပဒေ(The Legal Practitiouers Act) ပုဒ်မ ၆၊ ၇ နှင့် ၈ တို့အရပြုသည့် နည်းဥပဒေများအရ လည်းကောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ရှေ့နေအဖြစ်လိုက်ပါ ဆောင်ရွက်ခွင့်ပြုပါသည်။

ရှေ့နေရှေ့ရပ်များ လိုက်နာအပ်သော ကျင့်ဝတ်သိက္ခာများဟူ၍ ဥပဒေပြဋ္ဌာန်းထားခြင်း မရှိပါ။ မိမိ၏လုပ်ငန်းအပေါ် တာဝန်သိသိ သစ္စာရှိရှိ ပြည့်ဝသော သဘောထားဖြင့် ဆောင်ရွက်သူတို့အဖို့ အထူးသတ်မှတ်ပြဋ္ဌာန်းရန်ပင် လိုအပ်မည် မဟုတ်ပါ။

ကျင့်ဝတ်သိက္ခာဟူသည် ကောင်းမြတ်သောကိုယ်ကျင့်တရားပင်ဖြစ်ပါသည်။ တစ်နည်းအားဖြင့် အမှန်နှင့်အမှား၊ အကောင်းနှင့် အဆိုး၊ တရားနှင့် မတရား၊ ဓမ္မနှင့် အဓမ္မခွဲခြားနားလည်ပြီး မိမိ၏စိတ်သဘောကို သန့်ရှင်းစင်ကြယ်စေလျက် မကောင်းမှု၊ မမှန်ကန်မှု၊ မတရားမှုများကို ဖယ်ရှားကာ ကောင်းမွန်မှု၊ မှန်ကန်မှု၊ တရားမျှတမှုတို့ကို ကြိုးပမ်းပြည့်စုံစေရန်ပင်ဖြစ်ပါသည်။ သို့ဖြစ်၍လည်း ရှေ့နေရှေ့ရပ်များတို့၏ ကျင့်ဝတ်သိက္ခာများနှင့်စပ်လျဉ်း၍ တရားရုံးချုပ်ရှေ့နေများကောင်စီ အက်ဥပဒေတွင် အတိအလင်း ဖွင့်ဆိုထားခြင်းမရှိဘဲ အခါအားလျော်စွာ ပေါ်ပေါက်လာသောကိစ္စရပ်များနှင့် စပ်လျဉ်း၍ တရားရုံးချုပ်က ချမှတ်သည့် စီရင်ထုံးများတွင်သာ လမ်းညွှန်ချက်များကို တွေ့ရှိရခြင်းဖြစ်ပါသည်။

များစွာသော ရှေ့နေကြီးများသည် မိမိတို့၏မွန်မြတ်သော ရှေ့နေရှေ့ရပ်လုပ်ငန်းတာဝန်များကို ရိုသေလေးစားလျက် စောင့်စည်းလိုက်နာအပ်သော ကျင့်ဝတ်သိက္ခာများကို စောင့်စည်း လိုက်နာခဲ့ကြပါသည်။ ရှေ့နေရှေ့ရပ်များ၏လုပ်ငန်းသည် တရားစီရင်ရေးတွင် တရားမျှတ မှန်ကန်မှုရှိရေးတို့အတွက် အကျိုးဆောင်ပေးရသည့် မွန်မြတ်သော အသက်မွေးဝမ်းကျောင်း လုပ်ငန်းတစ်ရပ်ဖြစ်ပါသည်။ ယင်းလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်ကြမည့်ပုဂ္ဂိုလ်တို့သည် လိုအပ်သော ပညာအရည်အချင်းများ ပြည့်စုံကြရမည့်အပြင် လုပ်ငန်းနှင့်လိုက်လျောညီထွေသော ကျင့်ဝတ်သိက္ခာများ ပြည့်စုံရန်လည်း လိုအပ်ပါသည်။

ယခုအခါ ရှေ့နေရှေ့ရပ်များအဖြစ် အသက်မွေးဝမ်းကျောင်းပြုသူများ တစ်နှစ်ထက်တစ်နှစ် တိုးတက်များပြားလာရာ ရှေ့နေရှေ့ရပ်တို့၏ ကျင့်ဝတ်သိက္ခာများ၊ တာဝန်ဝတ္တရားများ၊ စည်းကမ်းနည်းလမ်းများနှင့် အခွင့်အရေးများကို ကောင်းစွာ သိရှိနားလည်လိုက်နာကျင့်သုံးကြရန် အထူးလိုအပ်လျက်ရှိသည်မှာ အငြင်းပွားဖွယ်မရှိသော အချက်တစ်ရပ်ဖြစ်ပါသည်။ ကျင့်ဝတ်သိက္ခာ၊ တာဝန်နှင့် အခွင့်အရေးများကို အကျဉ်းမျှတင်ပြလိုပါသည်။

**(က) လုပ်ငန်းနှင့်စပ်လျဉ်းသည့် ကျင့်ဝတ်သိက္ခာများ**

ရှေ့နေရှေ့ရပ်နှင့်စပ်လျဉ်း၍ဖြစ်စေ၊ အခြားကိစ္စနှင့်စပ်လျဉ်း၍ဖြစ်စေ၊ အကျင့်သိက္ခာပျက်ပြားသော တရားလွှတ်တော်ရှေ့နေတစ်ဦးတစ်ယောက်အား တရားရုံးချုပ်က သတိပေးခြင်း၊ ရှေ့နေလိုက်ခွင့် ရပ်ဆိုင်းခြင်း၊ ရှေ့နေအဖြစ်မှ ထုတ်ပယ်ခြင်းတို့ကို ပြုလုပ်နိုင်ပါသည်။ တရားရုံးချုပ် ရှေ့နေများကောင်စီအက်ဥပဒေ ပုဒ်မ ၁၀ (၁) ကို ရည်ညွှန်းပါသည်။

ရှေ့နေအဖြစ် ဝင်ခွင့်ရပြီးသူ တစ်ဦးတစ်ယောက်သည် ကုန်သွယ်မှု သို့မဟုတ် အခြားစီးပွားရေးလုပ်ငန်းတစ်ခုခုတွင် ဝင်ရောက်လုပ်ကိုင်လျှင် ထိုသို့လုပ်ကိုင်ကြောင်းကို ပြည်ထောင်စု တရားလွှတ်တော်ချုပ်သို့ စာဖြင့်ရေးသား၍ အကြောင်းကြားရပါမည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ထိုတရားလွှတ်တော်ရှေ့နေအား တရားရုံးချုပ်ရှေ့နေအဖြစ် ဝင်ခွင့် နည်းဥပဒေ ၁၁ (၂) အရ ရှေ့နေလိုက်ခြင်းမှ ခေတ္တရပ်စဲထားနိုင်ပါသည်။ သို့မဟုတ် သင့်လျော်သည်ထင်မြင်သည့်အမိန့်များ ချမှတ်နိုင်ပါသည်။

အထက်တန်းရှေ့နေများနှင့် ပတ်သက်၍လည်း အလားတူပင် ၁၉၅၅ ခုနှစ်၊ ရှေ့နေအဖြစ် ဝင်ခွင့်နည်းဥပဒေများ ၂၇ နှင့် တရားရုံးများ လက်စွဲအပိုဒ် ၇ တွင် ပြဋ္ဌာန်းထားပါသည်။

ရှေ့နေရှေ့ရပ်များသည် အမှုလိုက်ပါဆောင်ရွက်ရာတွင် မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ မည်သည့်နည်းနှင့်မဆို မိမိအမှုသည်ဘက်မှသာ ရပ်တည်မည်ဟူသော အတွေးအခေါ်မျိုးကို စွန့်လွှတ်သင့်ပါသည်။

မိမိတို့၏ရှေ့နေရှေ့ရပ်လုပ်ငန်းကို ငွေရပေါက်အဖြစ်သာ သဘောထားပါက တရားမျှတရေးဦးတည်ချက် အနှစ်သာရပျောက်ပြီး အမှုအနိုင်ရရှိရေးကိုသာ စိတ်ဝင်စားနေတတ်မည်ဖြစ်ပါသည်။

ရှေ့နေရှေ့ရပ်များသည် မဟုတ်မမှန် လုပ်ကြံသည့် တိုင်စာ၊ ပစ်စာများ ရေးသားပေးခြင်း၊ ကိုယ်တိုင်လက်မှတ်ရေးထိုးပေးခြင်း မပြုသင့်ပါ။ ထို့အတူ ဥပဒေနှင့်အညီ အယူခံမှု၊ ပြင်ဆင်မှု တတ်နိုင်ပါလျက် နိုင်ငံတော်အာဏာပိုင်အဖွဲ့အစည်းများသို့ တိုင်စာများ ရေးသားပေးခြင်း မပြုအပ်ပါ။

ရှေ့နေရှေ့ရပ်လုပ်ငန်းအား အစဉ်အလာအရမွန်မြတ်သည့်လုပ်ငန်းအဖြစ် သတ်မှတ်ထားကြပါသည်။ ယင်းလုပ်ငန်းကို ဆောင်ရွက်ရာတွင် သိက္ခာရှိစွာနှင့် တည့်မတ်မှန်ကန်စွာ ဆောင်ရွက်ကြရန် အထူးအရေးကြီးပါသည်။

ရှေ့နေရှေ့ရပ်တစ်ဦးတစ်ယောက်၏ ဖောက်လဲဖောက်ပြန်ပြုမှုကြောင့် ရှေ့နေလုပ်ငန်း တစ်ရပ်လုံးကို အထင်သေးသူများ၊ အမြင်လွဲမှားသူများရှိနိုင်သဖြင့် ရှေ့နေများသည် ရှေ့နေ ရှေ့ရပ်လောကဂုဏ်သိက္ခာ မထိပါး၊ မကျဆင်း၊ မညစ်နွမ်းစေရအောင် အကျင့်ဖောက်ဖျက်မှုများကို ထာဝစဉ် သတိဆောင်၍ အသိနှင့်ရှောင်သင့်ပါသည်။

**(ခ) တရားရုံးများနှင့်စပ်လျဉ်းသည့် ကျင့်ဝတ်သိက္ခာများ**

ရှေ့နေရှေ့ရပ်များသည် တရားရုံးအရာရှိကြီးများဖြစ်၍ အမှန်တရားကို ဖြစ်ထွန်းစေရန် တရားရုံးများကို ကူညီဆောင်ရွက်ကြသည့် မွန်မြတ်သော အသက်မွေးဝမ်းကျောင်းပြုသူ အသိပညာရှင်ကြီးများဖြစ်သင့်သည်ဟု ပြည်ထောင်စုတွင် ဦးခင်မောင်အမှု (၁၉၉၆ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး စာ - ၃၁) တွင် တရားရုံးချုပ်က ထုတ်ဖော်ညွှန်ပြပါသည်။ ရှေ့နေရှေ့ရပ်များသည် တရားရုံးအပေါ် မထီမဲ့မြင်ပြုရာရောက်သည့် အပြုအမူများကို သတိထား၍ ရှောင်ရှားသင့်ပါသည်။ တရားရုံးအပေါ် မထီမဲ့မြင်ပြုပါက ရာဇသတ်ကြီး ပုဒ်မ ၂၂၈ အရသော်လည်းကောင်း၊ တရားရုံးကို မထီမဲ့မြင်ပြုမှုအက်ဥပဒေ ပုဒ်မ ၃ အရလည်းကောင်း အရေးယူခြင်းခံရမည်ကို သတိချပ်အပ်ပါသည်။

တရားသူကြီးနှင့် တရားရေးအကြံပေးတို့အား ပေးရန်ဟုဆိုကာ အမှုသည်ထံ ငွေတောင်းခံသော ရှေ့နေတစ်ဦး၏ လုပ်ရပ်သည် ကျင့်ဝတ်သိက္ခာနှင့် လုံးဝညီညွတ်ခြင်း မရှိကြောင်း ဆင်ခြင်သင့်ပါသည်။

ရှေ့နေသည် တရားသူကြီးနှင့် ခင်မင်ရင်းနှီးသော မိတ်ဆွေဖြစ်နေပါကလည်း ယင်းသို့ ခင်မင်ရင်းနှီးကြောင်း တရားရုံးရှေ့တွင် အမူအရာ၊ အပြောအဆိုအားဖြင့်အထင်အရှား မပြုအပ်ပါ။ ထို့အတူ မိမိအမှုအနိုင်ရရှိရေးအတွက် တရားသူကြီးအား တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ၊ မြောက်ပင့်ပြောဆိုခြင်း၊ မိမိလိုက်ပါဆောင်ရွက်သော အမှုအကြောင်းအရာများကို တရားရုံးပြင်ပတွင် တရားသူကြီးနှင့် ဆွေးနွေးပြောဆိုခြင်း မပြုအပ်ပါ။

အမှန်စင်စစ် ရှေ့နေလုပ်ငန်းသည် သာမန်ပုဂ္ဂိုလ်များ ဆောင်ရွက်ရန်ခက်ခဲသည့် မွန်မြတ်သော အကျိုးဆောင်လုပ်ငန်းဖြစ်ပါသည်။ ရှေ့နေရှေ့ရပ်များသည် မိမိအမှုသည်အတွက်လည်း အားထားဖွယ်ဖြစ်စေ၊ တစ်ဖက်အမှုသည်၏ ယုံကြည်မှုလည်းခံရစေ၊ တရားရုံးအားလည်း အကူအညီဖြစ်စေ၊ ဤသို့ဖြစ်ထွန်းလာအောင်ထိန်းသိမ်းဆောင်ရွက်နိုင်ပါမှ "တရားရုံးဆိုတာ ပြည်သူအများ ဥပဒေအရ နစ်နာဆုံးရှုံးမှုမဖြစ်ရလေအောင် ကူညီစောင့်ရှောက်ရတဲ့၊ ပြည်သူအများ ယုံကြည်ကိုးစားအားထားရမယ့်၊ သစ္စာသမာဓိရှိသူများ စုဝေးကြတဲ့ နေရာတစ်နေရာ ဖြစ်ရမှာဖြစ်တယ်၊ အဲဒီလိုဖြစ်ဖို့လည်း ကြိုးစားကြရမှာဖြစ်တယ်" ဆိုသည့် ရည်မှန်းချက် ပေါက်ရောက်စေရန် တစ်တပ်တစ်အား ဆောင်ရွက်ရာရောက်မည်ဖြစ်ကြောင်း (၁၉၉၆ ခုနှစ်၊ မြန်မာနိုင်ငံ စီရင်ထုံး စာ- ၃၁) မှာပင် ရှင်းလင်းပြဆိုထားပါသည်။

**(ဂ) ရှေ့နေရှေ့ရပ်များ၏ တာဝန်များ**

ရှေ့နေရှေ့ရပ်များသည် မိမိတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်လျှင် လုပ်ငန်းအောင်မြင်နိုင်ပါသည်။တာဝန်ကျေပွန်ခြင်းသည် အောင်မြင်ရေး၏သော့ချက်ဖြစ်ပါသည်။

ရှေ့နေလုပ်ငန်းသည် အကျိုးဆောင်လုပ်ငန်းဖြစ်သည့်အားလျော်စွာ ရှေ့နေရှေ့ရပ်များ အနေဖြင့် အခကြေးငွေကို အဓိကမထားဘဲ တာဝန်ထမ်းဆောင်မှုကို အဓိကထားသင့်ပါသည်။ မိမိတစ်ဦးချင်း၏ အကျိုးစီးပွားနှင့် ရှေ့နေရှေ့ရပ်လုပ်ငန်းတစ်ရပ်လုံး၏ အကျိုးစီးပွားတို့ ယှဉ်လာသောအခါ ရှေ့နေရှေ့ရပ်လုပ်ငန်းတစ်ရပ်လုံး၏ အကျိုးစီးပွားကို ဦးစားပေးရပါမည်။

ရှေ့နေရှေ့ရပ်များအနေဖြင့် မိမိတို့၏ကြိုးပမ်းချက်သည် အမှုအနိုင်ရရှိရေးတစ်ခုတည်း အတွက်သာမဟုတ်ဘဲ အမှန်တရားကို ရှာဖွေ၍ ဥပဒေနှင့်အညီ မျှတစွာ စီရင်ဆုံးဖြတ်ရသော တရားရုံးအား အထောက်အကူဖြစ်စေရမည်ဟု ခံယူချက်ထားရှိသင့်ပါသည်။

ရှေ့နေဆိုသည်မှာ အမှုနှင့်ဆက်စပ်သည့် များပြားသော အချက်အလက်များနှင့် ဥပဒေ ပြဋ္ဌာန်းချက်များ၊ လုပ်ထုံးလုပ်နည်းများကို လေ့လာစုဆောင်းကြရ၍ လုံ့လဝီရိယဖြင့် ကြိုးစား အားထုတ်ရသူများဖြစ်ပါသည်။

ရှေ့နေရှေ့ရပ်များသည် တရားရုံးချုပ်နှင့် တရားရုံးချုပ် ရှေ့နေများကောင်စီမှ အခါအားလျော်စွာ ထုတ်ဝေသော ညွှန်ကြားချက်များကို ဂရုပြုလေ့လာခြင်း၊ ဥပဒေများ၊ စီရင်ထုံးများနှင့် အစဉ်အမြဲ ပြောင်းလဲတိုးတက်နေသော ဥပဒေပညာဆိုင်ရာ အတွေးအမြင်များကိုမျက်ခြည်မပြတ် လေ့လာခြင်းပြုအပ်ပါသည်။

ရှေ့နေတစ်ဦးသည် မိမိအား ယုံကြည်၍ အပ်နှံခဲ့သော အမှုကို ယုံကြည်ခြင်းခံရသည့်အတိုင်းလိုက်ပါ ဆောင်ရွက်ရန် အမှုသည်အပေါ် တာဝန်ရှိသကဲ့သို့ ရှေ့နေရှေ့ရပ်များသည်တရားရုံးအရာရှိများဖြစ်သည်နှင့်အညီ တရားစီရင်ရေးလုပ်ငန်းတွင် သစ္စာရှိရှိ သမာဓိတည်တည် ရိုးသားဖြောင့်မတ်စွာ ဆောင်ရွက်ရန်လည်းကောင်း၊ တရားရုံးကို ရိုသေ၍ တရားရုံး၏ အဓိက ရည်မှန်းချက်ဖြစ်သော မှန်မှန်နှင့် မြန်မြန်တရားစီရင်ရေး အောင်မြင်အောင် ဝိုင်းဝန်းကူညီ ဆောင်ရွက်ရန်လည်းကောင်း တာဝန်ရှိပါသည်။ ထို့ပြင် နိုင်ငံတော်ကို ကိုယ်စားပြုကာ တရားစီရင်ကြရသော တရားသူကြီးများအား လေးလေးစားစားဆက်ဆံရန် တာဝန်ရှိသည်ဖြစ်ရာ တရားသူကြီးများအား မလေးမခန့် မချေမငံ ဆက်ဆံပြုမူခြင်းအလျဉ်း မပြုသင့်ပါ။ တရားသူကြီးများနှင့် ရှေ့နေရှေ့ရပ်တို့အကြား အပြန်အလှန် လေးစားမှုရှိသင့်ပါသည်။

ရှေ့နေရှေ့ရပ်များသည် တရားရုံးက မပျက်မကွက် ကြားနာရန် ချိန်းဆိုထားသောနေ့ရက်တွင် သိလျက်နှင့် ပျက်ကွက်ပါက အလွန်ပေါ့ဆလစ်ဟင်းကြောင်း ပေါ်လွင်စေသည်ကို သတိပြုသင့်ပါသည်။ အမှုကြန့်ကြာစေရန် ရည်ရွယ်ပြီး အကြောင်းအမျိုးမျိုးပြကာ ရက်ချိန်းတောင်းခြင်း မပြုလုပ်သင့်ပါ။ တရားမမှုများတွင် အကြောင်းအချက် ခိုင်လုံခြင်းမရှိသော လျှောက်လွှာအမျိုးမျိုးကို တင်သွင်းကာ အချိန်ဆွဲခြင်း မပြုလုပ်အပ်ပါ။ တစ်ဖက်ရှေ့နေ၏လုပ်ဆောင်မှုတွင် လုပ်ထုံးလုပ်နည်း မှားယွင်းနေသည်ကို တွေ့ရှိပါက ညွှန်ပြပေးသင့်ပါသည်။ မှားယွင်းနေမှုကို မညွှန်ပြပါက အမှုပိုမို၍ ကြန့်ကြာနိုင်သည်ကို သတိမူရမည်ဖြစ်ပါသည်။

**(ဃ) ရှေ့နေရှေ့ရပ်များ၏ အခွင့်အရေးများ**

ရှေ့နေရှေ့ရပ်များသည် ဉာဏစွမ်းအားရှင်များ ဖြစ်ကြပါသည်။ မိမိတို့ စိုက်ထုတ်ပေးအပ်သော လုပ်အားစွမ်းအားအလိုက် အကျိုးခံစားခွင့်များအဖြစ် လုပ်ခကြေးငွေများ၊ ရှေ့နေလိုက်ခများကို ရရှိခံစားနိုင်ကြပါသည်။

တရားလွှတ်တော်ရှေ့နေများသည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင်လည်းကောင်း၊ တရားလွှတ်တော်ချုပ်၏လက်အောက်ခံ တရားရုံးများတွင်လည်းကောင်း၊ ခုံရုံးများတွင်လည်းကောင်း ဥပဒေနှင့်အညီ သက်သေခံချက်ရယူပိုင်ခွင့်ရှိသော အခြားခုံအဖွဲ့ သို့မဟုတ် ပုဂ္ဂိုလ်ရှေ့တွင်လည်းကောင်း တည်ဆဲဥပဒေအရ လိုက်ပါဆောင်ရွက်ခွင့်ပြုသော အခြားအာဏာပိုင်သို့မဟုတ် ပုဂ္ဂိုလ်ရှေ့တွင်လည်းကောင်း တရားရုံးချုပ်ရှေ့နေများကောင်စီဥပဒေ ပုဒ်မ ၁၄ (၁) အရ လိုက်ပါဆောင်ရွက်ခွင့်ရှိပါသည်။

ရှေ့နေရှေ့ရပ်များသည် အမှုသည်ကဖြစ်စေ၊ အခွင့်ရကိုယ်စားလှယ်ကဖြစ်စေ၊ အာဏာလွှဲအပ်ခံရသူကဖြစ်စေ ရှေ့နေကိုယ်စားလှယ်လွှဲစာတွင် လက်မှတ်ရေးထိုးခန့်ထားခြင်းခံရပါက တရားမကျင့်ထုံးအမိန့် ၃ အရ အမှုလိုက်ပါဆောင်ရွက်ခွင့်ရှိပြီး ရှေ့နေငှားရမ်းသူက လွှဲအပ်ခန့်ထားခြင်းကို ရုပ်သိမ်းလျှင် ဆက်လက်လိုက်ပါဆောင်ရွက်ခွင့် မရှိတော့သည်ကို သတိပြုရပါမည်။

ရှေ့နေရှေ့ရပ်များသည် ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးသူအရာရှိက ခွင့်ပြုလျှင် ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးမှုတွင် လိုက်ပါဆောင်ရွက်နိုင်ပါသည်။

ရှေ့နေရှေ့ရပ်များသည် ရဲလက်စွဲအပိုဒ် ၁၁၉၈ အရ ရဲအချုပ်ရှိ အချုပ်သားနှင့် နေထွက်မှ နေဝင်စပ်ကြားကာလအတွင်း အချုပ်ခန်းစောင့်တာဝန်ရှိရဲ၏ ခွင့်ပြုချက်ဖြင့် တွေ့ဆုံစကားပြောခွင့်ရှိပါသည်။ ရဲစခန်းမှူး၏ ခွင့်ပြုချက်ဖြင့် အချုပ်သားအား အချုပ်ခန်းတွင်းမှထုတ်၍ တွေ့ဆုံစကားပြောခွင့်ရှိပါသည်။ အလားတူပင် အကျဉ်းထောင်လက်စွဲအပိုဒ် ၇၉၀ အရ အကျဉ်းထောင်ရှိ အမှုစစ်ဆေးဆဲ အကျဉ်းသားအား တွေ့ဆုံလိုပါက ထောင်အရာရှိမြင်နိုင်၍ မကြားနိုင်သောနေရာတွင် တွေ့ဆုံခွင့်ရှိပါသည်။

ရှေ့နေလိုက်သူများအက်ဥပဒေပုဒ်မ ၄၂ နှင့် ၄၃ အရ ရှေ့နေရှေ့ရပ်များသည် အမှုလိုက်ပါ ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်းသည့် စည်းကမ်းချက်များနှင့် မိမိရယူမည့် ရှေ့နေခများကို ငှားရမ်းသူနှင့် နှစ်ဦးသဘောတူသတ်မှတ်ခြင်းနှင့် ငှားရမ်းသူနှင့် နှစ်ဦးသဘောတူ သတ်မှတ်ထားသော ရှေ့နေခများအတွက်ဖြစ်စေ၊ ယင်းသို့ သဘောတူသတ်မှတ်ခဲ့ခြင်းမရှိပါက ဥပဒေနှင့်အညီကျသင့် သော ရှေ့နေခများအတွက်ဖြစ်စေ၊ တရားစွဲဆိုတောင်းခံရယူပိုင်ခွင့်ရှိခြင်းစသည့်အခွင့်အရေးများရှိပါသည်။

ထို့ပြင် ရှေ့နေရှေ့ရပ်များသည် ကုမ္ပဏီများ၊ အစုစပ်လုပ်ငန်းများနှင့် ဖက်စပ်လုပ်ငန်းများတွင် ဥပဒေအကြံပေးအဖြစ် ဆောင်ရွက်ခွင့်ရှိခြင်း၊ တက္ကသိုလ်များနှင့် အစိုးရဌာနများက ဦးစီးဖွင့်လှစ်သည့်သင်တန်းများတွင် ဥပဒေပညာများကို အချိန်ပိုင်းပို့ချခွင့်ရှိခြင်း၊ တရားလွှတ်တော်ချုပ်က သတ်မှတ်ပြဋ္ဌာန်းထားသည့် အရည်အချင်းနှင့် လုပ်သက်အလိုက် နိုထရီပဗ္ဗလစ်အဖြစ် ခန့်အပ်ရန် လျှောက်ထားပိုင်ခွင့်ရှိခြင်းတို့ကို မှတ်သားထားသင့်ပါသည်။

**နိဂုံး**

တရားဥပဒေစိုးမိုးရေးနှင့် တရားစီရင်ရေးမဏ္ဍိုင်ကြံ့ခိုင်ရေးအတွက် ဥပဒေလုပ်ငန်းတွင် ကျွမ်းကျင်သော ဥပဒေပညာရှင်များ၊ ရှေ့နေရှေ့ရပ်လုပ်ငန်းတွင် အရည်အချင်းပြည့်ဝသော ရှေ့နေရှေ့ရပ်များ လိုအပ်ပါသည်။ အရည်အချင်းဆိုသည်မှာ ဥပဒေတတ်ကျွမ်းမှု၊ စိတ်ထားကောင်းမွန် မှန်ကန်မှု၊ ကျင့်ဝတ်သိက္ခာ လိုက်နာစောင့်စည်းမှုတို့ဖြစ်ပါသည်။

ရှေ့နေရှေ့ရပ်များ လိုက်နာအပ်သော ကျင့်ဝတ်သိက္ခာအချို့ကို ရှေ့နေလိုက်သူများအက်ဥပဒေ၊ တရားမကျင့်ထုံးဥပဒေ၊ ပစ္စည်းလွှဲပြောင်းခြင်းဥပဒေ၊ သက်သေခံဥပဒေစသော ဥပဒေများ၊ တရားရုံးများလက်စွဲနှင့်တရားရုံးချုပ် ညွှန်ကြားလွှာ စသည်တို့တွင် တွေ့ရှိနိုင်ပါသည်။

ရှေ့နေကြီး ဦးအောင်သိန်းကိစ္စ (၁၉၆၈ မြန်မာနိုင်ငံစီရင်ထုံး စာ- ၂၈၀) တွင် တရားရုံးချုပ်က -ရှေ့နေများသည် အမှန်တရားဖြစ်ထွန်းစေရန် ရုံးအရာရှိများသဖွယ် ကူညီဆောင်ရွက်ကြရပါသည်။ ပြည်သူတို့၏ အကျိုးဆောင်လည်းဖြစ်ပါသည်။ သို့အတွက် မိမိအမှုသည်များဖြစ်သည့် ပြည်သူ့အတွက် သစ္စာရှိရန်လိုသကဲ့သို့ တရားရုံးများအပေါ်တွင်လည်း သစ္စာထားရန် လိုပါသည်။ ရှေ့နေများ၏ကျင့်ဝတ်သိက္ခာ ပုဒ်မများကို အကျယ်တဝင့် အပြည့်အစုံ ရေးသားထားခြင်းမရှိသော်လည်း လက်တွေ့ကျင့်စဉ်နှင့် စီရင်ထုံးများအရ အထူးသင်ကြားပြသရန် မလိုသော ကိုယ်ကျင့်တရားများဖြစ်ကြောင်း လမ်းညွှန်ချက်ကို နှလုံးသွင်းအပ်ပါသည်။

ရှေ့နေရှေ့ရပ်များသည် ကျင့်ဝတ်သိက္ခာများကို စောင့်စည်းလိုက်နာအပ်ပါသည်။ စောင့်စည်းခြင်းကြောင့် အပြစ်မရှိပါ။ အစွပ်အစွဲ ကင်းပါသည်။ အေးမြချမ်းသာပါသည်ဟု အဆုံးသတ် တင်ပြအပ်ပါသည်။

**ကျမ်းကိုး** - ရှေ့နေရှေ့ရပ်များ၏ကျင့်ဝတ်သိက္ခာများ၊ တာဝန်များနှင့် အခွင့်အရေးများ
မြန်မာနိုင်ငံစီရင်ထုံး
တရားရုံးများလက်စွဲ

# အောင်လံမြို့နယ်တွင် ယခင်ထက်ကောင်းမွန်သော ဗို့အားများဖြင့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်တော့မည်

**အောင်လံ ဩဂုတ် ၉**

လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း မကွေးတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်သန်းသည် ဩဂုတ် ၅ ရက်တွင် အောင်လံမြို့သို့ သွားရောက်၍ အာရှဖွံ့ဖြိုးရေးဘဏ် (ADB)ချေးငွေဖြင့် ဆောင်ရွက်ပြီးစီးခဲ့သည့် ၆၆/၆ ဒသမ ၆ KV, (5)MVA ထရန်စဖော်မာအား ၆၆/၁၁KV, (10)MVA ထရန်စဖော်မာဖြင့် တိုးချဲ့တပ်ဆင်ပြီးစီးနေမှုနှင့်မြို့နယ်အတွင်း ၆ ဒသမ ၆ ကေဗွီ ဓာတ်အား စနစ်မှ(၁၁)ကေဗွီ ဓာတ်အားစနစ်သို့ပြောင်းလဲ၍ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေးအတွက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများအား ကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးဆောင်ရွက်ရာတွင် ဌာနပစ္စည်းများအား အလေအလွင့်မရှိစေရေး၊ မူလအသုံးပြုခဲ့သည့် ဆယ်တင်ပစ္စည်းများအား စနစ်တကျပြန်လည်အပ်နှံရေး၊ လုပ်ငန်းခွင်အန္တရာယ် ကင်းရှင်းရေး၊ ဓာတ်အားပြတ်တောက်မှုအချိန် အနည်းဆုံးဖြင့် လုပ်ငန်းများအကျိုးရှိစွာ ဆောင်ရွက်နိုင်ရေး၊ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးတို့အား တိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာက ဆွေးနွေးမှာကြားခဲ့သည်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းအနေဖြင့် အောင်လံမြို့နယ်အတွင်း ဗို့အားပြည့်ဝစွာဖြင့် ဓာတ်အားဖြန့်ဖြူးနိုင်ရေးအတွက် ၆၆/၆ ဒသမ ၆ KV,(5) MVA ထရန်စဖော်မာအား ၆၆/၁၁KV, (10) MVA ထရန်စဖော်မာဖြင့် လဲလှယ်တပ်ဆင်ခြင်း၊ လက်ရှိဓာတ်အား ဖြန့်ဖြူးပေးလျက်ရှိသော ၆ ဒသမ ၆ ကေဗွီ ဓာတ်အားလိုင်းများအား ၁၁ ကေဗွီ ဓာတ်အားလိုင်း ၁၈ ဒသမ ၉ မိုင်ဖြင့် အစားထိုးတည်ဆောက်ခြင်း၊ ၄၀၀ ဗို့ဓာတ်အားလိုင်းရှိ



ဆွေးမြည့်သစ်သားတိုင် ၁၀၅၀ တိုင်အား ကွန်ကရစ်တိုင်များဖြင့် အစားထိုးလဲလှယ်ခြင်း၊သတ်မှတ်အရွယ်အစားမပြည့်မီသော ACSR 35 mm2 ကြိုးများအား ABC 70 mm2 ကြိုးများဖြင့် အစားထိုးလဲလှယ်ခြင်း၊ ၁၁/၀၄ ကေဗွီ ၂၀၀ ကေဗွီအေ ထရန်စဖော်မာ ၇၇ လုံးအသစ်တိုးချဲ့တည်ဆောက်ခြင်းများကို (ADB)ချေးငွေဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့အချိန်တွင် တည်ဆောက်ရေးလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

သရက်ခရိုင် အောင်လံမြို့နယ်တွင် ယခင်က ဓာတ်အားသုံးစွဲသူပြည်သူများ စက်ရုံအလုပ်ရုံများသို့ ၆ ဒသမ ၆ ကေဗွီဓာတ်အားစနစ်ဖြင့် ဓာတ်အားဖြန့်ဖြူးပေးလျှက်ရှိရာမှ ဩဂုတ် ၄ ရက်တွင် မလေးဖီဒါ၊ ပန်းမတဖီဒါ၊ ဓာတ်အားခွဲသုံးဖီဒါများအားလည်းကောင်း၊ ဩဂုတ် ၇ ရက်တွင် မင်းကြိုက်ဖီဒါ၊ ရုံးဆိပ်ဖီဒါများအားလည်းကောင်း၊ ၁၁ ကေဗွီ ဓာတ်အားစနစ်မှ ဓာတ်အားစတင် ဖြန့်ဖြူးပေးလျက်ရှိပြီး ကျန်ရှိနေသည့် မြို့တွင်းနှင့် မြို့ပတ်ဖီဒါများ အပါအဝင် ဖီဒါ ခုနစ်ခုအား ဩဂုတ် ၉ ရက်တွင် ၁၁ ကေဗွီဓာတ်အားစနစ်မှ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက အောင်လံမြို့နယ်အတွင်းရှိ မီးသုံးသူဦးရေ ၁၂၀၀၀ ခန့်အား အသစ်တည်ဆောက်ပြီးစီးသည့် ၁၁ ကေဗွီဓာတ်အားစနစ်ဖြင့် ပြောင်းလဲ၍ဓာတ်အား ပြတ်တောက်မှု အနည်းဆုံးဖြင့် အန္တရာယ်ကင်းရှင်းစွာ ယခင်ထက်ကောင်းမွန်သော ဗို့အားများဖြင့် ဖြန့်ဖြူးပေးနိုင်တော့မည်ဖြစ်သည်။ **သန်းနိုင်ဦး(ဇဖဲ)**

# ကလေးမြို့နယ်မြစ်ရေကြီးခြင်းဆိုင်ရာသဏ္ဍာန်တူဇာတ်တိုက်လေ့ကျင့်

**ကလေး ဩဂုတ် ၉**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဒေသတွင် ယခင်နှစ် ၂၀၁၅ ခုနှစ် ဇူလိုင်လကုန်ပိုင်းမှစ၍ ဩဂုတ်လဆန်းပိုင်းအထိ မယုံနိုင်လောက်အောင် ရေကြီးရေလျှံမှုဖြစ်ပွားကာ ကြီးမားသော ပျက်စီးဆုံးရှုံးမှုများနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့မှုအားသင်ခန်းစာယူ၍ ကလေးမြို့နယ် မြစ်ရေကြီးခြင်းဆိုင်ရာ သဏ္ဍာန်တူဇာတ်တိုက်လေ့ကျင့်ခန်းလက်တွေ့ပြုလုပ်ခြင်းကို အာရှဒေသသဘာဝဘေးအန္တရာယ်လျော့ပါးရေး ဗဟိုဌာန (Asian Disaster Preparedness Center-ADPC)ဦးဆောင်မှုဖြင့် ကလေးခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲမှု ကော်မတီ၊ မိုးလေဝသ နှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ သက်ဆိုင်ရာဇုန်နှင့်ကယ်ဆယ်ရေးစခန်း တာဝန်ခံဌာနဆိုင်ရာများ၊ ကလေးတပ်နယ်မှ တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ NGO အဖွဲ့အစည်းများနှင့် CSO အဖွဲ့အစည်းများ ပူးပေါင်းကာ ဩဂုတ် ၉ ရက် နံနက် ၈ နာရီခွဲက ကလေးမြို့နယ်တောင်ဦး(အူ) ကျေးရွာ၌ ကျင်းပခဲ့ကြောင်းသိရသည်။



ပြောင်းရွှေ့ပြည်သူများအား တောင်ဦး(အူ)ကျေးရွာဘောလုံးကွင်းစုရပ်မှ သတ်မှတ် ကယ်ဆယ်ရေးစခန်းကလေး ခရိုင်ပြည်သူ့အားကစားကွင်းသို့ မော်တော်ယာဉ်များဖြင့် ပို့ဆောင်ကြပြီး အဆိုပါ မြစ်ရေကြီးခြင်းဆိုင်ရာသဏ္ဍာန်တူ ဇာတ်တိုက်လေ့ကျင့်မှုတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဝေလွင်ဖြိုး၊ အာရှဒေသ သဘာဝဘေးအန္တရာယ်လျော့ပါးရေး ဗဟိုဌာန (Asian Disaster Preparedness Center-ADPC) မှ Senior Project Coordinator^ Hydrologist, Ms. Chinaporn Meechaiya နှင့် သက်ဆိုင်ရာတာဝန်ရှိသူများ၊ ဇုန်အလိုက်တာဝန်ရှိသူများက ဇာတ်တိုက်လေ့ကျင့်မှု ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များနှင့် သဘာဝရေဘေး ကြိုတင်ကာကွယ်ရေး၊ ရေအမှတ်၊ မိုးရေချိန်တို့နှင့် ပတ်သက်၍ အသီးသီးရှင်းလင်း ဆွေးနွေးကြသည်။

ကယ်ဆယ်ရေးစခန်းတွင် ကွပ်ကဲရေးရုံးနှင့်ကျန်းမာရေးဆေးခန်းဖွင့်လှစ်ပေးကာ ကျန်းမာရေး စစ်ဆေးမှုများနှင့် ဆေးကုသမှုများ ပြုလုပ်ဆောင်ရွက်ခြင်း၊ ယာယီရွက်ဖျင်တဲထိုးနည်းတို့ကို ခရိုင် မီးသတ်ဦးစီးဌာနမှ လက်တွေ့သင်ကြားပေးခြင်းနှင့် ကွပ်ကဲရေးစခန်းမှပြောင်းရွှေ့ပြည်သူများအား သောက်ရေသန့်ဘူးနှင့် နံနက်စာ ထမင်းထုပ်များဝေငှပေးခဲ့ကြကြောင်း သိရသည်။

ကလေးဒေသတွင် မိုးရွာသွန်းမှုများပြားသည့်အချိန်နှင့်ကလေးဒေသနှင့် ဆက်စပ်လျက်ရှိသော ချင်းပြည်နယ် ဂန့်ဂေါခရိုင်နှင့်တမူးခရိုင်တို့တွင် မိုးရွာသွန်းမှုများပြားပြီး ချင်းတွင်းမြစ် ရေမြင့်တက်ချိန်နှင့် ကိုက်ညီပါက ကလေးမြို့တွင် ရေကြီးရေလျှံမှု ဖြစ်ပွားမည်ဖြစ်ရာ အထူးသဖြင့် ဇူလိုင်လမှ စက်တင်ဘာလအတွင်း ရေကြီးရေလျှံမှုဖြစ်ပွားတတ်သဖြင့် ဇာတ်တိုက် လေ့ကျင့်မှုဆောင်ရွက်သည့် အဆိုပါ ကျေးရွာသည် ၂၀၁၅ ခုနှစ် ကလေးဒေသ ရေကြီးရေလျှံမှုကြောင့် ရေအောက်ရောက်၊ ရွာလုံးကျွတ် ရေနစ်မြုပ်သည့် ကျေးရွာတွင်ပါဝင်ပြီး ပျက်စီးဆုံးရှုံးမှုများ ကြီးမားစွာ ကြုံတွေ့ခဲ့သဖြင့်ယခုအချိန်အခါသည်ကလေးဒေသအတွက် အထူးသတိပြုရမည့် ကာလပင်ဖြစ်ပါသည်။

**ချင်းတွင်းသား**

# ကောက်စိုက်စက်ဖြင့်စိုက်ပျိုးခြင်းကို တောင်သူများပိုမိုစိတ်ဝင်စားမှုရှိ

**မြင်းမူ ဩဂုတ် ၉**

တောင်သူလယ်ယာလုပ်ငန်းလုပ်ကိုင်နေကြသည့် ဒေသခံတောင်သူဦးကြီးများ၏ စိုက်ပျိုးရေးလုပ်ငန်းများအတွက် အချိန်ကုန်၊ ငွေကုန်ကျမှုသက်သာသော ကောက်စိုက်စက်အသုံးပြု၍ စပါးစိုက်ပျိုးမှုပြသရှင်းလင်းပွဲကို ဩဂုတ် ၈ ရက်က စစ်ကိုင်းခရိုင် မြင်းမူမြို့နယ် မြစ်ပေါက်ကျေးရွာတွင်ပြုလုပ်ခဲ့ရာ ဒေသခံတောင်သူများ စိတ်ဝင်စားစွာလာရောက် ကြည့်ရှုလေ့လာ ခဲ့ကြသည်။

သမားရိုးကျ စပါး တစ်ဧကလျှင် ပျိုးစပါး သုံးတင်းအပါအဝင် စိုက်ပျိုးမှုအတွက် ကုန်ကျစရိတ်မှာငွေကျပ် ၁၀၃၀၀၀ ရှိပြီး စက်ဖြင့်စိုက်ပျိုးပါက စပါးတစ်ဧကလျှင် ပျိုးစပါး ၁၂ ပြည်နှင့် စက်၊လူ၊ လုပ်အားခကုန်ကျငွေမှာ ၄၀၅၀၀ ကျပ်သာကုန်ကျသဖြင့် စပါး တစ်ဧကအတွက်ငွေကျပ် ၆၀၀၀၀ ကျော်သက်သာခြင်းဖြစ်၍ စပါးစိုက်စက်ဖြင့်စိုက်ပျိုးရန်တောင်သူများ ပိုမိုစိတ်ဝင်စားလာကြကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမြို့နယ်ဦးစီးမှူးဒေါ်မြတ်မိုးဝင်ထံက သိရသည်။

ကောက်စိုက်စက်အသုံးပြု၍ ယခုစပါးစိုက်ခင်းပိုင်ရှင်ဒေသခံတောင်သူ ဦးမြင့်က "ကုန်ကျစရိတ်က သုံးပုံတစ်ပုံ၊ အချိန်လည်းမကုန်ဘူး၊ လုပ်သားငှားရတဲ့ အခက်အခဲတွေကအစ အခက်အခဲမရှိတော့ဘူး။ အဲဒါကြောင့် စပါး စိုက်စက်နဲ့ စိုက်ပျိုးကြဖို့ တိုက်တွန်းပါတယ်" ဟုပြောသည်။ **အောင်စိုးဖေ(မြင်းမူ)**

# ကမ္ဘာ့ရှားပါးစာရင်းဝင် ဟိမဝန္တာဝက်ဝံသုံးကောင်ကို မုံရွာမြို့နယ် အလုံသစ်တောဥယျာဉ်အတွင်းစောင့်ရှောက်မွေးမြူထား

**မုံရွာ ဩဂုတ် ၉**

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် ဖမ်းဆီးသူများလက်မှ ကယ်တင်ကာ မတ် ၅ ရက်က စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ထံ ပေးပို့လာသော ကမ္ဘာ့ရှားပါးစာရင်းဝင် ဟိမဝန္တာဝက်ဝံလေး နှစ်ကောင်သည် လက်ရှိတွင် ကလေးမြို့သစ်တောရုံးမှဇွန်လအတွင်းက ပေးအပ်ထားသော တစ်နှစ်ကျော်အရွယ် ဝက်ဝံမတစ်ကောင်နှင့်အတူ မုံရွာမြို့နယ် အလုံသစ်တောဥယျာဉ်တွင် ထိန်းသိမ်းမွေးမြူထားရာ သုံးကောင်စလုံးကျန်းမာစွာရှိကြောင်းတွေ့ရသည်။

"မတ်လကရောက်လာတဲ့ တစ်လကျော်အရွယ်လောက်ရှိတဲ့ ဝက်ဝံထီးလေးနှစ်ကောင်ကို နို့ဘူးတိုက်မွေးခဲ့ပါတယ်။ အခု ၆ လသားလောက်ရှိပြီဖြစ်တဲ့အတွက် နို့ဘူးမတိုက်တော့ဘဲ ထမင်းနဲ့အသီးတွေ ကျွေးနေပါပြီ။ သူတို့နဲ့အတူ ကလေးမြို့သစ်တောကပို့ထားတဲ့ တစ်နှစ်ကျော်အရွယ်ရှိတဲ့ ဝက်ဝံမတစ်ကောင်ကိုလည်း စောင့်ရှောက်ထားပါတယ်။ ဒီမှာကယာယီစောင့်ရှောက်ထားတာဖြစ်ပြီးနောက်ပိုင်းမှာ မုံရွာစိမ်းစိုဝင်းကြီးထဲမှာလုပ်မယ့် တိရစ္ဆာန်ရုံကိုပို့ပြီး စောင့်ရှောက်မယ်လို့ သိရပါတယ်"ဟု ဝက်ဝံထိန်းသိမ်းစောင့်ရှောက်သူသစ်တောဝန်ထမ်း ဦးဘတင့်က ပြောပြသည်။

ကလေးမြို့မှ ပေးပို့ထားသော ဝက်ဝံအမကို အနီးဝန်းကျင်မှရွှေမှုံဟု အမည်ပေးခေါ်ဝေါ်ကာ ကပြပါဦးဆိုလျှင် ကပြသလို မွေးစဉ်ကတည်းကလူနှင့်အနေနီးသည့် ဗန်းမောက်မြို့နယ်မှရောက်လာသော ရွှေတိုးနှင့်ငွေတိုးဟု အမည်ပေးထားသည့်ဝက်ဝံအထီးလေး နှစ်ကောင်သည်လည်း လူနှင့်အလွန်ယဉ်ပါးပြီး ပြောလျှင်နားလည်ကြကြောင်း ဦးဘတင့်ကဆိုသည်။

လက်ရှိတွင် ဝက်ဝံ သုံးကောင်အတွက် ထမင်းကို နံနက် နေ့လယ်နှင့် ညနေ သုံးကြိမ်ခွဲကျွေးရာ တစ်ရက်လျှင် ဆန်နို့ဆီဘူး၁၀လုံးချက်၍ကျွေးရသလို သရက်သီးပေါ်ချိန်က သရက်သီးအလွန်ကြိုက်ကြပြီး ဖရဲသီးကိုလည်းကြိုက်ကြသည်ကိုတွေ့ရကြောင်း သိရသည်။

"သဘာဝအတိုင်းပေါက်ပွားကျက်စားတဲ့တောရိုင်းတိရစ္ဆာန်တွေ ရေရှည်တည်တံ့စေဖို့ ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းတွေကို နိုင်ငံတော်အစိုးရကသာမက ပြည်သူတစ်ဦးချင်းကလည်းပူးပေါင်း ပါဝင်ဖို့အထူးလိုပါတယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီး သစ်တောဦးစီးဌာနညွှန်ကြားရေးမှူးဦးခင်မောင်ဝင်းကပြောပြသည်။

ပြုစုစောင့်ရှောက်ထားသော ဝက်ဝံ သုံးကောင်ကို တိုင်းဒေသကြီးအစိုးရထံ အပ်နှံစဉ်ကပင် လူနှင့်ယဉ်ပါးနေသည့်အတွက် တောထဲပြန်ပို့ပါက သူတို့နှင့် သဟဇာတမဖြစ်တော့သည့်အတွက် ပညာရှင်များ၏ အကြံပြုချက်အရ တိရစ္ဆာန်ဆေးကု ဆရာဝန်များ၏ အနီးကပ်စောင့်ရှောက်မှု WCS ပညာရှင်များ၏အကြံပြုချက်ဖြစ်သော ဝက်ဝံများသဘာဝနှင့် လိုက်လျောညီထွေရှိစေမည့် ပတ်ဝန်းကျင်ကိုဖန်တီးပေးကာ အသက်အရွယ်အလိုက်ကျွေးမွေးရန် လိုအပ်သည့်အာဟာရကို တွက်ချက်အကြံပြုချက်များရယူကာ ယာယီစောင့်ရှောက်ထားခြင်းဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး သစ်တောဦးစီးဌာန တာဝန်ရှိသူထံမှ သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**



# မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးတွင် ကင်ဆာဝေဒနာရှင်များအား ပိုမိုကုသပေးနိုင်ရန် ဓာတ်ရောင်ခြည်စက်သစ်ကြီးများ ထပ်မံတပ်ဆင်

**မန္တလေး ဩဂုတ် ၉**

မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးတွင် တက်ရောက်ကုသမှုများပြားနေသည့် ကင်ဆာဝေဒနာရှင်များအား ပိုမိုကုသပေးနိုင်ရန် ဓာတ်ရောင်ခြည်စက်သစ်ကြီးများ ထပ်မံတပ်ဆင်လျက်ရှိကြောင်း သိရှိရသည်။

ယခုအခါ ဆေးရုံကြီးရှိ ကင်ဆာဌာနမှ ကင်ဆာလူနာများအား အခမဲ့ကုသမှုပေးနေပြီး နေ့စဉ်ကင်ဆာဝေဒနာရှင် ၁၀၀ မှ ၁၅၀အတွင်း ဆေးသွင်းကုသမှုပေးနေသည့်အပြင် လက်ရှိတပ်ဆင်ထားသည့် ဓာတ်ရောင်ခြည်စက်ကြီးနှစ်လုံးဖြင့် နေ့စဉ်နံနက် ၈ နာရီမှ ည ၉ နာရီအထိ လူနာ ၂၀၀ ကျော်အား ဓာတ်ကင်ကုသပေးနေသော်လည်း ဖြစ်ပွားသူ လူနာများပြားခြင်းကြောင့် ကုသရန်စောင့်ဆိုင်းနေရသည့် လူနာများအတွက် ပိုမိုကုသမှုပေးနိုင်ရန် နိုင်ငံတော်မှ စက်များထပ်မံဝယ်ယူတပ်ဆင်ပေးခြင်းဖြစ်ကြောင်း မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်တင်တင်မိုးကပြောကြားသည်။

"ယခုလောလောဆယ်မှာ Cobalt Machine စက်တစ်လုံးကို တပ်ဆင်တာ ပြီးစီးနေပေမယ့် Computer Software တွေ ထည့်ပြီးရင်တော့ စက်တင်ဘာလအတွင်းမှာ စတင်အသုံးပြု ကုသပေးနိုင်တော့မှာဖြစ်လို့ စောင့်ဆိုင်းနေရတဲ့ လူနာတွေအတွက် အချိန်တိုအတွင်း ကုသနိုင်တော့မှာဖြစ်ပါတယ်။ ဒါ့အပြင် Elekta Machine (Linear accelerator) အမျိုးအစား ဓာတ်ရောင်ခြည်စက်ထားဖို့ အဆောက်အအုံဆောက်လုပ်နေပါတယ်။ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလလောက်မှာ ဒီစက်နဲ့ စတင်ကုသနိုင်တော့မှာဖြစ်တဲ့အတွက် စောင့်ဆိုင်းနေရတဲ့ လူနာတစ်ဝက်လောက်ကို လျှော့ချပေးနိုင်တော့မှာဖြစ်ပါတယ်"ဟု ၎င်းကပြောသည်။

ထို့အပြင် ဆေးရုံကြီးရှိ ကင်ဆာရောဂါဆေးပညာဌာနတွင် ကင်ဆာဝေဒနာရှင်များ တွေ့ကြုံခံစားနေရသည့် နာကျင်မှုဝေဒနာများကို ဖြေလျှော့ကုစားမှုပေးနိုင်ရန် နှစ်သိမ့်ဆွေးနွေးခြင်းဆိုင်ရာဌာန(Palliative Care Clinic)ကိုမေလ ၂၃ ရက်နေ့တွင် စတင်ဖွင့်လှစ်၍ လိုအပ်သော ထောက်ပံ့မှုများ၊ နှစ်သိမ့်ဆွေးနွေးခြင်းများအပြင် ဝေဒနာများလျော့ကျသက်သာစေရန် အကိုက်အခဲပျောက်ဆေးများ၊ စိတ်ငြိမ်ဆေးများနှင့် အိပ်ဆေးများကိုပါ အခမဲ့ပေးလျက်ရှိသည်။

နိုင်ငံတော်မှ လိုအပ်သောဆေးဝါးများနှင့် ကုသရေးအတွက် ခေတ်မီစက်ကိရိယာများကို ထောက်ပံ့ကူညီပေးလျက်ရှိသော်လည်း နှစ်စဉ်တိုးတက်များပြားလာသော ကင်ဆာဝေဒနာရှင်များအတွက် ပိုမိုထိရောက်သော ကုသမှုများရရှိစေရန် ဆရာဝန်အင်အား၊ သူနာပြုအင်အားများနှင့် ဆေးလုပ်ငန်းဆက်စပ်ရေးမှူးများစသည့် ဝန်ထမ်းအင်အားများ လိုအပ်လျက်ရှိကြောင်း သိရှိရသည်

**မင်းထက်အောင်(မန်းကိုယ်ပွား)**



# Mobile Awareness Vehicleယာဉ်ဖြင့် အမှိုက်စနစ်တကျစွန့်ပစ်စေရေးပညာပေးဆောင်ရွက်

**သဃ်န်းကျွန်း ဩဂုတ် ၉**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှူး၏စီစဉ်မှုဖြင့် အရှေ့ပိုင်းခရိုင်ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့်သန့်ရှင်းရေးဌာန ခရိုင်မှူးဦးတင်မြ၊ ဌာနခွဲမှူးဒေါ်သန်းသန်းဝင်း၊ ဌာနစုမှူးဦးမြင့်စိုးနှင့် သဃ်န်းကျွန်းမြို့နယ် သန့်ရှင်းရေးတာဝန်ခံ ဦးမျိုးမင်းအောင်တို့ဦးဆောင်ကာ ဩဂုတ် ၈ ရက် မွန်းလွဲ ၂ နာရီမှ ၄ နာရီထိ Mobile Awareness Vehicle ယာဉ်ဖြင့် သဃ်န်းကျွန်းမြို့နယ် လေးထောင့်ကန်လမ်းမကြီး ဇဝနလမ်းဆုံ၌ အမှိုက်စနစ်တကျစွန့်ပစ်စေရေး ပညာပေးပြခန်းယာဉ်ဖြင့်ပြသပေးခြင်း လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းနှင့်ပညာပေးပိုစတာများဖြင့် လှုံ့ဆော်ခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးနေဘုန်းလတ်နှင့် ဦးထိပ်တင်ဦး (ခ) ဦးမောင်မောင်ဦး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးဆန်းမြင့်နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များနှင့် စည်ပင်သာယာဝန်ထမ်းများက ပါဝင်အားဖြည့် စည်းရုံးဆောင်ရွက်ပေးခဲ့ကြသည်။

**မောင်မောင်**

# မြောက်နဝင်းဆည်ရေသောက်စနစ်အဆင့်မြှင့်ပြုပြင်ခြင်း လုပ်ငန်းဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**ပြည် ဩဂုတ် ၉**

ပဲခူးတိုင်းဒေသကြီးစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီးဦးအောင်ဇော်နိုင်သည် ဩဂုတ် ၄ ရက် နံနက်ပိုင်းက မြောက်နဝင်းဆည်ရေသောက်စနစ်အဆင့်မြှင့်ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုများအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရသည်။

တိုင်းဒေသကြီးနှင့်အဖွဲ့သည် မြောက်နဝင်းဆည် အဝင်လမ်းကွန်ကရစ်လမ်းခင်းခြင်း၊ လက်ဝဲတူးမြောင်းမကြီး၊ လက်ယာတူးမြောင်းမကြီးနှင့်တူးမြောင်းမကြီးလုပ်ငန်းခွင်အား ကြည့်ရှုစစ်ဆေးပြီး မြောက်နဝင်းတူးမြောင်းမကြီးရေခွဲအဆောက်အအုံရှင်းလင်းဆောင်တွင်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနတည်ဆောက်ရေး(၂)ညွှန်ကြားရေးမှူးဦးကျော်သူနှင့် တာဝန်ရှိသူများက စီမံကိန်းဆိုင်ရာအချက်အလက်များ၊ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်နေမှုနှင့်ရေပေးဝေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီးကနိုင်ငံတော်မှ အခြေခံအဆောက်အအုံများ ဆောက်လုပ်ပေးပြီး၊ ငွေအလုံးအရင်းအကုန်အကျခံ ရင်းနှီးမြှုပ်နှံပေးထားသကဲ့သို့ ရေအသုံးပြုမည့် တောင်သူများအနေဖြင့် နိုင်ငံတော်အပေါ်တာဝန်သိသိဖြင့် ထမ်းဆောင်ရမည့်အခွန်များ အပြည့်အဝထမ်းဆောင်နိုင်ရေး ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့်လည်းဆည်မြောင်းတာတမံများနှင့် ဌာနပိုင်မြေနေရာများအား ဥပဒေလုပ်ထုံးလုပ်နည်းအရ နယ်နိမိတ်ခွဲခြားသတ်မှတ်ထားရန်၊ လက်ရှိအသုံးပြုနေသည့် ရေပေးရေယူ



အဆောက်အအုံများကိုလည်း တည်ဆဲဥပဒေများနှင့် ထိန်းသိမ်းကြပ်မတ်ထားကြရန်၊ ယခုစီမံကိန်းကိုသတ်မှတ်ကာလအတွင်းအချိန်မီပြီးစီးနိုင်ရေးတို့ကိုလမ်းညွှန်မှာကြားခဲ့သည်။ ထို့နောက်ဝန်ကြီးနှင့်တာဝန်ရှိသူများသည် မြောက်နဝင်းဆည် ပင်မတမံရေပိုလွှဲနှင့် ရေထုတ်ပြွန်တို့အား သွားရောက်ကြည့်ရှု စစ်ဆေးကြောင်းသိရသည်။

**ထွဋ်အောင်လွင်(ရွှေတောင်)**

# အကျဉ်းသားများအား တီဘီရောဂါရှာဖွေကုသ

**မြစ်ကြီးနား ဩဂုတ် ၉**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ လယ်ကုန်းရပ်ကွက်ရှိ မြစ်ကြီးနားအကျဉ်းဦးစီးဌာနမှ အကျဉ်းသား၊ အကျဉ်းသူများအား ဩဂုတ် ၈ ရက် နံနက် ၈ နာရီက ကချင်ပြည်နယ် တီဘီတိုက်ဖျက်ရေးဌာနမှ ဆေးဝါးများကုသပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာသွယ်သွယ်စိမ်း လက်ထောက်ညွှန်ကြားရေးမှူး (တီဘီ/အနာကြီး) ဦးစီးသောဆရာဝန်အဖွဲ့ ရှစ်ဦးဖြင့် တီဘီပုံမှန်ဆေးသောက်နေသူ အကျဉ်းသား ၄၀ ကျော်နှင့် အကျဉ်းသူ ၁၀ ဦးကျော်တို့အား ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိပြီး တီဘီသံသယရှိသူ ၈၀၀ ကျော်အား ဓာတ်မှန်ရိုက်ခြင်း သလိပ်စစ်ဆေးခြင်းများဆောင်ရွက်ခဲ့ကြသည်။ အဆိုပါ ဆောင်ရွက်ခြင်းအား ဩဂုတ် ၇ ရက်မှ ၁၀ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိမြစ်ကြီးနားအကျဉ်းထောင်တွင် အကျဉ်းသား ၂၄၆၉ ဦး အကျဉ်းသူ ၅၇၈ ဦး အချုပ်သား ၅၇၄ ဦး အချုပ်သူ ၇၃ ဦး စုစုပေါင်း ၃၆၉၄ ဦးရှိပြီး တီဘီရောဂါဝေဒနာရှင်များအား သီးသန့်ဆောင်ဖြင့် ထားလျက်ရှိကြောင်း သိရသည်။

**မင်းမင်းဦး**

# ထိုင်းရောက်မြန်မာအလုပ်သမားများ ကော့သောင်းနယ်စပ်ဂိတ်မှဝင်ရောက်

**ကော့သောင်း ဩဂုတ် ၉**

ထိုင်းနိုင်ငံအတွင်း အလုပ်သွားရောက် လုပ်ကိုင်လျက်ရှိသည့် အထောက်အထားမဲ့ မြန်မာအလုပ်သမား အမျိုးသား ၃၈ ဦး၊ အမျိုးသမီး ၁၀ ဦး စုစုပေါင်း ၄၈ ဦးသည်ဩဂုတ် ၈ ရက် ညနေပိုင်းက ရနောင်းမြို့မှတစ်ဆင့် ပဲ့ချိတ်လှေနှစ်စီးဖြင့် (၁၆)ကြိမ်မြောက်အသုတ်အဖြစ် ကော့သောင်းနယ်စပ်ဂိတ်မှ ပြန်လည်ဝင်ရောက်လာသည်။

ပြန်လည်ဝင်ရောက်လာကြသည့် အလုပ်သမားများအား ကော့သောင်းခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးအဖွဲ့အစည်းများမှတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များက မြို့မဆိပ်ကမ်းတံတားတွင် ကြိုဆိုကြကာ အစားအသောက်များ လှူဒါန်းကျွေးမွေးကြပြီး လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကော့သောင်းခရိုင်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ အလုပ်သမားများ၏ နေရပ်ဒေသများဖြစ်သည့် မြိတ်၊ ထားဝယ်၊ မော်လမြိုင်၊ ရန်ကုန်၊ ပဲခူး၊ မကွေး၊ စစ်ကိုင်း၊ ဧရာဝတီနှင့် ရခိုင်ပြည်နယ်များသို့ ပြန်နိုင်ရေး မော်တော်ယာဉ်စီးနင်းခများနှင့် လမ်းခရီးတွင်စားသောက်ရန်ကုန်ကျစရိတ်များအား ကူညီပံ့ပိုးဆောင်ရွက်ပေးသည်။

ယနေ့အထိ ကော့သောင်းနယ်စပ်ဂိတ်မှ အထောက်အထားမဲ့မြန်မာအလုပ်သမားဝင်ရောက်မှုစုစုပေါင်း ၁၈၄၉ ဦး ရှိပြီဖြစ်ကြောင်း သိရသည်။ **ကျော်စိုး (ကော့သောင်း)**

# မယ်စကြာဝဠာပြိုင်ပွဲဝင်အလှမယ်များမြဝတီမြို့သို့ရောက်ရှိပြီး အသိပညာပေးရေးနှင့် လူမှုရေးလုပ်ငန်းများပူးပေါင်းဆောင်ရွက်

**မြဝတီ ဩဂုတ် ၉**

(၆)ကြိမ်မြောက် ကျင်းပပြုလုပ်မည့် မယ်စကြာဝဠာပြိုင်ပွဲ မြန်မာ ၂၀၁၈ အတွက် မြန်မာနိုင်ငံတစ်ဝန်း မြို့ကြီး ၃၀ မှ ကိုယ်စားပြုအလှမယ် ၃၀ သည် ကရင်ပြည်နယ်သို့ လူမှုရေးခရီးစဉ်အဖြစ် ရောက်ရှိလာရာ ဩဂုတ် ၇ ရက် ညပိုင်းက မြဝတီမြို့သို့ ရောက်ရှိပြီး ဩဂုတ် ၈ ရက်တွင် ပြည်သူလူထုအား အသိပညာပေးရေးနှင့် လူမှုရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာ မြဝတီမြို့ ဘုရင့်နောင်ဈေးကြီးရှေ့တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ မှုခင်းပြခန်းယာဉ်နှင့်အတူ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထူးလွင်၊ အမှတ်(၃၃၉)ခြေမြန်တပ်ရင်းမှ ယာယီတပ်ရင်းမှူး ဗိုလ်မှူးသန်းထွန်းအောင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်နိုင်ထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ကိုကိုနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာသီတာစိုးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ အမျိုးသမီးရေးအဖွဲ့ဝင်များနှင့်အတူ ပူးပေါင်းပြီး မယ်စကြာဝဠာအလှမယ်များမှ မူးယစ်ဆေးဝါး၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာနှင့် H1N1 ရောဂါဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်း၊ Mask များဖြန့်ဝေပေးခြင်းများ ဆောင်ရွက်ကြသည်။ ထို့နောက် အလှမယ်များသည် မြဝတီမြို့ ရွှေ့ပြောင်း အလုပ်သမားရုံး၌ ဖွင့်လှစ်ထားသည့် ယာယီပြန်လည်ကြိုဆို လက်ခံရေးစခန်းသို့ သွားရောက်ပြီး ထိုင်းနိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့် မြန်မာအလုပ်သမားများအား နှစ်သိမ့်အားပေးစကားပြောကြားခြင်းနှင့် လှူဒါန်းမှုများ ဆောင်ရွက်ကြသည်။

ယင်းနောက် ဩဂုတ် ၁၀ ရက် ညနေ ၆ နာရီတွင် ဘားအံမြို့ ဇွဲကပင်ခန်းမ၌ Talent Show ပြိုင်ပွဲကို ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

Miss Universe Myanmar မှ ဒါရိုက်တာ ဒေါ်စိုးယုဝေ က "အခုက (၆) ကြိမ်မြောက် ကျင်းပမယ့် မယ်စကြာဝဠာမြန်မာ ၂၀၁၈ ရဲ့ လူမှုရေးခရီးစဉ်ပါ။ အရင်နှစ်တွေကတော့ ကချင်ပြည်နယ်နဲ့ ဧရာဝတီတိုင်းဒေသကြီးကို သွားခဲ့ပါတယ်။ ဒီနှစ်ကတော့ ကရင်ခရီးစဉ်ပါ။ မနေ့ကတော့ ဘားအံမှာ ကရင်ရိုးရာလက်ချည်ပွဲမှာ ပူးပေါင်းပါဝင်ပေးခဲ့တယ်။ မြဝတီမှာတော့ ဒေသခံတာဝန်ရှိသူတွေနဲ့ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးတွေ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးတွေ H1N1 နဲ့ ပတ်သက်ပြီးတော့ ကျန်းမာရေးအသိပညာပေးတာတွေကို ဒေသခံတာဝန်ရှိသူတွေနဲ့ ပူးပေါင်းပါဝင်ခဲ့တာပါ။ အခုကတော့ ရွှေ့ပြောင်းအလုပ်သမားတွေကို လာအားပေးတာပေါ့။ တတ်အားသရွေ့လှူဒါန်းမယ်။ အထူးသဖြင့် စိတ်ဓာတ်ခွန်အားတွေ ပေးမယ်ပေါ့။ ဒါပြီးရင်တော့ အပြန်မှာမြိုင်ကြီးငူကိုသွားပါမယ်။ စစ်ဘေးရှောင်ပြည်သူတွေကို တတ်အားသရွေ့လှူဒါန်းမှုတွေ အားပေးမှုတွေလုပ်မှာပါ။

၂၀၁၄ တုန်းကတော့ ဗန်ကောက်တို့ ဖူးခက်တို့ သွားဖူးပါတယ်။ အဲဒီတုန်းက လေ့လာရေး ပုံစံဆိုတော့ ကိုယ့်ပြည်က အလုပ်သမားတွေနဲ့ မတွေ့ခဲ့ရပါဘူး။ အခုက တွေ့ရတယ်ဆိုတော့ ဒါကထူးခြားချက်ပါပဲ" ဟု ပြောကြားသည်။

မြဝတီကိုယ်စားပြုအလှမယ် နန်းထက်ထက်လင်းက "အရင်ကလည်း ဒီလိုမျိုးလုပ်ဖူးပါတယ်။ ခုက ၂၀၁၈ ပေါ့နော်။ မြန်မာတစ်နိုင်ငံလုံးက ညီအစ်မတွေနဲ့ အတူတူပူးပေါင်း ဆောင်ရွက်ရလို့ ဝမ်းသာပါတယ်၊ ညီမရဲ့ အဓိကရည်ရွယ်ချက်ကတော့ ကရင်လူမျိုးတွေရဲ့ နေထိုင်မှုပုံစံကို ချပြချင်တာရယ်။ ကရင်ပြည်နယ်ရဲ့ ဂုဏ်ကို တက်ချင်တာကြောင့် ဝင်ပြိုင်ဖြစ်တာပါ။ မြဝတီရဲ့ ဂုဏ်ဆောင်နိုင်အောင် ညီမအတတ်နိုင်ဆုံး ယှဉ်ပြိုင်သွားပါ့မယ်" ဟု ပြောကြားသည်။



**ထိန်လင်းအောင်(ပြန်/ဆက်)**

ကြေးမုံ



# ဘာလဲဟဲ့ ကင်ဆာ

ဒေါက်တာကျော်တင့်

**ယမန်နေ့မှအဆက်**

(ဂ) လူကီးမီးယား (Leukemia)
ရန်လိုတတ်လွန်းတဲ့ သွေးဖြူဥကနေ စဖြစ်လာရတဲ့ ကင်ဆာပါ။ သွေးထဲမှာဖြစ်ပါတယ်။

(ဃ) လင့်ဖိုးမား (Lymphoma)
ရိုးတွင်းခြင်ဆီထဲကနေ သွေးဖြူဥပါတဲ့ အရည်ဖြူကို တစ်ရှူးကြားထိ တစ်ကိုယ်လုံးဖြန့်ဖြူးပေးနေတဲ့ အကြောတွေရှိပါတယ်။ ခန္ဓာကိုယ်ထဲ ဝင်လာမယ့်ရောဂါဝေဒနာကို ခုခံပေးဖို့ ဖြန့်ကြက်ထားတာပါ။ လင့်ပ်ရည်ဖြန့်အကြောအုပ်စု (Lymph System) လို့ လူသိများပါတယ်။ အဲသည်အကြောတွေရဲ့ ဆဲလ်က ပုန်ကန်လို့ဖြစ်လာရတဲ့ ကင်ဆာကျူးမားကို လင့်ဖိုးမားလို့ခေါ်ဝေါ်ကြပါတယ်။

(င) မိုင်ယဲလိုမား (Myeloma)
ကိုယ်ခန္ဓာရဲ့ ရောဂါခုခံအားအတွက် အန်တီဘော်ဒီဆိုတဲ့ ပုံသဏ္ဌာန်ပရိုတိန်းဓာတ်ကို သွေးဖြူဥက ထုတ်ပေးရပါတယ်။ အဲဒီသွေးဖြူဥဆဲလ်ကိုယ်တိုင်က စည်းဖောက်ပြီး ပွားလာတဲ့ကင်ဆာကို မိုင်ယဲလိုမားလို့ အမည်ပေးထားပါတအယ်။

ခုထိပြောခဲ့သမျှကို ပြန်ချုပ်ရင် ကင်ဆာဆိုတာ အသက်ဇီဝရဲ့ အခြေခံကလပ်စည်း (ဆဲလ်) တစ်ခုက စည်းဖောက်ပြီး နေ့တိုင်းပွားလာလို့ ကျူးမားအကျိတ်ရယ်ဖြစ်လာရာက မရပ်တန့်ခဲ့ရင်ပိုပိုကြီးလာပြီး ပတ်ဝန်းကျင်က တစ်ရှူးအကောင်းတွေကို ဒုက္ခပေးတဲ့ ရောဂါပါ။ စင်တီမီတာတစ်ဝက်လောက်အရွယ်အစားရှိတဲ့ ကျူးမားအကျိတ်ကလေးတွေကတော့ လူလတ်လူကြီးတိုင်းရဲ့ ကိုယ်တွင်းမှာရှိနိုင်တဲ့အရာပါ။ ဆဲလ်လေးတစ်ခုထဖောက်လို့ ပွားပြီးကြီးလာတဲ့ ကျူးမားဟာ မီလီမီတာအရွယ်အစားတောင်မရောက်လာနိုင်ပါဘူး။ ဒီထက်ဆက်ကြီးလာဖို့ဆိုရင်တော့ အာဟာရတွေထောက်ပို့ပေးမယ့် သွေးကြောလိုအပ်ပါတယ်။ လူပါးဝလွန်းတဲ့ ကင်ဆာဆဲလ်တွေဟာ သွေးကြောအကောင်းတွေကိုဝင်ပူးပြီး ကင်ဆာသွေးကြောအဖြစ် ပြောင်းတတ်ကြပါတယ်။ ပြီးရင် ကျူးမားထဲမှာ သွေးကြောအသစ်ဖောက်ပြီး အာဟာရဆက်ကာကြီးသထက်ကြီးလာအောင်ပွားကြပြန်လေတယ်။

အဲသလိုကျူးမားကို ဆရာဝန်ကတွေ့တော့ ဖြတ်ထုတ်ပြီး အန္တရာယ်ကြီးမကြီးသိဖို့ အသားစကို ကျွမ်းကျင်သူထံပို့ကာ စစ်ဆေးစေတယ်။ ဘိုင်အိုပစီ (Biopsy) လုပ်တယ်လို့ခေါ်ပြီး ခေါမဘာသာ မူရင်းအဓိပ္ပာယ်က ဇီဝမူရင်းကိုကြည့်ရှုခြင်းလို့ရတယ်။ တကယ်လည်း ဖြတ်ပို့ပေးလိုက်တဲ့တစ်ရှူးထဲက ဆဲလ်ကို မှန်ဘီလူးနဲ့ ကြည့်တာက အဓိကလုပ်ငန်းပါပဲ။ အထူးသဖြင့် ဆဲလ်ထဲက နျူကလိယ ပုံပျက်နေလား ပုံမှန်ဘဲဥပုံပဲလားလို့ ပဏာမကြည့်ရတာပဲ။

ကင်ဆာအမျိုးအစားအလိုက် အတန်ငယ်ကွဲပြားမှုရှိပေမယ့် ကင်ဆာဆဲလ်ရဲ့ ဝတ်ဆံ နျူကလိယဟာ တော်တော်ပုံပျက်ပါတယ်။ အခွံက ဘဲဥပုံ သပ်သပ်ရပ်ရပ်ကလေးမဟုတ်လေတော့ဘဲ ရွဲ့နေပြီး မျက်နှာပြင်လည်း ကြမ်းနေပါပြီ။ နျူကလိယရဲ့အတွင်း ကလီစာ နျူကလီတွေကိုကြည့်ကြည့်ရင်လည်း ပုံမမှန်တာ၊ အပိုတွေကပ်နေတာ ထိတွေ့ရနိုင်တယ်။ နျူကလိယကိုဝန်းရံလို့သာနေသင့်တဲ့ အခွံလွှာကလည်း အတွင်းထဲထိအောင် တိုးဝင်နေတာမျိုးလည်းရှိတတ်တယ်။

ဘိုင်အိုပစီလုပ်ပေးတဲ့ဆရာဟာ အဲသလိုဆဲလ်ရဲ့ ဝတ်ဆံကိုမြင်ရပြီဆိုရင် ကင်ဆာသံသယကကြီးလာပြီး သေချာအောင်နောက်ထပ် နည်းပညာတွေသုံး၍ စစ်ဆေးတာတွေ အသားစ ထပ်ယူသင့်ယူရတာတွေ လုပ်ပေးရပါတယ်။ ဒီလိုစစ်ဆေးချက်က ထွက်လာတဲ့ အချက်အလက်တွေက ဒီကင်ဆာကို ဘယ်လိုဘယ်ပုံကုမယ်လို့ စီမံချက်ချရမယ့်ဆရာဝန်တွေအတွက် အများကြီးအထောက်အကူဖြစ်ပါတယ်။

ကင်ဆာရောဂါကပ်လို့ ပျောက်ကင်းအောင် ကုသရေးမှာ အဓိကအကျဆုံးက ဒီရောဂါဖြစ်နေတာကို ဘယ်လောက်စောစောသိရသလဲဆိုတဲ့ အချက်ပါပဲ။ တကယ့်ကုထုံးတွေဟာ ကင်ဆာအမျိုးအစားအလိုက်၊ ရောဂါအဆင့်အလိုက် ကွဲပြားမှုတွေရှိပါလိမ့်မယ်။ အခြေခံအနေနဲ့ ရောဂါဝင်နေတဲ့ကင်ဆာကျူးမားကို ခွဲစိတ်ဖြတ်တောက်ထုတ်ပစ်ခြင်း၊ ဓာတ်ကင်ခြင်းစတဲ့ ကုထုံးတွေဟာ လူသိများပါတယ်။ ခွဲစိတ်ဖြတ်တောက်ရာမှာလည်း ဘယ်လိုနေရာမှာ ကျူးမားဖြစ်နေသလဲ အပေါ်မူတည်ပြီး မယုတ်မလွန်ခွဲထုတ်ကာ လူနာရဲ့ အသက်ကိုလုယူဖို့ ဆရာဝန်တွေတိုင်ပင်လုပ်ကြရတဲ့ အလုပ်ပါ။ ရောဂါဝင်နေတဲ့တစ်ရှူးကို အကုန်ဖြတ်မထုတ်နိုင်ရင်လည်း အကျိုးသိပ်မဖြစ်သလို အကောင်းတွေကို အများကြီးပိုဖြတ်ထုတ်မိရင်လည်း လူနာပြန်နာလန်ထူနိုင်ဖို့ကြာပါလိမ့်မယ်။ သိပ်များသွားရင်တော့ ကင်ဆာထက် ဆရာဝန် လက်စောင်းက ပိုထက်သွားပါလိမ့်မယ်။ ဒါပေမယ့် ဘယ်ဆေးကုထုံးမဆို အကျိုးနဲ့ အပြစ်ကရှိလေတော့လူနာနဲ့ ဆရာဝန်ရဲ့ ကံပဲပြောရမလို ဖြစ်လာတယ်။

ဓာတ်ကင်တယ်လို့ခေါ်တဲ့ ကျူးမားဖြစ်ပွားရာနေရာတစ်ဝိုက်ကို ဓာတ်ရောင်ခြည်နဲ့ထိုးတာကလည်း သာမန်အားဖြင့် ခွဲစိတ်ကုသပြီးဆက်တိုက်လုပ်တတ်ကြတဲ့ ကုထုံးပါ။ ဓာတ်ရောင်ခြည်ထိခံရတဲ့ ကင်ဆာဆဲလ်ဟာ သေကျေပျက်စီးသွားပါတယ်။ ကောင်းတဲ့ဆဲလ်ကို ဓာတ်ရောင်ခြည်ထိလည်း သေသွားနိုင်ပါတယ်။ ယနေ့ခေတ်မှာအသုံးပြုနေတဲ့ ဓာတ်ရောင်ခြည်အမျိုးမျိုးရှိပေမယ့် လွန်ခဲ့တဲ့နှစ် ၁၀၀ ကျော်လောက်က ပိုလန်ဇာတိပြင်သစ်နိုင်ငံသူ မဒမ်ကျူရီဆိုတဲ့ ရူပဗေဒပညာရှင်က သူ့ဇာတိကိုအစွဲပြုအမည်ပေးထားတဲ့ ပိုလိုနီယမ်ဆိုတဲ့ ရောင်ခြည်ထုတ် ဒြပ်စင်သစ်ကိုတွေ့ရှိပြီး လေ့လာခဲ့ရာက အစပြုခဲ့တဲ့ နည်းပညာပါ။ ပိုလိုနီယမ် အက်တမ်လို အာလ်ဖာရောင်ခြည်ဆိုတဲ့ စွမ်းအားမြင့်ရောင်ခြည်ကို ထုတ်ပေးတဲ့ ဒြပ်စင်သစ်ဟာ ကင်ဆာရောဂါကို ကုနိုင်စွမ်းရှိမယ်ဆိုတဲ့ ယုံကြည်ချက်နဲ့ သဲကြီးမဲကြီးသုတေသနခန်းမှာ ပိုလိုနီယမ်ကို လက်ကမချစတမ်းကိုင်တွယ်ခဲ့သူ ပထမဦးဆုံး နိုဘယ်ဆုရှင်အမျိုးသမီးဖြစ်ပါတယ်။ ရောင်ခြည်တွေရဲ့ ဆိုးကျိုးအန္တရာယ်ကို မမြင်မိလောက်အောင် စေတနာကြီးလွန်းတော့ နောက်မကြာမီမှာ မျက်စိအရင်ကွယ်ကာ သွေးကင်ဆာနဲ့ ဆုံးပါးသွားခဲ့ရရှာပါတယ်။ ခုခေတ်မှာတော့ ပိုလို့တောင်စွမ်းအားမြင့်တဲ့ ဓာတ်ရောင်ခြည်တွေကို ကင်ဆာရောဂါကုသရာမှာ စနစ်တကျ အသုံးပြုနိုင်နေကြပါပြီ။ ဓာတ်ကင်စက်အတွက် အဆင်လည်းပြေ အသုံးလည်းအများဆုံး ဓာတ်ရောင်ခြည်ကတော့ ဓာတ်မှန်ရိုက်ရာမှာလည်းသုံးတဲ့ X-ray ရောင်ခြည်ဖြစ်ပါတယ်။ ဒါကိုလည်း ၁၉ ရာစုနှောင်းပိုင်းမှာ ဂျာမန်ရူပဗေဒပညာရှင် ရွန့်ဂျင်က တီထွင်တွေ့ရှိခဲ့တာပါ။ အဲသည် X-ray ရောင်ခြည်ကြောင့် ဆေးကုသရေးမှာအများကြီးအထောက်အကူ ရတာလည်းပြောစရာတောင်လိုမယ် မထင်ပါဘူး။ ကင်ဆာရောဂါရှိတဲ့ ကျူးမားအကျိတ်တွေ ဘယ်နေရာမှာရှိနေတယ်ဆိုတာ မခွဲရဘဲမြင်နိုင်တဲ့ CT ရိုက်စက်ဆိုတာလည်း X-ray ရောင်ခြည်ထိုးလို့ထင်လာတဲ့ ရှုထောင့်စုံကအရိပ်တွေကိုကြည့်ပြီး သင်္ချာနည်းသုံး တွက်ကာ သုံးဖက်မြင်နိုင်အောင်ပုံဖော်ပေးတဲ့ ကိရိယာပါပဲ။ အလားတူပဲ အသံလွန်လှိုင်းသုံး ပုံဖော်ကိရိယာ (Ultrasound Microscope) တွေကိုအသုံးပြုနိုင်လာလို့ ကင်ဆာအထူးကုဆရာဝန်တွေမှာ အများကြီး အထောက်အကူရနေကြပါပြီ။ ရိုးရိုးအလင်းရောင်အောက်မှာ လူရဲ့ တစ်ရှူးအသားစိုင်ဟာ ကင်ဆာဖြစ်နေလား ဘာလားမသိသာပေမယ့် အသံလွန်လှိုင်းလို X-ray ရောင်ခြည်လိုထောက်လှမ်းရေးလှိုင်းတွေအောက်မှာတော့ ကင်ဆာဆဲလ်တွေဟာ ပုန်းနေလို့မရတော့ပါဘူး။ ရူပဗေဒပညာက ကင်ဆာကိုစောစောသိဖို့ ကူညီနေသလို ကုသဖို့လည်း တစ်တပ်တစ်အားရှက်ဆောင်နေပါတယ်။

နောက်အရေးပါတဲ့ ကင်ဆာကုထုံးတစ်ခုကတော့ ကီမိုသရာပီလို့ခေါ်တဲ့ ခန္ဓာကိုယ်တွင်းသို့ ကင်ဆာဆဲလ်သတ်နိုင်တဲ့ ဓာတုဆေးဝါးတွေ ထည့်သွင်းကုသတဲ့ နည်းလမ်းပါ။ ဓာတုဗေဒပညာရှင်တွေ ဇီဝဗေဒပညာရှင်တွေရဲ့ ကျေးဇူးတော်ပေ့ါ။ ဒီလို ကီမိုသွင်းကုတဲ့နည်းကို ခွဲစိတ်မှုမလုပ်ခင်ဘဲဖြစ်ဖြစ် ခွဲစိတ်ပြီးဖြစ်ဖြစ် ဓာတ်ကင်တာနဲ့အတူပဲဖြစ်ဖြစ် လိုအပ်သလို ဆရာဝန်တွေက ဆုံးဖြတ်အသုံးပြုကြပါတယ်။ လူကီးမီးယားသွေးကင်ဆာလို အချို့သော လင့်ဖိုးမား တစ်ရှူးရည်ကြောကင်ဆာလို ရောဂါတွေအတွက်တော့ ခွဲလို့စိတ်လို့မဖြစ်နိုင်တာမို့ ကီမိုသရာပီကိုပဲ စပေးကြရပါတယ်။ ကီမိုမှာပါတဲ့ ဓာတုဆေးတွေဟာ ကိုယ်တွင်းကဆဲလ်တွေကို သတ်ရာမှာ ကင်ဆာဖြစ်နေတဲ့ဆဲလ်တွေကို ပိုပြီးသတ်နိုင်တဲ့အစွမ်းရှိပါတယ်။ ကီမိုဆေးတွေကို အကြောကနေသွင်းကုနည်း၊ စားဆေးအဖြစ်သုံးဆောင်ကုသနည်းစသည်ဖြင့် ရောဂါအလိုက် ဆေးအလိုက် အမျိုးမျိုးရနိုင်ပါတယ်။ ကီမိုသွင်းပြီဆိုရင် ပြီးဆုံးသည်ထိ ခြောက်လကနေ တစ်နှစ်ဝန်းကျင်ကြာအောင် ကုသမှုခံရပါတယ်။ ကီမိုသရာပီယူရလို့ ကင်ဆာရောဂါပျောက်တာ၊ နေ့သွားတာ စတဲ့ကောင်းကျိုးတွေရသလို၊ ကောင်းနေတဲ့ဆဲလ်တွေအချို့လည်း အသတ်ခံရတဲ့အရေးက ရှောင်ကွင်းလို့မရလေတော့ အားကုန်နွမ်းနယ်တာ၊ ခေါင်းကိုက်တာ၊ နာကျင်ကိုက်ခဲတာ၊ ဗိုက်နာတာ၊ စားချင်စိတ်မရှိလို့ အစားအသောက်ပျက်တာ၊ ထုံကျဉ်တာ၊ စူးပြီးနာတာစသည်ဖြင့် လူနာအလိုက် ခံရတတ်ပါတယ်။ ဆံပင်လည်းကျွတ်တတ်ပြီး ပြီးရင်ပိုနုတဲ့ ဆံပင်လေးတွေ ပြန်ပေါက်နိုင်ပါတယ်။ အဲသလို ဘေးထွက်ဆိုးကျိုးဝေဒနာတွေကို ဆရာဝန်တွေက တခြားနည်းနဲ့လှည့်ပြီး သက်သာရာရအောင် ကုပေးနိုင်ပါတယ်။

ပိုပြီးတိုးတက်နေဆဲ ကင်ဆာကုထုံးတွေမှာတော့ သမားရိုးကျ ကီမိုသရာပီအပြင် ဟိုမုန်းသရာပီ ခေါ်တဲ့ လိုအပ်မယ့် ဟိုမုန်းဓာတ်ကိုအားဖြည့်ထည့်ပေးပြီး ရောဂါဆဲလ်သတ်ဖြတ်နိုင်ရေးအတွက် စစ်ကူလွှတ်တတ်တဲ့ ဆရာဝန်တွေလည်းရှိတယ်။ အထူးသဖြင့် ရင်သားကင်ဆာနဲ့ ပရောစတိတ်ကင်ဆာလူနာတွေအတွက်သုံး တတ်တဲ့ကုထုံးလို့ဆိုတယ်။

နောက်တစ်နည်းကတော့ တည့်တည့်ပစ်ကုထုံးလို့ခေါ်ရမယ်။ ကင်ဆာဝင်တဲ့ ဆဲလ်ထဲမှာသာရှိပြီး ဆဲလ်အကောင်းတွေထဲမှာမရှိနိုင်တဲ့ ပရိုတိန်းဓာတ် ဗီဇဓာတ် မော်လီကျူးတွေကို မလှုပ်နိုင်အောင်လုပ်တဲ့ နည်းပဲ။ Targeted Therapy တဲ့။ လူကီးမီးယားနဲ့ လင့်ဖိုးမားတို့လို သွေးနဲ့ဆက်စပ်တဲ့ ကင်ဆာတွေအတွက် အထူးလေ့လာနေကြပြီး တိုးတက်မှုတွေရနေတယ်။

နောက်ခေတ်မီနည်းတစ်ခုကတော့ အင်မျူနိုသရာပီ (Immunotherapy) လို့ခေါ်ကြတဲ့ ခန္ဓာကိုယ်တွင်းရောဂါတိုက်ဖျက်ရေးတပ်ဖြစ်တဲ့ ကိုယ်ခံအားရှင် အန်တီဘော်ဒီ (Antibody) စတဲ့ ပရိုတင်းတွေနဲ့ ၎င်းတို့ ထုတ်လုပ်ရာ ကလီစာများကို အားကောင်းလာအောင်လုပ်ပေးပြီး ကင်ဆာကိုခုခံတိုက်ခိုက်စေတဲ့ နည်းဖြစ်တယ်။ လိုအပ်ရင် အပြင်မှာလုပ်ထားတဲ့ အန်တီဘော်ဒီတွေလည်း ထပ်ထည့်ပေးကြသေးတယ်။

တကယ့်တကယ် မညာတမ်းပြောကြကြေးဆိုရင် ကင်ဆာဆဲလ်ဆိုတာ လူတိုင်းရဲ့ကိုယ်တွင်းမှာအချိန်နာရီမလပ်ဖြစ်ပေါ်နေတာတွေပါ။ အဲလိုပေါ်လာမဆုံးဖြစ်နေတဲ့ ကင်ဆာပေါက်စတွေ ဆက်ပွားမလာရအောင် ရှာပြီးခြေမှုန်းနေရတဲ့ သက်တော်စောင့် သွေးဖြူဥဆဲလ်တွေလည်းရှိနေလို့ တော်ပါသေးတယ်။ Cytotoxic T Lymphocyte (CTL) ဆဲလ်တွေပါ။ လက်ရှိသုတေသနမှာ CTL ဆဲလ်တွေကို နိုးနိုးကြားကြားနဲ့ အပျင်းမထူကြဖို့ နှိုးဆော်ပေးတဲ့ဆေးဝါးတွေ ရှာကြံနေကြပါတယ်။

နောက်မကြာမီကာလမှာ ဒီလိုနည်းသစ်တွေဟာ ဆက်လက်တိုးတက်အောင်မြင်လာလိမ့်မယ်လို့ ယူဆသူတွေများပါတယ်။ အချို့အကောင်းမြင်သမားတွေဆို ဆေးပညာတိုးတက်မှုနဲ့ အားကောင်းနေတဲ့ ကင်ဆာကုထုံးသုတေသနတွေကြောင့် လူတွေဟာ နောက် ဆယ်စုနှစ်အနည်းငယ်တွင်းမှာ ကင်ဆာရောဂါကို အောင်နိုင်တော့မယ်လို့ ဟောနေကြတယ်။ ဂျပန်၊ အမေရိကန်တို့လို တိုးတက်တဲ့တိုင်းနိုင်ငံတွေမှာဆို ခရိုင်အဆင့်လောက်မှာတင် ကင်ဆာအထူးကုဆေးရုံတွေ ဖွင့်ထားကြပြီး သုတေသနပညာရှင်များစွာနဲ့ နေ့၊ ညမနား လေ့လာနေကြတယ်။ အဲသည်လို ကုထုံးသုတေသနတွေမှာ ပါဝင်အစမ်းသပ်ခံနေတဲ့ ကင်ဆာဝေဒနာသည်တွေလည်း ရှိနေတယ်။

ဖြစ်လို့ကုရပြီဆိုတော့လည်း ဆေးရုံပြေးပြီး ဆရာဝန်ရဲ့ ကျွမ်းကျင်မှုကို အားကိုးအားထားလုပ်ရုံကလွဲလို့ ကိုယ်က လုပ်နိုင်တာနည်းနည်းပဲကျန်တယ်။ နှစ်နဲ့ချီကြာမယ့် ရောဂါကုသရေးမှာ လူနာရောဆရာဝန်ပါ မဟာဗျူဟာနည်းဗျူဟာတွေရှိရလိမ့်မယ်။ အုပ်စုဖွဲ့တိုင်ပင်ပြီး အလုပ်ကိုမလုပ်တတ်တဲ့ မြန်မာတွေထဲမှာ ဆရာဝန်တွေကိုယ်တိုင်ထိပ်ဆုံးက ပြေးချင်ပြေးနေမှာဆိုတော့ အရေးကြီးတဲ့ ဆုံးဖြတ်ချက်တစ်ခုကို ချရမယ့်အချိန်မှာ ဖြစ်နိုင်ရင် နောက်ဆရာဝန်တစ်ယောက်ယောက်ဆီကလည်း အကြံဉာဏ်ယူကြည့်ပါ။ ပင်မဆရာဝန်ကလည်း သူ့လိုသမား တော်ကြီးကိုတောင် မယုံရကောင်းလားလို့ စိတ်တော်မဆိုးလိုက်ပါနဲ့။ လူနာက သူ့အသက်ကို နှင်းပြီး အကုခံနေရသူပါခင်ဗျာ။

ကင်ဆာ အကုခံနေသူအတွက် ဖီးကြမ်း ငှက်ပျောသီးလို သဘော်သီးလို သစ်သီးသစ်ဥ တွေဟာ ဓာတ်စာကောင်းတွေလို့ဆိုရပါလိမ့်မယ်။ ပြောရရင် သက်သတ်လွတ်အစားအစာတွေဟာ အားလုံးကောင်းပါတယ်။ ကြက်သွန်ဖြူ ငရုပ်သီးဆားထောင်းစားတာလည်း ကောင်းသလို ကြိုက်တတ်လို့ ကြက်သွန်နီသုပ်စားတာလည်း မှန်တာပါပဲ။ နန္ဒင်းကိုများများ စားနေသူဆိုရင်တော့ ကီမိုသွင်းချိန်တွင်းမှာ ခဏလေး ရပ်ထားပေးပါ။ အမေရိကန်၊ ဂျပန်စတဲ့နိုင်ငံတွေမှာတော့ သွေးသန့်ရှင်းနိုင်လို့ ပန်းသီးကိုစားချင်စားပါပြောကြပေမယ့် မြန်မာပြည်မှာတော့ သိပ်အားမပေးချင်ဘူးလို့ သိရတယ်။ အေးလေ ပန်းသီးက ပြည်တွင်းစိုက် မဟုတ်ဘဲ သတ္တုလေးတွေ ဝင်ချင်တိုင်းဝင်နေတဲ့ စိုက်ကွက်မှာ စိုက်ထားပြီး ဘယ်သူမှ မစားလို့ ရောက်လာတာဆိုရင် ကင်ဆာရောဂါသည်မှမဟုတ် တခြားလူကောင်း မြန်မာတွေလည်း ဘယ်စားသင့်သောက်သင့်မှာလဲလို့။

နောက်ထပ်အရေးကြီးတဲ့တစ်ချက်က ကုသမှု ခံယူစဉ်အတွင်း စိတ်ငြိမ်အောင်ထားတတ်ဖို့ပါပဲ။ ကင်ဆာဝေဒနာရှင်တွေကို တရားထိုင်ဖို့တိုက်တွန်းနေကြတာ တော်တော်များများတွေ့နေရပါတယ်။ ကင်ဆာသက်သာတယ်ဆိုတာ ဟုတ်-မဟုတ်ထက် ပျံ့နေတဲ့စိတ်ကို စုစည်းခြင်းအားဖြင့် ဖောက်ပြန်လို့ ဖြစ်ရတဲ့ရောဂါကို ခုခံရာမှာ ပိုအင်အားရှိနိုင်ပါတယ်။ တရားထိုင်တာဟာ ဗုဒ္ဓဘာသာဝင်တွေထဲမှာသာမက ဟိန္ဒူ၊ ခရစ်ယာန်၊ ရေဝတီနဲ့ အစ္စလန်ဘာသာယုံကြည်သူများကြားမှာလည်း အားထုတ်နေသူတွေဒုနဲ့ဒေးရှိပါတယ်။ စိတ်ကို တည်ငြိမ်စေခြင်းဖြင့် ဆုံးဖြတ်ချက်ချရာမှာအမှားနည်းနိုင်ပါတယ်။

ရှေးရှေးကတည်းက ကင်ဆာရောဂါဆိုတာကရှိခဲ့တာပါပဲ။ လွန်ခဲ့သော နှစ်ပေါင်း ၄၀၀၀ ကျော်က မှတ်တမ်းတွေမှာတောင်တွေ့တယ်ဆိုပဲ။ ဘယ်လိုပြောပြော ၂၀ရာစုက လူနေမှုပြောင်းလဲမှုတွေများလို့ ကင်ဆာတွေပေါင်းစုံပိုဖြစ်လာခဲ့ပုံရတာသေချာပါတယ်။ ဥပမာ ဂျပန်ပြည်မှာဆို အစိုးရကဦးဆောင်ပြီး လူထုကို စီးကရက်တွေ ကြော်ငြာရောင်းခဲ့ဖူးတာကြောင့် အဆုတ်နဲ့လည်ချောင်းကင်ဆာတွေ အများဆုံးဖြစ်ခဲ့ဖူးတယ်။ ဒီကနေ့ တရုတ်ပြည်မှာဆို လေထုညစ်ညမ်းလွန်းတာကြောင့် တစ်နေ့ကိုလူ ၇၅၀၀ ကျော် ကင်ဆာကြောင့် ကွယ်လွန်နေရတယ်။ တကယ်တမ်း ကင်ဆာဖြစ်တဲ့နှုန်းအများဆုံးနိုင်ငံက ဒိန်းမတ်နိုင်ငံဖြစ်ပြီး လူတစ်သိန်းမှာ ၃၃၈ ယောက် ကင်ဆာဖြစ်တယ်ဆိုတဲ့ စာရင်းရှိတယ်။ ကိုရီးယားတွေက ဂျပန်တွေထက် ကင်ဆာပိုဖြစ်တယ်။ ဆိုလိုတာက ကင်ဆာဖြစ်ပွားမှု ဟာ လူနေမှုအသိုင်းအဝိုင်းရဲ့ အနေအထိုင်၊ အစားအသောက်နဲ့ ပတ်ဝန်းကျင် သန့်ရှင်းမှုတွေနဲ့လည်း သက်ဆိုင်နေတာ မှန်းကြည့်လို့ရပါတယ်။ ဥပမာ အသားစားကျူးသူတွေဟာ ကင်ဆာအဖြစ်များတယ်။ ဝက်အူချောင်းတွေ များများစားသူတွေဟာ ပန်ကရိယ ကင်ဆာဖြစ်လွယ်တယ်။ အက်စ်ဘက်စတော့ အမိုးအကာအောက်မှာ ကြာကြာနေရင် အဆုတ်ကင်ဆာဖြစ်တတ်တယ် စသည်ဖြင့် သိထားပြီးသားတွေရှိနေပါတယ်။ အမေရိကန်က ပြည်နယ်အချို့မှာဆို ကင်ဆာပျိုးစေတတ်သော ဓာတုပစ္စည်းစာရင်းကိုပြုစုကာ လူများသိအောင်ထုတ်ပြန်ပေးထားတယ်။

ကင်ဆာကိုရှောင်နိုင်ဖို့ အယုတ်အလတ်အမြတ်မရွေး လိုက်နာသင့် လိုက်နာနိုင်တဲ့ ရှောင်ရန်ဆောင်ရန်အကြံပြုချက်တွေရှိပါတယ်။

**ဥပမာ အချို့ကိုထုတ်ပြရမယ်ဆိုရင် ကြက်သွန်နီအစိမ်းလှီးစားပါ၊ ကြက်သွန်ဖြူပုံမှန်စားပါ။ လတ်ဆတ်သန့်ရှင်းသောအသီးအရွက်များများစားပါ၊ မသောက်ရမနေနိုင်သူဖြစ်ပါက နေ့စဉ် ဝိုင် သို့မဟုတ် ဘီယာကို တစ်ခွက်စာလောက်သာသောက်ပါ။ လမ်းလျှောက်ပါ၊ အကြာကြီးမထိုင်ပါနှင့်၊ စည်သွပ်အစာနှင့် အထုပ်ပိတ်အစာကို တတ်နိုင်သလောက်ရှောင်ပါ။ ဝက်ဆီ၊ အသားကင်၊ အသားကြော် မစားပါနှင့်။ နန္ဒင်းမှုန့်စစ်စစ် ထည့်စားပါ။ အာလူးကျော်တွေလျှော့စားပါ ။ နွားနို့စစ်စစ်သောက်ပါ။ ဂျပန် လက်ဖက်ရည်စိမ်းသောက်ပါ။ (မာချလို့ခေါ်တဲ့ဂျပန်လက်ဖက်စိမ်းရည်က ကင်ဆာကာကွယ်စွမ်းရှိတယ်လို့ ကျိုတိုတက္ကသိုလ်ကထွက်တဲ့သုတေသနစာတမ်းကို မှတ်သားဖူးပေမယ့် နှပ်ထားတဲ့မြန်မာ လက်ဖက်သုပ်ထဲမှာ ကင်ဆာကို ကာကွယ်ပေးတယ်ဆိုတဲ့ ကတက် ချင်(Catechin) ဓာတ်တွေကျန်နေသေးရဲ့လားမသိပါ။) စပျစ်သီးစားပါ။ သလဲသီးစားပါ။ တတ်နိုင်သလောက် သကြား မစားဖြစ်အောင်ရှောင်ပါ။ အဝမလွန်ပါစေနှင့်။ နေပူထဲမှာ အကြာကြီးမနေမိပါစေနှင့်။ ညအိပ်လျှင် မီးလုံးဝပိတ်အိပ်ပါ။ ကားမီးခိုးများရာနေရာကို ရှောင်ပါ။ နန္ဒင်းအပြင် ချင်းလို၊ ဇီယာလို၊ သစ်ကြံပိုးလို ဟင်းခတ် အမွှေးအကြိုင်တွေကလည်း ကင်ဆာအတွက်ကာကွယ် တယ်လို့လူပြောများပါတယ်။ အခါအားလျော်စွာကျန်းမာရေးဌာနကထုတ်ပြန်တဲ့ လမ်းညွှန်ချက်များကို လိုက်နာပြီး လိုအပ်သော ကာကွယ်ဆေးများကို ထိုးပါ စသည်တို့ဖြစ်ကြပါတယ်။ လွယ်တယ်မဟုတ်လား။**

**ဘာပဲဖြစ်ဖြစ် ကင်ဆာရောဂါဟာ မနီးမဝေးမှာ အမြဲရှိနေမှာဆိုတော့ အသက်ဉာဏ်စောင့်ဆိုသလို တတ်နိုင်သလောက် သတိထားတာတော့ အကောင်းဆုံးပါပဲ။ ကျန်းကျန်းမာမာနဲ့ အလုပ်တွေလုပ်နိုင်ရင် လာဘ်တွေအများကြီးရနေတာပဲမို့ ကင်ဆာကိုသိ ကင်ဆာကိုရှောင် အိုအောင်မင်းအောင် ပျော်နိုင်ကြပါစေဗျာ။**

# မြန်မာ့ဒီမိုကရေစီပွဲတော်အတွက် မြန်မာတစ်နိုင်ငံလုံး အငြိမ့်အဖွဲ့(၃၄)ဖွဲ့ ပါဝင်ယှဉ်ပြိုင်မည်

**မန္တလေး ဩဂုတ် ၉**
မြန်မာ့ဒီမိုကရေစီပွဲတော်အတွက် အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည်မှ အငြိမ့်အဖွဲ့(၃၄)ဖွဲ့ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် Hotel Marvel ၌ ဩဂုတ် ၆ ရက် နံနက် ၁၀နာရီက ကျင်းပသည့် မြန်မာ့ဒီမိုကရေစီပွဲတော် အငြိမ့်ပြိုင်ပွဲ စာနယ်ဇင်းရှင်းလင်းပွဲမှ သိရသည်။

"ကျွန်တော်တို့က ပြည်သူပြည်သားတွေရဲ့ ရင်ထဲကို ဒီမိုကရေစီနဲ့ပတ်သက်လို့ အနှစ်ချုပ်လေးတော့ ရောက်သွားစေချင်တယ်။ ရုပ်ရှင်ရုံမှာ လာကြည့်တဲ့ပရိသတ်ရှိသလို အခြေခံလူတန်းစားနဲ့ လူလတ်တန်းစားအလွှာ တိုက်ရိုက်ကြည့်တာ အငြိမ့်ပါ။ အဲဒီတော့ အငြိမ့်ကနေတစ်ဆင့် ပြည်သူတွေကို ဒီမိုကရေစီရဲ့အနှစ်သာရဒီမိုကရေစီရဲ့စိတ်နေသဘောထားလေး ပေါ်လွင်စေချင်တာပါ။

"ဒီမိုကရေစီနိုင်ငံဆိုတာနဲ့ ကျွန်တော်တို့ မိုးပေါ်ကနေဘာမှကျမလာဘူး။ အဲဒီတော့ ရမှာကတစ်ခုလေးပဲ။ ကိုယ်လုပ်မှကိုယ်ရမယ် ဆိုတဲ့စိတ်လေးတစ်ခုပါ"ဟု တာဝန်ခံစီစဉ်သူ ဦးသူရ(ခ)ဇာဂနာက ပြောသည်။

အဆိုပါပြိုင်ပွဲများကို အထက်မြန်မာပြည် အငြိမ့်အဖွဲ့ (၁၃) ဖွဲ့မှ မန္တလေးအမျိုးသားပြဇာတ်ရုံ၌ ဩဂုတ် ၂၈၊ ၂၉၊ ၃၀ ရက်တို့တွင် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး အောက်မြန်မာပြည် အငြိမ့်အဖွဲ့(၂၁)ဖွဲ့မှ ဩဂုတ် ၂၇၊ ၂၈၊ ၂၉၊ ၃၀၊ ၃၁ ရက်တို့တွင် ရန်ကုန်အမျိုးသားဇာတ်ရုံတွင် ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ အထက်မြန်မာပြည်မှ သုံးဖွဲ့နှင့် အောက်မြန်မာပြည်မှ သုံးဖွဲ့ကို ဆန်ခါတင်ရွေးချယ်မည်ဖြစ်ပြီး နောက်ဆုံးဗိုလ်လုပွဲကို စက်တင်ဘာ ၂၀၊ ၂၁ ရက်တွင် ရန်ကုန်အမျိုးသားဇာတ်ရုံ၌ ကျင်းပသွားမည်ဖြစ်သည်။

"အဓိကကတော့ ကျွန်တော်တို့က ဒီမိုကရေစီ တည်ဆောက်ရေးမှာ နိုင်ငံသားတွေရဲ့ထားသင့်ထားအပ်တဲ့ စိတ်နေသဘောထားဆိုတာလေးတစ်ချက်လေး ပေါ်လွင်အောင်ပေါ့။ ဒီမိုကရေစီရဲ့ အနှစ်သာရ ၁၀ ပါးတို့ အိုင်ဒီ ဒီမိုကရေစီတို့ဆိုတာတွေက စာအုပ်တွေဖတ်နေလို့ပြီးတော့မှာမဟုတ်ဘူး။ အနုပညာနဲ့ပြောလိုက်ရင် ပရိသတ်ကပိုပြီးတော့ နားလည်လွယ်မယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

ယင်းပြိုင်ပွဲများတွင် သားအဖချင်း၊ မောင်နှမချင်း မျက်နှာချင်းမဆိုင်နိုင်လောက်တဲ့ ညစ်ညမ်းသော ပြက်လုံးများမပြက်ခြင်း၊ တိုင်းရင်းသားအရေး၊ ဘာသာရေး၊ လူမှုရေးနှင့် လိင်ပြောင်းသွားသည့်သူများအတွက် လူ့အခွင့်အရေး ထိခိုက်နိုင်မည့် သရော်လှောင်ပြောင်ခြင်းများ မပြုလုပ်ရန်မေတ္တာရပ်ခံထားခြင်းဖြစ်ပြီး အကဲဖြတ်ဒိုင်လူကြီးများအနေဖြင့် ဝါရင့်သဘင်အနုပညာရှင်များမှ ပါဝင်ဆောင်ရွက်မည်ဖြစ်ကာ ပြိုင်ပွဲတွင် ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးကိုဖော်ဆောင်သော ပြက်လုံးခွေတစ်ခွေနှင့် ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးကို ဖော်ဆောင်သော သီချင်းတစ်ပုဒ်ပါဝင်ရမည်ဖြစ်ပြီး ပြိုင်ပွဲပြင်ဆင်မှုများအတွက် ကုန်ကျစရိတ်များကိုလည်း တစ်ဖွဲ့လျှင် ကျပ်ငါးသိန်းဖြင့် ထောက်ပံ့ပေးမည်ဖြစ်သည်။

ထို့ပြင်ပြိုင်ပွဲများတွင် ပထမဆု ကျပ်သိန်း ၅၀၊ ဒုတိယဆု ကျပ်သိန်း ၃၀ နှင့် တတိယဆုကျပ်သိန်း ၂၀ တို့အပြင် အကောင်းဆုံးမင်းသမီးဆု၊ အကောင်းဆုံးလူရွှင်တော်ဆု၊ အကောင်းဆုံးဆိုင်းအဖွဲ့ဆု၊ ပရိသတ်ကပေးသော အကြိုက်ဆုံးဆုအပြင် ဆုပေါင်း ၁၀ ဆု ချီးမြှင့်မည်ဖြစ်ပြီး အကောင်းဆုံးဆုများကိုလည်း ကျပ်သိန်း၂၀ စီ သတ်မှတ်ထားသည်။

**နဒီလှိုင်း**

# Galaxy Star သီချင်းဆိုပြိုင်ပွဲ၏ နောက်ဆုံးအဆင့်ပြိုင်ပွဲများကို ဩဂုတ် ၁၁ ရက်မှစ၍ အပတ်စဉ်သောကြာနေ့တိုင်း တိုက်ရိုက်ပြသမည်

**ရန်ကုန် ဩဂုတ် ၉**
Galaxy Star သီချင်းဆိုပြိုင်ပွဲမှ နောက်ဆုံးအဆင့်ပြိုင်ပွဲဝင် ၁၀ ဦးသည် ကိုရီးယားနိုင်ငံတွင် လေ့ကျင့်သင်ကြားမှုများအပြီး မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာခဲ့ပြီဖြစ်သည်။ အဆိုပါနောက်ဆုံးအဆင့်ပြိုင်ပွဲဝင် ၁၀ ဦးအား ကိုရီးယားနိုင်ငံရှိ နာမည်ကျော် Global K Center ၌ ကိုရီးယားနိုင်ငံ၏ K-Pop အနုပညာရှင်များကို လေ့ကျင့်သင်ကြားပေးခဲ့သော အတတ်ပညာရှင်များမှ သီဆိုမှုအရည်အသွေးများ၊ စင်မြင့်ထက်ဖျော်ဖြေရေး အရည်အသွေးများသာမက သီချင်းသီဆိုရာတွင် စိတ်ခံစားမှုများကို ပေါ်လွင်စေရန်နှင့် ဖော်ထုတ်ပြသတတ်စေရန်အတွက် စိတ်ပိုင်းဆိုင်ရာ လေ့ကျင့်မှုများကိုပါ သုံးပတ်ကြာ စနစ်တကျလေ့ကျင့်သင်ကြား ပေးခဲ့ခြင်းဖြစ်သည်။

"ဒီလို တစ်မူထူးခြားတဲ့ World Star Searching တီဗွီအစီအစဉ်မှာ အခုလို အိပ်မက်တွေ အကောင်အထည်ပေါ်လာဖို့ နီးကပ်လာပြီဖြစ်တဲ့ နောက်ဆုံးအဆင့် ပြိုင်ပွဲဝင် ၁၀ ဦးအတွက် ကျွန်တော်တို့အနေနဲ့ အလွန်ကိုဂုဏ်ယူမိပါတယ်။ Galaxy Star အစီအစဉ်က သီချင်းဆိုပြိုင်ပွဲသက်သက်မဟုတ်ဘဲ မြန်မာနိုင်ငံရဲ့ ဒေသအသီးသီးက အရည်အချင်း ပြည့်ဝတဲ့ လူငယ်အဆိုပညာရှင်တွေကို ရှာဖွေဖော်ထုတ်ပေးတဲ့ ပထမဆုံး အစီအစဉ်တစ်ခုဖြစ်ပါတယ်" ဟု Samsung Myanmar ၏ Head of IT and Mobile ကိုဇာနည်ဝင်းထက်က ပြောကြားသည်။

"အခုလို စိတ်လှုပ်ရှားစရာကောင်းတဲ့ အစီအစဉ်မှာ တစ်စိတ်တစ်ပိုင်းအနေနဲ့ ပါဝင်ခွင့်ရတဲ့အတွက်လည်း အလွန်ကို ဂုဏ်ယူပါတယ်။ ဖြစ်နိုင်ရင် ပြိုင်ပွဲဝင် ၁၀ ယောက်လုံးကိုလည်း ဆုရရှိသူ winner ဖြစ်စေချင်ပါတယ်။ သူတို့လေးတွေအနေနဲ့ မကြာခင်အချိန်အတွင်းမှာ သူတို့ရဲ့ စိတ်ကူးအိပ်မက်တွေကို အကောင်အထည်ဖော်နိုင်ပြီး မြန်မာနိုင်ငံက အရည်အချင်းရှိတဲ့ လူငယ်လေးတွေအဖြစ် ကမ္ဘာ့စင်မြင့်ထက်မှာ ဖျော်ဖြေဖို့ အဆင်သင့်ဖြစ်နေပြီဆိုတာသေချာပါတယ်" ဟု ၎င်းက ဖြည့်စွက်ပြောကြားခဲ့သည်။

ရန်ကုန်မြို့တွင် ပြုလုပ်သွားမည့် မတူညီသော Level များဖြင့် ဖွဲ့စည်းထားသော နောက်ဆုံးအဆင့် လေးဆင့်အတွက် ပြိုင်ပွဲဝင် ၁၀ ဦးမှ အပြင်းအထန် လေ့ကျင့်နေကြပြီဖြစ်သည်။ နောက်ဆုံး အဆင့်လေးဆင့်ကို ဩဂုတ် ၁၁ ရက်မှစ၍ အပတ်စဉ်သောကြာနေ့တိုင်း MRTV-4 တွင် တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး အဆိုပါအပိုင်းလေးပိုင်းတွင် ပြိုင်ပွဲဝင်များအား အကဲဖြတ်ဒိုင်များ၏ ဆုံးဖြတ်ချက်နှင့်အတူ ကြည့်ရှုသူပရိသတ်များ၏ မဲပေးဆုံးဖြတ်ချက်များကိုပါ ထည့်သွင်း၍ ရွေးချယ်သွားမည်ဖြစ်သည်။ နောက်ဆုံးအဆင့်ရွေးချယ်မှုတွင် အကဲဖြတ်ဒိုင်များ၏ အကဲဖြတ်အမှတ်ပေးခြင်းသည် ၅၀ ရာခိုင်နှုန်းနှင့် ကြည့်ရှုသူပရိသတ်များ၏ ရွေးချယ်မဲပေးမှုမှာ ၅၀ ရာခိုင်နှုန်းပါဝင်မည်ဖြစ်သည်။ ကြည့်ရှုသူပရိသတ်များအနေဖြင့် Ooredoo ဆင်းမ်ကတ်ဖြင့် စာတိုပေးပို့၍ မဲပေးနိုင်မည်ဖြစ်သည်။

"ကိုရီးယားနိုင်ငံမှာ တစ်ယောက်ချင်းစီကို အနီးကပ်ပံ့ပိုးမှုတွေပေးပြီး တတ်ကျွမ်းတဲ့ နာမည်ကျော်ပညာရှင်တွေနဲ့ စနစ်တကျ လေ့ကျင့်သင်ကြားပေးခဲ့တာ ဖြစ်ပါတယ်။ ပြိုင်ပွဲဝင်တွေအနေနဲ့ အခုလိုမျိုး အဆိုပညာ တင်မဟုတ်ဘဲ စင်မြင့်တင်ဆက်မှုပိုင်းဆိုင်ရာမှာပါ သိသိသာသာ တိုးတက်ပြောင်းလဲလာတာကို တွေ့ရတဲ့အတွက်လည်း အလွန်ကို ဝမ်းသာမိပါတယ်။ ကြည့်ရှုသူပရိသတ်တွေအနေနဲ့လည်း ကမ္ဘာ့စင်မြင့်ထက်မှာ ထွန်းတောက်လာမယ့် မြန်မာနိုင်ငံက ငွေကြယ်ပွင့်တစ်ဦး မကြာခင်အချိန်အတွင်းမှာ ထွက်ပေါ်လာမှာဖြစ်တဲ့အတွက် အားလုံးရင်ခုန်စိတ်လှုပ်ရှားနေကြမယ်လို့လည်း ယုံကြည်ပါတယ်။ Namin အနေနဲ့လည်း အခုလို အရည်အချင်းရှိတဲ့ လူငယ်လေးတွေရဲ့ ပုန်းကွယ်နေတဲ့ အရည်အချင်းတွေကို ရှာဖွေဖော်ထုတ်ပြီး သေသေချာချာပြုစုပျိုးထောင်ပေးခွင့်ရတဲ့အတွက်လည်း တကယ့်ကိုဝမ်းမြောက်မိပါတယ်" ဟု အဆိုပါအစီအစဉ်ကို စီစဉ်ထုတ်လုပ်ရိုက်ကူးသော Namin Entertainment ၏ Marketing Director, Samuel Sengwon Kang က ပြောကြားခဲ့သည်။

အဆိုပါနောက်ဆုံးအဆင့်တွင် အနိုင်ရရှိသူ Grand Winner သည် ဆုကြေးငွေအဖြစ် မြန်မာငွေကျပ် သိန်း ၁၀၀၀ ကို ရရှိပိုင်ဆိုင်နိုင်မည်သာမက အနိုင်ရရှိပြီး တစ်နှစ်အတွင်း ပထမဆုံး ကိုယ်ပိုင်တေးစီးရီးကို ကိုရီးယားနိုင်ငံတွင် ရိုက်ကူးထုတ်လုပ်နိုင်မည့် အခွင့်အရေးရရှိမည်ဖြစ်ကာ ကမ္ဘာကျော် အနုပညာငွေကြယ်ပွင့်တစ်ဦးဖြစ်လာစေရန် ကူညီပံ့ပိုးပေးသွားမည်ဖြစ်သည်။

**ဇာဏီ**




Galaxy Star oDifqdyWyfrSemutfqkl qi ifjwlyfoi1100Dm;awtUpOf"mwfykZmPD




# အသစ်ထွက်ရှိလာသော စွမ်းဆောင်ရည်ကောင်းမွန်သည့် Xiaomi MI5X တွင်ပါဝင်မှုအချက်အလက်များကို ဆန်းစစ်ခြင်း

**ရန်ကုန် ဩဂုတ် ၉**
ဩဂုတ် ၃ ရက်နေ့က တရုတ်နိုင်ငံ စမတ်ဖုန်းဈေးကွက်တွင် စတင်ဝယ်ယူနိုင်ပြီဖြစ်သော Xiaomi MI5X အမျိုးအစားစမတ်ဖုန်းကို ပြည်တွင်းဈေးကွက်ဖြစ်သည့် ရန်ကုန်၊ မန္တလေး အစရှိသော မြို့ကြီးများရှိ မိုဘိုင်းဖုန်းဆိုင်များတွင် ဝယ်ယူနိုင်ပြီဖြစ်သည်။ Xiaomi အမှတ်တံဆိပ်စမတ်ဖုန်းများသည် ပြည်ပတွင်သာမက ပြည်တွင်းဈေးကွက်တွင်ပါ လူသုံးများလာပြီး ဈေးကွက်အတွင်း နေရာတစ်ခုရရှိလာသော စမတ်ဖုန်းအမျိုးအစားတစ်ခုဖြစ်သည်။

ကိုယ်ထည်ပိုင်းကို သတ္တုစပ် (Metal Body Design) ဖြင့်ထုတ်လုပ်ထားကာ ကိုင်တွယ်အသုံးပြုရာတွင် ပိုမိုပါးလွှာပြီး လက်ဗွေစနစ် (Fingerprint) ကို ကျောဘက်တွင် ထည့်သွင်းပေးထားသည်။ မျက်နှာပြင်အကျယ် ၅ ဒသမ ၅ လက်မဖြစ်ပြီး LTPS (Low Temperature Poly Silicon) မျက်နှာပြင်အသုံးပြုထားကာ ရုပ်ထွက်ပိုင်းအရည်အသွေး ကောင်းမွန်မည်ဖြစ်သည်။

Android စနစ် ၇ ဒသမ ၁ ကို ထည့်သွင်းပေးထားပြီး ယခုအချိန်တွင်မူ Global ROM စနစ် မရရှိနိုင်သေးဟုသိရသည်။ စွမ်းဆောင်ရည်ပိုင်းတွင် Octa-Core Snapdragon 625 ထည့်သွင်းပေးထား၍ လုပ်ဆောင်မှုပိုင်းတွင် ကောင်းမွန်သော ဖုန်းအမျိုးအစားတစ်ခုဖြစ်သည်။ ဘက်ထရီပိုင်းတွင် Li-Ion 3080 mAh ဘက်ထရီပါဝင်ကာ စွမ်းအင်သုံးစွဲမှုသက်သာစေရန် ထုတ်လုပ်ထားသည်။ မှတ်ဉာဏ် RAM ပါဝင်မှုမှာ 4GB ဖြစ်သောကြောင့် ဖုန်းအသုံးပြုမှုနှင့် အခြားလုပ်ဆောင်ချက်များကို ပိုမိုမြန်ဆန်စွာ ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပြီး သိုလှောင်သိမ်းဆည်းမှု Internal Storage 32GB သို့မဟုတ် 64GB ပါဝင်သည်။ SIM ကတ်နှစ်မျိုး Dual SIM တစ်ပြိုင်တည်း အသုံးပြုနိုင်မည်ဖြစ်သည်။ SIM 2 နေရာတွင် SIM ကတ် ထည့်သွင်းအသုံးမပြုပါက Micro SD ကတ်ကို ထည့်သွင်းအသုံးပြုနိုင်မည်ဖြစ်သည်။

ယခုကာလ အသစ်ထွက်စမတ်ဖုန်းများတွင် ကျယ်စွာအသုံးပြုလာသည့် ကျောဘက်ကင်မရာ နှစ်လုံး Dual Camera ပါရှိကာ 13MP+ 13MP ဖြစ်သည့်အတွက် ဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးမှုပိုင်းတွင် ပိုမိုအဆင်ပြေကောင်းမွန်လာသည်။ ဓာတ်ပုံရိုက်ကူးမှုအပိုင်းတွင် ပိုမိုလှပသည့်ပုံစံမျိုး ရိုက်ကူးနိုင်မည်ဖြစ်ကာ အရောင်နှင့်အရည်အသွေး ပိုမိုတောက်ပ ကောင်းမွန်လာနိုင်သည်။ ရိုက်ကူးပြီးဓာတ်ပုံများကိုလည်း ပြင်ဆင်မှုပိုင်းဆိုင်ရာ အထောက်အကူများ ထည့်သွင်းပေးထားပြီး ယခင်ကထက် ပိုမိုလှပကောင်းမွန်သော ဓာတ်ပုံများရရှိနိုင်မည်ဖြစ်သည်။ ရှေ့ဘက်ကင်မရာ Selfie CAM အနေဖြင့် 5MP ပါဝင်ပြီး ကောင်းမွန်လှပသော ဓာတ်ပုံများရိုက်ကူးနိုင်မည်ဖြစ်သည်။ ရရှိနိုင်မည့်အရောင်များမှာ Black, Gold နှင့် Rose Gold အရောင် သုံးမျိုး ရွေးချယ်ဝယ်ယူနိုင်ပြီး ဈေးနှုန်းအားဖြင့် မြန်မာကျပ်ငွေ ၃၃၅၀၀၀ ဝန်းကျင်ဖြင့် ပြည်တွင်းစမတ်ဖုန်းဈေးကွက်အတွင်း ဝယ်ယူနိုင်ပြီဖြစ်သည်။

**ALEX**

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

နတ်တလင်းအသင်းကြီးကို စတင်တည်ထောင်သူ (၁၃)ဦးတွင် ပါဝင်သော **ဆရာဖြိုး**(ပညာအလင်းပြစာပေတိုက်)အား မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းကြီးက ၂၀၁၆ခုနှစ်၊ တစ်သက်တာစာပေတိုက်ဆုကို ၂၀၁၇ ခုနှစ်၊ ဇွန်လ၃၀ရက်တွင် Orchid Hotel ဗိုလ်တထောင်ဘုရားလမ်း၌ ပေးအပ်ချီးမြှင့်ခြင်းအတွက် အသင်းကြီးမှများစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

**အမှုဆောင်အဖွဲ့**
**နတ်တလင်းအသင်း**

ရွှေလမ်းခရီး ... 095124678,09401589907

ROYAL GANDAMAR ၏ Promotion ခရီးစဉ်များ
မန္တလေး-မင်းကွန်း-အင်းဝ-ကျောက်စိမ်း(နေ့ချင်းပြန်) Aug-18 39000
ပုဂံ-စွယ်တော်လေးဆူ(နေ့ချင်းပြန်) 39000
ကျိုက်ထို-ဆောင်နိုင်ကြီး-စိမ်းလုံတင် 30000
ပေလီ Aug-25 (၃ည/၄ရက်) 90000
အထက်စဉ် သောကြာနေ့
01-397484,09-31006777,09-5127969,09-33353275,09-250892626,09-8305533

AUGUST
TERMITE & PEST CONTROL SERVICES
boost your environment
ခြနှင့် အထွေထွေပိုးမွှားနှိမ်နှင်းရေးဝန်ဆောင်မှုလုပ်ငန်း
Cost Effective Professional Service Lin-No. 7.2017.52-1st



Yongon Office : Ph: 01-503740, 09-31298849
Southen Shan State Heho Office : Ph: 09-261205255, 09-792011432
E-mail : apcs.inmyanmar@gmail.com
Facebook : August Termite & Pest Control Service

Since 1986
KMD Institute
(ပန်းဆိုးတန်း၊ မြေနီကုန်း၊ လှည်းတန်း၊ တာမွေ စင်တာများတွင်သာလာရောက်အပ်နှံရပါမည်။)
OK$ အကောင့်ဖြင့်ပထမဆုံးသင်တန်း လာရောက်အပ်နှံသူ (၂၆၀)အတွက်အထူးအစီအစဉ်...
30% OFF
Application Course သင်တန်းများအတွက်သာ
ဩဂုတ်လ၊ (၁၁) ၂၀၁၇
တစ်ရက်တည်းသာ
OK$ အကောင့်ဖွင့်လိုပါက တစ်ခါတည်းဖွင့်ပေးပါမည်
HOT LINE 09 262 600450 (ပန်းဆိုးတန်း) ၃၈၁၀၃၅ ၃၉၁၂၈၆ (မြေနီကုန်း) ၅၂၇၄၃၆ ၅၀၂၂၃၃ (လမ်းမတော်) ၂၂၀၅၅၅ (တာမွေ) ၅၄၁၃၂၈ ၅၄၆၆၀၀ လှည်းတန်း(၁)၊(၂) ၅၂၄၄၀၀ ၅၀၂၂၁၁ (သိမ်ကြီးဈေး) ၃၈၄၂၆၈ ၃၈၄၆၄၁

SHOCK PRICE
GRAND STYLE TILES EXPO'17
ALL TILES SALE 20% & OTHER ITEMS STOREWIDE
Jun 06 - Aug 31, 2017
Thiri Yadanar Wholesale Market Compound
Building Zone G3, Unit G46-G52, Thudhamma Road, North Okkalapa Township, Yangon, 11031
Building Zone G3, Unit G46-G52, သီရိရတနာ လက်ကားဈေးဝင်း၊ သုဓမ္မာလမ်း၊ အောင်မင်္ဂလာအဝေးပြေးကားဝင်းအနီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ 11031 www.grandstylemm.com Tel. +95-9785088488,+95-95088488 GrandStyleMM
3001-0000023 3001-0000113 3001-0000694 3001-0000107 3001-0000693
600x600MM
SHOCK PRICE Ks 2,700
3002-0001092 3002-0001095
Ks 2,900 Ks 2,350
3.0X457.20x457.20MM
3002-0000104 3002-0000102 3002-0000103
Ks 2,100 Ks 1,700
2.0x152.4x1220MM

မန္တလာသား
အိမ်ပြောင်း/အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
14' Box ကားများဖြင့် ရန်ကုန်မြို့တွင်း/နယ်ဝေး အကောင်းဆုံး ဝန်ဆောင်မှုပေးပါသည်။
Ph: 09-770639155 09-770639166

ဝယ်လိုသည်။
ပြည်လမ်းမ၊ ထောက်ကြန့်အနီး၊ အမှတ်(၃)လမ်းမ၊ ပုလဲမြို့အနီး၊ ၂ - ၃ ဧက အမြန်ဝယ်လိုသည်။
Ph : 09967 999888

ဒဂုံမြို့သစ်
အရှေ့ပိုင်း
ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊ မြောက်ပိုင်း
များရှိမြေကွက်များကို
ဈေးကောင်းပေးဝယ်သည်။
09-500 5916
09-730 97123

ခေတ်မီဆန်းသစ်သော ကမ္ဘာ့အကောင်းဆုံး စီးပွားရေးဘွဲ့(၆၀)ကျော်ကို
အချိန်တိုအတွင်းကုန်ကျစရိတ်သက်သာစွာဖြင့် သင်ယူနိုင်ပါပြီ .....
စင်ကာပူ(၁၆)လ
psb ACADEMY
KAPLAN
OR
အင်္ဂလန်(၂)နှစ်
MANCHESTER UNIVERSITY OF LEEDS The University of Sheffield UNIVERSITY of BRADFORD University of Salford
LEEDS BECKETT UNIVERSITY Sheffield Hallam University University of HUDDERSFIELD
မြန်မာပြည်(၉)လ
CROWN EDUCATION
ROYAL
.BSc(Hons) Management (Innovation, Strategy & Entrepreneurship)
.BSc(Hons) Accounting & Finance
.BSc(Hons) International Business
.BSc(Hons) Supply Chain Management
.BA (Hons) Business and Public Relations
.BA (Hons) Tourism Management
.BSc(Hons) International Events Management and 60 more
Scholarship Available
အောက်တိုဘာလတွင် စတင် ဖွင့်လှစ်မည်။
အမှတ်၂၇၀၊ ပထမထပ်၊ အခန်း ၁၁၊ ပြည်လမ်း၊ မြေနီကုန်း၊ စမ်းချောင်း၊ ဖုန်း – ၀၁ ၅၂၇ ၀၃၀၊ ၀၉ ၉၆၅ ၀၀၅ ၁၀၅၊ ၀၉ ၂၆၀၀၀ ၄၀ ၅၀၊ ၀၉ ၂၆၀၀၀ ၆၀ ၅၀

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ မြေကွက်အမှတ်(၁၁၉၆)၊ မြေကွက်တည်နေရာအမှတ်(၁၁၉၆)၊ အနော်ရထာလမ်း၊ (၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ဒေါ်သန်းသန်းညွန့်[၁၂/ပဘတ(နိုင်)၀၁၄၂၅၄]အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေအား အမည်ပေါက် ဒေါ်သန်းသန်းညွန့်မှာ အပျိုကြီးဘဝဖြင့် ကွယ်လွန်သွားသဖြင့် ဒေါ်ကြည်ကြည်မြင့်[၁၂/ဗတထ(နိုင်)၀၁၉၈၈၉]၊ ဦးလှမြင့်[၁၂/ပဘတ(နိုင်)၀၁၅၈၇၆]တို့မှ မွေးချင်းညီမ၊ မောင်အရင်းတော်စပ်ကြောင်းကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ သေစာရင်း၊ သန်းခေါင်စာရင်း၊ ဂရန်မူရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**


သစ် ပင် စိုက် ပါ ဒို့ ကမ္ဘာ သာ ယာ လှ ပ စိမ်း မြ မြ

ကြော်ငြာ


Hmwe Taunggyi Business Group Travel & Tours Co.,Ltd မှစီစဉ်သည်
License No(661)

# သာကီနွယ်

Hot Line - 01-200952



ဗုဒ္ဓဂယာဘုရားဖူးပို့ဆောင်ရေး

အထူးဈေးနှုန်း(၁၅)ရက် - ၁၁.၉သိန်း (၈)ရက် - ၉.၉သိန်း

- ဝန်ဆောင်မှုအပြည့်ဈေးနှုန်းအသက်သာဆုံး
- မြန်မာကျပ်ငွေဖြင့်သာပေးချေနိုင်ခြင်း
- အပိုငွေကြေးထပ်ကောက်ခြင်းမရှိစရိတ်ငြိမ်း
- (၁၀)ဦး(၁)ဦးအခမဲ့
- အပတ်စဉ်စနေနေ့ တိုင်းထွက်ရှိသည်

(၇)နှစ်ပြည့်အထူးအစီစဉ် (၈)လပိုင်းအထိစာရင်း ပေးသွင်းသူများအထူးဈေးနှုန်း ၁၅ရက် ၁၀.၉သိန်း

ရန်ကုန် - အမှတ်(၁၀၅)၊၁၂၃ လမ်း၊ သိမ်ဖြူကားမောင်းကွင်းရှေ့၊မင်္ဂလာတောင်ညွန့်မြို့နယ်။ ၀၉- ၇၇၈၈၂၂၂၆၀၊ မန္တလေး - အမှတ်(၇၂၅)၊ ၈၁လမ်း၊ ၄၄-၄၅ကြား၊ မန္တလေး။ ၀၉-၇၇၈၈၂၂၂၅၀
တောင်ကြီး - ၀၈၁-၂၀၀၁၇၃ ၊ ၀၉- ၇၇၈၈၂၂၂၄၀

ရှိုင်ရယ်ပဏ္ဏာမြား
မြဝတီ-မဲဆောက်-ဘားအံ
ဂူဘုရားစုံ ၂ည-၃ရက် (သောကြာ) 45000
ပုဂံ-ပုပ္ပါး-ပခုက္ကူ ၂/၃ (သောကြာ) 39000
252055609, 444462599

DADDY (ခယ်ဒီ) ခရီးသွားလုပ်ငန်း
တန်ပိုးနည်းခရီးစဉ်များအတွက် အရောင်းကိုယ်စားလှယ်များ အလိုရှိပါသည်။
09 448001903,09-440334848

## အမည်ပြောင်း

မင်္ဂလာဒုံမြို့နယ် ဦးကျော်ဟန်ဇေယျာ ကိုယ်ပိုင်အထက်တန်းကျောင်း ဒသမတန်းမှ ဦးအေးလွင်[၁၂/လကန(နိုင်)၀၃၁၈၂၃]၏ သမီးဖြစ်သူ မမို့မို့အေးအား မမို့မို့ပြည့်စုံဟု ပြောင်းလဲခေါ်ဆိုပါရန်။

# နီလာ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

ဇူလိုင်(၂၅)ရက်မှ သြဂုတ်(၂၅)အတွင်း တစ်ဦးလျှင် စရံငွေ(၂)သိန်းဖြင့် (၁၀)ဦး စုစည်း စာရင်း ပေးသွင်းပါက(၁)ဦးအခမဲ့
၈ ရက်ခရီး -ဟိုတယ်(၇)ည ➔ ဒေါ်လာ ၁၁၀၀ (စားရိတ်ငြိမ်း)(3/4Star)
၁၂ ရက်ခရီး-ဟိုတယ်(၃)ည ➔ စရံ ၂ သိန်း+ ဒေါ်လာ ၇၅၀ (စားရိတ်ငြိမ်း)
၁၅ ရက်ခရီး-ဟိုတယ်(၅)ည ➔ စရံ ၂ သိန်း+ ဒေါ်လာ ၈၀၀(စားရိတ်ငြိမ်း)
၁၅ ရက်ခရီး-ကိုလ်းကတ္တားပါ ဟိုတယ်(၄)ည ➔ (စရံငွေ ၂ သိန်း+ ဒေါ်လာ ၈၅၀)စားရိတ်ငြိမ်း
သီရိလင်္ကာစွယ်တော်လှည့်လည်ပူဇော်ပွဲ -ထိုင်းနိုင်ငံ ဘန်ကောက် မြဘုရား + အပျော်စီးသင်္ဘော
(၇)ညအိပ် (၈)ရက်ခရီး-ဟိုတယ်(3/4Star) - 1500 USD (စားရိတ်ငြိမ်း)
မိမိသွားလိုသည့်ခရီးစဉ်(ခုနှစ်၊ရက်၊လ)တို့ကိုရွေးချယ်ပြီး စရံငွေ (၂)သိန်းပေးသွင်းရပါမည်။ ခရီးစဉ် မလိုက်ဖြစ်ပါက စရံငွေမဆုံးရှုံးပါ။
ခရီးစဉ်များကို အောက်တိုဘာလဆန်းမှစ၍ ဧပြီလ အထိ ပို့ဆောင်ပေးနေပါသည်။
ရန်ကုန်နှင့်မန္တလေးမြို့ကြီးများတွင် အိမ်တိုင်ရာရောက် လိုက်လံရှင်းပြဝန်ဆောင်မှုပေးပါသည်။
ဖုန်း-၀၁-၃၇၆၆၁၀၊ ၃၇၂၁၃၅၊ ၃၈၄၃၈၆၊ ၃၈၄၀၆၆၊ ၃၈၅၃၈၄၊ ၀၉၅၁၂၀၅၂၉
အမှတ်-၂၇၆/၂၇၈(မြေညီ)၊ ပန်းဆိုးတန်းလမ်း(ခုံတံတားအနီး)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
အမှတ်-၈၈၊ ၆၈လမ်း၊၃၃ x ၃၄ကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့ဖုန်း-၀၉-၇၇၅၅၅၅၃၄၀၊၀၉-၇၇၅၅၅၅၃၄၁

အေးရှန်း ရန်ကုန် ခရီးသွားကုမ္ပဏီ

# ဗုဒ္ဓဂယာ အဆင့်မြင့်ဘုရားဖူးခရီးစဉ်(၇)ညအိပ် (၈)ရက်

ပြည်ပခရီးသွားလိုင်စင်အမှတ် (ပခ-၀၄၀၀) UMTA

သံဝေဇနီယလေးဌာန ၊ အဝိဇဟိတသုံးဌာန (အိန္ဒိယ+နီပေါ)


ထွက်ခွာမည့်ရက်- ၁၁.၁၀.၂၀၁၇ / ၈.၁၁.၂၀၁၇ / ၂၀.၁၂.၂၀၁၇

ဝန်ဆောင်မှုမျာ ဟိုတယ်ခရီးစဉ်

- နိုင်ငံတကာအဆင့်မီဟိုတယ်ကြီးများအားအသုံးပြုခြင်း(ဟိုတယ်အများစုတွင်ဓါတ်လှေကားပါဝင်ခြင်း)
- နေ့စဉ်ဟိုတယ်ကြီးများတွင်(နံနက်/နေ့လယ်/ည) ဘူဖေးဖြင့်ကျွေးမွေးညှည့်ခံခြင်း
- အရည်အသွေးမြင့် 20 Kg ဆံ့သည့်ခရီးဆောင်သေတ္တာ

တစ်ဦးလျှင် USD 1100
မြန်မာကျပ်ငွေဖြင့်ပေးချေနိုင်ပါသည်။

ဗီယက်နမ်ခရီးစဉ်
ဗီယက်နမ် +ကမ္ဘောဒီးယား (၅ည /၆ရက်) $650 ၁၅.၉.၂၀၁၇ ၊ ၃.၁၀.၂၀၁၇
ဟန္နိုင်း-ဟလောင်း (၃ည /၄ရက်) $480 ၈.၉.၂၀၁၇ ၊ ၆.၁၀.၂၀၁၇
ဟိုချီမင်း-မွေနဲ-ဒါလတ် (၄ည /၅ရက်) $425 ၂၂.၉.၂၀၁၇ ၊ ၅.၁၀.၂၀၁၇



တိုက်(၁)၊အမှတ်(၁၀၆)၊ပထမထပ်၊ဘူတာရုံလမ်း၊(၂)ရပ်ကွက်၊လှိုင်မြို့နယ်၊ရန်ကုန်မြို့။ ၀၉ ၄၅၇၁၀၁၀၆၇ ၊ ၀၉ ၄၅၆၄၃၁၄၂၀ asianygntravels.com

စိန်နှင့်မြ မွေ့ရာ ပရိဘောဂ

Promotion
၂၀၁၇-ခုနှစ် ဩဂုတ်လ (၁၀)ရက်နေ့ မှ စက်တင်ဘာလ (၃၀)ရက်နေ့ထိ










Hotlines : 09-455552626,455552828

- အမှတ်(၁၀၂)၊ဝေဇယန္တာလမ်းမကြီး၊ပါရမီလမ်းနှင့် သစ္စာလမ်းကြား၊တောင်ဥက္ကလာပမြို့နယ်၊ရန်ကုန်။ Tel: 01-8566454,01-2332018
- အမှတ် B-7 ၊အောင်ဆန်းကွင်းမြောက်ဘက်တန်း၊ရန်ကုန်။ Tel: 01-255752,09-73244480,09-33427177
- အမှတ် F-5 ၊စတုတ္ထထပ်၊ယုဇနပလာဇာ၊ရန်ကုန်။ Tel: 01-200747 Ext: 5999, 09-453887790
- အမှတ် (၁၄၄)၊၃၄လမ်း၊၈၀ × ၈၁လမ်းကြား၊မန္တလေး။ Tel: 02-34217,73177,011 - 203185
- အမှတ် ၃၈(ဘီ)၊လမ်း (၈၀)၊ ၃၄ × ၃၅ လမ်းကြား၊ မန္တလေး။ Tel: 02-68857,09-33143777
- အမှတ်(၁၁)၊၂၆(ဘီ)လမ်း၊၇၈ × ၇၉လမ်းကြား၊မန္တလေး။ Tel: 02-71070,09-402511022

မွေ့ရာအဟောင်းကို လှူဒါန်းခြင်းဖြင့် ၂၀%အထူးလျှော့ဈေးရယူပါ

Winner Super Diamond Pile Co., Ltd.
W.S.D Group

ISO 9001:2015 Cert. No. 734649



# W.S.D Pile

YCDC Licence No.PL-12, MCDC Licence No.PI-006

လူကြီးမင်းတို့၏ အဆောက်အဦးများနှင့် စက်ရုံများတွင် ပိုင်ရိုက်ခြင်း၊Bored Pile,လုပ်ငန်းများ ဆောင်ရွက်လိုပါက ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။



Add: အမှတ်(၅၆)၊ မြေညီထပ်၊၄၄လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။
Ph : 01-381964, 09-73131288, 09-73150482, 09-250499988
Off : Ph- 09-250 288811, Email: wsdmyanmar@gmail.com

Add: အမှတ်(ဘီ-၁၀)၊(၃၃)လမ်း၊(၈၁-၈၂)လမ်းကြား၊မန္တလေး။
Ph: 09-265820507
Facebook: Winner Super Diamond Piling Co.,Ltd


City Mart
We are 21!
21st
Anniversary SPECIALS
10th ~ 23th August, 2017
Buy 3Pcs, Get 1
NEW ZEALAND JAZZ APPLE
CHINA LOTUS ROOT
250 ks /100g
Fresh! Fresh! Fresh!
2,520 ks /100g
FROZEN SALMON FILLET SKIN OFF NORWAY
Danisa
Traditional Butter Cookies 454g
Ks. 5,650
5,100
Royal
Tea Mix 30's 600g
Ks. 3,100
2,700
Nestlé Good Food, Good Life
NESCAFE
-Red Cup Coffee 100g/200g (Bottle)
-3in1 Coffeemix Espresso Roast 27's 486g
-Blend & Brew Rich & Aroma 24's 429.6g
NESTLE
-Milo 400g
-3in1 Activ-8 450g
-UHT Drink 4'sx180ml
Free!
Buy Ks. 8,000 , Get 1 Bear Brand Cereal 450g
Calsome
Instant Cereal 30's 750g
Free!
Ks. 2,750
Buy 1, Get 1 Calsome Cereal (10's)
COCA COLA COKE/ MAX PLUS ORANGE/ SPRITE
1.5Ltr
Free!
Ks. 850
Buy 1, Get 1 Minute Maid Nutri Boost Strawberry
YumYum Premier
Premier Instant Noodle
-Chicken/Chicken Curry/ Prawn Curry
5's x 60g
Ks. 980
880
Knorr
Chicken Seasoning Powder 800g
Ks. 3,000
2,550
CJ
100% Pure Oil Soybean 1.74Ltr
Ks. 3,750
3,200
bella
-Powder Cushion Dreamm Matte 15g
-Upcolor Red Carpet
Ks. 3,700 ~ 7,650
3,350 ~ 6,900
Colgate
Toothpaste
-Max Fresh Minty Blast 137g
-Double Cool Stripe 145g
-Salt Herbal 160g
Free!
Ks. 1,550 ~ 1,900
Buy 1, Get 1 Toothbrush Super Flexi
LUX
Shower Cream 500ml
Ks. 3,650
2,900
MamyPoko
Baby Diaper Pants Extra Soft Jumbo Series (Boy/Girl) (S/M/L/XL/XXL/XXXL)
Ks. 14,200
11,500
LOCK & LOCK
-Food Box
-Sports Bottle
-Sports Handy Bottle
Ks. 2,100 ~ 8,900
1,700 ~ 7,100
City VALUE
Foldable Storage Box (Cube/Octagon)
Ks. 5,000
4,000
FARFALLA
Electric Fryer FEW-CC36
Adjustable Temperature
Ceramic Coating
1500 Watts
Ks. 36,700
31,500
Hot Plate with Thermostat
FHP-1500S (Single)
1500 Watts
Ks. 26,500
23,000
City Love & Hope Foundation
NO PLASTIC BAG DAY
5th day of Every Month! @ City Mart Supermarket.
WE ACCEPT TELEPHONE ORDER
email: enquiry@city.com.mm
Hot line: 01-253022
Prices may change without prior notice.While Stocks Last!
All items limited to 6pcs per customer.
DELIVERY ORDER CONTACT
www.citymart.com.mm
citymart_supermarket
www.facebook.com/

Main Sponsor
ForEver Gems
by ရွှေနန်းတော်

NOVOTEL HOTELS
HOTELS & RESORTS
YANGON MAX

John Lwin ဦးစီးသော
STARS & MODELS INT'L
မှပူးပေါင်းတင်ဆက်မှု

Eternity
Love Fashion Show

12-13 August ,2017
@ NOVOTEL HOTEL
9:00am - 9:00pm



10% to 50% off

ဆင်တူလက်ထပ်လက်စွပ်ဒီဇိုင်းအသစ် (၅၀၀)ကျော် နှင့်
ပွဲတက်ရွှေထည်လက်ဝတ်ရတနာများ
3D CAD/CAM ဖြင့်ဒီဇိုင်းထုတ်ထားသော Invisible Setting / Micro - Setting တို့ဖြင့်
ကမ္ဘာ့နောက်ဆုံးပေါ်စိန်နှင့်ကျောက်ပွဲတက်လက်ဝတ်ရတနာများ

MA MYINTZU (ZU ZU COLLECTION) | LATT LATT FASHION LADY BOUTIQUE SPECIAL | Mogok Pauk Pauk COUTURE | PYAE SOE AUNG Exclusive Bridal Creations | Kaung Myat Haute Couture

ကြော်ငြာ

# 0r,fenf;aluuu|cif;

Myanmar National Telecom Holdings Public Limited ၏ Managing Director၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် (အထွေထွေအတွင်းရေးမှူး)၊ ရန်ကုန် ကွန်ပျူတာတက္ကသိုလ်(ကထိက-ငြိမ်း)တစ်ဦးဖြစ်သူ ဦးဇော်မင်းဦး၏ဖခင် ဦးစိန်တင် အသက်(၇၇)နှစ်သည် ၃-၈-၂၀၁၇ရက် (ကြာသပတေးနေ့) ညနေ ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဒါရိုက်တာအဖွဲ့**
**Myanmar National Telecom Holdings Public Limited**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ခရစ်တော်၌အိပ်ပျော်ခြင်း**
**ဦးဒီဖိုး(ခ)ဖောင်ကက်ရီ**
**အသက် (၉၀)**
**သွားဘက်ဆိုင်ရာဆရာဝန်**

75-81 RIT Welfare groupမှ 81 batch EC.သူငယ်ချင်းများဖြစ်ကြသော ဦးမြင့်ထွေး-ဒေါ်မြင့်မြင့်ရီတို့၏ဖခင် ဦးဒီဖိုး(ခ) ဖောင်ကက်ရီသည် ၆-၈-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက်၃း၃၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**75-81 RIT Welfare group All major မှ သူငယ်ချင်းများ**

---

TAXI tdkif;iSm;rnf
ADVAN (နွားလေး)
စပေါ် ၃သိန်း၊ အုံနာကြေး ၁၁၀၀၀။ စမ်းချောင်းမြို့နယ်
နီးသူ ဦးစားပေး
ဖုန်း-၀၉-၇၉၉၉၉၁၅၂၀

oifho;jzifh
toufu ,fj

---

**(၁)နှစ်ပြည့်လွမ်းဆွတ်သတိရ**
**အမျှပေးဝေခြင်း**
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
**ဦးမြင့်သိန်း**
**အသက်(၆၃)နှစ်**
**အပြည်ပြည်ဆိုင်ရာဘောလီဘောဒိုင်လူကြီး**
**(ဆောက်လုပ်ရေး၊ ယန္တရားတောင်)**
**၁၀-၈-၂၀၁၆-၁၀-၈-၂၀၁၇**

ချစ်ရတဲ့မိသားစုနဲ့လုပ်ဖော်ကိုင်ဖက် မိတ်ဆွေအားလုံးကို ထားရစ်ခဲ့ခွာသွားတာ တစ်နှစ်ပြည့်ခဲ့ပြီနော်။ ပြုသမျှကုသိုလ်ကောင်းမှု အစုစုတို့ကို မြင့်မြတ်သောဘုံဘဝမှ သာဓုခေါ် ဆိုနိုင်ပါစေ။

**ချစ်ဇနီး** -ဒေါ်စန္ဒာလွင်
**ချစ်သမီး** -ကီမိုဝေနှင်းနိုင်
(အေးမြချမ်းသာမိသားစု)နှင့်
အနိုင်းမဲ့ပရဟိတအဖွဲ့သူ၊ အဖွဲ့သားများ
အင်းစိန်

---

## ကျေးဇူးတင်လွှာ

Bernhard Schulte Shipmanagement ကုမ္ပဏီလက်အောက်ရှိ MV. LOUISA SCHULTE သင်္ဘောပေါ်တွင် တာဝန်ထမ်းဆောင်နေသော 2nd Eng ကိုသီဟ(CDC-45795) သည် ၂၄-၁-၂၀၁၇ရက်တွင် ရုတ်တရက်ကွယ်လွန်ခဲ့ခြင်းအတွက် လိုအပ်သော အကူအညီအဝဝကို လျော်ကြေး ပြည့်ပြည့်ဝဝရသည်အထိ Bernhard Schulte Shipmanagement မှ ဝိုင်းဝန်းကူညီပေးခဲ့ကြသော တာဝန်ရှိသူများအားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။

**ဇနီး-ဒေါ်အိဖြူစိုး**
**သား-မြင့်မြတ်သီဟ IISY Grade(I)**
**ကျန်ရစ်သူမိသားစု**

---

**(၁၅)နှစ်ပြည့်အလွမ်း**
**ဦးမောင်မောင် (ခ) ဦးတင်ထွန်း**
**(၁၀-၈-၂၀၁၇)**

မိသားစုအပေါ် မြင့်မိုရ်တောင်မက မေတ္တာတရားကြီးမားလှသော ကျေးဇူးရှင်ဖေဖေ မိသားစုနှင့် ခွဲခွာသွားသည်မှာ (၁၀-၈-၂၀၁၇)နေ့တွင် (၁၅)နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သော်လည်း ယနေ့ထိတိုင် နေ့စဉ်နှင့်အမျှတမ်းတ လွမ်းဆွတ်သတိရလျက်ရှိဆဲပါ။ ဖေဖေ့အတွက် လစဉ် (၁၀)ရက်နေ့တိုင်း ပြုလုပ်ခဲ့သော ရည်စူးကုသိုလ်နှင့် ယနေ့(၁၅)နှစ်ပြည့်နေ့တွင် မဟာစည်သာသနာ့ ရိပ်သာ၌ ဘုရားအမှူးရှိသော သံဃာတော်အရှင်သူမြတ်အားလုံးနှင့် ယောဂီ/ သီလရှင်တို့အား တစ်နေ့တာ အရုဏ်ဆွမ်း၊ နေ့ဆွမ်းများ ဆက်ကပ်၍ သင်္ကန်း၊ ဒါတဗ္ဗဝတ္ထု အစုစုလှူဒါန်းပြီး ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား ဧည့်ခံကျွေးမွေးလှူဒါန်းခြင်း၊ စသည့်ကုသိုလ်ကောင်းမှုအစုစု တို့ကို ဖေဖေ့အား ရေစက်သွန်း ချအမျှကုသိုလ်ပေးဝေပါသည်။

အေးချမ်းမြင့်မြတ်သော ဘုံဘဝမှ ဖေဖေရရှိခံစားနိုင်ပြီး သာဓုအကြိမ်ကြိမ်ခေါ် ဆိုနိုင်ပါစေ။

| | |
|---|---|
| ကျန်ရစ်သူဇနီး | - ဒေါ်ခင်တီတီ (အောင်ဘုန်းမြတ်သက်န်းတိုက်) |
| သမီးကြီး | - ဦးသန်းနိုင် - ဒေါ်ခင်မြတ်မြတ်အောင်(ခ)အလီမှာမောင်မောင် |
| မြေး | - ဥတ္တရမောင် (ခ) Edgar |
| သား | - ဦးရန်လင်းမောင်-ဒေါ်စန္ဒီမောင်မောင် |
| မြေး | - Henry, Harry, Holly |
| သမီးငယ် | - ဦးကျော်ကိုကို - ဒေါ်သဲသဲဇလပ်ဖြူမောင် |
| မြေး | - ရှင်းရတီကျော် (ခ) Elsa |

---

## au;Zl;tx;wifvTm

သမီးကြီး မေတင်ထွန်း(လက်ထောက်ကထိက၊ ပြည်နည်းပညာတက္ကသိုလ်) ကွယ်လွန်ခဲ့သည်မှာ(၆)လပြည့်ပြီးဖြစ်ပါသည်။ အထူးကြိုးစားကုသပေးခဲ့ကြသည့်ပြည်ဆေးရုံကြီး၊ ရန်ကုန်ဆေးရုံကြီး (ဦးနှောက်ခွဲစိတ်ဌာန၊ အထူးကြပ်မတ်ကုသဌာန)တို့မှ ဆရာဝန်များနှင့် သူနာပြုများ၊ ဆေးရုံတက်စဉ်နှင့်ဈာပန အခမ်းအနားတွင် စာနာစိတ်၊ ကရုဏာစိတ်အပြည့်ဖြင့် အားပေးကူညီဖေးမခဲ့ကြသည့် ပြည်၊ တောင်ငူ၊ ရေနံချောင်း၊ အင်းစိန်၊ သန်လျင်ရှိ စက်မှုလက်မှုသိပ္ပံနှင့် နည်းပညာတက္ကသိုလ်တို့မှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဆွေမျိုးမိတ်သင်္ဂဟများကို ကျွန်တော်တို့မိသားစုမှ အထူးကျေးဇူးတင်ရှိပါသည်။

**ဒေါက်တာတင်ထွန်း(ခရိုင်ဆရာဝန်ကြီး-ငြိမ်း)-ဒေါ်ဖြူဖြူဆွေမိသားစု**
**ရေနံချောင်းမြို့**

---

# အထူးဝမ်းနည်းကြေကွဲခြင်း

## ကိုဇင်မောင်မောင်

## အသက် (၂၀) နှစ်

ဟသ်ာတမြို့ အမှတ်(၇၅၅)၊ ဗိုလ်မြတ်ထွန်းလမ်း၊ တာကလေးရပ်ကွက်နေ ဦးမြင့်သိန်းဦး+ဒေါ်ခင်ညို (သရဖူစိုက်ပျိုးရေးဆေးဆိုင်နှင့် ပဲမျိုးစုံရောင်းဝယ်ရေး)တို့၏သား၊ မအိဖြိုးဦး (EMERALD ပိုးထည်တိုက်)၏မောင် ကိုဇင်မောင်မောင် အသက်(၂၀)နှစ်သည် (၇.၈.၂၀၁၇)ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးဇင်ရော်မောင်မောင်၊ ဦးကျော်စိုးမင်း၊
ဦးကျော်မျိုးထွန်း၊ ဦးစိုင်းအောင်ထွန်းနှင့် သူငယ်ချင်းများ

---

# အထူးဝမ်းနည်းကြေကွဲခြင်း

## ကိုဇင်မောင်မောင်

## အသက် (၂၀) နှစ်

ဟသ်ာတမြို့ အမှတ်(၇၅၅)၊ ဗိုလ်မြတ်ထွန်းလမ်း၊ တာကလေးရပ်ကွက်နေ ဦးမြင့်သိန်းဦး+ဒေါ်ခင်ညို (သရဖူစိုက်ပျိုးရေးဆေးဆိုင်နှင့် ပဲမျိုးစုံရောင်းဝယ်ရေး)တို့၏သား၊ မအိဖြိုးဦး (EMERALD ပိုးထည်တိုက်)၏မောင် ကိုဇင်မောင်မောင် အသက်(၂၀)နှစ်သည် (၇.၈.၂၀၁၇)ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ကိုစိုင်းအောင်မိုး+မဆုမွန်သန့် မိသားစု

---

# အထူးဝမ်းနည်းကြေကွဲခြင်း

## ကိုဇင်မောင်မောင်

## အသက် (၂၀) နှစ်

ဟသ်ာတမြို့ အမှတ်(၇၅၅)၊ ဗိုလ်မြတ်ထွန်းလမ်း၊ တာကလေးရပ်ကွက်နေ ဦးမြင့်သိန်းဦး+ဒေါ်ခင်ညို (သရဖူစိုက်ပျိုးရေးဆေးဆိုင်နှင့် ပဲမျိုးစုံရောင်းဝယ်ရေး)တို့၏သား၊ မအိဖြိုးဦး (EMERALD ပိုးထည်တိုက်)၏မောင် ကိုဇင်မောင်မောင် အသက်(၂၀)နှစ်သည် (၇.၈.၂၀၁၇)ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**G L Group**

---

# အထူးဝမ်းနည်းကြေကွဲခြင်း

## ကိုဇင်မောင်မောင်

## အသက် (၂၀) နှစ်

ဟသ်ာတမြို့ အမှတ်(၇၅၅)၊ ဗိုလ်မြတ်ထွန်းလမ်း၊ တာကလေးရပ်ကွက်နေ ဦးမြင့်သိန်းဦး+ဒေါ်ခင်ညို (သရဖူစိုက်ပျိုးရေးဆေးဆိုင်နှင့် ပဲမျိုးစုံရောင်းဝယ်ရေး)တို့၏သား၊ မအိဖြိုးဦး (EMERALD ပိုးထည်တိုက်)၏မောင် ကိုဇင်မောင်မောင် အသက်(၂၀)နှစ်သည် (၇.၈.၂၀၁၇)ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Uni Crop Co.,Ltd.**

# ကြော်ငြာ

ရဟန်း ဒါယိကာမကြီး

## ဒေါ်စိန်ကြွယ် (၈၉)နှစ်

**သထုံ (သိမ်ဆိပ်)**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၁၆)၊ မေတ္တာလမ်း၊ (၁၁)ရပ်ကွက်နေ (ဦးဟန်မင်း-ဒေါ်သိန်း)တို့၏ သမီး၊ (ဦးသာထွန်း-ဒေါ်ခင်စီ)၊ (ဒေါ်မြကြွယ်)၊ (ဦးထွန်းကြည်)-ဒေါ်ငွေကြွယ်၊ (ဦးစိန်ခ-ဒေါ်တင်အုံး)တို့၏ ညီမ၊ [ဦးအောင်မြင့် (ရဲမှူး၊ ငြိမ်း)]၏ ဇနီး၊ ဦးသန့်ဇင်မြင့်-ဒေါ်နန်းကျော့လွင်၊ ပြည်တက္ကသိုလ်၊ မြန်မာစာဌာန၊ ပါမောက္ခဒေါက်တာဦးသက်အုန်းမြင့်-ဒေါ်စန်းစန်းဝင်း၊ ပြင်သစ်ဘာသာညွှန်လမ်းညွှန် ဒေါ်စန္ဒာကြည်၊ ဦးထွန်းနိုင်(ခ)ဂျော်နီအောင်-ဒေါ်ယဉ်ယဉ်ထွေး၊ ဒေါ်ရွှေစင်မြင့်တို့၏ ချစ်လှစွာသောကျေးဇူးရှင်မိခင်၊ မြေးခြောက်ယောက်၊ မြစ်တစ်ယောက်တို့၏အဘွား၊ တူ/တူမ ခြောက်ယောက်တို့၏အဒေါ် ဒေါ်စိန်ကြွယ်သည် ၉-၈-၂၀၁၇(ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီတွင် သယ်န်းကျွန်းစံပြဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၈-၂၀၁၇ (သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

ရဟန်း ဒါယိကာမကြီး

## ဒေါ်ဖွားစိန်(ခရမ်း) (၈၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့၊ (၁)ရပ်ကွက်၊ တပင်ရွှေထီးလမ်း၊ အမှတ်(၃၆၈)နေ (ဦးစောသန်း-ဒေါ်အေးစိန်)တို့၏သမီး၊ (ဦးအင်းဝ-ဒေါ်စောညွှန့်)တို့၏သမီးချွေးမ၊ ဦးနေဝင်းသန်း-ဒေါ်မြအေး၊ ဦးတင်မျိုး-ဒေါ်ယဉ်ကြည်၊ ဦးအုံးငွေ-ဒေါ်ခင်အုန်းမြင့်၊ ဒေါ်စန်းစန်းမြင့်၊ ဦးသိန်းထွန်း-ဒေါ်နှင်းနွယ်၊ ဦးဝင်းနွယ်-ဒေါ်အမာရီ (ဒေါ်ခင်လဲ့ရီ)၊ ဦးမြင့်လွင်-ဒေါ်ခင်နှင်းရီ၊ ဦးဇော်နိုင်-ဒေါ်မူမူလွင်၊ ဒေါ်သီတာလွင်(ခ)မုန်းမုန်း၊ မောင်ထင်လင်းအောင်(ခ)ထူးထူး-မသူဇာအောင်တို့၏ ချစ်လှစွာသောမွေးသမိခင်ကြီး၊ (ဦးကျင်လှိုင်)၏ဇနီး၊ မြေး ၂၅ယောက်၊ မြစ် ၁၉ယောက်တို့၏ ဘွားဘွားကြီးသည် ၉-၈-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက် ၇း၃၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၈-၂၀၁၇ (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် တီတွတ်သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၅-၈-၂၀၁၇(အင်္ဂါနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဓမ္မာရုံ၊ လမ်းဒါယကာကြီး

## ဦးစိန်လှိုင်(မြောင်းမြမြို့) (၈၃)နှစ်

**စက်မှု(၁)၊ မြန်မာ့စက္ကူ+ဓာတုဗေဒ(ရုံးချုပ်)၊ စစ်တောင်းစက္ကူစက်(ငြိမ်း)**
**မြောင်းမြမြို့နယ်(ရန်ကုန်)အသင်း၊ သက်ကြီးကန်တော့ခံ**
**ရန်ကုန်စစ်ပြီးခေတ်ဟိုက်စကူးကျောင်းသားဟောင်း**
**(Central State High School) 1950-54**

မြောင်းမြမြို့နေ ရိုးကူးရပ်သူကြီး (ဦးဘိုးမှိန်-ဒေါ်ရွှေလုံ)တို့၏ မြေး၊ (ဦးထွန်းဟိန်-ဒေါ်ဖွားမှိ)တို့၏ သားကြီး၊ မြောင်းမြမြို့နေ ခရိုင်ဘီးလစ်ကြီး (ဦးထွန်းတင်-ဒေါ်သိန်းညွန့်)တို့၏တူ၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၈၂၄)၊ ကုန်းဘောင်(၁၁)လမ်း၊ (၆)ရပ်ကွက်နေ ဒေါ်မြင့်မြင့်ထွန်း၏ခင်ပွန်း၊ ဦးအေးကို-ဒေါ်ခင်မြတ်လှိုင်၊ ဦးမြတ်ခိုင်-ဒေါ်ရီရီလွင်၊ ဦးလှမင်း-ဒေါ်ခင်မမလှိုင်၊ ဦးလှိုင်ထွန်းအောင်-ဒေါ်ခိုင်ဇာဝင်း၊ ဦးထွန်းထူးအောင်-ဒေါ်ခင်သက်ထားလှိုင်တို့၏ ဖခင်၊ မြေးငါးယောက်၊ မြစ်တစ်ယောက်တို့၏အဘိုး ဦးစိန်လှိုင်သည် ၈-၈-၂၀၁၇ (အင်္ဂါနေ့) ည၉း၁၅နာရီတွင် ရွှေလမင်းအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၈-၂၀၁၇(ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၄-၈-၂၀၁၇ (တနင်္လာနေ့)တွင် တောင်ဥက္ကလာပနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာပြုလုပ်မည်ဖြစ်ကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်ကြည်ဝင်း(ခ)ဒေါ်ချစ်ချစ် (၈၁)နှစ်

**(ဒေါ်အေးမှင်တခွန်းတိုက်)**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အမှတ်(၇၆၈)၊ မဟာဗန္ဓုလလမ်းနှင့် ရွှေတောင်တန်းလမ်းထိပ်နေ အရေးပိုင် (ဦးဘညိန်း-ဒေါ်လှလှ)တို့၏ သမီး၊ (ဦးလွင်-ဒေါ်လှတင်) (ဒေါ်အေးမှင် တခွန်းတိုက်)တို့၏ သမီးချွေးမ၊ ဦးမြင့်သိန်း၏ ချစ်လှစွာသော ဇနီး၊ ဦးအောင်မြင့်လွင်၊ ဦးလှမြင့်ထွန်း-ဒေါ်မို့မို့မိုးမြင့်၊ ဒေါ်ဆွေဆွေမြင့်-ဗိုလ်မှူးကြီးစိုးအောင် (စစ်ဦးစီးတက္ကသိုလ်၊ ကလောမြို့၊ တပ်မတော်-ရေ)တို့၏ ချစ်လှစွာသောမိခင်ကြီး၊ မယမင်းဦး(MRTV-4)၊ မောင်သီဟထွန်း၊ မခြူးမျက်ခြယ်လွင်-မောင်ဟိန်းဝင့်ဇော်၊ မောင်ရဲထက်အောင်၊ မဟန်နီလွင်တို့၏ ချစ်လှစွာသောအဘွား ဒေါ်ခင်ကြည်ဝင်းသည် ၉-၈-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက် ၅း၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၈-၂၀၁၇ (သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး

သဲအင်းယောဂီ

## ဒေါ်နွဲ့နွဲ့အေး (၆၈)နှစ်

**ဗဟိုတရားရုံးရှေ့နေ**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ (၁၅၃)လမ်း၊ အခန်း(A-2)နေ [ဦးချစ်တီး (ကျောင်းကုန်း)-ဒေါ်စန်း(ခ)ဒေါ်ဉာဏသိဂီ (မှော်ဘီသဲအင်းဂူ)]တို့၏ သမီးကြီး၊ ဦးလှအေး(ဒု-ဥက္ကဋ္ဌဟောင်း၊ ဘုရင့်နောင်ဈေးသာယာရေးကော်မတီ)၏ ချစ်လှစွာသော ဇနီး၊ ဒေါ်ဖြူဝင့်ရည်(ခ)စနိုးအေး (M.D Compassionate Travels Myanmar)၊ ဦးစိုးထိုက် (ဘုရင့်နောင်ဈေးကြီး)-ဒေါ်နှင်းနုစိုး (အထက်တန်းရှေ့နေ)တို့၏မိခင်ကြီးသည် ၉-၈-၂၀၁၇ရက် နံနက် ၅း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစု၏ဆန္ဒအရ ယင်းနေ့တွင်ပင် ကောင်းမွန်စွာ သဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၅-၈-၂၀၁၇ရက် နံနက် ၁၀ နာရီတွင် ရန်ကင်းမြို့နယ်၊ မိုးကောင်းလမ်း၊ မဟာဗောဓိ ပရိယတ္တိစာသင်တိုက်သို့ ရက်လည်ဆွမ်းကျွေး နေ့ဆွမ်းဆက်ကပ်လှူဒါန်းမည်ဖြစ်ပါ၍ တရားတော်နာကြွရောက် ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာ

## ဦးဝင်းထွန်း(ခ)ကိုပေါက်ဖော် (၄၄)နှစ်

**ရုပ်ရှင်နှင့်ဗီဒီယို သရုပ်ဆောင်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ သုတ (၇)လမ်း၊ အမှတ်(၂၁၉)နေ ဦးမိုးဒီ(ခ)ဦးသန်းထွန်း (ရုပ်ရှင်နှင့်ဗီဒီယိုဟာသသရုပ်ဆောင်)-(ဒေါ်အေးကြွယ်)တို့၏ သား၊ ဦးသန်းဦး၊ ကိုကောင်းစံ(ခ)ဦးကြည်စိုး(ရုပ်ရှင်နှင့်ဗီဒီယိုသရုပ်ဆောင်)-ဒေါ်ခိုင်ခိုင်ဝင်းတို့၏ ချစ်လှစွာသောညီ/မောင်၊ ကိုကျော်နိုင်ဌေး-မဇွန်ပွင့်ခိုင်တို့၏ ချစ်လှစွာသောအစ်ကို၊ တူ/တူမ ငါးယောက်တို့၏ ချစ်လှစွာသောဦးလေးသည် ၈-၈-၂၀၁၇(အင်္ဂါနေ့) ညနေ ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၈-၂၀၁၇ (ကြာသပတေးနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၄-၈-၂၀၁၇ (တနင်္လာနေ့) နံနက် ၇ နာရီမှစ၍ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်လှလှ(ပန်းတနော်) (၇၂)နှစ်

**ဆောက်/လျှပ် (ငြိမ်း)**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဌာနာရပ်ကွက်၊ မရာဝတီလမ်း၊ အမှတ်(၄၂)နေ (ဦးမူတူး-ဒေါ်အေးတင်)တို့၏သမီး၊ (ဦးသောင်းထွန်း)၏ဇနီး၊ ဦးသောင်းထွန်းဦး-ဒေါ်ဥမ္မာညီ၊ ဒေါက်တာမင်းထွန်း-ဒေါက်တာခင်သီတာအောင်၊ ဦးနေမျိုးထွန်း-ဒေါ်နှင်းနှင်းဌေးတို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မစုခင်လေးထွန်း၊ မသဇင်မင်းထွန်းတို့၏ အဘွားသည် ၉-၈-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက် ၆း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၈-၂၀၁၇ (တနင်္ဂနွေနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၅-၈-၂၀၁၇(အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဦးခိုင်ထူး (၆၁)နှစ်

**တေးသံရှင် (အဆိုတော်)**

ရန်ကုန်မြို့၊ အမှတ်(၁၅၆)၊ ကမ္ဘာအေးဘုရားလမ်း၊ ဥယျာဉ်လမ်းသွယ်(၂)၊ ဆရာစံရပ်ကွက်၊ ဗဟန်းမြို့နယ်နေ ပါမောက္ခအငြိမ်းစား (ဦးသာထို-ဒေါ်တင်မြင့်မြင့်)တို့၏သားလတ်၊ (ကိုခိုင်စိုး)၏ညီ၊ ဒေါက်တာခိုင်မိုး-ဒေါက်တာသီတာစံတို့၏အစ်ကို၊ ဒေါ်စောနွယ်နွယ်ထွန်း၏ခင်ပွန်း၊ သားနှစ်ယောက်၊ သမီးတစ်ယောက်တို့၏ဖခင်၊ တူ/တူမ နှစ်ယောက်တို့၏ဦးလေး တေးသံရှင် (အဆိုတော်) ကိုခိုင်ထူးသည် ၉-၈-၂၀၁၇(ဗုဒ္ဓဟူးနေ့) ညနေ ၃း၂၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၈-၂၀၁၇(သောကြာနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၅-၈-၂၀၁၇ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်မိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်လှမြင့်(ပြည်မြို့) (၈၆)နှစ်

ပဲခူးတိုင်းဒေသကြီး၊ အနောက်ခြမ်း၊ ပြည်မြို့၊ အမှတ်(၃)၊ ပန်းဆိုးတန်းလမ်းနေ ရွှေအုန်းပင် နွယ်နီဝင်း ဆေးလိပ်ခုံပိုင်ရှင်(ဦးစိန်လှ)၏ဇနီး၊ ဦးမြင့်ဆွေ-ဒေါ်တင်ညွန့်ဝေ၊ ဦးစိန်ထွန်း-ဒေါ်နီနီရွှေ၊ ဦးတင်လှိုင်-ဒေါ်နွယ်နီဝင်း၊ ဦးစိုးဝင်းတို့၏မိခင်ကြီး၊ မြေးခုနစ်ယောက်၊ မြစ်ခြောက်ယောက်တို့၏ အဘွား ဒေါ်လှမြင့်သည် ၉-၈-၂၀၁၇ ရက် နံနက် ၆း၁၀ နာရီတွင် ရန်ကုန်မြို့ SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၈-၂၀၁၇ (သောကြာနေ့) ညနေ ၄ နာရီတွင် ပြည်မြို့၊ အေးငြိမ်းရာသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါသည်။ ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး

## ဒေါ်လှကြည်(ဝါးခယ်မ) (၆၉)နှစ်

ရန်ကုန်မြို့နေ ဦးညွန့်ရွှေ (စုပေါင်းစက်မှုလက်မှု)၏ဇနီး၊ ဦးထွန်းထွန်းဦး-ဒေါ်စန္ဒာသန်း၊ ဦးထွန်းချစ်-ဒေါ်ဝင်းဝင်းရီ၊ ဦးမျိုးသိန်းအောင်-ဒေါ်ညွန့်ညွန့်ရီ၊ ဦးအောင်ဝင်းဌေး-ဒေါ်ဥမ္မာစိုးတို့၏မွေးသမိခင်၊ မြေးကိုးယောက်၊ မြစ်နှစ်ယောက်တို့၏ဘွားဘွားကြီး ဒေါ်လှကြည်သည် ၉-၈-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက် ၃း၃၅နာရီတွင် သယ်န်းကျွန်းစံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၈-၂၀၁၇ (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (၃၂ ကျောက်ကုန်းလမ်း၊ ကျောက်ကုန်းနေအိမ်မှ ကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

## ဦးမြင့်လှိုင်ဝေ(ခ)ကိုလှိုင် အသက်(၅၄)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ဝါယာလက်၊ ပေါက်ကုန်းရပ်ကွက်၊ အပိုင်(၁၂/၂၇)နေ ဗိုလ်မှူးတင့်ဝေ (ငြိမ်း)-(ဆရာမဒေါ်ပု)တို့၏သားငယ်၊ ဒေါ်နုနု၏တူ၊ ဗိုလ်တထောင်မြို့နယ်နေ ဦးလှမြင့်-ဆရာမဒေါ်တင်တင်ဌေး(ခ)ဇင်သွယ်ဝေ၊ မန္တလေးမြို့နေ ဒုဗိုလ်မှူးကြီး လွင်နိုင်ဝေ(ငြိမ်း)-ဒေါက်တာဒေါ်သန်းသန်းမြင့်၊ဦးသိန်းအေး-ဒေါ်ကြွယ်ခိုင်ဝေတို့၏ ညီ/မောင်၊ တူ/တူမ ခုနစ်ယောက်တို့၏ဦးလေး၊ မင်္ဂလာဒုံမြို့နယ်၊ မင်္ဂလာဒုံဈေးရပ်ကွက်နေ (ဦးသောင်းနိုင်-ဒေါ်မြိုင်)တို့၏သားသမက်၊ (ဦးဇော်လွင်ဝင်း)-ဒေါ်စန္ဒာ၊ ဦးမြင့်ဇော်-ဒေါ်သူဇာဖုံ၊ ဦးအောင်ဝင်း-ဒေါ်အေးမြင့်၊ ဦးသက်နိုင်ဦး-ဒေါ်သင်းသင်းနိုင်တို့၏အစ်ကို၊ ကိုကျော်လှိုင်ဟိန်း-မရည်ရွှယ်ထက်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ ဒေါ်ခင်ခင်ခိုင်၏ချစ်လှစွာသောခင်ပွန်းသည် ၈-၈-၂၀၁၇(အင်္ဂါနေ့) ညနေ ၃း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၈-၂၀၁၇ (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၄-၈-၂၀၁၇ (တနင်္လာနေ့) နံနက်တွင် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

ခရမ်းမြို့နယ်အသင်း(ရန်ကုန်)

## ဒေါ်ဖွားစိန်(ခရမ်း) အသက် (၈၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့၊ (၁)ရပ်ကွက်၊ တပင်ရွှေထီးလမ်းနေ (ဦးကျင်လှိုင်)၏ ဇနီး၊ ဒေါ်စန်းစန်းမြင့် (အလုပ်အမှုဆောင်၊ ခရမ်းမြို့နယ်အသင်း-ရန်ကုန်)၏မိခင် ဒေါ်ဖွားစိန်သည် ၉-၈-၂၀၁၈ (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၈-၂၀၁၇ (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် တီတွတ်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းသား/သူများ လိုက်ပါပို့ဆောင်ကြပါရန် အကြောင်းကြားအပ်ပါသည်။

အလုပ်အမှုဆောင်

---

ရဟန်းဒါယကာကြီး

## ဦးကျော်လှ (၇၂)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အမှတ်(၆၄)၊ နတ်စင်လမ်းနေ (ဦးအုန်းခင်-ဒေါ်လှညွန့်)တို့၏ သား၊ အမှတ်(၁၄)၊ ငြိမ်းချမ်းရေးအလယ်လမ်းနေ (ဦးအေးမောင်-ဒေါ်တင်စိန်)တို့၏ သားသမက်၊ အမှတ်(၁၀)၊ ဦးဖိုးထူးလမ်းနေ (ဒေါ်ကျင်ခိုင်)၏ ခင်ပွန်း၊ ဒေါ်ဥမ္မာမော်၊ ဦးကျော်ကျော်နိုင်-ဒေါ်သီသီပြုံး၊ ဦးဇော်နိုင်ဘွား-ဒေါ်သန်းစိုး၊ ဒေါ်မြတ်မြတ်ခိုင်(ခ)ဒေါ်ချောစုတို့၏ ချစ်လှစွာသောဖခင်၊ မြေး ငါးယောက်တို့၏အဘိုးသည် ၈-၈-၂၀၁၇ (အင်္ဂါနေ့) ညနေ ၅း၂၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၈-၂၀၁၇ (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်၌ သဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

## ဦးမျိုးညွန့် (ခ) ဦးမောင်မောင်(ခ)ကိုခဲ အသက် (၆၇)နှစ်

ပဲခူးမြို့နေ (ဦးဉာဏ်လှိုင်-ဒေါ်အုန်းမြင့်)တို့၏သား၊ (ဦးသိန်းဟန်-ဒေါ်ညွန့်ရီ)တို့၏သားသမက်၊ (ဦးယုကြည်)-ဒေါ်ခင်သန်းဆွေ၊ (ဦးလှမြင့်)-ဒေါ်တင်တင်ဝင်းတို့၏ ညီ/မောင်၊ ဦးသက်လွင်-ဒေါ်ခင်သန်းဝေ၊ (ဦးခင်ဇော်)-ဒေါ်ခင်ခင်ချို(ခ)မသော်တာ၊ ဦးသက်ထွန်းသန်းဌေး-ဒေါ်ခင်သန့်ဇင်၊ ဦးမြင့်ဌေး-ဒေါ်တင်တင်ရွှေ ဒေါ်တင်တင်မြင့်တို့၏ အစ်ကို၊ ကိုမျိုးဦး-မသင်းသင်းနိုင်၊ ကိုတေဇာလင်း-မစုစုဇင်ဇော်၊ ကိုဝင်းနိုင်ဦး-(မသောင်းသောင်းထိုက်)၊ ကိုစည်သူ(Marie Stopes Myanmar)-မကေဇင်မျိုးညွန့် (Hayman Capital)၊ ကိုအော်စကာမျိုးညွန့် (JB Capital Myanmar)၊ မရွှန်းလဲ့မျိုးညွန့်တို့၏ ဖခင်၊ မြေး ၁၁ ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုး၊ ပဲခူးမြို့၊ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး(၇)၊ ဓမ္မစေတီလမ်း၊ အမှတ်(၅၃၇)နေ ဒေါ်တင်တင်စန်း၏ ခင်ပွန်း သည် ၉-၈-၂၀၁၇ ရက် နံနက် ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၈-၂၀၁၇ ရက် နံနက် ၁၁နာရီတွင် ဆင်ဖြူကွင်းသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၅-၈-၂၀၁၇ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

**အနိစ္စ**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး

## ဒေါ်ရှုယဉ်(ခ)ဒေါ်ရှုလွမ် (၈၇)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၃)ရပ်ကွက်၊ (၁၄)လမ်း၊ (၄၁၁)နေ (ဦးချစ်မောင်)၏ဇနီး၊ ဦးခင်မောင်ချို(ခ)ကိုတုး-ဒေါ်မြင့်မြင့်ခင်၊ ဦးမြမောင်(ခ)ကိုဝမ်း-ဒေါ်ခင်စမ်းအေး၊ ဦးခင်ဇော်(ခ)ဦးကျွမ်း-ဒေါ်မူမူနွယ်၊ [ဒေါ်မြမြဝင်း(ခ)ဂျပန်မ-ဦးငွေဦး]၊ ဒေါ်မြမြအေး၊ ဦးအေးမောင်-ဒေါ်မြင့်မြင့်စန်း၊ (ဦးခင်မောင်ထွန်း)-ဒေါ်စန်းစန်းမြင့်၊ (ဒေါ်လဲ့လဲ့ဝင်း)-ဦးလှမြင့်တို့၏မိခင်၊ မြေး ၁၈ယောက်၊ မြစ်ရှစ်ယောက်တို့၏ အဘွားသည် ၈-၈-၂၀၁၇ရက် ညနေ ၄း၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၈-၂၀၁၇ (ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (တ/ဥ နေအိမ်မှ မွန်းလွဲ ၂နာရီနှင့် လေးဒေါ့်ကန် ဦးအေးမောင် နေအိမ်မှ ကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၄-၈-၂၀၁၇ (တနင်္လာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးအော်စကာ(M.B.E)

**ဒု-ဥက္ကဋ္ဌ၊အခမဲ့နာရေးကူညီမှုအသင်း (ထောက်ကြန့်)**
**ဒု-ဥက္ကဋ္ဌ၊ သပြေညိုပညာဒါန အကျိုးဆောင်အသင်း**

## အသက် (၇၃)နှစ်

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နေ (ဦးအင်းဂိုက်-ဒေါ်နှင်းမေ)တို့၏ သားကြီး၊ မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နေ (ဦးမေအောင်-ဒေါ်စိန်)တို့၏ သားသမက်၊ ရန်ကုန်မြို့နေ ဦး Donald Dewar-ဒေါ်Christine၊ ဦးSamuel Dewar-ဒေါ် Mu Tha Lay Phaw၊ ဦးဟုတ်ငြိမ်း-ဒေါ်လဲ့လဲ့ဝင်း၊ ဦးသိန်းဇော်လေး-ဒေါ်အေးညွန့်၊ (ဦးချစ်လွင်)-ဒေါ်တင်တင်ဖြိုးတို့၏ အစ်ကိုကြီး၊ မောင်ရင်မွန်၊ မောင်သိန်းကိုကိုထိုက်-မဇင်မွန်၊ မသဇင်မွန်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မောင်လင်းဘုန်းပြည့်လျှံ၏ အဘိုး၊ ဆရာမဒေါ်လှသိန်း၏ ချစ်လှစွာသောခင်ပွန်းသည် ၉-၈-၂၀၁၇ ရက် နံနက် ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၈-၂၀၁၇ (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် တိုးချဲ့ရပ်ကွက်၊ (၂/၂)အင်ကြင်းလမ်း၊ အမှတ်(၂၁/၂၂) နေအိမ်မှ ထောက်ကြန့်မြို့၊ မြို့ရှောင်လမ်းသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး မိတ်ဆွေအပေါင်းအား အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

ခရစ်တော်၌အိပ်ပျော်ခြင်း

## U Khual Khan Nang အသက် (၅၆) နှစ်

**Harvester Christian Center**
**Phaiza Khua, Hatzaw Beh**

ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ Phaiza ကျေးရွာနေ (U Song Khan Pau)-Daw Awi Ngaih Don တို့၏ တတိယသား၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းရပ်ကွက်၊ သတိပဋ္ဌာန်လမ်း၊ အမှတ်(၂၀)၊ ခြောက်လွှာနေ Rev.U Suan Go Khai-Rev.Daw En Ngaih Lun၊ Sya U Cin Za Khup-Daw Niang Za Ciin (Healing Ministry၊ ယုဇန)တို့၏ညီ၊ Sm.Daw Zen Hau Vung-Mr.Kim Kwon Ki (ကိုရီးယား)တို့၏အစ်ကို၊ တူ/တူမ ၁၇ ယောက်တို့၏ ဦးလေး၊ မြေးရှစ်ယောက်တို့၏အဘိုး U Khual Khan Nang သည် ၉-၈-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက် ၆နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၈-၂၀၁၇ (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန် ခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်ခန်းမ၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်၊ ယုဇနပိတောက်ကွေ့နှင့် ဓမ္မာနွေလ ဘုရားကျောင်းရှေ့တို့မှ ကားများနံနက် ၁၁ နာရီတွင် ကားများထွက်ပါမည်)

ကျန်ရစ်သူမိသားစု

---

ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဘဒ္ဒန္တ ဩဘာသ (မူလဓမ္မာစရိယ)

**ရွှေဘုန်းပွင့်စေတီတော်ဩဝါဒါစရိယ၊ အမှတ်(၇)ရပ်ကွက်၊**
**သံဃမဟာနာယကဥက္ကဋ္ဌ၊**
**ရန်ကုန်တိုင်းဒေသကြီးဆိုင်ရာ(ဘုရားဖြူ) ဝိနယာနုဂ္ဂဟအသင်းကြီး၏ ဩဝါဒါစရိယ**

## သိက္ခာတော်(၈၁)ဝါ၊ သက်တော်(၁၀၁)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ရွှေဘုန်းပွင့်စေတီတော်ဝင်း၊ ပုညဝဓုဏ တိုက်ကျောင်း ပဓာနနာယကဆရာတော်သည် (၁၃၇၉ ခုနှစ် ဝါခေါင်လပြည့်ကျော် ၁ ရက်)၊ ၈-၈-၂၀၁၇ (အင်္ဂါနေ့) ၉း၄၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဉတုဇရုပ်ကလာပ်တော်ကို (၁၃၇၉ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၇ ရက်)၊ ၁၄-၈-၂၀၁၇ (တနင်္လာနေ့)တွင် ဆရာတော်၏ ဆန္ဒအရ ဉတုဇရုပ်ကလာပ်တော်အား ဧရာဝတီတိုင်းဒေသကြီး၊ ကျိုက်လတ်မြို့နယ်၊ လင်းတွန်ကျေးရွာ၊ လင်းတွန်ကျောင်းတိုက်သို့ ပြန်လည်ပင့်ဆောင်ပါမည်။ [ဆရာတော်အားရည်စူး၍ ၁၄-၈-၂၀၁၇ (တနင်္လာနေ့)တွင် ရက်လည်ဆွမ်းကျွေး တရားတော်နာမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး တပည့်ရဟန်း ဒါယကာ၊ ဒါယိကာမများအား အသိပေးအကြောင်းကြားအပ်ပါသည်။]

တပည့်သံဃာ/ဒါယကာ၊ ဒါယိကာမများ

---

ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဦးကောဝိဒ

## သိက္ခာတော် (၂၅)ဝါ၊ သက်တော်(၆၇)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံတောင်(စံပြ)ရပ်ကွက်၊ မင်းလမ်း၊ ယောဇနာရာမပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဩဘာသ (သာသနဓဇဓမ္မာစရိယ)၏တပည့်၊ ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်၊ ဆွာမြို့၊ ရွှေကဖောင်းကျေးရွာနေ (ဦးဖိုးခင်-ဒေါ်ပိုးမျှင်)တို့၏သား ဆရာတော်ဦးကောဝိဒသည် (၁၃၇၉ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁ရက်) ၈-၈-၂၀၁၇(အင်္ဂါနေ့) နံနက် ၄း၄၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၇၉ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၃ရက်) ၁၀-၈-၂၀၁၇ (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ အန္တိမအဂ္ဂိဈာပနပွဲ ကျင်းပမည်ဖြစ်ပါကြောင်း တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (ယောဇနာရာမကျောင်းတိုက်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) [(၁၃၇၉ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၇ရက်) ၁၄-၈-၂၀၁၇ (တနင်္လာနေ့) နံနက် ၅း၃၀နာရီတွင် ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ဆရာတော်နှင့် တပည့် ဒါယကာ၊ ဒါယိကာမများ**

---

## ဒေါ်စောမြတ်မြတ်သွင် (ခ) ဆရာလေး ဒေါ်စန္ဒာသီရိ အသက်(၅၁)နှစ်

ရန်ကုန်မြို့၊ သုဝဏ္ဏ၊ အမှတ် (၅၇/၁)၊ ယင်းမာမြိုင်လမ်းနေ ဒုမှူးကြီးဖေသွင်(ငြိမ်း)-ဒေါ်သောင်းသောင်းအေးတို့၏သမီး၊ ဦးအေးဦး-ဒေါ်မေသွင်အေး၊ ဒုမှူးကြီး ခင်မောင်စိုး(ငြိမ်း)-ဒေါ်မေသွင်လေး၊ ဆရာလေး ဒေါ်ဝိမုတ္တာသီဿ(ဖားအောက်တောရ)တို့၏ညီမ၊ ဦးလွှမ်းမိုးသွင်-ဒေါ်ထားထားညွန့်၊ ဦးစိုးမိုးသွင်-(ဒေါ်တင်မေကြူ)တို့၏ အစ်မ၊ မောင်ဖြိုးမင်းခန့်၊ မစောရတနာခန့်၊ မောင်ရဲရင့်ခန့်တို့၏ချစ်လှစွာသောမိခင်၊ ဗိုလ်မှူး မင်းသော်(ငြိမ်း) (ခ) ဦးပညာသာမိ (ပြင်စာမိုးကုတ်ရိပ်သာကျောင်း)၏ဇနီး ဒေါ်စောမြတ်မြတ်သွင်(ခ) ဆရာလေး ဒေါ်စန္ဒာသီရိသည် ၈-၈-၂၀၁၇ (အင်္ဂါနေ့) ည ၁၁း၃၀နာရီတွင် အောင်လံမြို့ ပြည်သူ့ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကျန်ရှိသော ရုပ်ကလာပ်အား ၁၂-၈-၂၀၁၇ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ရေကန် ဒါယိကာမကြီး

## ဒေါ်စောမြတ်မြတ်သွင် (ဆရာလေး ဒေါ်စန္ဒာသီရိ) အသက် (၅၁)နှစ်

ရန်ကုန်မြို့၊ သုဝဏ္ဏ၊ ယင်းမာပင်လမ်းသွယ်၊ အမှတ် (၅၇/၁)နှင့် စမ်းချောင်းမြို့နယ်၊ ရှင်စောပုရပ်ကွက်၊ သုခမိန်လမ်း၊ အမှတ် (၂၁/၇-အေ)နေ ဒုတိယဗိုလ်မှူးကြီး ဦးဖေသွင်(ငြိမ်း)-ဒေါ်သောင်းသောင်းအေးတို့၏ စတုတ္ထသမီး၊ ဗိုလ်မှူး မင်းသော်(ငြိမ်း) [ဆရာတော်ဦးပညာသာမိ]၏ဇနီး၊ ဦးအေးဦး-ဒေါ်မေသွင်အေး၊ ဒုတိယဗိုလ်မှူးကြီးဦးခင်မောင်စိုး (ငြိမ်း)-ဒေါ်မေသွင်လေး၊ ဆရာလေးဝိမုတ္တာသီဿ (ပြင်ဦးလွင်ဖားအောက်တောရ)တို့၏ညီမ၊ ဦးလွှမ်းမိုးသွင်-ဒေါ်ထားထားညွန့်၊ ဦးစိုးမိုးသွင်-(ဒေါ်တင်မေကြူ)တို့၏အစ်မ၊ မောင်ဖြိုးမင်းခန့်(KBZ)၊ မောင်ရဲရင့်ခန့် (WTU)၊ မစောရတနာခန့် (RONOC Co., Ltd.)တို့၏ ချစ်လှစွာသောမွေးသမိခင်သည် ၈-၈-၂၀၁၇(အင်္ဂါနေ့) ည ၁၁း၁၅ နာရီတွင် ကွယ်လွန်သွားပါ သဖြင့် ၁၂-၈-၂၀၁၇ (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း အကြောင်းကြားအပ်ပါသည်။ (စမ်းချောင်းမြို့နယ်နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၄-၈-၂၀၁၇ (တနင်္လာနေ့) နံနက် ၆း၃၀ နာရီမှ ၉ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ခရစ်တော်၌အိပ်ပျော်ခြင်း

## ဒေါ်ဆူစီ (၆၅)နှစ်

ရန်ကုန်မြို့နေ (ဦးစူပါရာမန်းနီး-ဒေါ်ဒီနာဘိုင်)တို့၏သမီးလတ်၊ (ဦးဒေးဗစ်-ဒေါ်မေရီ)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၈)ရပ်ကွက်၊ ချမ်းသာလမ်း၊ အမှတ်(၁၉)နေ ကိုဇော်လင်း-မသင်းသင်း၊ ကိုကျော်နိုင်ဦး-မအေးအေးငယ်၊ ကိုထွန်းဝင်းအောင်(DNS.Mobility Ltd.)-မဥမ္မာတို့၏ မွေးသမိခင်၊ မြေးငါးယောက်တို့၏အဘွား၊ [ဦးမောင်ငယ်(မြန်မာသစ်လုပ်ငန်း)]၏ဇနီး ဒေါ်ဆူစီသည် ၈-၈-၂၀၁၇ (အင်္ဂါနေ့) ညနေ ၅း၄၅ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၀-၈-၂၀၁၇ (သောကြာနေ့) နံနက် ၁၀ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်း ဂူသွင်း သဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်စိုးစိုးရီ (ပုသိမ်) (၆၁)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၃)ရပ်ကွက်၊ သခင်ဖိုးလှကြီးလမ်း၊ အမှတ်(၂၉၆)နေ (ဦးထွန်းမြင့်-ဒေါ်တင်ဦး)၏ သမီးချွေးမ၊ (ဦးအုန်းကြည်-ဒေါ်လှတင်)တို့၏ သမီးကြီး၊ (ဦးကျော်ကျော်သိန်း)-ဒေါ်နုနုရီ၊ (ဦးရဲကြူ)-ဒေါ်ဝင်းဝင်းရီ၊ ဦးစိုးညွန့်အောင်(ဌာနစုမှူး-YCDC)-ဒေါ်စန်းစန်းအေး (လယ်/ပြ၊ အလက-၁၊ ပန်းဘဲတန်း)တို့၏အစ်မ၊ ကိုနေထက်အောင်-မခိုင်မေကျော်(Myanmar Awba)၊ ကိုဝေဖြိုးအောင်(M.V Xiang Tong-9)တို့၏မွေးသမိခင်ကျေးဇူးရှင်၊ မအိမ့်၊ မောင်ပြေရဲဇော်၊ မယဉ်သီရိအောင်တို့၏ ကြီးမေ၊ မောင်ကွန်းဆက်နေ၏အဘွား၊ ရှေ့နေ ဦးစန်းမြင့်၏ ချစ်လှစွာသော ဇနီးသည် ၆-၈-၂၀၁၇ (တနင်္ဂနွေနေ့) ညနေ ၃း၂၆နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၈-၂၀၁၇ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား သိစေအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၈-၂၀၁၇(စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ကမ်းရိုးတန်းဒေသနှင့် ကျွန်းစုများပေါ်ရှိ သစ်တောများထိန်းသိမ်းနိုင်ရန် သဘာဝနယ်မြေများ ဖွဲ့စည်းဆောင်ရွက်ရန်လိုအပ်ကြောင်း
# နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှုဗဟိုကော်မတီအစည်းအဝေးတွင် ဒုတိယသမ္မတ ဦးမြင့်ဆွေ မှာကြား



**နေပြည်တော် ဩဂုတ် ၉**

နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှု ဗဟိုကော်မတီ၏ ဒုတိယအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ သစ်တောဦးစီးဌာန အင်ကြင်းခန်းမ၌ ကျင်းပရာ နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှု ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကား ပြောကြားသည်။**(ယာပုံ)**

အစည်းအဝေးသို့ ဗဟိုကော်မတီဝင်များဖြစ်ကြသည့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း၊ ပင်လယ်ကမ်းရိုးတန်းနှင့် သက်ဆိုင်သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ အမြဲတမ်းအတွင်းဝန်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယသမ္မတ ဦးမြင့်ဆွေက မြန်မာနိုင်ငံ၏ ပင်လယ်ကမ်းရိုးတန်းသည် ၂၈၃၂ ကီလိုမီတာရှည်လျားပြီး ဇီဝမျိုးစုံမျိုးကွဲများ ရှင်သန်ရပ်တည်ရာ နေရာဖြစ်ကာ ပြန်လည်ပြည့်ဖြိုးမြဲနှင့် ပြည့်ဖြိုးမြဲမဟုတ်သည့် သယံဇာတများ ပေါများသည့် နိုင်ငံဖြစ်ပါကြောင်း၊ အဓိက ကမ်းရိုးတန်းဒေသများဖြစ်သည့်

**စာမျက်နှာ ၉ ကော်လံ ၁ သို့**

# မြန်မာ့ကျောက်မျက်ရတနာပြပွဲ အဌမနေ့ ဆက်လက်ကျင်းပ
# ကျောက်စိမ်းအတွဲများ ဆက်လက်ပြသရောင်းချသွားမည်



**နေပြည်တော် ဩဂုတ် ၉**

(၅၄) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အဌမနေ့ကို ယနေ့နံနက်ပိုင်းမှစတင်၍ နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပသည်။

ပြပွဲတွင် ပြည်တွင်းပြည်ပ ကျောက်မျက်ရတနာ ကုန်သည်များသည် ကျောက်စိမ်းခန်းမအတွင်း အပေါ်ထပ်၌ ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကိုလည်းကောင်း၊ ခန်းမမြေညီထပ်၌ ခင်းကျင်းပြသထားသည့် လက်ဝတ်ရတနာအရောင်းဆိုင်များကိုလည်းကောင်း လေ့လာကြည့်ရှုကြပြီး အိတ်ဖွင့်တင်ဒါ

**စာမျက်နှာ ၈ ကော်လံ ၁ သို့**

ချောင်းဆုံ-တော်ကလပ် မြေသားလမ်းအား ရာသီမရွေးသွားလာနိုင်သည့်လမ်းအဖြစ် ဆောင်ရွက်ပေးမည်

စာမျက်နှာ - ၅

ကိုကိုးကျွန်းမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်တို၊ နှစ်ရှည် စီမံကိန်းများ၌ ထည့်သွင်းရေးဆွဲဆောင်ရွက်လျက်ရှိ

စာမျက်နှာ - ၅

တာချီလိတ်မြို့နယ်ရှိ ကျဆီးကျေးရွာတွင် ငွေကျပ် ၆၄၅၈ သန်းကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများနှင့်အတူ လက်နက်များ သိမ်းဆည်းရမိ

စာမျက်နှာ - ၉

"ပြည်သူ့ကျန်းမာရေးအတွက်"
ယုဇနဖောင်ဒေးရှင်း၏ ကျန်းမာရေးအလှူဒါန
ရန်ကုန်မြို့ GRAND HANTHA INTERNATIONAL HOSPITAL ဆေးရုံကြီးတွင် ၂၀၁၇ ခုနှစ် စက်တင်ဘာ (၁)ရက်နေ့မှ (၃၀)ရက်နေ့ထိ နံနက် (၉)နာရီမှ ည(၈)နာရီအတွင်း နေ့စဉ်လူဦးရေ (၁၅၀)
Booking စနစ်ဖြင့် စုစုပေါင်း (၄၅၀၀)ဦးအား ကုသဆွေးနွေးမှု ဆောင်ရွက်ပေးပါမည်။
အခမဲ့ကျန်းမာရေးစစ်ဆေးခြင်း၊ သွေးစစ်ဆေးခြင်း နှင့် ကုသဆွေးနွေးပေးခြင်း အစီအစဉ်
၁။ OPD Clinic မှ ဝန်ဆောင်မှုပေးခြင်း။ (ဂရန်း(ဒ်)ဟံသာအင်တာနေရှင်နယ်ဆေးရုံမှ အခမဲ့ဝန်ဆောင်မှုပေးပါမည်။)
၂။ အခြေခံသွေးစစ်ဆေးမှုများကို Fully Automatic Laboratory မှ ဆောင်ရွက်ပေးခြင်း။ (ယုဇနဖောင်ဒေးရှင်းမှ လှူဒါန်းပါမည်။)
၃။ Imaging Department မှ X-Ray, ECG ခေတ်မီ စက်များဖြင့် စစ်ဆေးပေးခြင်း။ (ယုဇနဖောင်ဒေးရှင်းမှ လှူဒါန်းပါမည်။)
၄။ ဘာသာရပ်အလိုက် အထူးကုဆရာဝန်ကြီးများ၊ သမားတော်ကြီးများကိုယ်တိုင် စစ်ဆေးပေးခြင်း။ (ယုဇနဖောင်ဒေးရှင်းမှ လှူဒါန်းပါမည်။)
















ဂရန်း(ဒ်)ဟံသာအင်တာနေရှင်နယ်ဆေးရုံကြီး
အမှတ် (၃)၊ နာနတ်တောလမ်းနှင့် ကြည့်မြင်တိုင်ကမ်းနားလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ 01 523000, 01 523111, 01 523222, 09 5202282, 09 5202283, 09 5202284
ဘာသာရပ်အလိုက် အထူးကုဆရာဝန်ကြီးနှင့် သမားတော်ကြီး (၂၂၅)ဦးတို့မှ တစ်ဦးလျှင် Booking (၂၀)ဦးစီ ကုသဆွေးနွေးနိုင်ရန် စီစဉ်ထားရှိပါသည်။ ဆရာဝန်ကြီးများ၏ အမည်နှင့်အချိန်ကို Facebook Page : www.facebook.com/grandhantha တွင် ကြည့်ရှုလေ့လာနိုင်ပါသည်။ ဖုန်းဖြင့်ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ ကြိုတင်စာရင်းပေးသွင်းနိုင်ပါပြီ။
ယုဇနဖောင်ဒေးရှင်း - ယုဇနကုမ္ပဏီလီမိတက်




# အထူးကျေးဇူးတင်ဝမ်းမြောက်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်၊ သုံးဆယ်မြို့ အခြေခံပညာအထက်တန်းကျောင်းတွင် "နှင်းဆီနီ" R.Cနှစ်ထပ်ကျောင်းဆောင်သစ်ကိုစေတနာအပြည့်အဝဖြင့် တာဝန်ယူဆောက်လုပ်ပေးခဲ့သော ဦးစန်းကြူ(ဆောက်လုပ်ရေးအကြံပေးအင်ဂျင်နီယာ)နှင့်ကျောင်းဆောင်သစ်ဖွင့်လှစ်ပြီးသည်အထိဆောင်ရွက်ပေးကြသော ကျောင်းအုပ်ဆရာကြီး ဦးအေးလွင် နှင့် ဆရာ/ဆရာမများ၊ (၄.၈.၂၀၁၇) ရက်နေ့ ကျောင်းဆောင်သစ်ဖွင့်ပွဲတွင် နိုင်ငံတော်သီချင်းနှင့်သီဆိုဖွင့်လှစ်ပေးသော ကျောင်းသား/ကျောင်းသူ ၁၄၀၀ ဦးတို့ကို အလှူရှင် ဦးကံသိမ်း + ဒေါ်ခင်စိန် (ကံသိမ်းစိန်ရွှေရတနာဆိုင် နှင့် သက်န်းတိုက်)မိသားစုမှ အထူးကျေးဇူးတင်ဝမ်းမြောက်ပါကြောင်း။

အလှူရှင်မိသားစု


Asia Language & Business Academy

ALBA Pre-School

Yankin Campus
No (20-A-A) , Kyauk Kone Street,
Yankin Township, Yangon.
Tel : 09 962558688, 09 424263517

Thuwunna Campus
No.196, Ingyin Myaing (1) Street, Thuwunna,
Thingangyun Township, Yangon.
Ph: 09 424263482, 09 424263483

Enroll Now

Discount Available

Super Cool
Air Con ရေခဲသေတ္တာ၊ အဝတ်လျှော်စက် တပ်ဆင်၊
ပြုပြင်၊ ရောင်းဝယ်၊ လဲလှယ်ခြင်းလုပ်ငန်း (အနီးဆုံးဆိုင်ခွဲသို့)
(၁) မ/ဒဂုံမြို့နယ် -09-5418836, 09-49594626
(၂) ရန်ကင်းမြို့နယ် -09-73187375, 09-400407575
(၃) သာကေတမြို့နယ် -09-420305462, 09-254179565
(၄) ကြည့်မြင်တိုင်မြို့နယ် -09-256155553, 09-33338211
(၅) မ/ဥက္ကလာမြို့နယ် -09-450013581, 09-765418836
(၆) မန္တလေး -09-49252181, 09444042912
(၇) လှိုင်မြို့နယ်၊ အင်းစိန်လမ်းမ- 09-256223396, 09-47054581
မိုးရာသီ SPECIAL PROMOTION
Air-Con 1.0Hp တပ်ဆင်အပြီးအစီး 299000 ကျပ်
Air-Con 1.5Hp တပ်ဆင်အပြီးအစီး 329000 ကျပ်


## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၁)ရပ်ကွက်၊ သုမိတ္တာ(၂၁)လမ်း၊ အမှတ်(၈၀၃)နေ ကျွန်ုပ်၏မိတ်ဆွေ ဦးတိန်ဟိုရင်[၁၃/လရန(နိုင်)၁၂၂၇၆၂]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးတိန်ဟိုရင်သည် ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဃ)ရပ်ကွက်၊ ဝေပုလ္လ(၈)လမ်း၊ အမှတ်(၆၁၈-)ဟုခေါ်တွင်သော ပေ(၂၀×၆၀)၊ ဦးတင်အုန်းအမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင်ပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိသော ဒေါ်မာလာမင်းလတ်ထံမှ နှစ်ဦးသဘောတူ အိမ်ခြံမြေအပြီးအပိုင် အရောင်းအဝယ်စာချုပ်ချုပ်ဆို၍ ဝယ်ယူပိုင်ဆိုင် လက်ရောက်နေထိုင်လျက်ရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးထွန်းထွန်းဦး (LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၃၈၂၅၇)**
**သုဇာတာလမ်းမကြီး၊ (၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**အုပ်ချုပ်ရေးမှူးရုံးဘေး**

## ၅-၈-၂၀၁၇ရက်စွဲဖြင့် ကြေးမုံသတင်းစာပါ ဦးမင်းအောင်[၁၂/အစန(နိုင်)၁၆၆၂၄၅]၏ လွှဲအပ်ညွှန်ကြားချက်အရ ဒေါ်ဖြူလဲ့ဝင်း (တရားလွှတ်တော်ရှေ့နေ)မှ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ဓမ္မရာဇာလမ်း၊ အမှတ်-၁၈၈၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀)၊ လူနေရပ်ကွက်အမှတ်(၁၀)၊ မြေကွက်အမှတ်-၁၈၈(ခ) မြေကွက်နှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်၍ ဒေါ်ခင်ပြုံးရီ[၁၂/ဥကတ(နိုင်)၀၁၇၃၇၁] သိစေရန် ကြေညာခြင်းအပေါ် ပြန်လည်ရှင်းလင်းကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ ဓမ္မရာဇာလမ်း၊ အမှတ်-၁၈၇(က)နေ ဒေါ်ခင်ပြုံးရီ[၁၂/ဥကတ(နိုင်)၀၁၇၃၇၁] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ပြန်လည်ရှင်းလင်းအသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေသည် ဦးမင်းအောင်ထံမှ အတိုးဖြင့် ငွေချေးယူရာတွင် ပေးဆပ်ရန်ကျန်ရှိသော အတိုးငွေများအတွက် ကျွန်ုပ်မိတ်ဆွေပိုင် အမှတ်-၁၈၈(က)၊ ဓမ္မရာဇာလမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်ရှိ ပေ(၂၀×၆၀) အိမ်ခြံမြေ၏ (ဦးမောင်မောင်မှ ကျွန်ုပ်မိတ်ဆွေအမည်သို့ လွှဲပြောင်းထားသော) မြေငှားစာချုပ်မူရင်းကို ပေးအပ်ကာ ဟန်ဆောင်အရောင်းအဝယ်စာချုပ် ချုပ်ဆို၍ အထူးကိုယ်စားလှယ်လွှဲစာ လွှဲအပ်ပေးခဲ့ရခြင်းသာရှိပြီး လူကြီးမင်း၏ ကြေညာချက်ပါ အမှတ်-၁၈၈(ခ)၊ ဓမ္မရာဇာလမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်ရှိ အိမ်ခြံမြေနှင့်သက်ဆိုင်သည့် မည်သည့်ပိုင်ဆိုင်မှုကိုမျှ ပေးအပ်ထားခဲ့ခြင်းမရှိကြောင်း အရောင်းအဝယ်ပြုလုပ်ခဲ့ခြင်းလည်းမရှိ၍ မှတ်ပုံတင်စာချုပ်ပြုလုပ်ပေးရန် ကတိပြုခဲ့ခြင်းမရှိကြောင်း ဦးမင်းအောင်ကလည်း အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးရန် တစ်ကြိမ်တစ်ခါမျှ ပြောဆိုခဲ့ဖူးခြင်း မရှိကြောင်း ပြောပြသိရှိရ၍ လွှဲအပ်ညွှန်ကြားချက်အရ ပြန်လည်ရှင်းလင်း အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေအနေဖြင့် အမှတ်-၁၈၈(ခ)၏ အိမ်ခြံမြေအပါအဝင် ပိုင်ဆိုင်မှုစာရွက်စာတမ်းများအား ဦးမင်းအောင်ထံ ပေးအပ်ထားခြင်းမရှိသလို အရောင်းအဝယ်ပြုလုပ်ခဲ့ခြင်းလည်းမရှိသဖြင့် မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးရန် တာဝန်မရှိပါကြောင်းနှင့် လူကြီးမင်းတို့ဘက်မှ တရားစွဲဆိုမည်ဆိုပါကလည်း ဥပဒေနှင့်အညီ ရင်ဆိုင်ဖြေရှင်းသွားမည်ဖြစ်ကြောင်း ကျွန်ုပ်မိတ်ဆွေ၏ ညွှန်ကြားချက်အရ ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်ခင်ပြုံးရီ** | **ဒေါ်နှင်းဝေအောင်** |
| **[၁၂/ဥကတ(နိုင်)၀၁၇၃၇၁]** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၇၄၅)** |
| | **အမှတ်-၁၀၆၉(ခ)၊ အောင်ဇေယျလမ်း၊** |
| | **(၁၉)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်။** |
| | **ဖုန်း-၀၉-၄၂၅၂၉၂၉၂၃၊ ၀၉-၉၇၁၅၉၈၅၉၀** |

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး
### ၂၀၁၇ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၉၆

| | | |
|---|---|---|
| ဒေါ်စန္ဒာထွန်း | နှင့် | ၁။ ဒေါ်သူဇာထွန်း |
| | | ၂။ ဒေါ်ကေသွယ်ထွန်း |
| | | ၃။ ဦးမိုးကျော်ထွန်း |
| **(တရားလို)** | | **(တရားပြိုင်များ)** |

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ ဝါခင်းတောင်ကျောင်းလမ်း၊ (ဟိုက်ပတ်)၊ အမှတ်(က/၁၂၂၆)နေ (၂)တရားပြိုင် ဒေါ်ကေသွယ်ထွန်းနှင့် (၃)တရားပြိုင် ဦးမိုးကျော်ထွန်း (ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

သင့်အပေါ်၌ တရားလိုက "အမွေပုံစီမံခန့်ခွဲပေးစေလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်၊ ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၁၇ခုနှစ်၊ ဩဂုတ်လ ၂၅ ရက် (၁၃၇၉ ခုနှစ်၊ တော်သလင်းလဆန်း ၄ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည် ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ ၄ ရက်က တင်သွင်းရမည်။

၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၄ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အောင်နိုင်စိုး)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**

## အများသိသာစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ညောင်နှစ်ပင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၅၁၁-ခ)နှင့် (၅၁၉-က)၊ လှည်းကူးမြို့နယ်၊ ကြာအင်းအုပ်စု၊ ကွင်းအမှတ်(၉၈၇)၊ ကလီထော်အနောက်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၉၇၇)၊ (ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်/ငါးမွေးမြူရေး အထူးဇုန်)ရှိ မြေကွက်အမှတ်(မြေကွက်ကြီးအမှတ်-ဘ)၊ မြေဧရိယာ(၄. ၃၆)ဧကရှိ မြေနှင့်ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အမည်ပေါက် ဦးကျော်မြင့်[၇/ပခန(နိုင်)၂၁၀၉၂၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေက တန်ဖိုးငွေများအပြေအကျေပေးအပ်၍ ပိုင်ဆိုင်မှုစာရွက်စာတမ်းများနှင့်တကွ အပြီးအပိုင်ဝယ်ယူထားပြီးဖြစ်ပါကြောင်း အများသိသာစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးထွန်းနိုင်အောင်**
**(LL.B,C.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၁၃၆)**
**အခန်း(၅၀၂)၊ တိုက်(၃)၊ ရွှေထီးအိမ်ရာ၊ သမိုင်းဘူတာရုံလမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။**
**ဖုန်း-၀၉-၅၁၂၅၆၀၂၊ ၀၉-၇၃၀၈၈၀၈၄၊ ၀၉-၄၄၃၀၈၈၀၈၄**

## ဖြည့်စွက်ဖတ်ရှုပါရန်

၄-၈-၂၀၁၇ရက် ကြေးမုံသတင်းစာ၏ စာမျက်နှာ ကြော်ငြာ(င)တွင် Top Ten စာရင်းဝင်ဂုဏ်ပြုမှတ်တမ်းတင်ခြင်း၊ ဒေးဒရဲမြို့နယ်အသင်း(ရန်ကုန်)၏ အသင်းဝင် ဦးမင်းစိန်-ဒေါ်သစ်သစ်တို့၏သမီးသည် မသိမ့်အိချိုဟု ဖြည့်စွက်ဖတ်ရှုပါရန်။

**အမှုဆောင်အဖွဲ့**
**ဒေးဒရဲမြို့နယ်အသင်း(ရန်ကုန်)**

## ဖခင်အမည်မှန်

လှည်းကူးမြို့နယ် အထက (ဒါးပိန်) နဝမတန်း(A)မှ မမြတ်မိုးဝေ၏ ဖခင်အမည်မှန်မှာ ဦးမောင်ဌေး [၁၂/လကန(နိုင်)၁၁၄၄၉၅] ဖြစ်ပါကြောင်း။ **ဦးမောင်ဌေး**

## ပျောက်ဆုံးကြောင်း

ဦးဝင်းဇော်မျိုး [၈/ပခက(နိုင်)၁၆၅၅၀၀]၏ သင်္ဘောသားမှတ်ပုံတင်နှင့် လုပ်သက်မှတ်တမ်းစာအုပ်အမှတ် (ပသ ၀၃၂/၀၅)မှာ ခရီးသွားစဉ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၃၃၉၃၀၅၈**

## အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ ပုသိမ်ကြီးမြို့နယ်၊ ရန်ကင်းသာယာရပ်ကွက်ရှိ အကွက်အမှတ်(၄၉၇)၊ ဦးပိုင်အမှတ်-(က/၆၃)ဟုခေါ်သော ဧရိယာ(၀. ၀၅၅၁)ဧကအကျယ်အဝန်းရှိမြေကို လက်ရှိပိုင်ဆိုင်သည်ဟု အဆိုပြုသူဖြစ်ကြသော ဒေါ်အေးထွေး(ဘ)ဦးတင် [၉/အမရ(နိုင်)၀၀၂၆၄၁]ထံမှ ကျွန်ုပ်တို့၏ အမှုသည်က အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီခဲ့သဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာလိုက်သည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သီတာအောင် (LL.B,LL.M.D.B.L,D.I.L,D.P.S)**
**အထက်တန်းရှေ့နေ(စဉ်-၄၃၆၆၄)**
**ဖုန်း-၀၉-၄၃၁၈၄၁၉၀**
**လမ်း ၇၀×၇၁၊ ၄၀×၄၁လမ်းကြား၊ မဟာအောင်မြေမြို့နယ်၊ မန္တလေး။**

## ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်နှင့် အမည်၊ အမှတ်အသားသည် ကျွန်ုပ်တို့၏အမှုသည် ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ၇ မိုင်၊ သလ္လာဝတီလမ်း၊ အမှတ်(၁၂-ဘီ)တွင် တည်ထောင်ဖွင့်လှစ်ထားသည့် SUN POWER COMPANY LIMITED. ကုမ္ပဏီလိုင်စင်အမှတ်(၄၆၂/၁၉၉၆-၁၉၉၇)က ကုမ္ပဏီတစ်ဦးတည်းမူပိုင် ပြုလုပ်သုံးစွဲလျက်ရှိသည့် ကုန်အမှတ်တံဆိပ်နှင့်အမည်၊ အမှတ်အသားများဖြစ်ပါသည်။




**မှတ်ပုံတင်စာချုပ်အမှတ်-၄/၂၀၀၃/၂၀၀၉**

အထက်ဖော်ပြပါတံဆိပ်၊ အမည်တံဆိပ်အမှတ်အသားဖြင့် ကုမ္ပဏီမှထုတ်လုပ်ဖြန့်ချိသည့် IB-971 PU ADHESIVE ဖော်ပြပါ တံဆိပ်အမှတ်အသားကို ရိုက်နှိပ်၍ နေပြည်တော်၊ ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် တစ်ဦးတည်းမူပိုင်ပြုလုပ်နိုင်ရန်၊ ရန်ကုန်မြို့စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားအား စာချုပ်အမှတ်(၄/၂၀၀၃/၂၀၀၉)(IB 971 PU ADHESIVE)ကိုလည်းကောင်း မှတ်ပုံတင်ထားပြီးဖြစ်ပါသည်။

ယခုအခါ အဆိုပါ အမှတ်တံဆိပ်အတိုင်း ဈေးကွက်အတွင်း တုပထုတ်လုပ်ဖြန့်ဖြူးရောင်းချနေကြောင်း တွေ့ရှိရပါသဖြင့် ထိုသို့ တုပထုတ်လုပ်ဖြန့်ဖြူး ရောင်းချခြင်းကို ဆက်လက်ဆောင်ရွက်ခြင်းမပြုရန် သတိပေးတားမြစ်အပ်ပါသည်။ အကယ်၍ တားမြစ်သည့်ကြားမှ ဆက်လက်ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆို အရေးယူရလိမ့်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**
**ဒေါ်ရီရီတင်(၁၉၉၅)**
**တရားလွှတ်တော်ရှေ့နေနှင့် နိုတြီပဗ္ဗလစ်**
**အမှတ်(၈၉)၊ (၃၈)လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၃၇၁၇၅၅၊ ၀၉-၅၀၁၁၅၇၁၊ ၀၉-၅၀၁၈၃၄၅**

# ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်။**

**ယမန်နေ့စာမျက်နှာ(၁၅)မှအဆက်**

(ဃ) တရားရုံးသည် လျှောက်ထားတောင်းဆိုခဲ့သည့် ယာယီအရေးယူဆောင်ရွက်ချက်များကို စတင်ဆောင်ရွက်ခဲ့သည့်နေ့မှစ၍ ထိခိုက်နစ်နာမှုအပေါ် အမှုကိုအပြီးအပြတ် ဆုံးဖြတ်နိုင်ရန်အတွက် တရားမကြောင်းအရ တရားစွဲဆိုခြင်းကို တရားရုံးက သတ်မှတ်ထားသည့် သင့်လျော်သော ကာလအတွင်း သို့မဟုတ် ယင်းကဲ့သို့ သတ်မှတ်ထားခြင်းမရှိခဲ့လျှင် ယာယီအရေးယူဆောင်ရွက်ရန် အမိန့်ချမှတ်သည့်နေ့ရက်မှ ရုံးဖွင့်ရက် ရက်ပေါင်း ၂၀ ရက် သို့မဟုတ် ပြက္ခဒိန်ရက် ရက်ပေါင်း ၃၁ ရက်တို့အနက် ပိုမိုကြာမြင့်သည့် အချိန်ကာလထက် မပိုသော အချိန်အတွင်း တရားစွဲဆိုမှုကို စတင်ဆောင်ရွက်ခဲ့ခြင်း မရှိလျှင် ပုဒ်မ ၇၈၊ ပုဒ်မခွဲ (ခ)ကို မထိခိုက်စေဘဲ ပုဒ်မခွဲ (က) နှင့် ပုဒ်မ ၇၈၊ ပုဒ်မခွဲ (က)တို့အရ ချမှတ်ထားသော ယာယီအရေးယူဆောင်ရွက်ချက်များကို လျှောက်ထားခံရသူ၏ တောင်းဆိုချက်အရ ရုပ်သိမ်းရမည် သို့မဟုတ် အကျိုးသက်ရောက်မှုကို ရပ်စဲရမည်။

(င) တရားရုံးသည် ယာယီအရေးယူဆောင်ရွက်ချက်များကို ရုပ်သိမ်းလျှင်ဖြစ်စေ၊ လျှောက်ထားသူ၏ ပျက်ကွက်မှု သို့မဟုတ် ပြုလုပ်မှုတစ်ရပ်ရပ်ကြောင့် ရပ်စဲလျှင်ဖြစ်စေ၊ အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေး ထိပါးချိုးဖောက်ခြင်းမရှိကြောင်း သို့မဟုတ် ထိပါးချိုးဖောက်ရန် အလားအလာမရှိကြောင်းတွေ့ရှိလျှင်ဖြစ်စေ လျှောက်ထားခံရသူ၏ တောင်းဆိုချက်အရ အဆိုပါအရေးယူဆောင်ရွက်ချက်များကြောင့် ပေါ်ပေါက်သော ထိခိုက်နစ်နာမှုများအတွက် သင့်လျော်မျှတသော လျော်ကြေးကို လျှောက်ထားသူက လျှောက်ထားခံရသူသို့ ပေးစေရန် အမိန့်ချမှတ်နိုင်သည်။

၇၈။ (က) တရားရုံးသည်အောက်ပါအခြေအနေတစ်ရပ်ရပ်တွင် တစ်ဖက်သတ်ယာယီအရေး ယူဆောင်ရွက်သည့် အမိန့်များကို ချမှတ်နိုင်သည်-

(၁) အခွင့်အရေးရရှိသူကို ကုစား၍မရနိုင်သော ထိခိုက်နစ်နာမှုကိုဖြစ်စေ တန်ရာသည့် နှောင့်နှေးကြန့်ကြာမှုတစ်စုံတစ်ရာရှိခြင်း၊

(၂) သက်သေခံအထောက်အထားများကိုဖျက်ဆီးခံရမည့် အန္တရာယ်ကျရောက်မည်ဟု စိုးရိမ်ဖွယ်ရာရှိခြင်း။

(ခ) တရားရုံးသည် တစ်ဖတ်သတ် ယာယီအရေးယူဆောင်ရွက်ရာတွင်-

(၁) ဆောင်ရွက်ပြီးလျှင်ပြီးချင်း နှောင့်နှေးကြန့်ကြာမှု မရှိစေဘဲ ယာယီအရေးယူဆောင်ရွက်သည့် အမိန့်ကို လျှောက်ထားခံရသူထံ အသိပေးအကြောင်းကြားရမည်။

(၂) တရားရုံးက သတ်မှတ်သည့် သင့်လျော်သော အချိန်ကာလအတွင်း သို့မဟုတ် ယင်းကဲ့သို့ သတ်မှတ်ချက် မရှိခဲ့လျှင် အကြောင်းကြားစာ ထုတ်ပြန်သည့်နေ့ရက်မှ ရုံးဖွင့်ရက် ရက်ပေါင်း ၂၀ ရက်အတွင်း အကြောင်းကြားခံရသူက လိုက်နာခြင်းမရှိလျှင် ယင်းအရေးယူ ဆောင်ရွက်ချက်များကို ပြီးမြောက်အောင် ဆောင်ရွက်ရမည်။

(၃) ယင်းအရေးယူဆောင်ရွက်ချက်များအပေါ် ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် အတည်ပြုခြင်းတို့ကို ဆုံးဖြတ်ပေးရန် လျှောက်ထားခံရသူများ၏ တောင်းဆိုချက်အရ နှစ်ဖက်ကြားနာ၍ ပြန်လည်စစ်ဆေးခြင်း တစ်ရပ်ကို သင့်လျော်သည့်ကာလအတွင်း ဆောင်ရွက်ရမည်။

၇၉။ (က) အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးထိပါးချိုးဖောက်ခြင်းနှင့်စပ်လျဉ်း၍ တရားမဆိုင်ရာဥပဒေများနှင့် တရားမကျင့်ထုံးဥပဒေတို့ကို မထိခိုက်စေဘဲ တရားရုံးသည် အောက်ပါအမိန့်တစ်ရပ်ရပ်ကို ဖြစ်စေ၊ တစ်ရပ်ထက်ပို၍ ဖြစ်စေ ချမှတ်နိုင်သည်-

(၁) အကောက်ခွန် ရှင်းလင်းပြီးသည့် တင်သွင်းလာသော အမှတ်တံဆိပ် မူပိုင်ခွင့်ဆိုင်ရာအခွင့်အရေး ထိပါးချိုးဖောက်ထားသည့် ကုန်ပစ္စည်းများ နိုင်ငံတော်၏ ကုန်သွယ်မှု နယ်ပယ်အတွင်းသို့ ဝင်ရောက်လာခြင်းကို ကာကွယ်တားဆီးခြင်းအပါအဝင် အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးထိပါးချိုးဖောက်မှုကို ရပ်ဆိုင်းရန်အတွက်သင့်သည် ထင်မြင်သည့်အမိန့်၊

(၂) (ကက) အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးထိပါးချိုးဖောက်ခြင်းကြောင့်ဖြစ်ပေါ်လာသော အခွင့်အရေးရရှိသူ၏ ထိခိုက်နစ်နာမှုများအတွက် ထိပါးချိုးဖောက်သူမှ အခွင့်အရေးရရှိသူထံသို့ လုံလောက်သော နစ်နာကြေးကို ပေးဆောင်စေရန်အတွက် ချမှတ်သည့်အမိန့် သို့မဟုတ် သင့်လျော်သောကိစ္စရပ်များတွင် အခွင့်အရေးရရှိသူမှ ကြိုတင်သတ်မှတ်တောင်းဆိုထားသော နစ်နာကြေးကိုဖြစ်စေ ချိုးဖောက်သူမှ ရယူခံစားခဲ့သော အကျိုးအမြတ်ကိုဖြစ်စေ နှစ်ရပ်လုံးကိုဖြစ်စေ ပြန်လည်ပေးစေရန်အမိန့်၊

(ခခ) အခွင့်အရေးရရှိသူ၏ တရားစရိတ်နှင့် ရှေ့နေစရိတ်တို့ အပါအဝင် သင့်လျော်သောကုန်ကျစရိတ်များကို ပေးဆောင်စေရန်အမိန့်၊

(၃) အခွင့်အရေးရရှိသူကို ထိခိုက်နစ်နာမှုမရှိစေရန်အလို့ငှာ လျော်ကြေး တစ်စုံတစ်ရာ ပေးဆောင်စေခြင်းမရှိဘဲအမှတ်တံဆိပ်ချိုးဖောက်သော ကုန်ပစ္စည်းများကို ကုန်သွယ်မှုလမ်းကြောင်းဈေးကွက်မှ ဖယ်ရှားရန် သို့မဟုတ် ဖျက်ဆီးရန် ချမှတ်သည့်အမိန့်၊

(၄) အမှတ်တံဆိပ်ချိုးဖောက်သောကုန်ပစ္စည်းများ ပြုလုပ်ရာတွင် အဓိက အသုံးပြုသော ပစ္စည်းကိရိယာတန်ဆာပလာများကို ကုန်သွယ်မှုလမ်းကြောင်း ဈေးကွက်မှ ဖယ်ရှားရန် သို့မဟုတ် ဖျက်ဆီးရန် ချမှတ်သည့်အမိန့်။

(ခ) တရားရုံးသည် ပုဒ်မခွဲ(က) ပုဒ်မခွဲငယ် (၃) နှင့် (၄) အရ အမိန့်တစ်ခုခုကို ချမှတ်ရန် စဉ်းစားရာတွင် အဆိုပါအမိန့်နှင့် အမှတ်တံဆိပ်ချိုးဖောက်မှုအတိုင်းအတာကို အချိုးညီစွာချင့်ချိန်ဆုံးဖြတ်ရမည်ဖြစ်ပြီး အခြားအကျိုးသက်ဆိုင်သူများ၏ အကျိုးစီးပွားကိုလည်း ထည့်သွင်းစဉ်းစားရမည်။

၈၀။ အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာအခွင့်အရေး ချိုးဖောက်ခံရသည်ဟု မရိုးမဖြောင့်သော သဘောဖြင့် မမှန်မကန်တိုင်ကြားကြောင်း ပေါ်ပေါက်လျှင် ယင်းသို့တိုင်ကြားခြင်းကြောင့် မှားယွင်းစွာဟန့်တားခံရသည့် တရားပြိုင်ကို တိုင်တန်းသူက လျော်ကြေးပေးရမည့်အပြင် တရားပြိုင်၏ ကျသင့်သော ရှေ့နေစရိတ်အပါအဝင် တရားစရိတ်နှင့် အခြားကုန်ကျစရိတ်များကို တိုင်တန်းသူက ပေးဆောင်စေရန် တရားရုံးက အမိန့်ချမှတ်နိုင်သည်။

၈၁။ (က) တရားရုံးသည် အောက်ပါအခြေအနေများတွင် တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များကို မထိခိုက်စေဘဲ သင့်လျော်သောကိစ္စရပ်များတွင် လျှို့ဝှက်သတင်းအချက်အလက်များကို အကာအကွယ်ပေးလျက် သက်သေခံအထောက်အထားများကို တစ်ဖက်အမှုသည်က တင်ပြရန် အမိန့်ချမှတ်နိုင်သည်-

(၁) အခွင့်အရေးရရှိသူက ယင်း၏တောင်းဆိုချက်များကို လုံလောက်စွာ အထောက်အကူပြုနိုင်မည့် ခိုင်လုံသည့် သက်သေခံအထောက်အထားများကို တင်ပြထားသော အခါ၊

(၂) ယင်းတောင်းဆိုချက်များနှင့်စပ်ဆိုင်သည့် ခိုင်လုံသော သက်သေခံ အထောက်အထားများသည် တစ်ဖက်အမှုသည်၏ လက်ဝယ်တွင်ရှိကြောင်း တိကျစွာဖော်ပြထားသောအခါ။

(ခ) ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ မိမိအလိုအလျောက် ထိပါးချိုးဖောက်မှုတွင် တရားရုံးသည် အောက်ပါအခြေအနေများ၌ ထိခိုက်နစ်နာသူနှင့် ထိပါးချိုးဖောက်သူတို့၏ စွပ်စွဲချက်များ သို့မဟုတ် သက်သေခံအထောက်အထားများအရ ကြားနာခွင့်ပေးပြီး ၎င်းတို့၏ အပြန်အလှန် စွပ်စွဲငြင်းဆိုသည့်အချက်များ အပါအဝင် သတင်းအချက်အလက်များအပေါ် အခြေခံ၍ အတည်ပြုခြင်း သို့မဟုတ် ငြင်းဆိုခြင်းစသည့် ပဏာမနှင့် အပြီးသတ်ဆုံးဖြတ်ချက်များကို ချမှတ်နိုင်သည် -

(၁) လိုအပ်သည့် သတင်းအချက်အလက်များကိုရယူရာတွင် ငြင်းဆိုလျှင်၊

(၂) သင့်လျော်သောကာလအတွင်း လိုအပ်သောသတင်းအချက်အလက်ကို မပေးပို့နိုင်လျှင်၊

(၃) အရေးယူဆောင်ရွက်မှုနှင့် စပ်လျဉ်းသော လုပ်ထုံးလုပ်နည်းများကို သိသာစွာ ဟန့်တားလျှင်၊

၈၂။ တရားရုံးသည် ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်တွင် ငွေဒဏ်ချမှတ်ခဲ့ပါက ယင်းချမှတ်သော ငွေဒဏ်အားလုံးကိုသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသကိုသော်လည်းကောင်း နစ်နာကြေးအဖြစ် နစ်နာသူအားပေးစေရန် အမိန့်ချမှတ်နိုင်သည်။

၈၃။ တရားစွဲဆိုရန် အကြောင်းတစ်ရပ်တည်းကို အခြေပြု၍ပြစ်မှုကြောင်းနှင့် တရားမကြောင်း နှစ်ရပ်လုံးဖြင့်စွဲဆိုပါက တရားရုံးသည် တရားမမှုတွင် ထိခိုက်နစ်နာမှုအတွက် နစ်နာကြေးပေးစေရန် စီရင်ချက်၊ အမိန့်နှင့် ဒီကရီချမှတ်သည့်အခါ ပုဒ်မ ၈၂ အရ ချမှတ်သည့် ငွေဒဏ်မှ နစ်နာကြေးအဖြစ် ပေးခဲ့သောငွေကြေးကို ခုနှိမ်ပေးရမည်။

၈၄။ တရားရုံးသည် အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးနှင့် စပ်လျဉ်း၍ ထိပါးချိုးဖောက်သော ကုန်ပစ္စည်းများကို ဖြန့်ဖြူးခြင်း သို့မဟုတ် ထုတ်လုပ်ခြင်းတွင် ပါဝင်ပတ်သက်သော အခြားသူများမှာ မည်သူမည်ဝါဖြစ်ကြောင်း ထုတ်ဖော်ပြောကြားစေရန် ထိပါးချိုးဖောက်သူအပေါ် အမိန့်ချမှတ်နိုင်သည်။

၈၅။ တရားရုံးသည် အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးထိပါးချိုးဖောက်ခြင်းအတွက် အရေးယူဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ အမိန့်ချမှတ်ရန် ဤဥပဒေတွင် အတိအလင်းပြဋ္ဌာန်းထားခြင်းမရှိလျှင် သက်သေခံအက်ဥပဒေ၊ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေနှင့် တရားမ ကျင့်ထုံးဥပဒေတို့ပါ ပြဋ္ဌာန်းချက်များကို ကျင့်သုံးဆောင်ရွက်နိုင်သည်။

## အခန်း(၂၂)
## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၈၆။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို စီးပွားရေးအလို့ငှာ အခွင့်အရေးရရှိသူ၏ သဘောတူခွင့်ပြုချက်မရှိဘဲ ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင်ဖြစ်စေ၊ ပြစ်မှုကျူးလွန်သူအား အားပေးကူညီလျှင်ဖြစ်စေ ထိုသူအား သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း ၅၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်-

(က) အမှတ်တံဆိပ်အတုပြုလုပ်ခြင်း၊

(ခ) အမှတ်တံဆိပ်အတုအား ကုန်ပစ္စည်းတွင် အသုံးချခြင်း သို့မဟုတ် ဝန်ဆောင်မှုများနှင့်စပ်လျဉ်း၍ အသုံးချခြင်း၊

(ဂ) အမှတ်တံဆိပ်အတုပြုလုပ်ရန်ဖြစ်စေ၊ အမှတ်တံဆိပ်အတုကို ကုန်ပစ္စည်းတွင် အသုံးချရန်ဖြစ်စေ အဓိကအသုံးပြုသော မည်သည့်ပစ္စည်း သို့မဟုတ် ကိရိယာတန်ဆာပလာများကိုမဆို လက်ဝယ်ထားရှိခြင်း၊

(ဃ) အမှတ်တံဆိပ်အတုကို အသုံးပြုထားသည့် ကုန်ပစ္စည်းအား ရောင်းဝယ်ဖောက်ကားဖြန့်ဝေခြင်း၊

(င) အမှတ်တံဆိပ်အတုကို အသုံးပြုထားသည့် ကုန်ပစ္စည်းအား နိုင်ငံတော်သို့ တင်သွင်းခြင်း သို့မဟုတ် နိုင်ငံတော်မှ တင်ပို့ခြင်း။

၈၇။ မည်သူမဆို ပုဒ်မ ၈၆ ပါ ပြုလုပ်မှုတစ်ခုခုကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရပြီးနောက် ယင်းပြစ်မှုကို ကျူးလွန်သည့်နေ့မှ ၅ နှစ်အတွင်း ယခင်ကျူးလွန်ခဲ့သည့် ပြစ်မှုမျိုးကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံးသုံးနှစ်မှ အများဆုံး ၁၀ နှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ကျပ်သိန်း တစ်ရာထက်မပိုသော ငွေဒဏ်ချမှတ်နိုင်သည်။

၈၈။ မည်သူမဆို နိုင်ငံတော်မှ အဖွဲ့ဝင်ထားသော အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်များအရ အထူးအကာအကွယ်ပေးထားသောအလံ သို့မဟုတ် သင်္ကေတအမှတ်အသားများကို အမှတ်တံဆိပ်အဖြစ် စီးပွားရေးအလို့ငှာ အသုံးပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း ၅၀ ထက်မပိုသော ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၈၉။ မည်သူမဆို အမှတ်တံဆိပ်ပိုင်ရှင်ကို ထိခိုက်နစ်နာစေရန်ရည်ရွယ်၍ မှတ်ပုံတင် အမှတ်တံဆိပ်ကို ဖယ်ရှားခြင်း၊ ဖျက်ဆီးခြင်း၊ ပုံသဏ္ဌာန်ဖျက်ခြင်း သို့မဟုတ် ဖြည့်စွက်ခြင်း တစ်ခုခုပြုလုပ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း ၃၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၉၀။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း ၂၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည် -

(က) အမှတ်တံဆိပ်မှတ်ပုံတင်လက်မှတ်ကို မမှန်မကန်ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးစေခြင်း၊

(ခ) အမှတ်တံဆိပ်မှတ်ပုံတင်စာရင်းတွင် မရိုးမဖြောင့်သောသဘောဖြင့် မမှန်မကန်ရေးသွင်းခြင်း သို့မဟုတ် ရေးသွင်းစေခြင်း။

(ဂ) ပုဒ်မ (၅၀) ပါ တားမြစ်ချက်ကို ဖောက်ဖျက်ခြင်း။

၉၁။ မည်သူမဆို တရားရုံးက ပုဒ်မ ၈၄ အရ ချမှတ်သောအမိန့်ကို လိုက်နာရန် ပျက်ကွက်လျှင် ထိုသူအား ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်၁၅ သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ သို့မဟုတ် ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

## အခန်း(၂၃)
## အထွေထွေ

၉၂။ ဤဥပဒေအာဏာမတည်မီက မှတ်ပုံတင်အက်ဥပဒေနှင့်အညီ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ထားသည့် အမှတ်တံဆိပ်ပိုင်ရှင်သည် မှတ်ပုံတင်အမှတ်တံဆိပ်ဆိုင်ရာ အခွင့်အရေးကို ရရှိလိုလျှင် ဤဥပဒေနှင့်အညီ မှတ်ပုံတင်ပေးရန်အတွက် လျှောက်ထားချက်ကို တင်သွင်းရမည်။

၉၃။ အခြားတည်ဆဲဥပဒေ တစ်ရပ်ရပ်တွင် မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ-

(က) အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းကို ဤဥပဒေနှင့်အညီ ဆောင်ရွက်ရမည်။

(ခ) ဤဥပဒေပါ အမှတ်တံဆိပ်နှင့်စပ်လျဉ်းသည့် ပြစ်မှုတစ်ရပ်ရပ်ကို ဤဥပဒေအရသာ အရေးယူရမည်။

၉၄။ မှတ်ပုံတင်အရာရှိသည် ဤဥပဒေအရ ယင်းကို အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဆင်ခြင်တုံတရားဖြင့် ဆုံးဖြတ်ရာတွင် တစ်စုံတစ်ဦးအား ထိခိုက်နစ်နာစေမည်ဆိုပါက ထိုသူကို တင်ပြကြားနာခွင့် ပေးရမည်။

၉၅။ မှတ်ပုံတင်အရာရှိက မှန်ကန်ကြောင်းလက်မှတ်ရေးထိုးပြီး တံဆိပ်ခတ်နှိပ်ထားသော အမှတ်တံဆိပ်မှတ်ပုံတင်လက်မှတ်မိတ္တူနှင့် အထောက်အထားစာရွက်စာတမ်းများကို သက်ဆိုင်ရာ တရားရုံးတွင် သက်သေခံအဖြစ် တင်ပြခွင့်ရှိသည်။

၉၆။ ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်နှင့် သက်ဆိုင်သည့် သက်သေခံပစ္စည်းသည် တရားရုံးရှေ့သို့ တင်ပို့ရန် မလွယ်ကူပါက ယင်းသက်သေခံပစ္စည်းကို တရားရုံးရှေ့သို့ တင်ပို့ရန်မလိုဘဲ မည်ကဲ့သို့ထိန်းသိမ်းထားကြောင်း အစီရင်ခံစာ သို့မဟုတ် သက်ဆိုင်ရာ အခြားသက်သေခံစာရွက်စာတမ်း အထောက်အထားများကို တင်ပြနိုင်သည်။ ယင်းသို့ တင်ပြခြင်းကို တရားရုံးရှေ့တွင် သက်သေခံပစ္စည်း တင်ပြဘိသကဲ့သို့ မှတ်ယူ၍ သက်ဆိုင်ရာ တရားရုံးက ဤဥပဒေနှင့်အညီ အဆိုပါပစ္စည်းကို စီမံခန့်ခွဲရန် အမိန့်ချမှတ်နိုင်သည်။

၉၇။ တရားရုံးသည် ပြစ်မှုကျူးလွန်ရာတွင် အဓိကအသုံးပြုသော ပစ္စည်းများနှင့် ကိရိယာတန်ဆာပလာများ အပါအဝင် အမှတ်တံဆိပ်အတုကို အသုံးပြုထားသည့် ကုန်ပစ္စည်းများကို ဖမ်းဆီးစေရန် သို့မဟုတ် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းစေရန် သို့မဟုတ် ဖျက်ဆီးစေရန် အခြားနည်းဖြင့် ဆောင်ရွက်စေရန် သင့်လျော်သည် ထင်မြင်သည့် စီမံခန့်ခွဲမှုအမိန့်တစ်ရပ်ကို ချမှတ်နိုင်သည်။

၉၈။ ဤဥပဒေပါ အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးကို ထိပါးချိုးဖောက်မှုများသည် အစိုးရဌာနနှင့် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းတစ်ခုခုက စီးပွားရေးအလို့ငှာ မဟုတ်ဘဲ နိုင်ငံတော်၏အရေးပေါ်အခြေအနေနှင့် အများပြည်သူဘေးအန္တရာယ်ကိစ္စများတွင် အမှတ်တံဆိပ်ပါရှိသည့် ကုန်ပစ္စည်း တစ်ခုခုကို အများပြည်သူအကျိုးငှာ အသုံးပြုခြင်းနှင့် သက်ဆိုင်ခြင်း မရှိစေရ။

**အချပ်ပို စာမျက်နှာ (စ)သို့**

# အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဥပဒေကြမ်း

## ပြည်သူများသိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်။

**အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဥပဒေကြမ်း**
**(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။၂၀၁၇)**
**၁၃၇၉ ခုနှစ်၊ လ ရက်**
**(၂၀၁၇ ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**
**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **တက္ကသိုလ်**ဆိုသည်မှာ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓ သာသနာပြုတက္ကသိုလ်ကို ဆိုသည်။

(ခ) **ထေရဝါဒ**ဆိုသည်မှာ ပထမသင်္ဂါယနာမှ ဆဋ္ဌသင်္ဂါယနာအထိ သင်္ဂါယနာ ခြောက်တန် တင်ထားသော ပါဠိတော် အဋ္ဌကထာ၊ ဋီကာအစရှိသည့် ဗုဒ္ဓဟောကြားတော်မူခဲ့သည်များကို ပြောင်းလဲမှုမရှိဘဲ သန့်ရှင်းစွာ တည်တံ့စေရန် ထိန်းသိမ်းထားသည့် ပိဋကတ်တော်များကို ဆိုသည်။

(ဂ) **ဩဝါဒါစရိယအဖွဲ့**ဆိုသည်မှာ ဤတက္ကသိုလ်၏ လုပ်ငန်းများနှင့် စပ်လျဉ်း၍ ဩဝါဒချီးမြှင့်နိုင်ရန် ဤဥပဒေအရ ဖွဲ့စည်းသည့် အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဩဝါဒါစရိယအဖွဲ့ကို ဆိုသည်။

(ဃ) **အစိုးရအဖွဲ့**ဆိုသည်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

(င) **ဝန်ကြီးဌာန**ဆိုသည်မှာ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီး ဌာနကို ဆိုသည်။

(စ) **ကောင်စီ**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓ သာသနာပြုတက္ကသိုလ်ကောင်စီကိုဆိုသည်။

(ဆ) **ဝန်ထမ်းဖွဲ့စည်းပုံ**ဆိုသည်မှာ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓ သာသနာပြုတက္ကသိုလ် ဝန်ထမ်းဖွဲ့စည်းပုံကို ဆိုသည်။

**အခန်း(၂)**
**အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်တည်ထောင်ခြင်း**

၃။ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၁၀/၉၈)ဖြင့် တည်ထောင်ခဲ့သည့် တက္ကသိုလ်ကို ဤဥပဒေအရ ဆက်လက် တည်ထောင်ထားရှိရမည်။

၄။ တက္ကသိုလ်သည် အောင်လက်မှတ်၊ ဒီပလိုမာလက်မှတ်၊ ဘွဲ့၊ မဟာဘွဲ့၊ ပါရဂူဘွဲ့နှင့် တက္ကသိုလ်ပညာဆိုင်ရာ ဂုဏ်ထူးဆောင်ပါရဂူဘွဲ့များ ချီးမြှင့်ခွင့်ရှိသည်။

၅။ တက္ကသိုလ်သည် ကိုယ်ပိုင်အမည်၊ ကိုယ်ပိုင်တံဆိပ်ဖြင့် ဆောင်ရွက်ခွင့်၊ စဉ်ဆက်မပြတ် ဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုနိုင်ခွင့်နှင့် တရားစွဲဆိုခံနိုင်ခွင့် ရှိစေရမည်။

၆။ တက္ကသိုလ်သည် ပြည်တွင်း ပြည်ပတို့၌ ယင်း၏ကြီးကြပ်မှုအောက်ရှိ ဆက်သွယ် ပေါင်းကူးဆောင်ရွက်နိုင်သော ထေရဝါဒဗုဒ္ဓသာသနာပြုကောလိပ်၊ သိပ္ပံ၊ သင်တန်းကျောင်းနှင့် တရားစခန်းများကို လိုအပ်သလို ဖွဲ့စည်း တည်ထောင်နိုင်သည်။

၇။ တက္ကသိုလ်သည် ပြည်တွင်းပြည်ပရှိ ဗုဒ္ဓဘာသာဆိုင်ရာတက္ကသိုလ်များ၊ ပညာရေးအဖွဲ့အစည်းများနှင့် ဘာသာရေးအဖွဲ့အစည်းများကို လိုအပ်ချက်နှင့်အညီ အပြန်အလှန် ပူးပေါင်းဆက်သွယ်ဆောင်ရွက်နိုင်သည်။

**အခန်း(၃)**
**ရည်မှန်းချက်များ**

၈။ တက္ကသိုလ်၏ ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) စစ်မှန်သော ထေရဝါဒဗုဒ္ဓသာသနာတော် ကမ္ဘာတစ်ဝန်းလုံးတွင် ပြန့်ပွားစေရန်၊

(ခ) သင်္ဂါယနာ ခြောက်တန်တင် ထေရဝါဒပိဋကတ်စာပေများကို မူရင်းအတိုင်း သင်ယူခွင့်ရရှိပြီး လိုက်နာကျင့်သုံးနိုင်စေရန်၊

(ဂ) အကုသိုလ်ဖြစ်စေမည့် ဒုစရိုက်မှုများကို သိရှိရှောင်ကြဉ်၍ကုသိုလ် ဖြစ်စေမည့် သုစရိုက်များကို သိရှိဖြည့်ဆည်း ကျင့်သုံးနိုင်စေရန်၊

(ဃ) ကမ္ဘာတစ်ဝန်းလုံးတွင် ဗြဟ္မစိုရ်တရားထွန်းကား၍ ငြိမ်းချမ်း သာယာသည့် လူ့ဘောင်လောကကြီး ဖြစ်လာနိုင်စေရန်၊

(င) ပရိယတ္တိဆိုင်ရာ ပိဋကတ်စာပေ ကျွမ်းကျင်နှံ့စပ်၍ ပဋိပတ္တိဆိုင်ရာ အကျင့်သီလ ပြည့်စုံသော သာသနာပြုပုဂ္ဂိုလ်များ တိုးပွားလာ စေရန်၊

(စ) ထေရဝါဒ ပိဋကတ်တော်များကို မူရင်းအတိုင်း လေ့လာသင်ယူလို သည့် ပြည်တွင်း ပြည်ပမှ သင်တန်းသားများအား လေ့ကျင့် သင်ကြားပေးနိုင်ရန်၊

(ဆ) ထေရဝါဒဗုဒ္ဓဘာသာပြန့်ပွားရေးအတွက် ပြည်တွင်း ပြည်ပရှိ ဗုဒ္ဓဘာသာဆိုင်ရာ တက္ကသိုလ်များ၊ တက္ကသိုလ်၏ရည်မှန်းချက်ကို အထောက်အကူပြုစေမည့် တက္ကသိုလ်များနှင့် အပြန်အလှန် ပူးပေါင်းဆောင်ရွက်နိုင်စေရန်။

**အခန်း(၄)**
**ဩဝါဒါစရိယအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ**

၉။ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဩဝါဒါစရိယ အဖွဲ့ကို အောက်ပါဆရာတော်ကြီးများပါဝင်သောအဖွဲ့ဖြင့် ဖွဲ့စည်းသည်-

(က) ဥက္ကဋ္ဌ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ — ဥက္ကဋ္ဌ

(ခ) အကျိုးတော်ဆောင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ — ဒုတိယဥက္ကဋ္ဌ

(ဂ) ဒုတိယဥက္ကဋ္ဌ ခြောက်ပါး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ — အဖွဲ့ဝင်

(ဃ) နိုင်ငံတော်ပရိယတ္တိသာသနာ တက္ကသိုလ်များအုပ်ချုပ်ရေး ဗဟိုအဖွဲ့ဝင်ဖြစ်ပြီး နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင်လည်းဖြစ်သော ဆရာတော် သုံးပါး — အဖွဲ့ဝင်

(င) ပါမောက္ခချုပ် နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ်(ရန်ကုန်) — အဖွဲ့ဝင်

(စ) ပါမောက္ခချုပ် နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ်(မန္တလေး) — အဖွဲ့ဝင်

(ဆ) အဓိပတိ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်(စစ်ကိုင်းမြို့) — အဖွဲ့ဝင်

(ဇ) မဟာဌာနမှူးဆရာတော် လေးပါး အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် — အဖွဲ့ဝင်

(ဈ) ပါမောက္ခချုပ် အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် — အတွင်းရေးမှူး

(ည) ဒုတိယပါမောက္ခချုပ်ဆရာတော် အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် — တွဲဖက်အတွင်းရေးမှူး

၁၀။ ဩဝါဒါစရိယအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) တက္ကသိုလ်ပညာရေးကို ထေရဝါဒပိဋကတ်တော်နှင့်အညီ ဖြစ်စေရန် ကြပ်မတ်၍ ဩဝါဒချီးမြှင့်ခြင်း၊

(ခ) တက္ကသိုလ်တွင် ပညာသင်ကြားပို့ချသူများ အဆင့်မြင့်မား တိုးတက်လာစေရန် ဩဝါဒချီးမြှင့်ခြင်း၊

(ဂ) ကောင်စီ၏ လိုအပ်ချက်များကို ဩဝါဒချီးမြှင့်ခြင်း၊

(ဃ) တက္ကသိုလ်ကောင်စီ အရေးပေါ်အစည်းအဝေးခေါ်ယူရန် လိုအပ်ပါက ညွှန်ကြားခြင်း။

၁၁။ ဩဝါဒါစရိယအဖွဲ့၏ဥက္ကဋ္ဌသည် တက္ကသိုလ်၏အဓိပတိဖြစ်ပြီး ဒုတိယ ဥက္ကဋ္ဌသည် တက္ကသိုလ်၏ ဒုတိယအဓိပတိဖြစ်သည်။

၁၂။ ဩဝါဒါစရိယအဖွဲ့ အစည်းအဝေးကို ခြောက်လလျှင်တစ်ကြိမ် ကျင်းပပြုလုပ်ရမည်။

**အခန်း(၅)**
**ကောင်စီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ**

၁၃။ အစိုးရအဖွဲ့သည် တက္ကသိုလ်၏ရည်မှန်းချက်များကို အကောင်အထည် ဖော် ဆောင်ရွက်နိုင်ရန် အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ်ကောင်စီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည် -

(က) ပါမောက္ခချုပ် အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် — နာယက

(ခ) ဒုတိယပါမောက္ခချုပ်(သင်ကြား) နှင့် မဟာဌာနမှူးများ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် — နာယကအဖွဲ့ဝင်

(ဂ) ပြည်ထောင်စုဝန်ကြီး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန — ဥက္ကဋ္ဌ

(ဃ) ဒုတိယဝန်ကြီး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန — ဒုတိယဥက္ကဋ္ဌ

(င) အမြဲတမ်းအတွင်းဝန် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန — အဖွဲ့ဝင်

(စ) သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီး ဌာနက တာဝန်ပေးအပ်သော လူပုဂ္ဂိုလ်ပညာရှင်များ — အဖွဲ့ဝင်

(ဆ) ညွှန်ကြားရေးမှူးချုပ် သာသနာရေးဦးစီးဌာန — အဖွဲ့ဝင်

(ဇ) ညွှန်ကြားရေးမှူးချုပ် သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန — အဖွဲ့ဝင်

(ဈ) ဒုတိယအမြဲတမ်းအတွင်းဝန် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန — အဖွဲ့ဝင်

(ည) ဒုတိယပါမောက္ခချုပ်(စီမံ) အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် — အတွင်းရေးမှူး

၁၄။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကောင်စီဝင်သည် ကောင်စီက သတ်မှတ်သည့် ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

၁၅။ ဩဝါဒါစရိယအဖွဲ့ အစည်းအဝေးကျင်းပပြီးသည့်နောက်တွင် ကောင်စီ အစည်းအဝေးကို ဆက်လက်ကျင်းပရမည်။ လိုအပ်ပါက လိုအပ်ချက်နှင့်အညီ အရေးပေါ်အစည်းအဝေး ခေါ်ယူကျင်းပရမည်။

၁၆။ ကောင်စီ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဩဝါဒါစရိယအဖွဲ့ထံမှ ဩဝါဒခံယူခြင်း၊

(ခ) ဩဝါဒါစရိယအဖွဲ့ အစည်းအဝေးများ ကျင်းပနိုင်ရန် စီစဉ် ဆောင်ရွက်ခြင်း၊

(ဂ) တက္ကသိုလ် ပညာရေးဆိုင်ရာမူဝါဒ ချမှတ်ခြင်း၊

(ဃ) တက္ကသိုလ်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်း၊

(င) တက္ကသိုလ်ပညာရေးနှင့် သက်ဆိုင်သည့် သုတေသနလုပ်ငန်းများ နှင့် သင်ကြားရေးလုပ်ငန်းများဆောင်ရွက်ရန် သတ်မှတ်ပေးခြင်း၊

(စ) တက္ကသိုလ်အုပ်ချုပ်ရေးနှင့်သက်ဆိုင်သည့် စီမံခန့်ခွဲရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ရန် သတ်မှတ်ပေးခြင်း၊

(ဆ) တက္ကသိုလ်ကအပ်နှင်းမည့် အောင်လက်မှတ်၊ ဒီပလိုမာလက်မှတ်၊ ဘွဲ့၊ မဟာဘွဲ့၊ ပါရဂူဘွဲ့နှင့် တက္ကသိုလ်ပညာရပ်ဆိုင်ရာ ဂုဏ်ထူးဆောင်ပါရဂူဘွဲ့များ သတ်မှတ်ခြင်း၊ ယင်းတို့အတွက် သင်တန်းအမျိုးအစားနှင့် သင်တန်းကာလများ သတ်မှတ်ခြင်း၊

(ဇ) တက္ကသိုလ်တွင် လက်ခံသင်ကြားမည့် သင်တန်းသားဦးရေ သတ်မှတ်ခြင်း၊

(ဈ) တက္ကသိုလ်ဝင်ခွင့် အရည်အချင်းသတ်မှတ်ခြင်း၊

(ည) တက္ကသိုလ်တွင် တာဝန်ထမ်းဆောင်မည့် ဆရာများ၏ အရည် အချင်းသတ်မှတ်ခြင်း၊

(ဋ) တက္ကသိုလ် စာမေးပွဲများနှင့် စပ်လျဉ်း၍ ညွှန်ကြားခြင်း၊

(ဌ) တက္ကသိုလ်၏ ပညာသင်ဆု၊ ပညာရပ်ဆိုင်ရာ ထူးချွန်ဆုများကို သတ်မှတ်ခြင်း၊

(ဍ) တက္ကသိုလ်၏ စီမံခန့်ခွဲရေးလုပ်ငန်းကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ဎ) တက္ကသိုလ်၏ ကြီးကြပ်မှုအောက်ရှိ ထေရဝါဒဗုဒ္ဓသာသနာပြု ကောလိပ်၊ သိပ္ပံ၊ သင်တန်းကျောင်းနှင့် တရားစခန်းများကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ဏ) လိုအပ်သော ကျွမ်းကျင်မှုအကူအညီ၊ အခြားအကူအညီများနှင့် အကြံဉာဏ်များကို အစိုးရဌာနများ၊ အဖွဲ့အစည်းများ၊ ပြည်တွင်း ပြည်ပအဖွဲ့အစည်းများနှင့် ပုဂ္ဂိုလ်များထံမှ ရယူခြင်း၊

(တ) တက္ကသိုလ်ရှိ အဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်များကို စိစစ် သုံးသပ်ခြင်း၊

(ထ) သင်ကြားရေးနှင့် သုတေသနပြုရေးလုပ်ငန်းများအတွက် လမ်းညွှန်ချက်များ ချမှတ်ခြင်း၊

(ဒ) တက္ကသိုလ်အတွက် စာကြည့်တိုက်၊ ပြတိုက်များကို တည်ထောင် ခြင်း၊

(ဓ) သတင်းအချက်အလက်များ ဖြန့်ချိခြင်းနှင့် လက်ခံထိန်းသိမ်းခြင်း တို့အတွက် လိုအပ်သည့်နည်းပညာများ ရရှိစေရန် စီစဉ်ဆောင် ရွက်ခြင်း၊

(န) တက္ကသိုလ်၏ရည်မှန်းချက်ကို အထောက်အကူပြုစေမည့် အခြား တက္ကသိုလ်များ၊ ပညာရေးအဖွဲ့အစည်းများနှင့် ဆက်သွယ် ဆောင်ရွက်ခြင်း၊

**အချပ်ပို စာမျက်နှာ (ဆ) သို့**

**အချပ်ပို စာမျက်နှာ (င) မှ**

၉၉။ ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများဟု သတ်မှတ်သည်။

၁၀၀။အမှတ်တံဆိပ် အငြင်းပွားသူပုဂ္ဂိုလ်များအကြား ပေါ်ပေါက်လာသည့် အငြင်းပွားမှုများကို နှစ်ဦးနှစ်ဖက် ချစ်ကြည်စွာ ညှိနှိုင်းဖြေရှင်းခြင်းဖြင့်ဖြစ်စေ၊ အနုညာတစီရင်ဆုံးဖြတ်ခြင်းဖြင့် ဖြစ်စေ၊ တရားစွဲဆိုခြင်းဖြင့်ဖြစ်စေ ဖြေရှင်းနိုင်သည်။

၁၀၁။ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင် ရွက်ရာတွင် -

(က) ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြား ချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနသည် -

(၁) နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(၂) အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံး လုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) အကောက်ခွန်ဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်နေသော ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်း များကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ဃ) ဦးစီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

**အချပ်ပို စာမျက်နှာ (စ)မှ**

(ပ) တက္ကသိုလ်ပိုင် ရန်ပုံငွေများ၊ အဆောက်အအုံနှင့် ပစ္စည်းများကို ထိန်းသိမ်းခြင်း၊ သတ်မှတ်ချက်နှင့်အညီ စီမံခန့်ခွဲခြင်း၊

(ဖ) တက္ကသိုလ်သို့ လှူဒါန်းသော ငွေကြေး၊ ပစ္စည်းနှင့် အခြားအကူအညီများကို လက်ခံခြင်း၊ ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်း။

### အခန်း(၆)
### ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်

၁၇။ တက္ကသိုလ်ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်(သင်ကြား)တို့ကို ခန့်အပ်ရာတွင် ဩဝါဒါစရိယအဖွဲ့၏ အတည်ပြုချက်ရယူ၍ အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဝန်ကြီးဌာနက ခန့်အပ်ရမည်။

၁၈။ တက္ကသိုလ်ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်(သင်ကြား)တို့၏ ဂုဏ်အင်္ဂါအရည်အချင်း သတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) သက်တော် ၅၀ နှစ်၊ သိက္ခာတော် ၃၀ ဝါပြည့်ပြီး ဖြစ်ရမည်။

(ခ) ပါရဂူဘွဲ့ ရရှိပြီးဖြစ်ရမည်။

(ဂ) အင်္ဂလိပ်ဘာသာ ကျွမ်းကျင်ရမည်။

(ဃ) အောက်ဖော်ပြပါ ပရိယတ္တိစာမေးပွဲများအနက် အနည်းဆုံး သုံးခု အောင်မြင်ရမည် -

(၁) သာသနဓဇဓမ္မာစရိယ သို့မဟုတ် သာသနတက္ကသီလ မဟာဓမ္မာစရိယ

(၂) သာသနဓဇသိရီပဝရဓမ္မာစရိယ သို့မဟုတ် ပါဠိပါရဂူ

(၃) ပရိယတ္တိသာသနဟိတဓမ္မာစရိယ၊ သကျသီဟ

(၄) စေတီယင်္ဂဏ ပရိယတ္တိဓမ္မာစရိယဂဏဝါစက

(င) ရဟန်းရှင်လူတို့ လေးစားထိုက်သော ကျမ်းစာအုပ်ကို ရေးသားပြုစုဖူးသူဖြစ်ရမည်။

(စ) အောက်ဖော်ပြပါ ဂုဏ်အင်္ဂါအရည်အချင်းများနှင့်ပြည့်စုံရမည်-

(၁) ရုပ်ဆင်းအင်္ဂါ ပြည့်စုံခြင်း "ဥပမိသမ္ပတ္တိဂုဏ်"

(၂) တည်ငြိမ်ရင့်ကျက်ခြင်း "ထိရဂုဏ်"

(၃) လောကီလောကုတ္တရာ ဗဟုသုတကြွယ်ဝခြင်း "ဗဟုသစ္စဂုဏ်"

(၄) ကျန်းမာကြံ့ခိုင်ခြင်း "အာရောဂျဂုဏ်"

(၅) ဇွဲ၊ လုံ့လ၊ ဝီရိယနှင့် ပြည့်စုံခြင်း "အာရဒ္ဓဝီရိယဂုဏ်"

(၆) ထက်မြက်၊ နိုးကြား၊ သနား၊ သည်းခံ၊ ဝေဖန်၊ ထောက်ရှုခြင်းများနှင့် ပြည့်စုံခြင်း "နာယကဂုဏ်"

(၇) နည်းပရိယာယ် ကျွမ်းကျင်မှုဂုဏ် "ဥပါယကောသလ္လဂုဏ်"

(၈) မိမိမှားမှန်းသိလျှင် အလျှော့ပေးခြင်း "သောဝစဿတာဂုဏ်"

(ဆ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း တိုင်းရင်းသားမိဘနှစ်ပါးမှ ဖွားမြင်သူ ဖြစ်သည့်အပြင် ရဟန်းရှင်လူအများ၏ ရိုသေလေးစားမှုကို ခံယူထိုက်သော ဆရာတော် ဖြစ်ရမည်။

(ဇ) တက္ကသိုလ်၏စီမံခန့်ခွဲရေး၊ သင်ကြားရေးအစရှိသော လုပ်ငန်းအရပ်ရပ်ကို ဦးစားပေး ဆောင်ရွက်နိုင်သူဖြစ်ရမည်။

၁၉။ (က) တက္ကသိုလ်ပါမောက္ခချုပ်သည် အောင်လက်မှတ်၊ ဒီပလိုမာလက်မှတ်၊ ဘွဲ့၊ မဟာဘွဲ့၊ ပါရဂူဘွဲ့နှင့် တက္ကသိုလ်ပညာရပ်ဆိုင်ရာ ဂုဏ်ထူးဆောင် ပါရဂူဘွဲ့များကို ချီးမြှင့်အပ်နှင်းရမည်။

(ခ) ပုဒ်မခွဲ(က)အရ လက်မှတ်နှင့်ဘွဲ့များ ချီးမြှင့်အပ်နှင်းချိန်တွင် ပါမောက္ခချုပ် မတက်ရောက်နိုင်သည့်အခါ ပါမောက္ခချုပ် ကိုယ်စား ဒုတိယပါမောက္ခချုပ် ဆရာတော်က လက်မှတ်နှင့် ဘွဲ့များကို ချီးမြှင့်အပ်နှင်းနိုင်သည်။

၂၀။ ကောင်စီသည် တက္ကသိုလ်ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်(သင်ကြား)တို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးရမည်။

၂၁။ တက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ)ကို နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများနှင့်အညီ ခန့်အပ်ရမည်။

၂၂။ တက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ)၏ အရည်အချင်းသတ်မှတ်ချက်များမှာ အောက်ပါ အတိုင်းဖြစ်သည် -

(က) ထေရဝါဒဗုဒ္ဓဘာသာဝင် ဖြစ်ရမည်။

(ခ) အသက် ၄၀ နှစ် ပြည့်ပြီးသူ ဖြစ်ရမည်။

(ဂ) စီမံခန့်ခွဲရေးဆိုင်ရာ အတွေ့အကြုံရှိသူ ဖြစ်ရမည်။

(ဃ) အောက်ပါ သတ်မှတ်ချက်တစ်ရပ်ရပ်နှင့် ပြည့်စုံရမည် -

(၁) တက္ကသိုလ်တွင် ပါမောက္ခရာထူးဖြင့် လုပ်သက် အနည်းဆုံး သုံးနှစ် ပြည့်ပြီးသူ၊

(၂) ဝန်ကြီးဌာနတွင် ညွှန်ကြားရေးမှူးရာထူးဖြင့် လုပ်သက် အနည်းဆုံး သုံးနှစ် ပြည့်ပြီးသူ၊

(၃) အခြားတက္ကသိုလ်တစ်ခုခုတွင် ပါမောက္ခရာထူးဖြင့် အနည်းဆုံး သုံးနှစ် တာဝန်ထမ်းဆောင်ခဲ့သူ။

### အခန်း(၇)
### ပညာရေးအဖွဲ့နှင့် စီမံခန့်ခွဲရေးအဖွဲ့ ဖွဲ့စည်းခြင်း

၂၃။ တက္ကသိုလ်၏ ပညာသင်ကြားရေးလုပ်ငန်းနှင့် စီမံခန့်ခွဲရေးလုပ်ငန်းတာဝန်များကို ထိရောက်စွာဆောင်ရွက်နိုင်ရန် ကောင်စီသည် အောက်ပါအဖွဲ့များကို သင့်လျော်သောပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည် -

(က) တက္ကသိုလ် ပညာရေးအဖွဲ့၊

(ခ) တက္ကသိုလ် စီမံခန့်ခွဲရေးအဖွဲ့။

၂၄။ တက္ကသိုလ်ပညာရေးအဖွဲ့နှင့် တက္ကသိုလ်စီမံခန့်ခွဲရေးအဖွဲ့များတွင် ပါဝင်သော နိုင်ငံ့ဝန်ထမ်းမဟုတ်သည့်အဖွဲ့ဝင်သည် ကောင်စီကသတ်မှတ်သည့် ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

၂၅။ ကောင်စီသည် တက္ကသိုလ်ပညာရေးအဖွဲ့နှင့် တက္ကသိုလ်စီမံခန့်ခွဲရေးအဖွဲ့တို့၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးရမည်။

၂၆။ တက္ကသိုလ်ပညာရေးအဖွဲ့နှင့် တက္ကသိုလ်စီမံခန့်ခွဲရေးအဖွဲ့တို့သည် အနည်းဆုံး နှစ်လလျှင်တစ်ကြိမ် အစည်းအဝေးပြုလုပ်၍ သက်ဆိုင်ရာလုပ်ငန်းတာဝန်များကို ညှိနှိုင်းဆုံးဖြတ်ပြီး အနီးကပ်ဆုံး ကောင်စီအစည်းအဝေးသို့ တင်ပြအတည်ပြုချက် ရယူရမည်။

### အခန်း(၈)
### တက္ကသိုလ် ဝန်ထမ်းဖွဲ့စည်းပုံ

၂၇။ ဝန်ကြီးဌာနသည် တက္ကသိုလ်၏ ရည်မှန်းချက်များနှင့် လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ဝန်ထမ်းဖွဲ့စည်းပုံ ရေးဆွဲထားရှိရမည်။

၂၈။ ဝန်ကြီးဌာနသည် ဝန်ထမ်းဖွဲ့စည်းပုံတွင်ပါရှိသည့် ရာထူးများအလိုက် လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးရမည်။

၂၉။ ဝန်ထမ်းဖွဲ့စည်းပုံတွင် လိုအပ်ချက်အရ နိုင်ငံ့ဝန်ထမ်း မဟုတ်သော ရဟန်းတော်များနှင့် လူပုဂ္ဂိုလ်ပညာရှင်များ ခန့်အပ်ရာတွင် တက္ကသိုလ်ပညာရေးအဖွဲ့နှင့် တက္ကသိုလ်စီမံခန့်ခွဲရေးအဖွဲ့တို့က အဆိုပြုရွေးချယ်သူကို ကောင်စီကခန့်အပ်ရမည်။

၃၀။ ဝန်ထမ်းဖွဲ့စည်းပုံအရ ခန့်အပ်ခြင်းခံရသည့်

(က) ရဟန်းတော်များသည် ကောင်စီကသတ်မှတ်သည့် လှူဒါန်းထောက်ပံ့မှုကို လက်ခံခွင့်ရှိသည်။

(ခ) နိုင်ငံ့ဝန်ထမ်း မဟုတ်သူများသည် ကောင်စီက သတ်မှတ်သည့် ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

### အခန်း(၉)
### ဘဏ္ဍာရေး

၃၁။ တက္ကသိုလ်၏ ကုန်ကျစရိတ်များကို နိုင်ငံတော်၏ဘဏ္ဍာငွေမှ ကျခံသုံးစွဲရမည်။

၃၂။ တက္ကသိုလ်သည် ပြည်တွင်း ပြည်ပ အလှူရှင်များထံမှ အလှူငွေများ၊ ပစ္စည်းများနှင့် အခြားအကူအညီများကို လက်ခံနိုင်သည်။

၃၃။ တက္ကသိုလ်သည် ရငွေနှင့် သုံးငွေများကို တည်ဆဲဘဏ္ဍာရေး စည်းမျဉ်း၊ စည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီ လက်ခံခြင်း၊ သုံးစွဲခြင်းနှင့် စာရင်းထိန်းသိမ်းထားရှိခြင်းများ ပြုလုပ်ရမည်။

၃၄။ တက္ကသိုလ်သည် အလှူရန်ပုံငွေပဒေသာပင် ထူထောင်ပြီး နိုင်ငံတော်က အခါအားလျော်စွာ ချမှတ်ထားသည့် ရန်ပုံငွေဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကိစ္စရပ်တစ်ခုစီအတွက် လိုအပ်သလို ခွဲဝေသုံးစွဲနိုင်သည်။

၃၅။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ တာဝန်ပေးအပ်သော စာရင်းစစ်အဖွဲ့ဖြင့် တက္ကသိုလ်၏ ငွေစာရင်းများနှင့် ပစ္စည်းစာရင်းများကို နှစ်စဉ်ပုံမှန်စစ်ဆေးခံရမည်။ လိုအပ်ချက်ရှိပါက လိုအပ်ချက်နှင့်အညီ စစ်ဆေးခံရမည်။

### အခန်း(၁၀)
### အထွေထွေ

၃၆။ ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည့် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဥပဒေ(နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၁၀/၉၈)အရ ထုတ်ပြန်ထားသော စည်းမျဉ်း၊ စည်းကမ်း၊ နည်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဤဥပဒေနှင့်မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၃၇။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို လည်းကောင်း၊ ကောင်စီသည် အမိန့်၊ ညွှန်ကြားချက်နှင့် တက္ကသိုလ်ပဋိညာဉ်ကိုလည်းကောင်း ထုတ်ပြန်နိုင်သည်။

၃၈။ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၁၀/၉၈)ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

# ကောင်းမှုကုသိုလ် ဒါနအလှူ မျှဝေယူ

**သန်းသန်းဌေး(ကြေးမုံ)**

သဃ်န်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်အတွင်းရှိ နှစ်ကျိပ်ရှစ်ဆူ ဓမ္မာရုံသည် (၁၉၆၃)ခုနှစ်မှစ၍ တည်ထောင်လာသည်မှာ ယခုဆိုလျှင် (၅၀)ကျော်ကြာမြင့်လာပြီဖြစ်ပါသည်။ ယခင်လူနေအိမ်ကလေးကို ကျွန်မတို့ရပ်ကွက်အတွင်းရှိ သဒ္ဓါတရားထက်သန်စွာဖြင့် ဦးစံသာဟုခေါ်သောအဘမှ ထိုအိမ်ကလေးကို ဓမ္မာရုံအဖြစ်ဆောက်လုပ်လှူဒါန်းသည်ဟု သိရသည်။ ယခုကဲ့သို့ လှူဒါန်းသော ဦးစံသာတို့ မိသားစုကိုလည်း ကျွန်မသာဓုခေါ်ဆိုသလို လေးစားဂုဏ်ယူချီးကျူးမိပါသည်။

**ဓမ္မာရုံတည်ဆောက်**

ထိုရပ်ကွက်အတွင်းရှိ ဤဓမ္မာရုံသည် ယခုအခါ ရပ်ကွက်၏ရေမြောင်းသဘာဝပြောင်းလဲမှုကြောင့် ဓမ္မာရုံအောက်ထပ်တွင် မိုးတွင်းအခါ ရေမြောင်းမှ ရေများတင်၍ ဝါတွင်းဥပုသ်စောင့်တရားနာအစရှိသော ကိစ္စများပြုလုပ်ရာတွင် အခက်အခဲများဖြစ်ခြင်းကြောင့် အများနှင့်သင့်လျော်သော ဓမ္မာရုံတည်ဆောက်ရန်အတွက် ဂေါပကအဖွဲ့ ရပ်ကွက်မှ အာစိဏ္ဏကံနိဗ္ဗာန်ဆော်လူငယ်များနှင့် ရပ်ကွက်အတွင်းနေထိုင်ကြသော လုပ်သားပြည်သူများ၏ သဒ္ဓါတရားထက်သန်အားကောင်းမှုကြောင့် ဓမ္မာရုံ၏ ဂေါပကအဖွဲ့နှင့်ဆိုင်ရာအဖွဲ့အစည်းများစုဖွဲ့၍ ဆောက်လုပ်ရာ ယခု သုံးထပ်တိုက်ကျောင်းဆောင်အဖြစ်သို့ ရောက်ရှိလာပါသည်။

နှစ်ကျိပ်ရှစ်ဆူကုန်သော ဗုဒ္ဓရှပ်ပွားတော်မြတ်များကို ပင့်ဆောင်ပူဇော်ခံခဲ့ကြ၍ နှစ်စဉ်နှစ်ကျိပ်ရှစ်ဆူဗုဒ္ဓပူဇနိယပွဲတော်ကို ကျင်းပခဲ့ရာ ယခုဆိုလျှင် အကြိမ်(၅၀)မြောက်သို့ ရောက်ရှိလာပါပြီ။ ထိုအတောအတွင်း သာသနာတော်အထောက်အပံ့အဖြစ် သံဃာတော်များအား ဆွမ်းလောင်းခြင်း၊ နှစ်ကျိပ်ရှစ်ဆူကုန်သော ဗုဒ္ဓရုပ်ပွားတော်မြတ်များကို ကိန်းဝပ်စံပယ်၍ ဗုဒ္ဓပူဇနိယပွဲတော်များ နှစ်စဉ်ဆင်ယင်ကျင်းပခြင်း၊ ဝါတွင်းစုပေါင်းသီလစောင့်တည်ခြင်းစသော ဘာသာသာသနာဆိုင်ရာများကို ဗုဒ္ဓဘာသာဝင်များစုပေါင်း ညီညွတ်စွာဖြင့် ပရဟိတ စိတ်ရှိသော အာစိဏ္ဏကံနိဗ္ဗာန်ဆော်လူငယ်များအဖွဲ့သည် စနေနေ့ ညနေ ၃ နာရီခွဲဆိုလျှင် တနင်္ဂနွေနေ့ နံနက် အရုဏ်ဆွမ်းလောင်းလှူရန်နှင့် ဓမ္မာရုံကြီးပြီးစီးရန်အတွက် အလှူခံထွက်ရာအာစိဏ္ဏကံ တံဆိပ်ပါရှိသော အင်္ကျီအဖြူ ပုဆိုးအညိုကလေးများကို ဆင်တူဝတ်ဆင်၍ ဘိနပ်မပါ၊ ခြေဗလာဖြင့် လေးထောင့်ကန်ရပ်ကွက်အတွင်းလှည့်လည်၍ အလှူခံထွက်လေ့ရှိပါသည်။

**ပူးပေါင်းပါဝင်ဆောင်ရွက်**

တနင်္ဂနွေနေ့ နံနက်အရုဏ်တွင် ဘုန်းကြီးကျောင်း ၃၄ ကျောင်းမှ သံဃာတော် ၁၇၈ ပါး ကျော်တို့အား သံဃာ့ ဒါနဆွမ်းလောင်းခြင်း၊ ဝါတွင်းဥပုသ်သီတင်းသီလ ဆောက်တည်နိုင်ရန် ပြုလုပ်ဆောင်ရွက်ပေးခြင်း၊ ဆွမ်းအောင်ပွဲနှင့် စာရေးတံမဲများဆင်ယင်ကျင်းပနိုင်ရန် ရည်ရွယ်ချက်များဖြင့် ယင်းနှစ်ကျိပ်ရှစ်ဆူဓမ္မာရုံကြီးပြီးမြောက်စေရေးအတွက် ဂေါပကအဖွဲ့ဝင်များနှင့် နိဗ္ဗာန်ဆော်လူငယ်များမှ ပူးပေါင်းပါဝင်ဆောင်ရွက်လုပ်ကိုင်နေကြပါသည်။

**တရားဘာဝနာများပွားများနိုင်**

ဝါတွင်းကာလအတွင်း တရားဘာဝနာများပွားများနိုင်စေရန် တရားပွဲများကျင်းပရာ တရားလာရောက်နာယူသူဦးရေမှာ ၁၀၀ မှ ၂၀၀ ကျော် အထိ ရှိနေပါသည်။ ယခင် ပျဉ်ထောင်ဓမ္မာရုံဆိုလျှင် လူအနည်းငယ်ခန့်သာ ဆံ့ပါသည်။ ယခုဆိုလျှင် ရပ်ကွက်အတွင်းရှိသော (၇)ရက် သားသမီးများ၏ ကောင်းမှုကြောင့် ယခုကဲ့သို့ ဓမ္မာရုံကြီး တင့်တင့်တယ်တယ် ထည်ထည်ဝါဝါဖြစ်လာသည်မှာလည်း ဝမ်းသာစရာတစ်မျိုးဖြစ်ပါသည်။

ဥပုသ်နေ့ဆိုလျှင် နံနက်တရားပွဲနှင့် ညနေဆည်းဆာတရားပွဲများ ကျင်းပသလို အာစိဏ္ဏကံနိဗ္ဗာန်ဆော်လူငယ်အချို့မှလည်း တနင်္ဂနွေနေ့ညပိုင်းတွင် ဓမ္မာစကြာတရားများကိုလည်း ရွတ်ဆိုကြသည်မှာလည်း ရပ်ကွက်အတွင်း အေးချမ်းသာယာကြည်နူးဖွယ် အလွန်ကောင်းလှပါသည်။

**ရတနာသုံးပါးပူဇော်**

ဓမ္မာရုံအဆောက်အအုံဟူသည် ဗုဒ္ဓဘာသာဝင်များ ဗုဒ္ဓကိစ္စ၊ ဓမ္မကိစ္စ၊ သံဃာ့ကိစ္စတို့ဖြင့် ရတနာသုံးပါးတို့အား ပူဇော်ရာအကြောင်းပြုကြသည်ဖြစ်၍ ဤသို့သော အဆောက်အအုံဆောက်လုပ်ရာသို့ ပါဝင်လှူဒါန်းခြင်းသည် -

(၁) မြတ်စွာဘုရား၏ ရှေးဦးစွာပြုကျင့်သော ဒါနပါရမီတော်အလှူဖြစ်ခြင်း၊

(၂) မြတ်ဗုဒ္ဓ၏သာသနာတွင် ရဟန်းတော်များအား ပညတ်ချက်ဖြင့် သုံးစွဲအပ်သော ဆွမ်း၊ သင်္ကန်း၊ ဆေး၊ ကျောင်းနှင့်အလားတူ ဓမ္မာရုံအဆောက်အအုံအလှူပုဂ္ဂိုလ်နှင့် အလှူရှင်နှစ်ဦးနှစ်ဖက်အကျိုးဖြစ်ထွန်းသော အလှူဖြစ်ခြင်း၊

(၃) ဓမ္မာရုံအဆောက်အအုံတွင် ပါဝင်လှူဒါန်းခြင်းသည် ဒါနအရာတွင် ကျေးဇူးပြုသည်သာမက မိမိ ပါဝင်လှူဒါန်းဆောက်လုပ်သော ဓမ္မာရုံအဆောက်အအုံတွင် ဘုရားပွဲကျင်းပသည်ရှိသော် မိမိအနေဖြင့် ဗုဒ္ဓဝေယျာဝစ္စကုသိုလ်ပါသည်။ ဓမ္မဝေယျာဝစ္စကုသိုလ်ရပါသည်။ သံဃာ့ဝေယျာဝစ္စ သံဃာ့ဆွမ်းလောင်းရန် ပြုသည်ရှိသော မိမိအနေဖြင့် သံဃာ့ဝေယျာဝစ္စကုသိုလ်ရနေခြင်း၊

(၄) ထိုကုသိုလ်များပင်မက ဓမ္မာရုံအပေါ်မှီငြမ်းပြုသမျှကုသိုလ်ကိစ္စတိုင်း မိမိကိုယ်တိုင် ကုသိုလ်ဖြစ်နေခြင်း၊

(၅) ဓမ္မာရုံနေရာဌာနအလှူသည် အရာရာကိုလှူရာရောက်ခြင်းဖြစ်ပါကြောင်း နှိုးဆော်တင်ပြအပ်ပါသည်။

**(အရှင်ဆန္ဒာဓိက၏ အကောင်းကံချစ်မှ စာအုပ်မှ မှီငြမ်းတင်ပြအပ်ပါသည်။)**

# တစ်ခါတစ်ခေါက် လာရောက်စေချင်ပါသည် ဖျာပုံမြို့ ရွာလည်သာသနာ့အရိပ်အဝန်းဆီ

**သပြေထွန်း**

"ဖိနပ်ပစ္စယာ၊ ကြာဘီလူးဆွဲ၊ ထူးကဲရင်စည်း၊
နည်းအစိပ်စိပ်၊ သပိတ်သစ်သစ်၊
ဖောင်းရစ်အတန်တန်၊ ကြာလှန်ချယားသီး၊
ရွှေထီးလူလူ ရွှေခြူညောင်ရွက်၊
လေနှက်တိုင်းမြည်၊ ဝတီပြည်ဝယ်၊
တည်သည့်ထူပါ ဆံစူဠာသို့ -..။"

**(ကျီးကန်ရှင်ကြီး-မေတ္တာစာ)**

တစ်ချိန်က မွန်တို့၏အမှတ်တံဆိပ် ခတ်နှိပ်ခဲ့ဖူးသော ရာမညနွယ်ဖွား ဖျာပုံသားတို့၏ ဇာတိနယ်ပယ် ဘုရားတည်သည့် ဘာသာရေးအလေ့အထကောင်းများကို လေ့လာကြည့်ပါက သူ့ရွာနှင့်သူ့အရပ် သူ့လျှာနှင့် သူ့ ပါးစပ်ဆိုသကဲ့သို့ တစ်ကျောင်းတစ်ဂါထာ တစ်ရွာတစ်ပုဒ် ဆန်း နည်းလမ်းအသွယ်သွယ်ဖြင့် တည်ထားကိုးကွယ်ခဲ့ ကြသည်ကို ထင်ထင်ရှားရှားတွေ့မြင်ရမည်ဖြစ်ပါသည်။ ပဲ၊ တိမ်၊ တည်း၊ တော့၊ မော့၊ ရုံ၊ ပု၊ ချီ၊ ပွတ်၊ ယွန်း စသည့် မြန်မာ့ရိုးရာ ဗိသုကာပညာတို့ဖြင့် ခေတ်စနစ် အလိုက် တည်ဆောက်၊ ထုဆစ်၊ သွန်းလောင်း၊ ရေးဆွဲ ပုံဖော်ခဲ့ကြသည့် အနုလက်ရာများကို ဝေဝေဆာဆာ နေရာဒေသအလိုက် တွေ့ရှိရမည်လည်းဖြစ်ပါသည်။ ပြည်လုံးချမ်းသာ သာစည်ဘုရား၊ မြောက်ပိုင်းဘုရား(ယိမ်းနွဲ့၊ ညွှန့်ပေါင်း) ကိုယ်တော်များ၊ ရွှေနတ်ကူဘုရား၊ ရွှေသာလျောင်း၊ ကျိုက်ပဒိုင်စေတီ၊ ကျိုက္ကမ္ဗိုင်စေတီ၊ ကျိုက်ဒေးကွမ်းစေတီစသည်ဖြင့် ဘွဲ့တော်အမည်နာမ ဝိသေသထူး၊ တန်ခိုးမြူးသည့် ဘုရား၊ ကျောင်း၊ ကန်၊ စေတီ၊ တန်ဆောင်း၊ သိမ်ကျောင်း၊ ဇရပ်များ အထင် အရှားရှိသည့်နည်းတူ ဖျာပုံမြို့ တောင်ပိုင်းရပ် ရပ်ကွက် (၅)ရှိ မဟာအတုလလောကနန္ဒမာရဇိ ကြေးသွန်းရုပ်ပွား တော်မြတ်ကြီးနှင့် (၄၉)ဆူသော ရှေးဟောင်းယဉ်ကျေးမှု အနုလက်ရာများ တစုတဝေးတည်း တည်ရှိနေသည့် ရွာလည်သာသနာ့အရိပ်အဝန်းသို့လည်း တကူးတက လေ့လာကုသိုလ်ပွားနိုင်ကြပါသည်။

"ကိုသပြေထွန်းရေ သည်အရပ်သည်ဒေသ မြစ်ဝကျွန်း ပေါ်မှာ အခုလိုရှေးကျပြီး ယဉ်ကျေးမှုအမွေအနှစ်တွေ ကိန်းအောင်းနေတဲ့ ရွာလည်သာသနာ့အရိပ်အဝန်းကြီး ရှိနေတာကိုက သည်ဒေသနေသူတွေနဲ့ မြန်မာများ အတွက် ဂုဏ်ယူစရာပဲဗျာ။ ကြည့်စမ်း၊ ပု-ပင်း-အင်း-တောင်-ညောင်-ကုန်းဘောင် ဟုဆိုအပ်တဲ့ ခေတ်အဆက် ဆက်က ရုပ်ပွားဆင်းတုတွေကို ပဲ၊ တိမ်၊ တည်း၊ တော့၊ မော့၊ ရုံ၊ ပု၊ ချီ၊ ပွတ်၊ ယွန်း စတဲ့ မြန်မာ့ရိုးရာ ပန်းဆယ်မျိုး အတတ်ပညာတွေနဲ့ ဆိုင်ရာကဏ္ဍအလိုက် ပုလဲတစ်ကန့်၊ ရွဲတစ်ကန့်၊ ပတ္တမြား တစ်ကန့်၊ သန္တာတစ်ကန့်ဆိုသလို ထုဆစ်သွန်းလောင်းထားတာ နည်းတဲ့ယဉ်ကျေးမှုလက်ရာ လားဗျာ။ ဇမ္ဗူပတိမုဒြာ၊ လာဘမုနိမုဒြာ၊ ဘေသဇ္ဇမုနိမုဒြာ၊ ဓမ္မစက္ကမုဒြာ၊ ဘူမိဖဿမုဒြာ စုံလိုက်တာဗျာ။ အချိုးအစိုင်း၊ အတိုင်းအထွာ သဗ္ဗာယမျှတရုံတင်မဟုတ်ဘဲ ခြူးပန်းခြူးနွယ်၊ ကနုတ်အဖုံဖုံ၊ အရုပ်အစုံစုံ၊ ဗိသုကာ အပြောက်အမွှန်းတွေနဲ့ ကောင်းလိုက်တဲ့လက်ရာတွေများ ဗျာ။" ဟု ဖျာပုံခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးလွင်က အရိမန္ဒပူရ ပုဂံခေတ်လက်ရာဟု ယူဆရသည့် မတ်ရပ် ရုပ်ပွားတော်တစ်ဆူကို လှည့်ပတ်ကြည့်ရှုကြည်ညိုရင်း ပြောသည်။

ဖျာပုံခရိုင် ဖျာပုံမြို့ ရွာလည်ဘုရား ပရဝုဏ်ရှိ မဟာ အတုလလောကနန္ဒမာရဇိ ဘွဲ့တော်ရ ထိုင်တော်မူ ကြေး သွန်းဗုဒ္ဓရုပ်ပွားတော်ကြီးမှာ ကြေးချိန်ပိဿာ ၅၀၀၀ ကျော်၊ ဉာဏ်တော် ၉ တောင် ၂ မိုက် ရှိပြီး ကြေးဖြင့် သွန်းလုပ်ထားသော ရုပ်ပွားတော်များထဲတွင် တိုင်းဒေသ ကြီးအတွင်း ကိုယ်လုံးတော်နှင့် ဉာဏ်တော် အကြီးမြင့်ဆုံး ထိုင်တော်မူဘုရားတစ်ဆူဖြစ်ကြောင်း သိရသည်။ ထို့ပြင် ထိုပရဝုဏ်အတွင်း ကြေး၊ သတ္တုစပ်၊ သစ်၊ ဘော်၊ ခဲ၊ ယွန်း၊ နှီးစသည်တို့ဖြင့် ထုဆစ်သွန်းလောင်း ထားသော ရှေးဟောင်းရုပ်ပွားတော် (၄၉)ဆူရှိကြောင်း သိရသည်။

"ဖျာပုံမြို့ (၅)ရပ်ကွက် ဒုတိယလမ်းတွင်တည်ရှိသည့် ရွာလည်သာသနာ့အရိပ်အဝန်း အတွင်းနံရံတွင် ရေးထိုး ထားသော မဟာအတုလလောကနန္ဒမာရဇိန် ပရံပရ သာသနာ့အတ္ထုပ္ပတ္တိ ကမ္ပည်းမှတ်တမ်းအား မူရင်း မပျောက် ကောက်နုတ်ကြည့်လျှင် ဗုဒ္ဓမြတ်စွာ သာသနာ သက္ကရာဇ် ၂၃၈၁ ခု၊ ကောဇာသက္ကရာဇ် ၁၁၉၉ ခု၊ ကဆုန်လပြည့်ကျော် (၂)ရက်နေ့၊ အမရပူရထီးနန်းကို သိမ်းမြန်းတော်မူပြီးလျှင် မြန်မာနိုင်ငံတော် အထက်ပိုင်း၊ အောက်ပိုင်း တလိုင်းသုံးရပ်တို့ကို စိုးမိုးအုပ်ချုပ်မင်း လုပ်တော်မူသော ကုန်းဘောင်မင်းတရားကြီးလက်ထက် တော်အချိန်အခါတွင် သာသနာသက္ကရာဇ် ၂၃၈၉ ခု၊ ကောဇာသက္ကရာဇ် ၁၂၀၇ ခု၊ ၎င်းမင်းတရား၏ အလယ် နန်းမိဖုရားကြီး "သီရိမဟာစန္ဒာဘိရတနာဒေဝီ၊ သားတော်" သီရိမဟာသီဟသူ ဓမ္မရာဇာပြည်မင်းနှင့် သီရိမဟာသူရ ရတနာစန္ဒာဒေဝီအမည်ရှိသော အနောက်နန်း မိဖုရား ကြီး မြကလေးတို့ ပုန်ကန်သောနှစ်၌ပင် ဘုန်းတော်ကြီး ဦးစိန်ဘင်သည် ဖျာပုံမြို့ ရွာလည်ကျောင်းတိုက်ကို အာဒိကမ္မိက-အစပထမ တီထွင်၍ ကြည်လင်ရွှင်ပြုံး သီတင်းသုံးတော်မူသည်။ ထို့နောက် ဒုတိယမြောက် ဦးအာလောကမထေရ်၊ တတိယမြောက် မန္တလေးရတနာပုံ နေပြည်တော် အရှေ့ပြင် စိန်တုံးတိုက် ပညာသီရိကဝိဓဇ မဟာဓမ္မရာဇာဓိ ရာဇဂုရုတံဆိပ်တော်ရ ဝဇီရာ ရာမ ဆရာတော်ဘုရားကြီး၏ တပည့် ဦးကေလာသ မည်ခေါ် ဆရာတော်အရှင်သူမြတ် သီတင်းသုံးတော်မူ၍ဆရာတော် သည် ၁၂၆၉ ခုနှစ်၌ ရဟန်းရှင်လူ မြို့သူမြို့သားတို့အား လူနတ်နိဗ္ဗာန် သုံးတန်သောချမ်းသာကို လွယ်ကူစွာရစေ ခြင်းအကျိုးငှာ စီမံဆောင်ရွက်တိုက်တွန်းနှိုးဆော်ပြီး လျှင် မဟာအတုလလောကနန္ဒမာရဇိရုပ်ပွားတော်မြတ် အား သွန်းလုပ်ကိုးကွယ်ခဲ့ကြောင်းဟူ၍ ရေးထိုးထားသည် ကို တွေ့ရှိရသည်။

အဆိုပါ မဟာအတုလ လောကနန္ဒမာရဇိထိုင်တော်မူ ရုပ်ပွားတော်မြတ်ကြီးမှာ ကြေးချိန်ပိဿာ ၅၀၀၀ ကျော်၊ ဉာဏ်တော် ၉ တောင် ၂ မိုက်ရှိပြီး ကောသလမင်းကြီး ပြုလုပ်ကိုးကွယ်ခဲ့သောထုံးကို နှလုံးမူ၍ တည်ထား ကိုးကွယ်ခဲ့ခြင်းဖြစ်ကာ အုတ်တန်ဆောင်းနှင့် မုခ်ဦး ပြသာဒ်များလည်း ဆောက်လုပ်လှူဒါန်းခဲ့ကြောင်း ယင်း မှတ်တမ်းအရသိရပြီး ရွာလည်ဟူသော စကားရပ်အား



ယပက်လက်သတ်နှင့် ညကြီးသတ်ဟူ၍ သတ်ပုံနှစ်မျိုးလုံး အသုံးပြုထားကြောင်း သိရသည်။

ထို့ပြင် ၁၂၇၀ ပြည့်နှစ်တွင် ဦးရွှေဝိုင်း+ဒေါ်နှင်းပုံ မိသားတစ်စုတို့က ကြေးချိန်ပိဿာ (၂၀၀)ရှိ ခေါင်းလောင်းကြီးကိုလည်းကောင်း၊ အလှူ့ဒါယိကာမ ဒေါ်အိမ်ကျွယ်က နဝကမ္မနှင့် လယ်မြေဝတ္ထုကို လည်း ကောင်း အသီးသီးလှူဒါန်းခဲ့ကြောင်း သိရသည်။ ယင်း နောက် ဆရာတော် ဦးဩဘာသ၊ ဆရာတော် ဦးနိပုဏ၊ ဆရာတော်နန္ဒဝံသ၊ ဆရာတော် ဘဒ္ဒန္တ တေဇောဘာသာ ဘိဝံသနှင့် လက်ရှိကျောင်းထိုင် ဆရာတော် ဘဒ္ဒန္တ အဂ္ဂဝံသတို့မှ ဆရာတော်စဉ်ဆက် ဆက်လက်သီတင်းသုံး ခဲ့ကြောင်း သိရသည်။

"ဘုန်းကြီးကို ဒီရွာလည်ကျောင်းမှာထိုင်ဖို့ နေရာချ ဩဝါဒပေးခဲ့တဲ့ ဆရာတော်ကြီး ဘဒ္ဒန္တတေဇော ဘာသာဘိဝံသက အခုအမေရိကန်နိုင်ငံမှာ သီတင်းသုံး နေတာ သက်တော်(၉၅)နှစ်ရှိနေပါပြီ။ ဆရာတော်ကြီးက လွန်ခဲ့တဲ့နှစ်(၇၀)လောက်ကတည်းက သူ့ဆီရောက်လာ ခဲ့တဲ့ နှစ်ရာချီသက်တမ်းရှိ ရှေးဟောင်းရုပ်ပွားတော် (၄၉)ဆူကို ကိုးကွယ်ဆည်းကပ်နိုင်ဖို့နဲ့ ထိန်းသိမ်း စောင့်ရှောက်နိုင်ဖို့ ဩဝါဒပေးခဲ့ပါတယ်။

ရုပ်ပွားတော်တွေရဲ့ သက်တမ်းတွေကလည်း နှစ်(၁၀၀)ကျော်တွေချည်းပါပဲ။ ဟံသာဝတီခေတ်လက်ရာ၊ အင်းဝခေတ်လက်ရာ၊ ပုဂံခေတ်လက်ရာတွေဆိုတော့ နှစ်သာ တွက်ကြည့်ပေတော့၊ ဘယ်လောက်ရှေးကျလဲဆို တာ။ ရုပ်ပွားတော်တွေထဲမှာ ကြေး၊ ဘော်၊ ခဲ၊ နှီး၊ ယွန်း၊ သစ် အမျိုးမျိုးပါဝင်ပါတယ်။ ယုံယုံကြည်ကြည်ကိုးကွယ် ရင် တကယ်ထူးခြားတဲ့အကျိုးပေးမှုတွေရရှိပါတယ်။" ဟု လက်ရှိကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တအဂ္ဂဝံသမှ မိန့်ကြားသည်။

အဆိုပါ ရွာလည်ကျောင်းတိုက်ကြီးမှာ ဖျာပုံမြို့ မြို့ အဆင့် မရောက်မီ ဖျာပုံရွာစည်ကားစဉ်ကပင် စတင်တည်ရှိ ခဲ့ခြင်းဖြစ်ပြီး ၎င်းရွာလယ်တိုက်ရှိ ရုပ်ပွားတော်များအား အကြောင်းပြု၍ နှစ်စဉ် နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓပူဇနီယပွဲတော် ကို ကျင်းပလာခဲ့ရာ ယခုနှစ်တွင် နှစ်ပေါင်း (၁၀၄)နှစ် ပြည့်မြောက် ကျင်းပခဲ့ပြီးဖြစ်ကြောင်း သိရသည်။

"ဒီရှေးဟောင်းရုပ်ပွားတွေက တကယ်ယုံကြည် ကိုးကွယ်ရင် တကယ်အကျိုးထူးပါတယ်။ ဘုန်းကြီးလည်း ရုပ်ပွားတော်တွေ တင့်တယ်စွာသီတင်းသုံးနိုင်ဖို့အတွက် အဆောက်အအုံတစ်ခုလိုအပ်တာနဲ့စပြီး အဓိဋ္ဌာန်နဲ့ အလှူခံလိုက်တာ စစချင်းအလှူငွေ ကျပ်သိန်း ၉၀ ရပါ တယ်။ အဲဒါနဲ့စလိုက်တာ အခု ဒကာတို့ တွေ့ရတဲ့အတိုင်း ပဲ။ အနံပေ ၄၀၊ အလျားပေ ၁၂၀ ရှိတဲ့ အာရ်စီတစ်ထပ် ဂန္ဓကုဋီကျောင်းတော်ကြီး တစ်ကျောင်းကို အလှူငွေ ကျပ်သိန်း ၉၉၀နဲ့ ပြီးမြောက်ခဲ့တာဖြစ်ပါတယ်။ မတည် လှူဒါန်းမှုနဲ့ ကျောင်းတော်ကြီးပြီးမြောက်အောင်မြင်ခြင်း အခမ်းအနားအတွက်ပါ ပြီးမြောက်အောင် ယခင် လူမှု ဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး(ငြိမ်း) ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်က လှူဒါန်းခဲ့တာဖြစ်ပါတယ်။ အနယ်နယ်အရပ်အရပ်က ဝေနေယျတွေလည်း လာရောက် ဖူးမြော်ကြည်ညိုနိုင်ကြပါတယ်" ဟု ဆရာတော်က ဆက်လက်မိန့်ကြားသည်။

ဖျာပုံမြို့ ရွာလည်ဘုရားကြီးပရိဝုဏ်အတွင်း မဟာ အတုလ လောကနန္ဒမာရဇိရုပ်ပွားတော်ကြီး၊ ရွှေဘုန်းပွင့် စေတီတော်၊ နှစ်ကျိပ်ရှစ်ဆူရုပ်ပွားတော်များ၊ ရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော်များ၊ နှစ်ထပ် အုတ်တိုက်ကျောင်းတော်ကြီး၊ နှစ်ထပ်သစ်သားကျောင်းတော်ကြီး၊ အာရ်စီတစ်ထပ် ကျောင်းဆောင်တော်၊ တစ်ထပ်ဆွမ်းစားသစ်ကျောင်း ဆောင်တော်၊ ဘုရားတန်ဆောင်းတော်ကြီး၊ သာသနာ့ သိရီသိမ်တော်ကြီး၊ ရှေးဟောင်းပေ၊ ပုရပိုက်များ၊ သစ်ဖြင့် ပြုလုပ်သော ရှေးဟောင်းပရိဘောဂ အသုံးအဆောင်များ နှင့် နှစ်(၁၀၀)ကျော်သက်တမ်းရှိ မယ်ဇယ်ပင် (သို့မဟုတ်) မဉ္ဇူသကနတ်ပန်းပင်ကြီးတစ်ပင်ရှိကြောင်း သိရသည်။

အတိတ်ရှိသည့်လူမျိုး၊ သမိုင်းကြီးသည့်လူမျိုး၊ ကိုယ်ပိုင်ဘာသာ သာသနာ၊ ကိုယ်ပိုင်ယဉ်ကျေးမှု ရရှိ ထားသူများဖြစ်သည့်အားလျော်စွာ လောကပါလတရား နှင့် ဝံသာနုရက္ခိတတရားများ ပွားများနိုင်ကြပါစေ။ ဒါန၊ သီလ၊ ဘာဝနာ၊ သစ္စာ၊ မေတ္တာများလည်း နေ့ရော ညပါ အခါခပ်သိမ်း ကျင့်ကြံကြိုးကုပ်အားထုတ်၍ နိဗ္ဗာန် မျက်မှောက်ပြုနိုင်ကြပါစေ။

# နှုတ်တစ်လုံးကြောင့်

"ချစ်စေလို ခံတွင်းလက်လေးသစ်၊ မုန်းစေလို ခံတွင်းလက်လေးသစ်" ဟူသော မြန်မာတို့၏ ရှေးရိုးစကားသည် လူတို့၏ နှုတ်ထွက်၊ စကားထွက်သည် လောက၌ မည်မျှအရေးကြီးကြောင်း ပြဆိုသော ဆုံးမစကားပင်ဖြစ်သည်။

လူသည် တစ်ဦးတည်းနေ၍မရသောသတ္တဝါဖြစ်သည်။ ဝန်းကျင်အသိုင်းအဝိုင်းရှိ၏။ လူမှုအဆောက်အအုံရှိ၏။ မိသားစုအသိုင်းအဝိုင်း၊ ရပ်ရွာအသိုင်းအဝိုင်း၊ ကျောင်း၊ ရုံး၊ လုပ်ငန်း၊ ဘာသာရေးစသည်ဖြင့် လူမှုအသိုင်းအဝိုင်းများရှိကြ၏။ လူတို့သည် မိမိတို့ဝန်းကျင်ရှိ လူမှုစီးပွားဘဝအသိုင်းအဝိုင်းတို့နှင့် နေ့စဉ်ထိတွေ့ဆက်ဆံနေကြရ၏။

ထိတွေ့ဆက်ဆံရာ၌ စကာပြောဖြင့် အများဆုံးထိတွေ့ဆက်ဆံကြရ၏။ စကားမှာ ပြောတိုင်းကောင်းသည် မဟုတ်ပေ။ မှန်ကန်၍ တစ်ဖက်လူ နှစ်သက်ပြီး အကျိုးရှိသော စကားမျိုးကိုသာ ပြောသင့်သည်။ စကားပြောသည့်အခါ သေချာစဉ်းစားပြီးမှ ပြောသင့်သည့်စကားမျိုးလည်းရှိသည်။ ပြောသင့် မပြောသင့် စဉ်းစားချင့်ချိန်ပြီးမှပြောလျှင် အမှားနည်း၍ အကျိုးရှိနိုင်သည်။ "နှုတ်ကြောင့်သေ၊ လက်ကြောင့်ကြေ" မဖြစ်သင့်ပေ။

"စကားစကား ပြောပါများ စကားထဲက ဇာတိပြ"ဆိုသလို ပြောဆိုသူ၏ စိတ်နေသဘောထား၊ အကျင့်စရိုက်တို့သည် ထိုသူ၏ ပြောစကားထဲက မီးမောင်း ထိုးပြသကဲ့သို့ ပေါ်လွင်လာတတ်သည်။ "ကြမ်းပေါက်ကျွံတော့ နုတ်လို့ရသည်။ စကားကျွံတော့ နုတ်လို့မရ" ဟူသော လူကြီးသူမတို့၏ ဆိုရိုးစကားလည်းရှိသည်။ သတိတမံ ဉာဏ်မြေကတုတ်၊ ပညာမွှန်း ချွန်းကဲ့သို့အုပ်ဆိုသကဲ့သို့ သတိတရားဖြင့် စကားပြောသင့်သည်။

"နှုတ်ချိုတော့ သျှိုတစ်ပါး"၊ "နှုတ်ကောင်းလျှင် ပြည်စိုး"၊ "နှုတ်ဆိုးတော့ လူမုန်း" ဟူသော စကားပုံများလည်းရှိသည်။ "အသံကြောင့် ဖားသေ"ဟုလည်း ဆိုထုံးပြုကြ၏။ ဖား၏အော်သံကြောင့် ဖားရှာသူတို့ကို ဖိတ်ခေါ်သကဲ့သို့ဖြစ်ကာ အသက်ဆုံးရှုံးရလေသည်။ ကြက်သည်ကား အချိန်ကာလအလိုက် တွန်သံပြု၏။ ညဥ့်ဦးယံ၊ သန်းခေါင်ယံ၊ လင်းကြက်အရုဏ်ဟူ၍ တွန်ကျူးကြ၏။ အချိန်နှင့်အလုပ်လုပ်ရသော လူတို့အားအကျိုးပြု၏။ အသံသည် သာယာ၍ ကျက်သရေရှိသောကြောင့် ကြက်တွန်သံကို လူတို့က နှစ်သက်ကြ၏။ ထို့ကြောင့် လူကြီးသူမတို့က စကားပြောရာတွင် ဖားကဲ့သို့မကျင့်ဘဲ ကြက်ဖကဲ့သို့ ကျင့်ရန် ဆိုဆုံးမကြ၏။

သာယာသံချို ချစ်ဖွယ်ဆိုသော စကားများကို လူတိုင်ကနှစ်သက်ကြသည်။ ခွန်အားရှိသော စကားဖြစ်ရန်လို၏။ မှန်ကန်၍ အစွန်းလွတ်သောစကား၊ တစ်ဖက်လူနှစ်သက်၍ အကျိုးရှိသောစကားသည် ခွန်အားရှိသော စကားပင် ဖြစ်သည်။

မိမိတို့ဝန်းကျင်တွင် စကားဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ ဆက်ဆံကြရ၏။ စိတ်နှလုံးငြိမ်းချမ်းမှု၊ လူမှုအသိုင်းအဝိုင်းငြိမ်းချမ်းမှုကို ဖော်ဆောင်ရာ၌ အစွန်းရောက်အမြင်ကိုရှောင်၍ မှန်ကန်တိကျသော အမြင်ဖြင့်ကြည့်တတ်ရန် လို၏။ ပျော့ညံ့လွန်းခြင်း၊ တင်းမာလွန်းခြင်းဟူသော အစွန်းနှစ်ဖက်ကိုရှောင်ရ၏။

ပျော့ညံ့လွန်းခြင်းကြောင့် အခြားတစ်ဖက်လွှမ်းမိုးမှု၊ အနိုင်ကျင့်မှုတို့ကို ခံရရတတ်၏။ တင်းမာလွန်းလျှင်လည်း အမုန်းပွား၍ ရန်များတတ်သည်။ "လျော့လွန်းလျှင်ပတ်၊ တင်းလွန်းလျှင်ပြတ်" ဖြစ်တတ်သောကြောင့် "မလျော့ မတင်းစောင်းကြိုးညှင်း"သို့ ကျင့်သုံးရ၏။ အခြေအနေအရပ်ရပ်ကို မှန်ကန်စွာ ရှုမြင်သုံးသပ်ခြင်း၊ အပြောအဆိုလိမ္မာပါးနပ်ခြင်း၊ ပြောသည့်အတိုင်းလုပ်၍ လုပ်သည့်အတိုင်းပြောခြင်း၊ ကတိကဝတ်တည်ခြင်းတို့ဖြင့် အများကိုစည်းရုံး နိုင်၏။ စည်းလုံးညီညွတ်သော လူ့ဘောင်အသိုင်းအဝိုင်းကို ထူထောင်နိုင်ရန် အပြောအဆို အရေးအသားတို့သည် အလွန်အရေးကြီး၏။ ကြီးမားသော စွမ်းအားလည်းဖြစ်သည်။

မိမိပြောသောအကြောင်းအရာ အချက်အလက်တို့သည် မှန်ကန်၍ အများကို အကျိုးရှိစေနိုင်ရမည်။ စည်းလုံးညီညွတ်မှုကိုဖြစ်စေနိုင်ရမည်။ အခါအခွင့်သင့်၊ မသင့် ချင့်ချိန်စဉ်းစားပြီးမှ ပြောရ၊ ရေးရသည်။ မှန်သော်လည်း အကျိုးမရှိပါက မပြောရ၊ မရေးရပေ။

ရိုင်းပျစွာပြောဆို ရေးသားခြင်းမပြုရပေ။ သာယာသံချို ချစ်ဖွယ်ဆိုတတ်ရမည်။ ယဉ်ကျေးစွာ ပြောဆိုရေးသားတတ်ရမည်။ အတက်ကြွလွန်ကဲခြင်း၊ ပညာရှိ သတိဖြစ်ခဲခြင်းတို့ကြောင့်လည်း စကားပြောမှားတတ်သည်။ စကားကျွံတတ်သည်။ အမုန်းစိတ်ဖြင့်ရေးသားပြောဆိုခြင်းမပြုဘဲ မေတ္တာစိတ်ဖြင့်သာ ရေးသားပြောဆိုရမည်။

ထိုအခါ စကားပြောသူနှင့် နားထောင်သူတို့မှာ တည်ငြိမ်အေးချမ်းသော လူမှုဆက်ဆံရေးရရှိကာ မိတ်ကောင်းဆွေကောင်းများအဖြစ်သို့ ရောက်ရှိသွားနိုင်၏။ နှစ်ဖက်အကျိုးရှိကာ ငြိမ်းချမ်းသောလူမှုစီးပွားဘဝကို တည်ဆောက်နိုင်ကြမည်ဖြစ်၏။ ဗုဒ္ဓဘုရားရှင်၏ ဟောကြားချက်နည်းလမ်းနှင့်ကိုက်ညီသော ကျင့်စဉ်လည်းဖြစ်၏။

မှန်ကန်တည်ကြည်သော၊ ချစ်ဖွယ်သောစကားတို့ဖြင့် အောင်မြင်သော ဘဝလမ်းကို လျှောက်လှမ်းနိုင်ကြပါစေ ငြိမ်းချမ်း၍ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးကို တည်ဆောက်နိုင်ကြပါစေသတည်း။ ။

**ပန်းတောင်းသန်းကြွယ်**